www.burmeseclassic.com

ဗင်းလူ



BURMESE CLASSIC .com

# အခြားဝတ္ထုတိုများ

(ဒုတိယအကြိမ်)

www.burmeseclassic.com

www.burmeseclassic.com

# မငိုတတ်ခင် ငိုကြည့်ချင်တယ်

ကျောင်းတက်ခေါင်းလောင်း ထိုးလေ၏။

ကျောင်းသားများ ကျောင်းခန်းထဲသို့ဝင်သည်။ ကိုယ်ခုံနေရမှာ ဝင်ထိုင်ကြသည်။ မထူးဆန်းပါ။ သို့ရာတွင် ကျွန်တော့်စိတ်များသည် လှုပ်ရှားနေသည်။ ကျောင်းစဖွင့်သောနေ့...

ခုနစ်တန်းအောင်ပြီးနောက်၊ အခြေခံပညာအလယ်တန်း ခေါ် ရှစ်တန်းသို့ တက်ရောက်ရသောနေ့ဖြစ်သည်။ အတန်းသစ်၊ ခုံနေရာ သစ်၊ သင်ခန်းစာအသစ်များကို တွေ့ကြုံရတော့မည်ဖြစ်သော ကြောင့် စိတ်လှုပ်ရှားနေခြင်း ဖြစ်ကောင်းဖြစ်ပါမည်။

သို့တည်းမဟုတ်...။

အတန်းပိုင်ဆရာမအသစ်နှင့် ကြုံတွေ့ရမည်ဖြစ်သောကြောင့် လည်း ဖြစ်ကောင်းဖြစ်ပါမည်။ ကျောင်းသားကျောင်းသူတို့သည် ဆရာ/ဆရာမအသစ်များဆိုလျှင် စိတ်ဝင်စားတတ်ကြသည်မဟုတ် ပါလား။ အခြားသူများလည်း ကျွန်တော်လိုပင် ရှိကြလိမ့်မည် ထင်သည်။

ဆရာမသည် ယခုနှစ်မှ ကျွန်တော်တို့ကျောင်းသို့ ပြောင်းလာ ခြင်းဖြစ်ပါသည်။ သူ ပထမဆုံးပိုင်ရသောအတန်းသည် ကျွန်တော် တို့ရှစ်တန်း(က)ဖြစ်သည်။ ဆရာမသည် ဒေါ်ချစ်ချစ်မူဟု သိထား ရပါသည်။ အင်္ဂလိပ်စာသင်မည်။

ပဉ္စငံစာအုပ်တိုက်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

အတန်းသားအားလုံးသည် ဆရာမဝင်လာမည့် တံခါးဝဆီသို့သာ ငေး ကြည့်နေကြပါသည်။

ဖိနပ်သံကို အရင်ကြားရလိမ့်မည်ဟု မျှော်လင့်နေသော်လည်း ဆရာမသည် တိတ်ဆိတ်စွာ ဝင်ရောက်လာလေသည်။ ပိတ်နေသော တံခါးတစ်ချပ်ကို တွန်းဖွင့်လိုက်သောအခါ 'ကျွီ'ကနဲ မြည်သွားသည်။

ဆရာမသည် စားပွဲရှိရာသို့ ဣန္ဒြေရစွာ လျှောက်သွားသည်။ ကျောင်းသားများ 'ဝုန်း'ကနဲ ထလိုက်သောကြောင့် ကျွန်တော်လန့်သွားလေ၏။

"မင်္ဂလာပါဆရာမ..."

"ဝွဒ်အာဖတာနွန်း... ကလပ်"

ဆရာမအသံသည် သာယာပါသည်။ ပြီးတော့ ဆရာမသည် လှပါသည်။ အို... မှားသွားလို့ ဆရာမကို လှတယ်လို့ မပြောကောင်းဟု ထင်ပါသည်။

ဆရာမသည် ကျက်သရေရှိပါသည်။

ဆရာမသည် တစ်တန်းလုံးကို တစ်ချက်ဝေ့ကြည့်လိုက်ပြီး...

"မင်းတို့အတန်းထဲက ခုနစ်တန်းမှာ အင်္ဂလိပ်စာဂုဏ်ထူးရတဲ့လူ မတ်တတ်ရပ်စမ်း..."

ကျောင်းသားကျောင်းသူခုနစ်ယောက်ခန့် ထရပ်ကြသည်။ ကျွန်တော်မရပ်ပါ။ အတန်းသားများက ကျွန်တော့်ကို ဝိုင်းကြည့်ကြ၏။ ဆရာမရိပ်မိသွားပြီး...။

"ဒီအတန်းမှာ အင်္ဂလိပ်စာ ဘယ်သူအတော်ဆုံးလဲ..."

"ညီညီ..."

"ခု... ရပ်နေတဲ့အထဲမှာ ညီညီပါသလား..."

ရပ်နေသူများ ခေါင်းခါ၏။

"ညီညီရှိသလား...၊ မတ်တတ်ရပ်စမ်း..."





ကျွန်တော်ရပ်လိုက်သည်။ ဆရာမသည် ကျွန်တော့်ကို စေ့စေ့ကြည့်သည်။ ကျွန်တော်ခေါင်းကို ငုံ့ထားလိုက်၏။

"တီချာဆီမှာ ခုနစ်တန်းတုန်းက အင်္ဂလိပ်စာဂုဏ်ထူးထွက်တဲ့လူတွေစာရင်းရှိတယ်။ မင်းပါတယ်မဟုတ်လား...။ ဘာဖြစ်လို့မတ်တတ်မရပ်တာလဲ..."

ကျွန်တော်မဖြေပါ...။

"ပြောလေကွယ်၊ ခုလိုမတ်တတ်ရပ်ခိုင်းတော့ တရားခံတွေလိုသဘောထားပြီး ရပ်ခိုင်းတာမဟုတ်ဘူး။ အပြစ်ရှိတဲ့လူသာ လူဗိုလ်ပုံအလယ်မှာ ရပ်ရမှာရှက်ကြတာ။ အချီးကျူးခံဖို့ မတ်တတ်ရပ်ရတာ ဂုဏ်ယူဖို့တောင် ကောင်းပါတယ်ကွယ်..."

ကျွန်တော်က အင်္ဂလိပ်စာ ဘာလို့တော်ရတာလဲ၊ ခုလို လူတွေကြားမှာ မတ်တတ်ရပ်ပြီး ကြွားချင်လို့ အင်္ဂလိပ်စာကြိုးစားတာမဟုတ်ဘူးဆိုတာ ဆရာမ မသိဘူးလား...။

နောက်တစ်နေ့မှာပင် ကျွန်တော်ကျောင်းနောက်ကျလေသည်။ အခန်းဝမှာ ရပ်လိုက်သောအခါ ဆရာမသည် ကျောက်သင်ပုန်းမှာ တစ်စုံတစ်ခု ရေးခြစ်နေသည်ကို တွေ့ရ၏။

"ဝင်ခွင့်ပြုပါ ဆရာမ..."

ဆရာမသည် ကျွန်တော့်ဘက်သို့ ဆတ်ခနဲ လှည့်ကြည့်၏။

"တီချာ... ဘာပြောထားသလဲ ညီညီ..."

ဩော်... ဟုတ်သားပဲ။ ဆရာမက အတန်းထဲမှာ အင်္ဂလိပ်လို အတတ်နိုင်ဆုံး ပြောရမည်ဟု မှာထားသည် မဟုတ်ပါလား။ "ပလိစ် အိတ်ကျူးမီ..."လို့ ပြောရမှာပေါ့...။

"ဝင်ခွင့်ပြုပါ ဆရာမ..."

ကျွန်တော့်အကျင့်ပဲလေ...၊ ကျွန်တော်မလုပ်ချင်သောအလုပ် တစ်ခုကို ဘယ်သူက ဘယ်လိုပြောပြော မလုပ်ချင်တာ ကျွန်တော်


www.burmeseclassic.com

www.burmeseclassic.com

အကျင့်ပဲ…။

"ပြောစမ်း ညီညီ ..၊ အင်္ဂလိပ်လိုပြောလေ…"

"ကျွန်တော်မြန်မာလူမျိုးပဲ ဆရာမ…၊ မြန်မာလိုပဲပြောနိုင်ပါမယ့်ခင်ဗျာ…"

ဆရာမဒေါသဖြစ်လေပြီ…။

"ဒီမှာ… ညီညီ၊ မြန်မာလူမျိုးပေမယ့် အင်္ဂလိပ်စာသင်ချိန်မှာ အင်္ဂလိပ်လိုပဲ ပြောရမယ်။ အင်္ဂလိပ်လိုမပြောရင် အတန်းထဲကို ဝင်ခွင့်မပြုနိုင်ဘူး…"

"ဒါဆိုရင် ကျွန်တော်ပြန်ပါတော့မယ် ခင်ဗျာ…"

အတန်းပြင်သို့ ပြန်ထွက်လိုက်သည်။ ပြန်ရန်ခြေလှမ်းပြင်လိုက်စဉ်မှာပင် ဆရာမအသံကို ကြားရသည်။

"ဟေ့… ဟေ့… နေဦး…"

ထိုအသံသည် ကျွန်တော့်ခြေလှမ်းများကို တုန့်ကနဲ ရပ်တန့်သွားစေသည်။ နောက်သို့ပြန်မကြည့်ဘဲ ရပ်နေမိသည်။ ဆရာမ၏ မျက်နှာသည် ဒေါသဖြစ်ခြင်း၊ ခံပြင်းခြင်း၊ မကျေနပ်ခြင်းတို့ဖြင့် ရောပြွန်းနေလိမ့်မည်ဟု ထင်ပါသည်။

"ညီညီ…"

လှည့်ကြည့်လိုက်လျှင် ကောင်းမလား။ ရှေ့ကိုဆက်သွားလျှင် ကောင်းမလား…၊ ကျွန်တော်ပေ၍ ရပ်နေလိုက်သည်။

"ညီညီ… ကမ်းဟီးယား…"

ဆရာမ၏အမိန့်၊ ခြေထောက်တို့သည် နောက်သို့ဆတ်ကနဲ လှည့်ပြီးသား ဖြစ်သွားလေသည်။ ဆရာမကို လှမ်းကြည့်၏။

"အို… ဆရာမ၏မျက်နှာမှာ တင်းမာမှုသည် အရိပ်အရောင်မျှပင် မရှိပါကလား။ ဆရာမဆီသို့ လျှောက်သွားရသည်။

"မင်းကို ရိုက်ရလိမ့်မယ်၊ လက်ဖြန့်စမ်း…"





"ခင်ဗျာ…"

ဆရာမလက်ထဲမှာ ပလတ်စတစ်ပေတံတစ်ချောင်း…။

"လက်ဖြန့်လို့ဆိုနေ…"

ဖြန့်လိုက်ရလေသည်။ ဆရာမရိုက်၏။ ဖြေးဖြေးလေးပါ။ ဆရာကြီး၏ ထားဝယ်ကြိမ်လုံးဒဏ်ကိုပင် မျက်နှာတစ်ချက်မပျက်ဘဲ ခံလာခဲ့တာဘဲ။ ဒီလောက်တော့ အပျော့ပေါ့။ ဖြစ်သင့်သည်။ သို့ရာတွင် အဘယ်ကြောင့် နာသနည်း။

* * * * *

မေ့မေ့ကို ခေါင်းကိုက်တယ်လို့ပြောပြီး… ကျောင်းမတက်ဘဲ သုံးရက်လောက်နေလိုက်သည်။ ဟုတ်တယ်။ ကျွန်တော်စိတ်ဆိုးနေလို့…။ အို… ဆရာမကို စိတ်မဆိုးကောင်းပါဘူးလေ။ စိတ်ကောက်တာပါ။

ကျွန်တော်ကျောင်းပြန်တက်သောနေ့တွင် စာကူးနေစဉ် ကျွန်တော့်အနားသို့ ဆရာမလာရပ်သည်။

"ညီညီ… ဘာလို့ကျောင်းမတက်တာလဲ…"

"ခွင့်စာထဲမှာ ရေးထားပါတယ်…"

"နေမကောင်းလို့ဆို… နေသာမကောင်းတယ် ညီညီတို့က အဝ မပျက်ဘူးဟေ့…"

ဆရာမကိုယ်မှ သနပ်ခါးနံ့သည် ဝေ့ကနဲ ရောက်ရှိလာသည်။ ထိုသနပ်ခါးနံ့သည် ကျွန်တော့်ကို ပြုံးလာအောင် တိုက်တွန်း၏။ သို့ရာတွင် မပြုံးမိအောင် အားကိုတင်းသည်။ ကျွန်တော်စိတ်ကောက်နေကြောင်း ဆရာမသိအောင်လို့…။

အချိန်ကုန်သောအခါ… ဆရာမက ကျွန်တော့်ကို ဆရာမ အပန်းဖြေခန်းထဲသို့ ခေါ်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com

"ညီညီ... တီချာကို စိတ်ဆိုးနေတယ် မဟုတ်လား..."

စိတ်ဆိုးတာမဟုတ်ဘူး။ စိတ်ကောက်တာပါဟု ဖြေလိုက်ချင်သည်။ သို့ရာတွင် ခေါင်းကိုခါလိုက်၏။

"မင်း... သိပ်ညာတာပဲ၊ စိတ်ဆိုးနေပါတယ်၊ ကိုယ့်ဆရာမကို စိတ်မဆိုးမကောင်းဘူးလေ။ တီချာ... မင်းကိုဆုံးမတာဘဲ။ မင်းက သိပ်ပေကပ်ကပ်နိုင်တာကိုး။ ပြီးတော့... မင်း... သေသေချာချာ စဉ်းစားကြည့်၊ အင်္ဂလိပ်စာအချိန်မှာ အင်္ဂလိပ်လိုပြောခိုင်းတာက မင်းတို့ တိုးတက်အောင်လို့၊ အင်္ဂလိပ်စာဟာ ကမ္ဘာသုံးမဟုတ်လား။ တကယ်တော့ ကိုယ့်တပည့်ကို ဘယ်ဆရာမက ရိုက်ချင်ပါ့မလဲကွယ်"

ကျွန်တော်ဝမ်းနည်းသွားပြန်သည်။

ဆရာမက ပြုံးပါသည်။

"ဆရာမက စိတ်မဆိုးပါဘူးကွယ်။ ငါ့တပည့်ကို အမြဲတမ်း ခွင့်လွှတ်တယ်။ အိုင်အောလ်ဝေစ် ဖော်ဂစ်ယူ..."

ကျွန်တော်ပြုံးလိုက်သည်။ ဟုတ်တယ်။ စိတ်ကောက်ပြေသွားလို့လေ။ ဆရာမသည် ကျွန်တော့်ကို စကားအကြာကြီးပြောရသောကြောင့် မောသွားဟန်တူသည်။ သူ့နဖူး၌စို့နေသော ချွေးစများကို လက်ကိုင်ပဝါကလေးဖြင့် တို့နေ၏။ ကျွန်တော် ရေတစ်ခွက်သွားခပ်ပေးပြီး ဆရာမကို ပေးလိုက်ပါသည်။

"သိုင်းခယူ ညီညီ..."

"ပလိစ်အိတ်စကျူမီ... တီချာ"

ကျွန်တော်လှည့်ထွက်လာခဲ့သည်။ ဆရာမသည် ကျေနပ်စွာ ပြုံးရင်း ကျန်ခဲ့ပါလိမ့်မည်။





အချိန်ကြာလာသည်နှင့်အမျှ စေတနာကို နားလည်လာကြသည်။ ကျွန်တော် နားအလည်ဆုံး။

ကျွန်တော်ကား မကြာခဏ ကျောင်းပျက်တတ်လေသတည်း။ တိုက်ဖွိုက်ရောဂါအခံရှိသောကြောင့် မကြာခဏဖျား၏။ တစ်လလျှင် အနည်းဆုံး တစ်ရက်နှစ်ရက်တော့ ပျက်တတ်သည်။

ကျွန်တော် ကျောင်းပြန်တက်သောနေ့တွင် ဆရာမသည် ညီညီ နေကောင်းသွားပြီလားဟု မေးတတ်စမြဲ။ ထိုအခါမျိုးတွင် ဆရာမကို စိတ်ကောက်ပြီး ကျောင်းမတက်ဘဲ နေခဲ့သော နေ့များကို ပြန်သတိရ၏။

ကျောင်းပျက်ရက်များက နောက်ကျခဲ့သော စာများကို မုန့်စားဆင်းချိန် ကျောင်းအပြီးဆင်းချိန်များတွင် ဆရာမက ပြန်သင်ပေးလေသည်။ ကျွန်တော် တစ်ယောက်ထဲကို မဟုတ်ပါ။ ကျောင်းပျက်သူအားလုံး။ သို့ရာတွင် ကျွန်တော် ကျောင်းအပျက်တတ်ဆုံးဖြစ်၍ များစွာသော အခါတို့တွင် ဆရာမနှင့် ကျွန်တော် နှစ်ယောက်ထဲ။

ခါတိုင်းက မုန့်စားလွှတ်ပြီဆိုလျှင် အုန်းနို့ခေါက်ဆွဲဆိုင်သို့ ပြေးတတ်သော ကျွန်တော်။ ကျောင်းလွှတ်ပြီဆိုလျှင် ထမင်းဆာလွန်း၍ အိမ်သို့ သုတ်ခြေတင်တတ်သော ကျွန်တော်။ ခု ဆရာမနှင့် စာသင်နေရသောအချိန်တွင် အုန်းနို့ခေါက်ဆွဲကိုလည်း သတိမရ၊ ထမင်းလည်းမဆာ။ တကယ့်ကို ထမင်းမဆာ။ စာသင်နေရသည်ကိုပင် ဝမ်းသာကြည်နူးနေမိသည်။ ဘာကြောင့်မှန်းတော့ ကျွန်တော်မသိ ကျောင်းပျက်ရက်များက နောက်ကျခဲ့သောစာများကို ပြန်သင်ခွင့်ရသောကြောင့် ဝမ်းသာကြည်နူးခြင်းသာ ဖြစ်ပါစေ။

ကျွန်တော်က ကျောင်းအပျက်များသလောက် ဆရာမက ကျောင်းမပျက်ခဲ့။ နေမကောင်းဖြစ်နေသည့်တိုင် အနွေးထည်ကိုဝတ်၍ ကျောင်းသို့လာသည်။ ထိုနေ့မျိုးတွင် မုန့်စားလွှတ်ချိန်၌ ဆရာမသည်အပန်း


www.burmeseclassic.com

www.burmeseclassic.com

ဖြေအခန်းထဲ၌ မှိန်းနေတတ်သည်။ နေမကောင်းလျက် စာသင်ရသောကြောင့် မောနေတတ်သည်။ ထိုအခါ ကော်ဖီပူပူတစ်ခွက် ဝယ်ပေးရန်မှာ ကျွန်တော့်တာဝန်။

အို... နေမကောင်းတဲ့အခါမှ မဟုတ်ပါဘူးလေ။ နေ့စဉ်လိုလိုပဲ မုန့်စားလွှတ်ချိန်မှာ ဆရာမအတွက် စားစရာတစ်ခုခုတော့ ဝယ်ပေးနေကျပါ။

တစ်ခါက မုန့်စားကျောင်း ပြန်တက်ခါနီးကျမှ ဆရာမက ပုဇွန်ခွက်ကြော်သုတ် ဝယ်ခိုင်းသည်။ မုန့်စားတန်းသို့ ကျွန်တော်ပြေးလေသည်။ ကျောင်းတက်ခါနီးပြီမဟုတ်လား။ မြန်မြန်သွားပို့မှ။ ကျောင်းပြန်တက်လျှင် ဆရာမစားတော့မည်မဟုတ်။ ဆရာမက ကျောင်းချိန်လေးစားသည်။ ဝယ်ပြီးတော့ ဆရာမများ အခန်းသို့ အမြန်ပြန်ပြေးရသည်။ ထောင့်ချိုးတစ်ခုကို အကွေ့လိုက်မှာပင် တစ်ဘက်မှလာသော ကျောင်းသားတစ်ယောက်နှင့်ဝင်တိုက်မိ၏။ ပုဇွန်ခွက်ကြော် ပန်းကန်သည် "ချလွမ်"ကနဲ ကျသွားလေသည်။ ထိုကျောင်းသားကို ကျွန်တော် ဆွဲထိုးပစ်လိုက်သည်။

ထိုကိစ္စအတွက် ဆရာကြီးရှေ့သို့ ရောက်ရပြန်သည်။ ဆရာမလည်း အနားမှာရှိသည်။ ဆရာကြီးက ဘာကြောင့်ထိုးရသလဲဟု မေး၏။ ကျွန်တော်မဖြေပါ။ ဆရာမကချော့၍ မေးပြန်သည်။ ကျွန်တော် မဖြေပါ။ ဆရာကြီး ဒေါသထွက်လာပြီး ကျွန်တော့်ကို ရိုက်လေသည်။

ထိုနေ့က ဆရာကြီး၏ ရုံးခန်းထဲမှ အပြုံးမပျက် ပြန်ထွက်လာခဲ့သည်။

ပထမအစမ်းစာမေးပွဲတုန်းက အင်္ဂလိပ်စာ ရှစ်ဆယ့်လေးမှတ်ရသည်။ တစ်ကျောင်းလုံးမှာ အများဆုံးပဲဟု ဆရာမက ပြော၏။





ဆရာမက တစ်ခြားအလုပ်များ လုပ်နေရလျှင် အတန်းကို ကျွန်တော်ကပင် တာဝန်ယူရသည်။ သင်ပြီးခဲ့သော သင်ခန်းစာများမှ သူတို့နားမလည်သည်ကို ပြန်ရှင်းပြသည်။ ဆရာမက ကျွန်တော့်ကို အရေးပေးပါသည်။ စာတော်သောကလေးကို ဆရာမက အရေးပေးသည်မှာ မဆန်းပါ။ သို့ရာတွင် သူငယ်ချင်းများကမူ ကျွန်တော့်ကို နောက်ပြောင်ကြလေသည်။

"မင်းဆရာမက သိပ်လှတာပဲကွာ နော်..."

"ဟေ့ကောင်တွေ... ဆရာမကို လှတယ်လို့ မပြောကောင်းဘူး ကျက်သရေရှိတယ်လို့ ပြောရတယ်"

သူတို့သည် ဆရာမအကြောင်းကို ပြောကြသောအခါ...

"မင်းဆရာမ၊ မင်းဆရာမ"ဟူ၍ ကျွန်တော့်ကို ပြောဟောက်ကြပါသည်။

"ငါ့ဆရာမဆိုတော့ မင်းတို့ဆရာမကော မဟုတ်ဘူးလား..."

"မဟုတ်ဘူး..."

"ဆရာမဟာ ငါတို့အားလုံးရဲ့ ဆရာမပါကွာ။ ငါတစ်ယောက်ထဲရဲ့ ဆရာမ မဟုတ်ပါဘူး။ မင်းဆရာမဆိုတာကို မပြောကြပါနဲ့"

တစ်ခါတစ်ရံ၌ မပြောပါနဲ့ဆိုသော စကားသည် ပြောစေချင်၍ ဖြစ်ကြောင်း သိကြပါလိမ့်မည်။ ဘာကြောင့် ပြောစေချင်ကြောင်းကိုကား ကျွန်တော်မသိ။

တစ်ခါတုန်းက မုန့်စားလွှတ်ချိန်တွင် ဆရာများ၊ အပန်းဖြေခန်းသို့ ဝင်သွားမိသည်။ ဆရာမအတွက် မုန့်ဝယ်ပေးရန်ဖြစ်ကြောင်း ပြောဖို့ မလိုပါ။

ဆရာမများ၏ ရယ်သံကို အခန်းဝမှပင် ကြားနေရသည်။ ကျွန်တော်ဝင်သွားသောအခါ ဆရာမသည် တစ်ခြားဆရာမတစ်ယောက်၏လက်ထဲမှ ကပ်ပြားဖြူဖြူကလေးကိုယူ၍ စားပွဲပေါ်



www.burmeseclassic.com

www.burmeseclassic.com

မှာ မှောက်တင်ထားလိုက်သည်။ ဓာတ်ပုံတစ်ပုံဖြစ်ဟန်တူပါသည်။ ကျွန်တော့်ကို မြင်သောအခါ ဆရာမသည် ရယ်မောနေရာမှ မျက်နှာပိုးသတ်လိုက်သည်။ သို့ရာတွင် ဆရာမ၏ မျက်နှာ၌ အပြုံးရိပ်များ ထင်နေဆဲ။

"တီချာဖို့ သံပုရာရည်တစ်ခွက်သာ ဝယ်ပေးတော့ ညီညီ..." ကျွန်တော်ထွက်သွားမည် ပြင်သည်။

"ညီညီ နေအုံး..."

ဆရာမ ဒေါ်မြတ်ကြွယ်က လှမ်းတားသည်။

"မူမူ... ညီညီကို ပြလိုက်ပါဦး..."

"အို... မကြွယ်ကလဲ"

ပါးစဉ်တည်ငြိမ်နေသော ဆရာမ၏ မျက်နှာသည် ယခုအခါ ဘာဖြစ်နေပါသနည်း။ ဆရာမ ဒေါ်မြတ်ကြွယ်က ဓာတ်ပုံကိုယူသည်။ ဆရာမကလက်ကို ဆွဲထားသည်။ ဒေါ်မြတ်ကြွယ်က ရုန်းလိုက်သည်။

"ညီညီ... ဒီပုံကိုကြည့်စမ်း၊ မချောဘူးလား..."

ဓာတ်ပုံထဲမှာ ဘွဲ့ဝတ်စုံနှင့် အမျိုးသားတစ်ယောက်။ ဆရာမထက် အသက်ပိုကြီးပုံရသည်။ ကျွန်တော်က ဓာတ်ပုံကို တလှည့် ဆရာမကို တစ်လှည့် ကြည့်မိသည်။ ဆရာမမျက်နှာ၌ ရှက်ပြုံးကို ပထမဆုံး အကြိမ် မြင်ဘူးလိုက်၏။

"ဟဲ့... ပြောလေ၊ မချောဘူးလား..."

"ဟုတ်... ဟုတ်ကဲ့..."

ဆရာမများက ရယ်မောကြပြန်သည်။

ထိုနေ့က သံပုရာရည်ကို ဆရာမအကြိုက် ချဉ်ချဉ်ကလေး ဖြစ်အောင် လုပ်ပေးရန် ပြောဖို့ အဘယ်ကြောင့် မေ့သွားရပါသနည်း။





"ပြောလေ ညီညီ..."

ကျွန်တော်ဆက်ကနဲတုန်သွား၏။ ဟုတ်သားပဲ၊ ကျွန်တော့် အတွေးလွန်သွားပါသည်။ ခုအခါမှ ဆရာမနှင့် ကျွန်တော်သည် ဆရာများအခန်းထဲမှာ မနေ့က ကျွန်တော် ကျောင်းပျက်ခဲ့သဖြင့် ဆရာမက ပြန်သင်ပေးနေခြင်း ဖြစ်ပါသည်။

"ပြောလေဝ ညီညီ၊ ဒီဆင်းတင့်စ်မှာ ရပို့တက်စပိချ်က ဘယ်ဟာလဲ"

"ဟို... ကျွန်တော်..."

သက်ပြင်းကိုချလိုက်၏။

"ညီညီဘာဖြစ်နေတာလဲ၊ စာထဲမှာလဲ စိတ်မဝင်စားဘူးလား၊ နေမကောင်းဘူးလားဟင်..."

"ကျွန်တော်. . . ကျွန်တော် ဖျားနေလို့ပါ တီချာ..."

ထိုနေ့က ကျွန်တော် ဖျား၍မနေပါ။

တစ်တန်းလုံးက ငြိမ်သက်၍ နေကြသည်။ ဆရာမလည်း သူ့စားပွဲမှာ ငြိမ်သက်စွာ ထိုင်နေ၏။ တစ်စုံတစ်ခုကိုပြောရန် အားယူနေဟန်တူသည်။ နှုတ်မှ လွယ်ကူစွာ ဖွင့်ဟမပြောနိုင်သော စကားသည်ဝမ်းမြောက်ဖွယ်သတင်း မဟုတ်ကြောင်းပြောဖို့ရန်ပင် မလိုပါ။

"ကွယ်... နက်ဖြန်ကျရင် မင်းတို့အတွက် ဆရာမအသစ် တစ်ယောက်လာလိမ့်မယ်..."

စကားလုံးကို နားခံသာအောင် အတတ်နိုင်ဆုံး ရွေးချယ်၍ ပြောသည်။ ဆရာမ၏ အသံသည်စာသင်နေသကဲ့သို့ တက်ကြွမှုမရှိ။

ဆရာမ၏ မျက်နှာသည်လည်း ဟို... ကျောင်းဖွင့်စ ကျွန်တော့်ကို ရိုက်တုန်းက မျက်နှာမျိုးဖြစ်နေပါသည်။ ခုမှုပင် ကျွန်တော်သိရ



www.burmeseclassic.com

www.burmeseclassic.com

သည်။ ဆရာမသည် ကျွန်တော့်ကို ရိုက်ခဲ့စဉ်က ဝမ်းနည်းနေကြောင်းကို ဆရာမရယ် ငါအလုပ်ကထွက်တော့မယ်။ ဒီကျောင်းကို မနက်ဖြန်ကစပြီး မလာတော့ဘူးလို့ ပြောလိုက်ပါတော့ လားခင်ဗျာ။

"တီချာ မှာချင်တာက မင်းတို့အရွယ်ဟာ ပညာရေးကို ဦးစားပေးရမယ်။ တစ်ခြားဘာကိုမှ စိတ်မဝင်စားရဘူး။ ခုအချိန်မှာ စာမေးပွဲက သိပ်နီးကပ်လာပြီ။ ပြီးတော့... "

ဆရာမသည်ကျွန်တော့်ကို စောင်း၍ ပြောနေခြင်းမဟုတ်ပါ။ တည့်တည့်ကြီးကြည့်၍ ပြောနေခြင်း ဖြစ်ပါလိမ့်မည်။ ရင်ထဲက တလှပ်လှပ်ဖြစ်နေသည်။ နေမကောင်းသောကြောင့် မောနေခြင်း မဟုတ်ပါ။

ခေါင်းကို ငုံ့ထားလိုက်သည်။ အပြစ်ရှိသူတို့သည် ခေါင်းငုံ့နေကြကြောင်း ကြားဖူးပါ၏။ ကျွန်တော်မှာ အပြစ်တစ်ခုခု ရှိနေပါသလား မသိပါ။ ရင်ထဲ၌ မရှင်းလင်းပါ။ ဆရာမကို မကြည့်ရဲသည်တော့ အမှန်။

"ဂွတ်အီးဗီးနင်း တီချာ... "

ထိုအသံကြားမှပင် ပြာပြာသလဲ ထကြည့်မိသည်။ ဆရာမသည် အခန်းအပြင်သို့ပင် ရောက်နေပါပြီ။ နောက်ကျောဖက်ကိုသာ မြင်ရတော့သည်။ အတန်းဘက်ကို အလွမ်းပြေ တစ်ချက်လောက် ပြန်လှည့်ကြည့်လိုက်ပါတော့လား ဆရာမရယ်... ။

* * *

ဆရာမများ အပန်းဖြေအခန်းထဲသို့ဝင်၍ ရှာသည်။ ဆရာမကို မတွေ့ရ၊ ဆရာမတစ်ယောက်က ပြောလေသည်။

"မင်း ဆရာမရုံးခန်းထဲမှာ ရှိလိမ့်မယ်... "





လာပြန်ပြီ မင်းဆရာမ။ ဆရာမဟာ ကျွန်တော့်ဆရာမ မဟုတ်တော့ဘူးဆိုတာ မသိကြဘူးလား။

ဆရာကြီးရုံးခန်းဆီသို့ သွားရပြန်သည်။ တစ်ခြားကျောင်းသားတွေ အတန်းထဲမှာ စာသင်နေချိန်တွင် စကြံ့န်ပေါ်၌ ပျာရာခတ်နေသော ကျွန်တော့်ကို ဘယ်လိုထင်ကြမည်နည်း။

ရုံးခန်းထဲမှာ ဆရာမတစ်ယောက်ထဲ... ။

ဆရာကြီးထံမှ အလုပ်ထွက်ခွင့်စာကို စောင့်နေပါသလား ဆရာမ။

'တီချာ... "

ဆတ်ကနဲ လှည့်ကြည့်သည်။

"ညီညီ... "

ဟုတ်ကဲ့ ဆရာမရဲ့ တပည့်လေ၊ မမှတ်မိတော့ဘူးလား။ စကားတွေ ရင်နှင့်အပြည့်ပါ။ ပြော၍မထွက်။ အမှန်အားဖြင့်မူ ကျွန်တော့်ရင်ထဲက စကားတို့ကိုပင် ကျွန်တော် သေချာစွာမသိ။

"ကျွန်တော့်ကို ခွင့်လွှတ်ပါတီချာ... "

ဒီစကားကို ဘာကြောင့် ပြောမိမှန်းလည်း သေချာစွာ မသိပြန်ပါ။

"ကျွန်တော့်ကို ရိုက်ပါ တီချာ... "

"အို... ဘာဖြစ်လို့ ရိုက်ရမှာလဲကွယ်။ ညီညီဟာ လူဆိုးမှ မဟုတ်ဘဲ။ မင်းမှာ ဘာအပြစ်မှ မရှိပါဘူးသားရယ်... "

အို... သားတဲ့၊ သားတဲ့၊ ရင်ထဲကလှိုက်ကနဲ ဝမ်းနည်းသွားသည်။ အနန္တဂိုဏ်းဝင်ဆရာမပေတကား။ ဆရာမသည် ကျွန်တော့်ဆံပင်များကို ပွတ်သပ်ပေးရင်း တတွတ်တွတ် ဆုပေးနေပါသည်။ ကျွန်တော့်မျက်နှာကို မမြင်ရသော်လည်း တသိမ့်သိမ့်လှုပ်ခါနေသော ကိုယ်ကလေးကြောင့် ကျွန်တော်ငိုနေကြောင်း ဆရာမသိသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com

"အို… ဘာဖြစ်လို့ ငိုနေတာလဲကလေးရယ်၊ ရော့ရော့ မျက်ရည်တွေသုတ်လိုက်…"

ဆရာမသည် ကျွန်တော့်မေးစေ့ကိုဆွဲ၍ မျက်နှာကို မော့စေသည်။ မျက်ရည်များကို သူ့လက်ကိုင်ပုဝါကလေးဖြင့် တယုတယ သုတ် ပေး၏။

ကျောင်းရှေ့က သရက်ပင်ပျိုကလေးသည် ဒီနှစ်အထိ အသီးမသီးချေ။

လွန်ခဲ့သော သုံးနှစ်ခန့်က ကွယ်လွန်သွားခဲ့သော ကျွန်တော့် မမကို အလွန်သတိရပါသည်။

မင်းလူ

မြန်အောင် အ-ထ-က (ငွေရတု)
(စက်တင်ဘာ - ၁၉၇၈)





# အရေးပေါ်အခြေအနေ

"င" နံပါတ် 'ကောင်ဆယ်'ကားကလေးသည် အရှေ့မျဉ်းပြိုင်ကွင်းလမ်းအတိုင်း မြို့ထဲသို့ဦးတည်၍သွားနေ၏။ ဒီဇင်ဘာ၏နှင်းတို့ မှုန်မှုန်ကျနေခြင်းသည် ချစ်သူတို့ လက်တွဲ၍ လျှောက်ချင်စရာကောင်းလှပါသည်။ သို့ရာတွင် ကိုအေးသန်းကမူ ထိုနှင်းတို့ကို သိပ်သဘောမကျလှချေ။ သူ့ကားက မီးအားသိပ်မကောင်း၊ ပြီးတော့ သူ့ရှေ့က မှန်သည် နည်းနည်းအက်နေ၏။ ထို့ကြောင့် ကားရှေ့မြင်ကွင်းကို ထင်းကနဲနေအောင် မမြင်သာ။ ရှေ့ကို အာရုံ စိုက်၍ ကြည့်နေရသောကြောင့် မျက်စိညောင်းလာသည်။ ဒီနေ့ရှာ၍ရသမျှသော ငွေကို စိတ်ထဲက တွက်ကြည့်မိသည်။ ခုနောက်ဆုံးတစ်ခေါက် သယ်န်းကျွန်းကို လိုက်ပို့သဖြင့်၊ ရရှိငွေ တစ်ဆယ့်ငါးကျပ်။ စုစုပေါင်းရရှိငွေ ကိုးဆယ့်ငါးကျပ်။ ဓာတ်ဆီဘိုး၊ အင်ဂျင်ဝိုင်ဖိုး အစိတ်နှုတ်လျှင် ခုနစ်ဆယ်ကျန်။ စားသောက်စရိတ် တစ်ဆယ်ထား။ ခြောက်ဆယ်ကျန်ငွေ။ ဒီနေ့သိပ်မရဟု ထင်သည်။

ပရိုက်ဗိတ်တက်စီခေါ် ကိုယ်ပိုင်အငှားယာဉ်အလုပ်၊ ခေါ်နေကြမို့သာ နားယဉ်နေရသည်။ အမှန်အားဖြင့် ထိုအမည်သည် အတော် ရယ်စရာ ကောင်းလှ၏။ ကိုယ်ပိုင်ဖြင့်လည်းကိုယ်ပိုင်။ အငှားယာဉ်ဆိုလည်း အငှားယာဉ်၊ ခုတော့ ကပြား အမည်လို ဖြစ်နေလေသည်။ နံပါတ်ကတော့ အနက်။ ကိုယ်ပိုင်ပေါ့။ သို့ရာတွင်


www.burmeseclassic.com

www.burmeseclassic.com

အငှားလိုက်သည်။ တစ်နာရီသုံးလျှင် တစ်ဆယ့်ငါးကျပ်၊ သို့တည်းမဟုတ် နှစ်ဆယ်။ ဟိုနားဒီနား တစ်ခေါက်လောက်လိုက်ပို့ရုံဆိုလျှင် ရှစ်ကျပ်၊ တစ်ဆယ်။ မနေ့ကတော့ အချိုကြီးရလိုက်သည်။ မိန်းကလေးနှစ်ယောက်ကို သုံးမိုင်ခရီးလောက် လိုက်ပို့ရုံ၊ ညနေကျတော့ သွားကြို ရုံမျှဖြင့် ငွေသုံးဆယ်ရလိုက်သည်။

ရိပ်ခနဲဝင်လာသော မြင်ကွင်းသည် အတွေးအားလုံးကို ရပ်တန့်သွားစေ၏။ တာမွေခြောက်လမ်းထဲမှ ဖြတ်ထွက်လာသော စက်ဘီးတစ်စီး။ ကားရှေ့တည့်တည့်သို့ ဘေးတိုက်ဝင်လာသည်။ နီးနီးကလေး။

ဘရိတ်ဖမ်းရန် အချိန်မရ။ ကားကို ဘယ်ဘက်သို့ ကွေ့ချလိုက်သည်။ စက်ဘီးနှင့် ကားဦးတည်ရာလမ်းကြောင်းတို့ ပြောင်းပြန် ဖြစ်သွားသည်။ လွတ်သွားပြီဟု ထင်၏။ သို့ရာတွင် စက်ဘီးစီးသမားက ကြောက်အားလန့်အားနှင့် ဘယ်ဘက်ကိုပင် ကွေ့သည်။ စက်ဘီးသည် လမ်းပေါ်တွင် စက်ဝိုင်းလိုလည်၍ ကားရှိရာသို့ ပြန်လှည့်လာသည်။ ကားလက်ကိုင်ဘီးကို ဘယ်ဘက်သို့ ဆွဲလှည့်သည်။ မရတော့။

"လေဆိပ် ၇၅" ဓာတ်ကားထဲမှ လေယာဉ်ပျံကြီးနှင့် လေယာဉ်ပျံကလေးတို့ တိုက်မိကြသလိုပင်။ ကားနှင့် စက်ဘီးတို့သည် "ဂျိုင်း" ကနဲ ဘေးချင်းဝင်ဆောင့်ကြလေ၏။

(၃)

ကိုအေးသန်းသည် ကားပေါ်မှ ခဏမျှ ငိုင်နေမိသည်။ "ကားတော့ တိုက်ပြီဟေ့"ဟူသော အော်သံကြားမှ ကားတံခါးကိုဖွင့်၍ လျင်မြန်စွာ ဆင်းလိုက်သည်။ လူတို့သည် ဘယ်ကဘယ်လို ထွက်လာကြမှန်းမသိ။ လူအုပ်တော်တော်များနေပြီ။ လူအုပ်ကြားထဲသို့ ကြည့်လိုက်သောအခါ၊ လူတစ်ယောက်သည် ဆယ့်နှစ်နှစ်အရွယ်





ခန့်ရှိသော ကောင်လေးတစ်ယောက်ကို ပွေ့ချီထားသည်။ ကလေးငယ်သည် ဦးခေါင်းငိုက်စိုက် ကျနေ၏။ သူ့ခေါင်းမှ သွေးတို့သည် ကတ္တရာလမ်းပေါ်သို့ တစ်တောက်တောက်ကျနေသည်။ ဘုရား... ဘုရား... အသက်မသေပါစေနှင့်။

"ဘယ်လိုလုပ် မောင်းတာလဲ... "

"စက်ဘီးတစ်စီးလုံးတောင် မမြင်ဘူး... "

"သေပြီ ထင်တယ်... "

"ကားသမားတွေ ရမ်းကိုရမ်းတယ်... "

ရန်ကုန်မြို့သားများမှာ အကျင့်တစ်ခုရှိသည်။ လူတစ်ယောက်ကို ကားတစ်စင်းက ဝင်တိုက်မိပြီဆိုလျှင် ကားမောင်းသူကိုသာ အပြစ်ဖွဲ့ချင်တတ်သောအကျင့်။ သူတို့သည် မကျေနပ်ချက်မှန်သမျှကို ကားမောင်းသူများ၊ သူဌေးများ၊ ခါးပိုက်နှိုက်များအပေါ် ပုံအောတတ်ကြလေသည်။ သို့ရာတွင် ကိုအေးသန်းကတော့ သက်သာရာ ရသွား၏။ ဩဇာညောင်းပုံရသော လူကြီးတစ်ယောက်ရောက်ရှိလာသောကြောင့် ဖြစ်ပါသည်။

"ဟေ့... ဘာလို့ဝိုင်းအုံကြည့်နေကြတာလဲ၊ အသက်ရှိသေးတယ် မဟုတ်လား၊ ဆေးရုံပို့ပါလား၊ ခင်ဗျား ကားမောင်းလို့ ရသေးတယ် မဟုတ်လား... "

"ဟုတ်... ဟုတ်ကဲ့ပါခင်ဗျာ... "

"ဒါဆို ကားပေါ်တင်၊ မောင်ပိုင်၊ ကျော်မြင့်၊ သံချောင်း ကားနဲ့ လိုက်ခဲ့၊ မြင့်လှိုင်က ကလေးအဖေကို အကြောင်းကြားပြီး ဆေးရုံကို ခေါ်ခဲ့၊ ကဲ... မောင်း၊ မောင်းလေဗျာ..."

ကားကို "ဝူးကနဲ"မောင်းထွက်လိုက်၏။ ကိုအေးသန်းတား ထူပူနေသောကြောင့် သွားနေကျလမ်းများကိုပင် မမှတ်မိသလိုဖြစ်နေလေသည်။ ခုနလူကြီးက လမ်းညွှန်နေရသည်။



www.burmeseclassic.com

www.burmeseclassic.com

"မြေနီကုန်းဘက်ကိုမောင်း၊ အဲဒီက လမ်းရှင်းတယ်၊ ဦးဝိစာရလမ်းရောက်မှ ဖြတ်ချ .. "

ကိုအေးသန်းသည် ရှေ့ကို ကြည့်နေသော်လည်း၊ စိတ်က ကားနောက်ခုံရှိ ကလေးဆီသို့ ရောက်နေသည်။ မတော်တစ်ဆဖိတ်စင်၍သွားခဲ့လျှင်... ။ ဖွဟဲ့... လွဲပါစေ...၊ ဖယ်ပါစေ။

"ဘယ်လိုနေသေးလဲ... "

သူ့ဖိုးရိမ်မှုသည် သူ့အသံတွင် ပေါ်လွင်နေသည်။ စိတ်မတည်ငြိမ်ပဲ ကားမောင်းနေလျှင် နောက်ထပ်တိုက်မိနိုင်ကြောင်းကို နောက်ခန်းမှ လူကြီးက နားလည်သွားသည်။

"စိတ်အေးအေး ထားပြီးမောင်းစမ်းပါဗျာ၊ ကလေးက အသက်ရှူနေတုန်းပါပဲ၊ နှလုံးလဲ မှန်မှန်ခုန်နေတယ်... "

"ဟုတ်ပါတယ်... အစ်ကို၊ စိတ်မပူပါနဲ့၊ ကျွန်တော်တို့ အားလုံးမြင်ပါတယ်၊ အကို့အမှားမဟုတ်ပါဘူး...၊ သူ့စက်ဘီးက မှားဝင်လာတာပါ၊ ကလေးမိဘလာရင်လဲ ဝိုင်းပြောပေးပါ့မယ်... "

လူကြီး၏စကားကို လူငယ်တစ်ယောက်က ထောင်းခံလိုက်သည်။ ရွှေဂုံတိုင်အဝိုင်းတွင် မီးပွိုင့်က နီနေပြန်၏။

"မောင်းဗျာ...၊ ကားလဲ ရှင်းသားပဲ... "

မီးနီကိုဖြတ်၍ မောင်းသည်။ လမ်းဆုံ ပလက်ဖောင်းပေါ်မှ ယာဉ်ထိန်းရဲ၏ ခရာသံကို "ရှိကနဲ" ကြားလိုက်ရသည်။ နောက်ခန်းမှ လူကြီးက "လူနာပါလို့ဗျို့..."ဟု လှမ်းအော်လိုက်သံကိုလည်း ကြားရသည်။

ဦးဝိစာရလမ်းအတိုင်းဖြတ်၊ ထို့နောက် ဘုရားလမ်းအတိုင်းမောင်း၊ ဗိုလ်ချုပ်လမ်းနှင့်ဆုံရာသို့ ရောက်လာသည်။ ဆေးရုံကြီးသည် ညာဘက်မှာရှိ၏။ သို့ရာတွင် ဗိုလ်ချုပ်လမ်းသည် တစ်လမ်းမောင်း၊ ညာကွေ့လို့မရ။ အနော်ရထာလမ်းထိအောင် ဆက်မောင်း၊





ညာကွေ့၊ လမ်းမတော်မှ အပေါ်သို့ဖြတ်တက်၊ ဗိုလ်ချုပ်လမ်းအတိုင်းပြန်မောင်း၊ တစ်ကွေ့တစ်ပတ်ကြီး။

"ခွီး... အရေးပေါ် လူနာဌာနကို ဘယ်လမ်းကဖြစ်ဖြစ် အလွယ်တကူ ဝင်လို့ရအောင် စီစဉ်ထားဖို့ကောင်းတယ်၊ ဒီကိစ္စမျိုးက စက္ကန့်နဲ့အမျှ အရေးကြီးတာကလား... "

လူကြီး၏ စကားနှင့်အတူ အရေးပေါ်ဌာန၏ ဆင်ဝင်ရှေ့မှာ ကားရပ်မိသည်။ တံခါးလေးတစ်ခု တစ်ပြိုင်ထဲ ပွင့်သွား၏။ ကလေးကို ပွေ့ချီသွားသည်။ အသင့်တွေ့ရသော လူနာတင်၊ တွန်းကုတင်ပေါ်သို့တင်သည်။ ဆရာဝန်တစ်ဦး ရောက်လာသည်။ ကလေး၏ ဒဏ်ရာကိုကြည့်သည်။ "ဘာမှမဖြစ်ပါဘူး"ဟု ပြော၍ သုတ်သုတ်ပျာပျာ ပြန်ထွက်သွားသည်။ ဟင်... သွေးတွေကို မြင်နေရတာတောင် ဘာမှမဖြစ်ပါဘူးတဲ့။ လူကြီးက ထွက်သွားသောဆရာဝန်နောက်သို့ လိုက်မည့်ဟန်ပြု၏။ ဆေးရုံအမှုထမ်းတစ်ယောက်က လူကြီး၏ လက်မောင်းကို ကိုင်လိုက်သည်။

"ခဏစောင့်ပါဦးလေ၊ ဟိုမှာ... သိပ်အရေးကြီးတဲ့... လူနာတစ်ယောက်ရောက်နေလို့ပါ၊ သေမလား ရှင်မလားမသိဘူး။ အသက်ကို လုယူနေရတယ်၊ ပြီးတော့ ဦးလေးတို့ လူနာက ဘာမှမဖြစ်... အဲ... အခြေအနေကောင်းပါတယ်၊ ခေါင်းနဲ့နဲ ကွဲသွားတာရယ်... ၊ လက်မှာ ပွန်းပဲ့သွားတာရယ်၊ လောက်ပါပဲ... "

ခုမှပင် ကိုအေးသန်း စိတ်သက်သာရာရသွား၏။ ဟုတ်တော့လည်း ဟုတ်ပေသားပဲ၊ ခေါင်းကွဲသွားသော လူနာနှင့်စာလျှင် လူကောင်းပကတိသည် ဘာမျှမဖြစ်။ အသက်လုနေရသော လူနာနှင့်စာလျှင်မူ ခေါင်းကွဲသွားရုံဖြစ်သော လူနာသည် ဘာမျှမဖြစ်ဟုဆိုနိုင်သည်။ အိုင်းစတိုင်း၏ ရီလေတီဗိတီ သီအိုရီပင်တည်း။



www.burmeseclassic.com

www.burmeseclassic.com



ကလေးထံမှ ညည်းသံတစ်ချက်ထွက်လာသည်။ ကလေးသည် မေ့မျောနေခြင်းမဟုတ်။ ဒဏ်ရာအဂ္ဂိန်ကြောင့် မှိန်းနေခြင်းသာ ဖြစ်ပါသည်။ မျက်နှာမှာလည်း သွေးဆုတ်နေသော လက္ခဏာ မရှိ။ ဆေးရုံစကားနှင့် ပြောရလျှင် ဘာမျှမဖြစ်။

သုံးဘီးကားစက်သံနှင့်အတူ ပြေးလာနေသော ခြေသံများကို ကြားရသည်။ ကလေးအဖေလာပြီ။ ကလေးအဖေသည် ကလေးရှိရာသို့ ပြေးသွားသည်။

"သား… သား… သတိရရဲ့လား…၊ ဖေဖေလေ… "

ကလေးက 'အင့်'ကနဲ ညည်းပြန်သည်။ လူကြီးက ကလေးအဖေ၏ ပုခုံးပေါ်လက်တင်လိုက်ပြီး…

"မောင်တင်ရွှေ… ကလေးဘာမှ မဖြစ်ပါဘူး… "

ကလေးအဖေက လူကြီးကို မျက်လုံးအကြောင်သားဖြင့် စိုက်ကြည့်နေသည်။ လူကြီးကလည်း သူ့စကားသည် ကလေးအဖေအဖို့ နည်းနည်းစိမ်းနေသေးကြောင်း သိသွားပုံရသည်။

ကလေးကို အတွင်းခန်းထဲသို့ ခေါ်သွားသည် လူကြီးနှင့် ကလေးအဖေ ကိုတင်ရွှေတို့ လိုက်သွားကြသည်။ ခဏကြာသောအခါ ကလေး၏ စူးစူးဝါးဝါး အော်လိုက်သံကို ကြားရ၏။ ဘေးမှ လူတစ်ယောက်က…

"အစိမ်းချုပ်နေတာဗျ၊ အဲဒါပိုကောင်းတယ်၊ ထုံဆေးနဲ့ချုပ်တာထက် အနာပိုပြီး အကျက်မြန်တယ်… "

ဟုတ် မဟုတ်တော့မသိ။ နားမချမ်းသာသောကြောင့် အပြင်သို့ ထွက်လာခဲ့သည်။ သူ့ကားနှင့်ပါလာသော လူငယ်တစ်ယောက်ကို ဆင်ဝင်အောက်မှာ တွေ့သဖြင့် စီးကရက်နှစ်လိပ်ဝယ်ပြီး တစ်လိပ်ကိုပေးလိုက်သည်။ ကားရှိရာသို့ လျှောက်သွားပြီး တိုက်မိသည့်နေရာကို ကြည့်သည်။ နဲနဲချိုင့်သွားရုံသာ။

ခုမှပင် ကိုအေးသန်း သတိရလာသည်။ ကလေးအတွက် ဆေးဖိုးဝါးခကိစ္စ။ ဒီနေ့ညအဖို့ ငွေငါးဆယ်လောက်တော့ ပေးထားခဲ့မှ ကောင်းမည်။ ကုန်ပြီ။ ဒီနေ့ရှာလို့ ရသမျှ။ နက်ဖြန်ဆိုလျှင်လည်း ရှာပေဦးတော့ ငါးဆယ်လောက်ထပ်ပေးရအုံးမည်။

ပြွတ်တောင်း၊ ပြွတ်တောင်း ဥသြသံကို ကြားရ၏။ ရဲကားတစ်စင်းနှင့် လူနာတင်ကားတစ်စင်း ဆိုက်လာသည်။ လူနာတင်ကားပေါ်မှထမ်းစင်ကို သယ်ယူလာကြသည်။ လူငယ်တစ်ယောက်။ အနောက်တိုင်းဝတ်စုံအပြည့်အစုံ ဝတ်ဆင်ထားသည်။ လည်မျိုတည့်တည့်တွင် ဓားမြှောင်ကြီးတစ်ချောင်းစိုက်နေ၏။ သွေးတို့သည် ရှပ်အင်္ကျီ အဖြူတွင် ရွှဲနစ်နီရဲလျက်။ သေနေပြီ။ ကပွဲတစ်ခုခု သို့တည်းမဟုတ် ဟိုတယ်တစ်ခုခုတွင် ရန်ဖြစ်လာခဲ့ဟန်တူသည်။

(၅)

အထဲက အချုပ်အလုပ်ကိစ္စများ ပြီးဆုံးသွားသည် ကလေးကို အပြင်သို့ ပွေ့ခေါ်လာကြသည်။ လက်မှာ ပတ်တီးတစ်ခု၊ ခေါင်းမှာ တစ်ခု၊ ကလေးသည် သတိကောင်းစွာ ရနေပြီ။ သို့ရာတွင် အနာကို ချုပ်စဉ်က အော်ဟစ်ခဲ့ရသောကြောင့် မောပန်းနေဟန်တူ၏။ ပွေ့ချီထားသူ၏ လက်မောင်းကိုမှီလျက် မှေးနေသည်။ ကိုအေးသန်းသည် ကလေး၏ဆံပင်ကလေးကို ပွတ်သပ်လိုက်သည်။ သူသည် ကလေးကို မည်သို့အားပေးစကားပြောရမှန်းမသိ ဖြစ်နေ၏။ ထိုအချိန်မှာပင် ဆရာဝန်ထွက်လာသောကြောင့် သူ့အခက်အခဲ ပြေလည်သွားသည်။

"ကလေးကို ပြန်ခေါ်သွားနိုင်ပါပြီ၊ နီးစပ်ရာ ဆေးခန်းမှာပဲ ပြပေါ့၊ ယာဉ်မောင်းနဲ့ ကလေးအဖေတော့ နေခဲ့ကြပါဦးဗျာ


ပဥ္စဂံစာအုပ်တိုက်
www.burmeseclassic.com

www.burmeseclassic.com

ဆရာဝန်က ဆက်လက်ရှင်းပြသည်။ ကလေးသည် သာမန်ထိခိုက်ရုံမျှသာဖြစ်၍ အမှုအခင်း မဖြစ်နိုင်လောက်၊ ရဲကိုတော့ အကြောင်းကြားရမည်။ ရဲ၏ရှေ့တွင် ကိုအေးသန်းနှင့် ကလေးဖခင်တို့က ကြေအေးကြောင်း လက်မှတ်ထိုးရမည်။ ကလေးအဖေက ယခုဖြစ်ပွားသော ယာဉ်တိုက်မှုသည် ကိုအေးသန်းက ကလေး၏ကျန်းမာရေးအတွက် ဆုံးခန်းတိုင် တာဝန်ယူရမည်။ ယခု ဒဏ်ရာနှင့်ပတ်သက်၍ နောက်ပိုင်းဖြစ်ပေါ်လာသမျှကိစ္စကို တာဝန်ယူရမည်။

"ဖြစ်ပြီးမှတော့... ဘယ်လိုမှ မတတ်နိုင်တော့ဘူးပေါ့ဗျာ...၊ ကျွန်တော့်ကလေးကိုသာ ဂရုတစ်စိုက်လာကြည့်ရင် ကျေနပ်ပါပြီ"

"ဟာ... စိတ်ချပါ၊ ကျနော် လုံးဝတာဝန်ယူပါတယ်ဗျ" ဆရာဝန်က ကလေးအဖေနှင့် လူကြီးတို့ဘက်သို့လှည့်၍...

"စောစောတုန်းက အစ်ကိုကြီးတို့လူနာကို ချက်ချင်းမကူညီနိုင်တဲ့အတွက် တောင်းပန်ပါတယ်၊ အထဲမှာက သိပ်အရေးကြီးတဲ့ လူနာတစ်ယောက်ရှိနေလို့ပါ၊ သူလဲ ကားတိုက်ခံရတာပါပဲ၊ လူတစ်ကိုယ်လုံး ကားရှေ့မှန်ထဲကို ကျွံဝင်သွားတာ သွေးလဲသိပ်လွန်နေတယ်၊ သေမှာပါပဲဗျာ၊ အဲ... အဲ... ဟိုကားနဲ့တိုက်တာပေါ့..."

ဆရာဝန်ညွှန်ပြရာသို့ကြည့်လိုက်ရာ ချက်ဗလက်ဘစ်ကိန်းကားကြီးတစ်စင်း ပြားပြားရှည်ရှည်လှလှပပကြီး။ ရှေ့မှန်ကားရစရာမရှိအောင် ကျေမွနေ၏။ မှန်အစွန်းအစများသည် ဘောင်အတွင်းမှ ထိုးထိုးထောင်ထောင် ထွက်နေသည်။ နှမြောစရာ။ ကိုအေးသန်းသည် ကားကြီးကို ငေးကြည့်နေမိ၏။ တရုတ်ကြီးတစ်ယောက်သည် ကားကိုမှီ၍ ရပ်နေသည်။ ဆရာဝန်ကို တွေ့သောကြောင့် သူတို့ဆီသို့ လျှောက်လာသည်။ ဆရာဝန်သည် တရုတ်ကြီးကို လည်ပင်းဖက်၍ ခေါ်သွားပြီးတစ်စုံတစ်ခုကို ပြောနေသည်။ ဆရာဝန်အသံကို တစ်စွန်းတစ်စ ကြားလိုက်ရ၏။





"စိတ်မပူပါနဲ့ဗျာ၊ လူနာအခြေအနေကောင်းတယ်၊ အေးအေးဆေးဆေးပဲ... "

သြော်... မုသားပြောခြင်းဖြင့် လူတို့ကို စိတ်ချမ်းသာစေသူများတွင် ဆရာဝန်များလည်း ပါလေသည်တကား။

ကလေးကို အိမ်ပြန်ပို့ဖို့ စီစဉ်ကြသည်။ ကိုအေးသန်းက လိုက်ပို့လိုသော်လည်း ရဲကိုစောင့်ရဦးမည်ဖြစ်၍ မပို့နိုင်။ ကလေးအဖေကလည်း ကလေးကို သူမပါဘဲ ပြန်မလွှတ်လို။ ကိုအေးသန်း ကားပေါ်မှာ ခဏသိပ်ထားလိုသည်။ လူကြီးကမူ ကလေးအအေးမိမည်စိုး၍ အိမ်ကိုခေါ်သွားနှင့်ချင်သည်။ သူတို့နှစ်ယောက် အချီအချငြင်းခုံနေကြစဉ် ကိုအေးသန်းထွက်လာခဲ့သည်။ စောစောက ချက်ဗလက်ကားကြီးဆီသို့ ကြည့်လိုက်ရာ ကားရှင်တရုတ်ကြီးသည် ကားခေါင်းပေါ်မှာထိုင်၍ မှိုင်နေလေသည်။ ထိုနေရာသို့ ကိုအေးသန်းလျှောက်လာခဲ့သည်။ သူအနားရောက်သောအခါ တရုတ်ကြီးက မော့ကြည့်၏။ ကိုအေးသန်းက...

"ဒီမှာ ဆရာကြီး... ခင်ဗျားကားအတွက် ရှေ့မှန်ယူမလား"

"ခင်ဗျားမှာရှိလား... "

"ရှိတယ်... "

ဒါဆို... ခင်ဗျားလိပ်စာပေးလေ... နက်ဖန်လာကြည့်မယ်"

တရုတ်ကြီး၏ မျက်လုံးများသည် တောက်ပလာ၏။ ကိုအေးသန်းကမူ ကားမှန်ဈေးကို ဘယ်လောက်ပြောရင် ကောင်းမလဲဟု စဉ်းစားနေလေသည်။

မင်းလူ

ရှမ၀၊ ဇူလိုင်၊ ၁၉၇၉



www.burmeseclassic.com

www.burmeseclassic.com



# ရှေ့ကကြည့်တော့ ခပ်ပြုံးပြုံး

"ယောကျ်ားတို့သည်
မိန်းမလိုချင်သောကြောင့်
မင်္ဂလာဆောင်ကြ၏"
"မိန်းမတို့ကား
မင်္ဂလာဆောင်ချင်သောကြောင့်
ယောကျ်ားယူကြခြင်း ဖြစ်လေ၏"

စကားပုံဟု ခေါ်မလား၊ ဘာဟု ခေါ်မလဲတော့ မသိ။ နိုင်ငံခြားက ပညာရှိကြီးတစ်ယောက်က ပြောခဲ့သလား၊ မြန်မာပညာရှိကြီးတစ်ဦး၏ အဆိုအမိန့်လား၊ သို့တည်းမဟုတ် အယ်ဒီတာအဖွဲ့ဝင်တစ်ယောက်ယောက်ကပဲ စိတ်ကူးရလို့ ရေးလိုက်သလားမသိ၊ 'ပဒေသာ'မဂ္ဂဇင်းဟောင်းတစ်အုပ်တွင် အထက်ပါအတိုင်း ဖတ်ဘူးသည်။

အိမ်ထောင်ကျခြင်းတွင် အချစ်သည်သာ ပဓာနဖြစ်သည်။ ဘဝတစ်ခုကို စတင်တည်ဆောက်ခြင်း ဖြစ်သည်ဟု အလေးအနက်ထားကြသော မိန်းကလေးများအတွက် အဆိုပါ အယူအဆသည် ကန့်ကွက်စရာဖြစ်ပေမည်။ သို့ရာတွင် ယင်းအဆိုအမိန့်နှင့် ကွက်



www.burmeseclassic.com

www.burmeseclassic.com

တိ ဝင်နေသော မိန်းကလေးမျိုးရှိသေးသည်ဟု ဆိုထားလျှင် ငြင်းလို့ရမည်မထင်။

ဥပမာ...'ဝင့်'...

အမှန်အားဖြင့် သူ့နာမည်'ဝါဝါဝင်း'သာဖြစ်သည်။ 'ဝင်း' ဆိုတာကြီးက နည်းနည်း "အောက်" သည်ဟု အထင်ရှိပြီး 'ဝင့်' ပြောင်းလိုက်ခြင်းဖြစ်သည်။ သူအလွန်ကြိုက်နှစ်သက်ပါသည်ဆိုသော ရုပ်ရှင်မင်းသား၊ ဇာတ်မင်းသားတွေမှာ အများအားဖြင့် 'ဝင်း' ပါသောနာမည်တွေ ဖြစ်နေကြောင်းကိုကား သူမတွေးမိခဲ့။ ဝင်းဦး၊ ဝင်းညွန့်၊ ထွန်းထွန်းဝင်း၊ ဝင်းဗိုလ်၊ ဆန်းဝင်း၊ ညီဝင်းစိန်၊ မိုးဝင်း၊ နန်းဝင်း။

ထားပါတော့။ သူ့နာမည် 'ဝင့်'ပဲ။ဝင့်သည်စီးပွားရေးတက္ကသိုလ်မှ ဘီအီးကွမ်းဘွဲ့ရပြီးဖြစ်သည်။ အလုပ်တော့မလုပ်သေး။ အောက်တန်းစာရေးဖြစ်စေ၊ နေ့စားဖြစ်စေ သွင်းပေးမည့်သူတော့ ရှိသည်။ သူကမလုပ်။ အနိမ့်ဆုံး 'သရီးတွမ်တီစကေး' ရမှဟုဆိုသည်။

သူ့အနေဖြင့် အလုပ်လုပ်မည်ဆိုလည်းဖြစ်သည်။ မလုပ်ဘူးဆိုလျှင်လည်း ဖြစ်သည်။ သူတို့မိသားစုသည် ဟိုယခင်အခါဆီကလိုင်စင်သူဌေးဖြစ်ခဲ့သည်။ ယခုအခါ၌မူ လွယ်လွယ်ပြောရလျှင်အထည်ကြီးပျက်ပေါ့။ ထိုလူတန်းစားတို့၏ ထုံးစံအတိုင်း မိမိတို့စီးပွားရေးအခြေယိုင်နေသည်ကို ဝန်မခံချင်။ ဟန်မပျက်နေနိုင်ဖို့ကြိုးစားသည်။ လောလောဆယ် သူတို့အခြေအနေမှာ လူတန်းစေ့နေနိုင်ရုံ၊ အခြေမပျက်ရုံဖြစ်သည်။ သူတို့အိမ်အောက်ထပ်က အမျိုးမို့ခေါ်တင်ထားတာဟု သတင်းလွှင့်ထားသော အိမ်ငှားတွေဆီကရသောလခ၊ ဝင့်၏အစ်ကိုကြီးနှင့် အစ်မတို့ ထောက်ပံ့သော ငွေများဖြင့် နေထိုင်စားသောက်ကြသည်။ အစ်ကိုကြီးနှင့်အစ်မတို့ကလည်းအိမ်ထောင်ခွဲတွေဖြစ်သောကြောင့် များများစားစားတော့ မပေးကမ်းနိုင်။





ထိုအခြေအနေတွင် သူအလုပ်မလုပ်လျှင် ခုပုံစံအတိုင်းတော့နေသွားနိုင်သည်။ အလုပ်လုပ်မည်ဆိုလျှင် ငွေနည်းနည်းပါးပါး ပိုဝင်မည်။ သို့ရာတွင် နည်းနည်းပါးပါးကို သူမလိုချင်။ ထို့ထက်စီးပွားရေးမကောင်းလို့ အလုပ်ထွက်လုပ်ရသည်ဆိုသော အဖြစ်ကိုပို၍ မလိုချင်။ ထို့ကြောင့် သုံးရာနှစ်ဆယ်စကေးက တစ်ပြားမှမလျှော့ဟု သူဆိုခဲ့ခြင်းဖြစ်သည်။ အိမ်မှာနေရတာပျင်းလို့ အလုပ်ဝင်လုပ်တာ ပါဟုပြော၍ ဖြစ်နိုင်သည့်တိုင်အောင် အရာရှိပေါက်စကလေးအဖြစ် ဝင်ရလျှင် ပိုကောင်းသည် မဟုတ်လား။

အတိတ်ကို သူမမေ့နိုင်။ ငယ်စဉ်က အခြေအနေကောင်းခဲ့သည်ကို တသသသတိရမြဲဖြစ်သည်။ တစ်နေ့တွင် ထိုအခြေအနေမျိုးပြန်ရအောင် လုပ်မည်ဟု အကြံကြီးကြံထားသည်။ သူ့အစွမ်းအစနှင့်တော့ မဖြစ်နိုင်သည်ကို သူကောင်းကောင်းသိသည်။ ဒီတော့ယောကျ်ားကောင်းကောင်းရှာရမည်။

ဝင့်၏ရုပ်ရည်သည် ရှက်ကြမ်းရေကျို အဆင့်ယက်တော့သာသည်။ သူ့ပုံစံနှင့် လိုက်ဖက်ညီမည့် ဝတ်စားဆင်ယင်မှု ပြင်ဆင် ခြယ်သမှုအတန်အသင့် ဖြည့်စွက်လျှင် 'ထွက်'လာမည့် ရုပ်မျိုးဖြစ်သည်။ သို့ရာတွင် အခါများစွာတို့၌ သူ့ပြင်ဆင်မှုသည် လွန်ကဲနေတတ်၏။ အထူးသဖြင့် ပွဲလမ်းသဘင်သွားရသည့်အခါမျိုး။

အလှဆိုသည်မှာ သိပ်'ထွက်' လွန်းလျှင်လည်း မကောင်းဘူးမဟုတ်လား။

မည်သို့ပင်ဖြစ်စေ ဝင့်သည် မဆိုးဘူးဆိုသော အစားထဲတွင်ပါဝင်သည်တော့ အမှန်။ ထို့ကြောင့် သူ့အား ချစ်ကြိုက်သူများအထိုက်အလျောက်ရှိပေသည်။ ခက်တာက သူ။


www.burmeseclassic.com

www.burmeseclassic.com

ဝင့်သည် ပညာလည်းတတ်သည်။ ရုပ်လည်းအသင့်အတင့် ရှိသည်။ စီးပွားရေးအခြေအနေကလည်း လူ အများစုနှင့်စာလျှင် မဆိုးလှဟု ပြောနိုင်သည်။ တစ်ခုပဲရှိသည်။

ကြွားချင်တဲ့စိတ်ကလေး။

ကြွားပုံကြွားနည်း နမူနာလေး တစ်ခုနှစ်ခုလောက်ပြောပြပါဦးမည်။

သူတို့အိမ်က မောရစ်ကားကလေးကို အခြေအနေအရ ရောင်းထုတ်လိုက်စဉ်က သူ့ဤသို့ ပြောခဲ့သည်။

ကားက 'ယ'မော်ဒယ်ဆိုတော့ နည်းနည်းကျနေပြီ မဟုတ်လား၊ ဒါကြောင့် ထုတ်လိုက်တာ၊ ပြန်ဝယ်ဖို့ကလည်း စိတ်ကြိုက်မတွေ့သေးတာနဲ့။

တစ်ကယ်တော့ သူတို့ကားရောင်းခဲ့တာဟာ သုံးနှစ်တောင်ရှိခဲ့ပြီ။ ခုထိ စိတ်ကြိုက်တွေ့သေးဟန်မတူချေ။

နောက်တစ်ခုကတော့ သူ့သူငယ်ချင်းတစ်ယောက်မွေးနေ့တုန်းက မေသက်လွင်သည် သူနှင့်အလွန်ခင်သော သူငယ်ချင်းဖြစ်သည်။ ထိုမွေးနေ့တွင် လက်ဆောင်အဖြစ် ဘာပေးရမလဲဟု အပူတပြင်း စဉ်းစားနေရသည်။ ဘာပဲဖြစ်ဖြစ် နည်းနည်းအဖိုးတန်တာတော့ ပေးရမည်။ တော်ရုံတန်ရုံလောက်ပေးလိုက်လျှင် မတတ်နိုင်လို့ ဈေးပေါတာပေးသည်ဟု အထင်သေးခံရမည်။ ဈေးကြီးတာ ဝယ်ရအောင်ကလည်း အမှန်တကယ်ပင် သူမတတ်နိုင်။ သို့ရာတွင် သူ ကံကောင်းသွားသည်။

အိမ်က သူ့အမေ ဘီရိုထဲက ဖန်ပန်းအိုးတစ်လုံးကို သွားတွေ့သည်။ ဟိုးအရင်က ဝယ်ထားခဲ့ခြင်းဖြစ်ပေလိမ့်မည်။ ထိုပန်းအိုးကိုပင် ပေးလိုက်တော့မည်ဟု စိတ်ကူးသည်။ တစ်ခုပဲရှိသည် ထိုပန်းအိုးသည် နိုင်ငံခြားဖြစ်မှန်သော်လည်း ရုတ်တရက်ကြည့်လျှင် နဂါးဖန်





မြေ မှန်မြေမှုပြုလုပ်သော်လည်း ပြည်တွင်းဖြစ်ဟု အထင်မှားသွားနိုင်သည်။ ထို့ကြောင့်...

သူ့အမေကိုမေးသည်။ ဘယ်နိုင်ငံကလုပ်တာလဲ။ သူ့အမေက မမှတ်မိတော့ပါဘူးကွယ်။ ဂျပန်လား၊ ဟောင်ကောင်လား မသိဘူး။ ဈေးကတော့ ငါးဆယ့်ငါးကျပ်ဆိုတာ ငါမှတ်မိတယ်။

ကတ်ပြားခပ်ချောချောတစ်ခုရှာသည်။ 'မိတ်အင်ဂျပန်'ဟု အင်္ဂလိပ်လို သပ်ရပ်စွာရေးပြီး ပန်းအိုး၏ အောက်ခြေမှာ ကပ်လိုက်သည်။ နောက်ကဒ်ပြားလေးတစ်ခုကိုမူ အပေါက်ဖောက်ပြီး ပိုးကြိုးကလေးဖြင့်သီ၍ ပန်းအိုး၏ သိမ်နေသောနေရာတွင်မူ 'ကေ... ဖစ်ဖတီဖိုက်'ဟု ရေးထားသည် ဒါဆို နိုင်ငံခြားဖြစ်မှန်းလည်းသိ၊ ငါးဆယ့်ငါးကျပ်တန်မှန်းလဲ သိပြီပေါ့။

မိတ်အင်ဂျပန်ဟု ရေးခြင်းမှာ ဟောင်ကောင်ထက်စာလျှင် ဂျပန်ပစ္စည်းက ပိုကောင်းမည်ဟု တွက်ပြီး ရေးခဲ့ခြင်းဖြစ်လေသည်။ တကယ်ဂျပန်လား ဟောင်ကောင်လားဆိုတာတော့ ဘယ်သူသိနိုင်တာ မှတ်လို့...

တက္ကသိုလ်မှာတုန်းက သူ့ကို စိတ်ဝင်စားသူ အတန်အသင့်ရှိခဲ့လေသည်။ သူကမူ ဝါသနာအတိုင်း တော်ရုံတန်ရုံလူကို မမှန်း။ ခပ်ကြီးကြီးပိုင်းထဲက သားများ၊ ဆေးတို့ စက်မှုတို့က ကျောင်းသားများနှင့်လည်း သူနှင့်ရေစက်မဆုံမိခဲ့။ နောက်ဆုံးနှစ်တွင် တစ်ယောက်ကိုတော့ တွေ့ခဲ့သည်။

မောင်မောင်မျိုးမြင့်။ မိဘမျိုးရိုးကို မသိရသေးသော်လည်း သုံးကြိမ်မျှ ဆုံခဲ့သည်တွင် ကားသုံးမျိုး ပြောင်းစီးနိုင်ကြောင်း တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com

သူ့ကိုတော့ ဝင့်စိတ်ဝင်စားမိ၏။ ထို့ကြောင့် စတုတ္ထအကြိမ် တွေ့သောအခါ မောင်မောင်မျိုးမြင့်အား အအေးဆိုင်တွင် အတူထိုင်ခွင့်ပေးလိုက်သည်။ ထိုနေ့က မောင်မောင်မျိုးမြင့်တွင် ကားပါ မလာသည့် အကြောင်းမေးသည်။

"အေးဗျာ ဒီနေ့မှ ကားတွေ တစ်စင်းမှ မကောင်းဘူး..."

"ကားနှစ်စီးသုံးစီးရှိတာ အကုန်ပျက်နေတယ်ဆိုတော့ တော်တော်အံ့သြစရာပဲနော်... တစ်ခါတလေဖြစ်ချင်ရင် အဲဒီလိုပဲ ထင်တယ်"

ဝင့်စကားကို ကြားသောအခါ မောင်မောင်မျိုးမြင့် ခဏမျှ ကြောင်သွားသည်။ နောက်မှပြုံး၍...

"တကယ်တော့ ကျွန်တော်တို့ဆီက ကားတွေဟာ အားလုံး အပျက်တွေချည်းပါပဲ။ အဲဒီထဲက ပြင်ပြီးခါစ ကားတွေကို ကျွန်တော် ယူယူမောင်းလာတာပါ။ ကျွန်တော့်အဖေက ဝပ်ရှော့မှာ စက်ပြင်ဆရာလေ..."

နောက်ပိုင်းတွင် မောင်မောင်မျိုးမြင့်ကို သူ အတွေ့မခံတော့ချေ။

ခုတော့... ဝင့်တစ်ယောက် လက်ထပ်တော့မည်တဲ့။

ကိုသာရှိန်သည် အသက်သုံးဆယ်ကျော်ခန့်ရှိပြီ။ လခလေးရာနီးပါးရသော အရာရှိငယ်တစ်ယောက်။ မိဘမျိုးရိုးကောင်းမွန်ပြီး အတန်အသင့် ချမ်းသာသည်ဟု ဆိုနိုင်သည်။ ဝင့်စိတ်တိုင်းကျလောက်သော လူမျိုးတော့မဟုတ်။ သို့ရာတွင် လောလောဆယ် အခြေအနေအရ ပိုမို၍ ယိုယွင်းလာသော အိမ်၏စီးပွားရေးကို အထောက်အပံ့ပြုရန် ယောကျ်ားကောင်းတစ်ယောက် အရေးတကြီးလိုအပ်လာခြင်း၊ စိတ်ကြိုက်တွေ့အောင် စောင့်ရင်းစောင့်ရင်း





အချိန်တွေလင့်လာပြီး အရွယ်ယောက်သွားမည်ကို ဝင့်ကိုယ်တိုင်စိုးရိမ်စပြုလာခြင်းတို့အပြင် ကိုသာရှိန်သည် ဝင့်ကို အလွန်စွဲလမ်းစွာ ချစ်နေရှာခြင်းတို့ကြောင့်ပင် ဖြစ်လေ၏။

မင်္ဂလာဆောင်ကို ဘယ်မှာကျင်းပမလဲဆိုသောကိစ္စနှင့်ပတ်သက်၍ ရိုးသားကြရှာသော ကိုသာရှိန်တို့ဘက်က အိမ်မှာပင် ပြုလုပ်လိုကြသည်။ ဝင့်၏မိဘနှစ်ပါးကမူ ဝင့်လောက်အကြံကြီးသူများ မဟုတ်သော်လည်း ဝင့်နီးပါး ကြီးကျယ်သူများဖြစ်သောကြောင့် အင်းလျားကန်ဟိုတယ်၊ ကရဝိတ်၊ ကမ်းနားဟိုတယ်၊ သမ္မတတစ်ခုခုမှာ လုပ်ချင်သည်။ နောက်ဆုံးတွင် ဝင့်က ကရဝိတ်မှာမှ မလုပ်ရလျှင် စေ့စပ်ကြောင်းလမ်းကို ဖျက်သိမ်းအံ့ဟု ရာဇသံပေးလိုက်သည်။ ကိုသာရှိန်သည် သူ့ကို လက်လွှတ်မခံနိုင်ကြောင်း သူသိသည်။

ဆောင်းဦးပေါက် နိုဝင်ဘာလဆန်းတွင် မင်္ဂလာဧည့်ခံပွဲ ပြုလုပ်ရန်ရက် သတ်မှတ်လိုက်ကြသည်။

မင်္ဂလာအခမ်းအနားနှင့်ပတ်သက်သမျှ ကိစ္စအဝဝကို ကိုသာရှိန်က အားလုံး တာဝန်ယူရသည်။ ကရဝိတ်ခန်းမငှားရမ်းရန်၊ အိပ်ရာခန်းနားဝယ်ရန်၊ ကားကောင်းကောင်းငှားရန်၊ တစ်စောင်သုံးကျပ်လောက်ကျသော ဖိတ်စာရိုက်ရန်။

ဝင့်အဖို့ ပင်ပင်ပန်းပန်းလုပ်စရာဆိုလို့ မင်္ဂလာဆောင်နေ့မှာ ဘာအရောင်ဝတ်မလဲ၊ ဘာအသားဝတ်မလဲ၊ ဘယ်လိုဆံပင်ပုံစံလုပ်မလဲ၊ ဘယ်သူ့ဆီမှာလုပ်မလဲ၊ ဘာဖိနပ်စီးမလဲ၊ နှစ်လက်မစီးမလား၊ သုံးလက်မစီးမလား ဆိုသည့်အကြောင်းများ စဉ်းစားရုံသာရှိပေသည်။

တစ်ကယ့်တစ်ကယ်ပြောရလျှင် ထိုစဉ်းစားရုံသာ စဉ်းစားရသည့်အလုပ်ကပင် တော်တော်စိတ်ပင်ပန်းသည်။ ကိုယ်အိုင်မင်္ဂလာဆောင်မည့်သူမပြောနှင့် သူများမင်္ဂလာဆောင်ကို သွား


www.burmeseclassic.com

www.burmeseclassic.com

ရမည့် အခါ၌ပင် ဘာဝတ်၍ ဘာစီးပြီး ဘယ်လိုပြင်ဆင်ရမည်ကို စဉ်းစားရသည့် ကိစ္စမှာ တော်တော်စိတ်ရှုတ်စရာကောင်းကြောင်း ကိုယ်တွေ့ကြုံဘူးသော မိန်းကလေးများ ဝင့်အပေါ် ကိုယ်ချင်းစာနိုင်ကြပါလိမ့်မည်။

နောက်တစ်ခုက လက်ဝတ်လက်စားကိစ္စ။ သူ့မှာ ညှော်ခံပွဲတွင် ဝတ်ဆင်နိုင်လောက်အောင်မရှိ။ စိန်နားကပ်အပါးဝိုင်းလေးတစ်ရံ၊ မြလက်စွပ်လေးတစ်ကွင်းနှင့် ရွှေဆွဲကြိုးလေးတစ်ကုံးသည် ဘာမျှ အသုံးမဝင် သို့ရာတွင် ကိစ္စမရှိ။ ကိုယ့်မှာမရှိလျှင် ငှားမည်။ သူတို့ လမ်းထဲတွင် ဒေါ်အုံးဆိုသော သူဌေးမကြီးတစ်ယောက်ရှိ၏။ ဒေါ်အုံးဆီတွင် စိန်ထည်တွေတွင် ပြည်တောင်းတစ်လုံးစာလောက်ရှိသည်တဲ့။ ဒေါ်အုန်းနှင့် သူ့အမေနှင့်လည်းခင်သည်။ ဒီတော့ တစ်ဆင်စာငှားမည်၊ စိန်ကိစ္စပြီးပြီ။

ဘယ်သူတွေ ဖိတ်မလဲဆိုတာ စဉ်းစားရအုံးမည်။ လူကြီးတွေကိုတော့ အဖေတို့ အမေတို့ တာဝန်ယူဖိတ်လိမ့်မည်။ လူငယ်တွေထဲကဆိုလျှင်...

မေသရဖီမောင်နှင့် မေဘရဏီမောင်တို့ ညီအစ်မကို ဖိတ်ရမည်။ သူတို့အဖေက "ကြယ်ငါးပွင့်"မှာ အကောင်။

အိရွှေဝင်းနှင့် ကုဋေတိုးဝင်းတို့မောင်နှမ။ သူတို့အဘိုးကြီးကလွန်ခဲ့သော တစ်လလောက်ကပင် ညွန်ကြားရေးမှူးချုပ်ဖြစ်သွားပြီ။

ပြီးတော့ ဝင်းပသူနှင့် သူရအောင်တို့ကိုလည်း ဖိတ်ရမည်။ သူတို့က 'ဝတစ်လုံး'စက်မှုလုပ်ငန်းပိုင်ရှင် သူဌေး၏ သားသမီးများ၊

ပြီးတော့ မေသက်လွင်၊ ပင်စီစိုးမြင့်၊ ဖြူသွယ်ခိုင်၊ နေလင်းအောင်၊ မျိုးထွန်း၊ အားလုံးတော့တဲ့ သူတွေချည်း။ ဒါမှလည်း လက်ဖွဲ့တွေ ခပ်မြက်မြက်လေး ရမှာမဟုတ်လား။





မကြာမီရက်ပိုင်းအတွင်းကပင် ရောက်လာခဲ့သော မြောက်ပြန်လေသည် ကန်တော်ကြီးရေပြင်တွင် လျှပ်ကိုက်ပြေးလွှားနေသည်။ လှိုင်းကြက်ကလေးများထပြီး ကရဝိတ်ကြီး၏ ဝမ်းဗိုက်ကို တစ်ချက်တစ်ချက် ပုတ်ခတ်နေကြ၏။ ခန်းမရှေ့ရှိ ကွေ့ကောက်သော လမ်းမပေါ်တွင် ကားတွေ အစီအရီ ရပ်ထားကြသည်။ အတွင်း၌ကား 'အခါတော်ပေး'တီးလုံးကို အော်ဂင်ဖြင့် တီးခတ်နေသည့် အသံများ ပျံ့လွင့်နေလေ၏။

ကိုသာရှိန် နှင့် ဝါဝါဝင့် တို့၏ မင်္ဂလာညှော်ခံပွဲ။ ကိုသာရှိန်က တိုက်ပုံအကျႌအဖြူ၊ ရှပ်အကျႌ ကြက်ဥနှစ်ရောင်။ ဝင့်က ဇာအဝါအကျႌပေါ်တွင် ရွှေမှုန်ကြဲထားသော ပုဝါလွှမ်းခြုံထားသည်။ ပြီးတော့ ရွှေဝါရောင်ကဲသော ချိတ်လုံချည်ဆင်တူ။ ဝင့်ထုံးထားသော ကရဝိတ် ရေခဲမုန့်ပုံဆံထုံး၊ သူစီးထားသော 'ကိုးလက်စ်' ထောက်မြင့်ဖိနပ်တို့နှင့် ချိတ်လုံချည်တို့ သိပ်လိုက်ဖက်မှု မရှိခြင်းကလွဲလျှင် ကြည့်ရသည်မှာ အဆင်ပြေ ရှိပေသည်။ မည်သို့ပင်ဖြစ်စေ ဆံပင်နှင့်မျက်နှာကို သူ့ဘာသာမပြင်ဘဲ အလှပြင်သူတစ်ယောက်ကို ခိုင်းခဲ့သောကြောင့် ခုလောက် ပြေပြစ်သွားခြင်းဖြစ်လေသည်။ ဟုတ်ကဲ့ အဲဒီမျက်နှာနှင့် ဆံပင်ကပင် ရာဂဏန်းလောက် ကုန်ကျပေတာကိုး။ သူ့ဘာသာ ပြူးပြူးပြဲပြဲ ထိုးထိုးထောင်ထောင် ပြင်ဆင်မလာတာကိုပဲ ကျေးဇူးတင်ပါဦး။

ဝင့်တို့စုံတွဲ သွားလေရာတွင် ဝင်းကနဲ လက်ကနဲ အရောင်များ ဖြာဖြာ ထွက်သွားသည်။ ဓာတ်ပုံခွာနီး၏ လျှပ်တစ်ပြက်မီးရောင်သည် ဝင့်ဆင်မြန်းထားသော စိန်တစ်ဆင်စာမှ ပြိုးပြက်နေသော အရောင်များကို ပိုမိုလင်းလက်စေလေသည်။

သို့ရာတွင် မည်သည့်အရာကမျှ ဝင့်၏အပြုံးများထက် ပိုမိုတောက်ပခြင်းမရှိချေ။



www.burmeseclassic.com

www.burmeseclassic.com

ကိုသာရှိန်ကား ဝင့်နှင့်အတူယှဉ်တွဲ၍ မင်္ဂလာပွဲဆင်နွှဲရသဖြင့် ပျော်လည်းပျော်၊ နဂိုက ရှိုးရိုးကုပ်ကုပ်နေခဲ့ရာမှ ခုလို အဝတ်အစား တောက်တောက်ပြောင်ပြောင်နှင့် လူတွေက ဝိုင်းကြည့်ခြင်းကို ခံရသဖြင့် ရှိုးတိုးရှန့်တန့်လည်းဖြစ်ပြီး သတိထားကြည့်လျှင် သူ့မျက်နှာမှာ ရယ်စရာကောင်းနေသည်။ ရေခဲမုန့်တွေ လက်ဖက်ရည်ပွဲတွေ၊ မုန့်မျိုးစုံတွေကို တစ်ပျော်တစ်ပါး စားသောက်နေကြ သူများကို ကြည့်၍ တစ်ချက်တစ်ချက် တွေသွားမိသည်ကိုမူ မည်မျှ သတိမထားမိ။

အမှန်စင်စစ် ကိုသာရှိန်တို့ မိဘများသည် 'ဝင့်' ထင်ထားသလောက် ချမ်းသာကြွယ်ဝသူများ မဟုတ်ချေ။ 'စ'နံပါတ် 'ဇက်ဖာ' ကားကလေး ရှိသည်ဆိုသော်လည်း မကြာခင် ရောင်းရတော့မည်၊ သူတို့နေသော တိုက်ခံအိမ်ကလေးမှာ 'ဂရန်'ကို ပေါင်ထားရပြီး တစ်ရိပ်ရိပ်တက်နေသော အတိုးများကို ကားရောင်းရငွေထဲမှ ဖဲ့ပေးရဦးမည်။ ကိုသာရှိန်၏ မင်္ဂလာဧည့်ခံပွဲအတွက် ချေးထားရသော ငွေငါးထောင်ကိုလည်း ထိုငွေထဲမှ နှုတ်ရဦးမည်။ မင်္ဂလာဧည့်ခံပွဲအတွက် ကုန်ကျငွေ စုစုပေါင်းမှာ ကျပ်တစ်သောင်းနှစ်ထောင်ခန့်။ ကိုသာရှိန်၏ မိဘများက အတတ်နိုင်ဆုံး ထောက်ပံ့သော ငွေကငါးထောင်။ ကိုသာရှိန်စုထားသောငွေနှင့် လက်ဖွဲ့အဖြစ် ရရှိသောငွေက လေးထောင်။ ငွေသုံးထောင်လောက် လိုငွေပြနေသည်။ သူငယ်ချင်းတစ်ယောက်ဆီက ခဏလှည့်ထားရသော ငွေ။ ထိုငွေကို ဘယ်လိုပြန်ဆပ်မည်နည်း။ တကယ်ဆိုတော့ ကိုသာရှိန်တို့သည်လည်း ဝင့်တို့ကဲ့သို့ပင် အထည်ကြီးပျက်များပင်ဖြစ်လေ၏။

"အစ်ကို အဝတ်အစားတွေ လဲလိုက်ဦးလေ..."

ဝရန်တာတွင် ရပ်နေရာမှ ဝင့်၏အသံကို ကြားရသောကြောင့် ဆတ်ကနဲ လန့်သွားသည်။ လှည့်ကြည့်၏။ ဝင့်သည် ဘလောက်စ် အင်္ကျီလက်ပြတ်ကလေးနှင့် ဆံပင်ကိုလည်း ဖြေချထားပြီးပြီ။





အိမ်နေရင်းပုံစံဖြင့် ဝင့်၏အလှ။ "ဘာကြည့်တာလဲ လူကို..."

ဝင့်က သူ့လက်မောင်းကို ဆွဲဆိတ်မယောင်ပြုသည်။

ကိုသာရှိန် ကယောင်ကတန်းဖြစ်သွားပြီး "ဝင့် မအိပ်သေးဘူးလား"ဟု မေးမိ၏။ ဝင့်၏မျက်နှာ ပန်းရောင်သမ်းသွားသည်။

"အို...အစ်ကိုကလဲ၊ ခုမှ ခုနစ်နာရီပဲရှိသေးတယ်။ ပြီးတော့..." ရှက်သော အသံဖြင့် ရယ်၍ ခေါင်းငုံ့လိုက်ပြီး...

"ဒီနေ့ညတော့ မိုးလင်းတဲ့အထိ မအိပ်ပဲနေမှာ..."

ကိုသာရှိန်သည် စိတ်ကိုတင်း၍ ရယ်လိုက်ရသည်။ ဝင့်က လောလောဆယ် သူ့စိတ်အဝင်စားဆုံးနေရာသို့ ကိုသာရှိန်ကို ခေါ်သွားလေသည်။ လက်ဖွဲ့တွေထားသောနေရာ။

ဗူးတွေကို ဖောက်ကြည့်သည်။ ခုခေတ်သည် အရင်လို ဖန်ခွက်တွေ ခေတ်စားသောအချိန်မဟုတ်တော့။ တရုတ်ပြည်ဖြစ် လက်ဖက်ရည် ပန်းကန်တွေချည်း ဆယ့်ခုနစ်စုံတိတိပါသည်။ ထိုအထဲတွင် မေသက်လွင်လက်ဖွဲ့တာက တစ်စုံပါသည်။ သူ့မွေးနေ့တုန်းကတော့ ငါးဆယ့်ငါးကျပ်တန် ဖန်ပန်းအိုးလက်ဆောင်ပေးရသည်။ သူ့အလှည့်ကျတော့ နှစ်ဆယ့်လေးကျပ်တန် လက်ဖွဲ့သောကြောင့် မေသက်လွင်ကို မကျေနပ်။ မေသရဖီတို့မောင်တို့ ညီအစ်မက ရှစ်ဆယ်ကျော်တန် ဓာတ်ပုံအယ်လ်ဘမ်တစ်ခု၊ ဖြူသွယ်ခိုင်က စားပွဲတင်နာရီကလေးတစ်လုံး၊ နေလင်းအောင်က ရခိုင်လုံချည်တစ်ထည်နှင့် အင်္ကျီစ တစ်စ လက်ဖွဲ့သောကြောင့်သာ နည်းနည်းကျေနပ်သွားရ၏။

ကျန်သော ဗူးတွေထဲက ခပ်ကြီးကြီးတစ်ဗူးကိုယူ၍ ဖွင့်လိုက်သည်။ အထဲက ထွက်လာသောပစ္စည်းမှာ-

ဝင့်သည် ရုတ်တရက် အံ့ဩသွားသည်။ ထိုပစ္စည်းမှာ ဖန်ပန်းအိုးတစ်လုံး။ သူကောင်းကောင်းကြီးမှတ်မိနေသော ဖန်ပန်းအိုး။

ပန်းအိုး၏ အောက်ခြေကို ပျာပျာသလဲ ကြည့်လိုက်သည်။ သူကိုယ်တိုင် ရေးထားခဲ့သော "မိတ်အင်ဂျပန်" ဆိုသော စာတန်း



www.burmeseclassic.com

www.burmeseclassic.com

ကလေးသည် ရှိနေဆဲ။ လက်ဖွဲ့ဘူးကို 'ဆတ်'ကနဲ ကောက်ကိုင်၍ လက်ဖွဲ့သူအမည်ကို ကြည့်သည်။ ပို၍အံ့ဩသွား၏ ပင်စီစိုးမြင့်၏ မင်္ဂလာလက်ဆောင်တဲ့။ သူလက်ဆောင်ပေးတုန်းက မေသက်လွင်ကိုပါ။ အထက်အဆိုပါ ဖန်ပန်းအိုးသည် မေသက်လွင်ထံမှ ပင်စီစိုးမြင့်ထံမည်သို့ရောက်ရှိသွား၍ ပင်စီစိုးမြင့်ထံမှတစ်ဆင့် သူ့ထံမည်သို့ ပြန်လည်ရောက်ရှိလာကြောင်း ရုတ်တရက်စဉ်းစား၍ မရနိုင်အောင်ရှိလေ၏။ ထိုထက်ပို၍ အံ့ဩစရာကောင်းသည်မှာ ဖန်ပန်းအိုး၏ သိမ်နေသောနေရာတွင် ကြိုးဖြင့်ချည်ထားသော ကတ်ပြားကလေးပေါ်တွင် မူလက သူရေးထားခဲ့သော 'ကေ ဖစ်တီဖိုက်' မဟုတ်တော့ဘဲ "ကေဆဲဗင်တီဖိုက်" ဖြစ်နေခြင်းပင်။

ကိုသာရှိန်ကမူ ဘေးမှာထိုင်နေသော်လည်း လက်ဖွဲ့ဘူးများကို စိတ်မဝင်စား။ စောစောက တွေးလက်စဖြစ်သည့် "မြောက်ပြန်လေတွင် တင်သောအကြွေး" ငွေသုံးထောင်ကိစ္စကို ဆက်၍ စဉ်းစားနေလေသည်။

မင်းလူ

ရှမဝ၊ ဇူလိုင်၊ ၁၉၇၉





# တူပြီဆိုလို့ တို့လာတယ်

ဆယ့်တစ်နာရီထိုးရန် ငါးမိနစ်အလိုတွင် အတန်းပြီးသည်။ ကြားမှာ တစ်ချိန်အားသည်။ ပြီးတော့ အားလပ်ချိန်။ ဆယ့်နှစ်နာရီလေးဆယ်မှာ 'ရသပညာ' နည်းပြတန်း။ သို့ရာတွင်'ဆရာဦးဆောင်'-လာမည်မဟုတ်။ အားကစားပွဲအတွက် အစည်းအဝေးရှိ၏။ ဒီနေ့အဖို့ အားလပ်သွားပြီ။ ညကစဉ်းစားထားသော ဝတ္ထုတိုကလေးကို အပြီးရေးမည်ဟု ဆုံးဖြတ်လိုက်သည်။ အတန်းထဲမှ ကျောင်းသားကျောင်းသူများ အလျှိုလျှိုထွက်ကုန်ကြပြီ။ ကိုတင်မြင့်နှင့် ကိုဇော်လင်းတို့က အအေးသွားသောက်ရန် ခေါ်သည်ကို ငြင်းလိုက်ရသည်။

(၂)

အခန်းထဲ၌ တိတ်ဆိတ်သွား၏။ ဗလာစာအုပ်ကို လွယ်အိတ်ထဲမှ ထုတ်လိုက်သည်။ ဖောင်တိန်နှင့်ရေးလျှင် ကောင်းမလား။ ဘောပင်နှင့်ရေးလျှင်ကောင်းမလား။ ဖောင်တိန်ဆိုလျှင် မှင်ပြန့်မည်စိုး၍ ဘောပင်နှင့်ပင်ရေးတော့မည်။

ဝတ္ထုခေါင်းစဉ်ကို 'ရွှေကံ့ကော်'ဟု ပေးလျှင် ကောင်းမည်ဟု စဉ်းစားမိသည်။ ဒီဇာတ်လမ်းမှာ ကံ့ကော်ပန်းသည် အရေးပါ၏။ ဝတ္ထု ခေါင်းစဉ် တပ်လိုက်သည်။ ဇာတ်လမ်းစပါပြီ။



www.burmeseclassic.com

www.burmeseclassic.com

(ယနေ့နံနက်)

"ရှုး... တိုးတိုး၊ စာရေးဆရာကြီး စာရေးနေတယ်..."

'ရှုး'တိုးတိုးဆိုသော အသံကပင် တော်တော်ကျယ်၏။ အခန်းဘေးက ဖြတ်လျှောက်သွားသော အမျိုးသမီးသုံးယောက်။ တစ်ယောက်ကို ကျွန်တော်သိသည်။ ပန်းချီပြပွဲမှာ၊ သူငယ်ချင်းတစ်ယောက်က မိတ်ဆက်ပေးဖူးသည်။ စီးပွားရေးတက္ကသိုလ်က။ နာမည်ကတော့ မေ့သွားပြီ. . .။

"ထားပြောတာ သူလား. . ."

"အင်း. . ."

"ကဗျာလေးတွေကတော့ မဆိုးပါဘူး. . . လူပုံကတော့ ဟိဟိ. . ."

အပေါက်ဝနားမှာ ထိုင်မိတာမှားသည် ချောင်ထဲသို့ ရွှေ့မှ။ တက္ကသိုလ်မှာက ဒီလိုပဲ။ ယောကျ်ားလေး အုပ်စုကများလျှင် မိန်းကလေးတွေက အနောက်အပြောင်ခံရမည်။ အဲ. . . မိန်းကလေး အုပ်စုကများပြီး ယောကျ်ားလေးတစ်ယောက်ထဲဆိုလျှင်လည်း မလွယ်ဖူး။

ရေးလက်စ စာမျက်နှာကို ပြန်ကြည့်သောအခါ၊ 'ယနေ့နံနက်' တဲ့၊ ဘာဖြစ်သလဲ၊ ယနေ့နံနက်။ (ယနေ့နံနက် မိုးအုံ့ပါသည်။) နှင်းဆီပန်းကလေးတွေ အိပ်ပျော်နေကြတုန်း၊ ဇော်လတ်သည် အိမ်တံခါးကို ပိတ်လိုက်၏။ သော့ခတ်သည်။ ရာသီဥတုကား အုံ့မှိုင်းမှိုင်းရှိ၏။ သို့ရာတွင် သူ့စိတ်သည် ပေါ့ပါးသွက်လက်နေသည်အမှန်။

'ဟော့. . . ကိုညာဏ်ပိုင် ဘာတွေ ရေးနေတာလဲဗျ. . .'

ဟိုက်. . . သွားပါပြီ၊ သူ့ကိုလှမ်းမကြည့်မိသော်လည်း အသံကြားရုံဖြင့် သိလိုက်သည်။ စိုးမြင့်။ ကျွန်တော့်တို့ အတန်းထဲမှာ စကားအများဆုံး။ ဒုက္ခပါပဲ။





ကျောင်းမဂ္ဂဇင်းကိုပို့မလို့၊ ဝတ္ထုတိုကလေး ရေးနေတာပါဗျာ' ဒီလောက်ဆို သူနားလည်ဖို့ ကောင်းပြီ။ သို့ရာတွင်. . .

"ဒါဆို ဦးနှောက်လေး ကြည်လင်သွားအောင် လက်ဖက်ရည်သွားသောက်ကြစို့။ လာ. . . ကျွန်တော်တိုက်ပါ့မယ်. . ."

ငြင်းဆိုဖို့ မသင့်ကြောင်း နားလည်သည်၊ လက်ဖက်ရည်ဆိုင် မလိုက်လျှင်လည်း ဒီအခန်းထဲမှာပင် သူစကားတွေ ပြောပါလိမ့်မည်။ ထို့ကြောင့် ထလိုက်သွားသည်။ လက်ဖက်ရည်နှစ်ခွက်မှာပြီးနောက်. . .

'ဒီမှာ ကိုညာဏ်ပိုင်၊ ခုနလက်ချာကို ဘယ်လိုသဘောရသလဲဗျ ဆိုပြီး စတင်ဆွေးနွေးလေတော့သည်။ ခက်သည်။ သူပြောတာတွေ့ အကုန်လုံး ကျွန်တော်သိပြီးသား။ မသိပဲနေပါ့မလားဗျာ။ ခုနပဲ ဆရာက သင်သွားတဲ့ဟာတွေပဲ။ ဆွေးနွေးခြင်း၊ ငြင်းခုံခြင်းသည် အသိတရားကို တိုးပွားစေကြောင်း သိပါ၏။ သို့ရာတွင် ခုအချိန်မှာတော့ မဆွေးနွေးချင်။ စာပဲရေးချင်နေသည်။ ဒီတော့ ကျွန်တော့် နဖူးကို ဖြန်းကနဲ ရိုက်လိုက်ပြီး. . .

"ဟာ. . . ဆယ့်နှစ်နာရီတောင် ထိုးတော့မယ်၊ အမျိုးသမီးနဲ့ ချိန်းထားလို့ သွားလိုက်အုံးမယ်ဗျာ. . .'

လစ်ကနဲထပြီး ထွက်လာခဲ့ရ၏။ ဘယ်ကိုသွားလျှင် ကောင်းမလဲ သိပ္ပံခန်းမတွင် လူရှင်းနေမည်ကို သိသည်။ သို့ရာတွင် သိပ္ပံဆောင်ဘက်သို့ မသွားချင်။ မတော်မဆ မိစံနှင့် တွေ့နေလျှင် ခက်မည်။ လောလောဆယ်တွင် သူနှင့် မတွေ့ချင်သေး။ ဝတ္ထုကို ပြီးအောင် ရေးချင်သည်။ ညနေ သုံးနာရီခွဲ မိစံတို့ အတန်းပြီးမှသွားတွေ့တော့မည်။ ခု စိုးမြင့်နှင့် စကားပြောနေရသောကြောင့် (အမှန်မှာ သူကချည်း ပြောခြင်းဖြစ်သည်။) အတွေးပြတ်သွားသော ဇာတ်လမ်းကလေးကို လမ်းလျှောက်ရင်း စဉ်းစားရသည်။



www.burmeseclassic.com

www.burmeseclassic.com

(၃)

အမရဆောင် အပေါ်ထပ်သို့တက်ခဲ့သည်။ လက်ဝဲဘက်ထောင့်ရှိ အခန်းတစ်ခုတွင် ဝင်ထိုင်လိုက်သည်။ ဇာတ်လမ်းကို ပြန်ဆက်ရေးသည်။

(မနှင်းဖွေးနှင့် တွေ့ရမည်ကိုး။ မနှင်းဖွေး၏ ရုပ်သွင်ကို မြင်ယောင်ကြည့်သည်။ မျက်ဝန်းအစုံကို အလျှင်မိ၏။ ကြည်စင်၍ တည်သောမျက်ဝန်း၊ နှုတ်ခမ်းအလွှာ၏ တစ်စွန်းတစ်စ. . .)

'စီကနဲ' စူးရှသော အသံများနှင့်အတူ မိန်းကလေးတစ်သိုက် အခန်းထဲဝင်လာသည်။ ထမင်းဗူးကိုယ်စီနှင့် ရှေ့ဆုံးခုံတန်းလျားတွင် မျက်နှာချင်းဆိုင် ထိုင်သည်။ ထမင်းဗူးတွေဖွင့်သည်။ အစပိုင်းတော့ တိတ်တိတ်ဆိတ်ဆိတ်ပဲ။ ထမင်း လေးငါးဇွန်းစီ စားပြီးသောအခါ အင်အားပြည့်ဝလာကြဟန်တူသည်။ စကားပြောသံများ ထွက်လာ၏။ ထမင်းတစ်ဇွန်းစားလိုက်၊ စကားငါးခွန်းလောက်ပြောလိုက်၊ ရယ်လိုက်၊ ထမင်းစားလိုက်၊ စကားပြောလိုက်။ ထိုအခါ ကျွန်တော်ကလည်း သက်ပြင်းကိုချလိုက်၊ ဖောင်တိန်ကိုပိတ်လိုက်၊ စာအုပ်ကို လွယ်အိတ်ထဲထည့်လိုက်၊ မတ်တတ်ရပ်လိုက်၊ အခန်းအပြင်သို့ ထွက်လိုက်၊ ကျုပ်သွားပြီ ဆက်ရက်မလေးတို့ရေ။

(၄)

လက်ဝဲဘက် အခန်းများကိုစွန့်၍ လက်ယာဘက်သို့လျှောက်ခဲ့သည်။ တံခါးစေ့ထားသည်။ တံခါးကိုဖွင့်၍ဝင်လိုက်ရာ၊ ဟိုက်ရော၊ အခန်းထဲသို့ဝင်မည့် ခြေလှမ်းများ တွန့်သွားရ၏။ အခန်း၏ ထောင့်စွန်းမှာ အမျိုးသားတစ်ယောက်နှင့် အမျိုးသမီးတစ်ယောက်။ သူတို့သည် အပေါက်ဝဘက်သို့ ကျောပေးထားသဖြင့် ကျွန်တော့်ကို မမြင်ကြချေ။ တံခါးဖွင့်သံကိုလည်း ကြားဟန်မတူ။ ဟုတ်ပဲ့။ သူတို့သည်





လောကကြီးသုံးပါး၌ ဘာတွေဖြစ်နေသည်ကို သတိထားနိုင်ကြမည်မဟုတ်။ အမျိုးသမီးက စိတ်ကောက်နေသည်ထင်၏။ အမျိုးသားက စကားတတွတ်တွတ်ပြောရင်း ချော့နေသည်။ သူခေါင်းကုတ်လိုက်၏။

ကျွန်တော်သည် ကိုယ်ချင်းစာတတ်သူ၊ အလိုက်သိတတ်သူဖြစ်သည်နှင့်အညီ အခန်းအပြင်သို့ ထွက်ခဲ့ပါသည်။ တံခါးကိုလည်း အသံမမြည်အောင် ပြန်ပိတ်ပေးခဲ့ပါသည်။ ကျန်းမာချမ်းသာကြပါစေ။

(၅)

ဆက်လျှောက်ခဲ့ရသည်။ ဟိုအခန်းတုန်းကလို အရမ်းမဝင်ရဲတော့။ မြတင်းပေါက်က အသာချောင်းကြည့်ရသည်။ ဒီအခန်းထဲလည်း လူရှိနှင့်၏။ သွားပေဦးတော့၊ နောက်တစ်ခန်း၊ ထူးခြားစွာအားလပ်နေသည်။ လူမရှိ၊ အခန်းထဲသို့ဝင်၍ ထောင့်စွန်းခုံတန်းမှာထိုင်သည်။ စာအုပ်ကိုဖွင့်သည်။ ရေးရန်ပြင်၏။ ဘာရေးရမှန်း မသိတော့ပြန်။

ဇော်လတ်နှင့် မနှင်းဖွေးကို အင်းဝလမ်းပေါ်မှ ကုံကော်ပန်းရောင်းသော ဆိုင်ကလေးရှေ့မှာ တွေ့ပေးလိုက်မည်။ အပွင့်အလှဆုံး ကုံကော်ပန်းကို နှစ်ယောက်စလုံးက ပြိုင်၍ဝယ်ကြမည်။ ဟုတ်ပြီ။ အတွေးကလေး ရလိုက်တော့လည်း ရေးရတာအဆင်ပြေသားပဲ။ စာတစ်မျက်နှာကို ခဏလေးပြီးသွားသည်နှင့် နောက်တစ်မျက်နှာ။ ဟ. . . တယ်ဟုတ်ပါလား။ ဒီနှုန်းအတိုင်းဆိုလျှင်. . .

'ကျွီ. . .'

မြတ်စွာဘုရား၊ တံခါးဖွင့်သံပါလား၊ ဦးခေါင်းကို ငဲ့၍ကြည့်လိုက်ရာ အမျိုးသမီးတစ်ယောက်နှင့် အမျိုးသားတစ်ယောက်။ ကျွန်တော့်ကိုမြင်သောအခါ အခန်းထဲဝင်မည့်သူတို့ခြေလှမ်းများ တုန့်သွား၏။



www.burmeseclassic.com

www.burmeseclassic.com

အမျိုးသမီးက ပြန်ထွက်ရအောင်ဟူသော အိုက်တင်။ ဟုတ်သားပဲ။ သွားကြလေ။ ဘာဖြစ်လို့ ရပ်နေကြတာလဲ။ သို့ရာတွင် သူတို့ နှစ်ယောက်သည် အခန်း၏တစ်ဘက်အစွန်းရှိ ခုံတန်းတွင် ဝင်ထိုင်လိုက်ကြလေပြီ။

သိတဲ့အတိုင်းပင် သူတို့ကို မြင်သောအခါ ကျွန်တော်သည် 'မိစံ'ကို ဖြတ်ကနဲ သတိရလိုက်လေ၏။ ထိုအခါ ဖောင်တိန်သည် စာရွက်ပေါ်၌ လမ်းမလျှောက်နိုင်တော့ချေ။ ဒီအချိန်ဆိုလျှင် မိစံတော့ သင်ခန်းစာတွေ လိုက်မှတ်နေတော့မှာဘဲဟု တွေးမိပြန်လေသည်။

ကျွန်တော်သည် အတွဲချောင်းဖို့ ဝါသနာမပါပါ။ ခုဟာက မျက်စိရှေ့တွင် ရောက်နေတာ။ ချောင်းနေတာမဟုတ်ပါဘူး။ အထင်ကရကြီးပါဗျာ။

အမျိုးသားက အမျိုးသမီး၏ ပုခုံးပေါ်သို့ လက်တစ်ဖက်တင်လိုက်သည်။ အမျိုးသမီးက လက်ကိုဖယ်ချလိုက်သည်။ ကျွန်တော့်ဖက်သို့ မသိမသာငဲ့ကြည့်၏။ (ကျွန်တော်ကလည်း မသိမသာခိုးကြည့်နေသောကြောင့် သူ ကျွန်တော့်ကိုကြည့်ကြောင်း သိခြင်းဖြစ်ပါသည်။)

အမျိုးသားက အမျိုးသမီး၏နား နားသို့ကပ်၍ တစ်စုံတစ်ခု ပြောသည်။ အမျိုးသမီးက မျက်စောင်းထိုးပြီး ဗိုက်ခေါက်ကို ဆွဲလိမ်သည်။ 'အား'ဟု အော်ပြီး သူတို့ရယ်ကြ၏။

ကျွန်တော်ကလည်း ခပ်တည်တည်ပဲ။ ဘယ်ရမလဲ။ စာအုပ်ကို ပိတ်၍ အခန်းအပြင်သို့ ထွက်ခဲ့ပါတော့သည်။ ကဲ. . . ငါ့အကြောင်း သိပြီလား။

⸻

ဒီတော့ကာ ဘယ်ကိုသွားမလဲ၊ မန္တလေးဆောင်၊ ဦးချစ် လက်ဖက်ရည်ဆိုင်၊ ရာမညဆောင်၊ ကံ့ကော်တော၊ တစ်ခုမှ စိတ်





ကြိုက်မတွေ့။ လမ်းပေါ်တွင် 'အိယောင်ဝါး'လုပ်ရင်း လျှောက်နေမိသည်။ အပန်းဖြေရိပ်သာဘေးမှ အင်္ဂတေခုံတန်းကလေးများကို မျက်စိကျမိသည်။ ထိုင်မည် ပြုလိုက်စဉ်မှာပင် အနုပညာအသင်းတီးဝိုင်းခန်းထဲမှ 'ဗေထိ. . . ဗေထိ'ဆိုသော အသံကို ကြား လိုက်ရ၏။ 'စိန်ချိုသန်း'လက်စွမ်းပြနေပေသကိုး။ 'ကောင်လေး. . . ကြိုးစားလိုက်ကွ''ဟု စိတ်ထဲက အားပေးရင်း ထွက်လာခဲ့သည်။

ဘွဲ့နှင်းသဘင် ခန်းမ၏ ကျောက်သလင်း လှေကားထစ်များတွင် ထိုင်မည် စိတ်ကူးသေးသည်၊သို့ရာတွင် ထိုနားတစ်ဝိုက်မှာ ကားပြိုင်ပွဲရှိသည်။ ကားတစ်စင်းနှင့်တစ်စင်း ပြိုင်မောင်းကြခြင်း မဟုတ်ပါ။ တစ်စင်းထဲပြိုင်သော ကားပြိုင်ပွဲ၊ ဖြည်းဖြည်းမောင်းသည့်တိုင် ဗိုလ်စွဲနိုင်ခဲ့သော်လည်း အရမ်းမောင်းသည်။ အပန်းဖြေရိပ်သာထောင့်တွင် စိုက်ထားသော ကားများ ဖြည်းဖြည်းမောင်းရန် တောင်းပန်ထားသော ဆိုင်းဘုတ်သည် အဓိပတိလမ်းထိပ်မှ တက္ကသိုလ်မြေပုံဆိုင်းဘုတ်ကဲ့သို့ပင် ဂရုစိုက်သူနည်းပါးလှသည်။

'ဝူးကနဲ' 'ပွမ်ကနဲ' 'ဝီးကနဲ' 'ကျွီကနဲ' နေပါစေ အင်းလျားကန်စပ်မှာပဲ နားအေးပါးအေး သွားရတော့အံ့။

(၇)

သာယာသောအင်းလျားနယ်မြေကျတော့ နေရာတွေက ပေါများလှပါဘိ။ သို့ရာတွင် အကောင်းဆုံး နေရာများကို ရွေးရမည်။

တွေ့ပါပြီ။ လက်ပံပင်ကြီးတစ်ပင်။ ပါးပျဉ်းမြစ်များနှင့်။ ပါးပျဉ်းမြစ်ဆိုသည်မှာ အခြားအမြစ်များလို မြေကပ်လျက် အလုံးလိုက်မရှိ။ မြေပါးပျဉ်းများလို အပြားဖြစ်ပြီး၊ မြေပေါ်တွင် ထောင်လိုက်ရှိနေ၏။ အပင်ရင်းတွင် မြေပေါ်သို့ တစ်ပေခန့် မြင့်တက်နေသောကြောင့် အမြစ်တစ်ခုနှင့်တစ်ခုအကြားတွင်၊ အကန့်ကလေးများသဖွယ် ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com

ဖိမ်နှင့်ထိုင်ချပြီး ဇာတ်လမ်းကို ပြန်စဉ်းစားသည်။ ဇော်လတ်နှင့် မနှင်းဖွေးတို့ နှစ်ယောက်ထဲ တွေ့ကြသောအခန်း။ ဘယ်လို သရုပ်ဖော်မလဲ၊ ဟုတ်ပြီ၊ စောစောက ရာမညဆောင်မှာ တွေ့ခဲ့သော အမျိုးသမီးနှင့် အမျိုးသားတို့ ဖြစ်စဉ်လေးကို ပြန်ရေးမည်။ ကျေးဇူးပဲ။

(ဇော်လတ်သည် မနှင်းဖွေး၏ ပုခုံးပေါ်သို့ လက်တစ်ဖက်ကို တင်လိုက်သည်။ ထိုအခါ. . . )

'အဟင့်. . . '

အလိုလေး ဝတ္ထုသည် အသက်ဝင်လွန်းသွားသည်ထင်၏။ ဇာတ်ကောင်တွေက အသံများတောင် ထွက်လာသည် ထင်ရသည် မဟုတ်ပါ။ လက်ပ်ပင်ကြီးနောက်ဘက်မှ. . .

'လွှတ်ပါဦးကွယ်. . . '

ဟုတ်ပ့ါ။ ကျွန်တော်မရောက်ခင် ကတည်းက သူတို့ရောက်နေခြင်း ဖြစ်ပါလိမ့်မည်။ လက်ပံပင်ကြီးသည် လက်ငါးဖက်စာလောက်ရှိသောကြောင့် ကျွန်တော်တို့ တစ်ယောက်နှင့်တစ်ယောက် မမြင်ခဲ့ခြင်း ဖြစ်ပါလိမ့်မည်။

ထိုသို့ဖြစ်ရကား. . . ကျွန်ုပ်သည်၊ အလိုက်သိတတ်သူ ကိုယ်ချင်းစာတတ်သူ၊ ဖြစ်သည်နှင့်အညီ ထိုနေရာမှ ရှောင်ထွက်ခဲ့ပါတော့သည်။ လွတ်လပ်စွာ နေရစ်ကြပါလေ။

(၈)

နေရာ၊ နေရာ၊ နေရာ။ ငါ့အတွက်နေရာ၊ အမှောင့်ပယောဂကင်းဝေးရာ နေရာ။

အို. . . ကြည့်စမ်း. . . နီးလျက်နှင့် ဝေးနေသော နေရာတစ်ခုကို မေ့ထားခဲ့ပါပကော၊ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်က ဘာလုပ်ဖို့ ထားသလဲ၊ ထိုနေရာ၌ ဆူညံခြင်း မပြုရ၊ တိုးတိုးပြောပါ။ စာဖတ်နေသည်။





စာကြည့်တိုက်သို့ အမြန်ပြေး၊ ချောင်အကျဆုံးနေရာမှာထိုင်၊ စာကိုဆက်ရေးသည်။ ဒီဝတ္ထု ဒီနေ့ပြီးမှဖြစ်မည်။ တက္ကသိုလ်နှစ်လည်မဂ္ဂဇင်းအတွက် စာမူများကို ဒီနေ့ညနေ လေးနာရီ နောက်ဆုံးထား၍၊ လက်ခံမည်ဖြစ်သည်။ ထို့ကြောင့် အကယ်၍ ကမ္ဘာစစ်ကြီးဖြစ်လို့၊ စာကြည့်တိုက်ကို လေယာဉ်ပျံဖြင့် ဗုံးလာကြဲသည့်တိုင်၊ ဒီနေရာက မထပြီဟု ဆုံးဖြတ်လိုက်လေသတည်း။

ဒီနေရာနှင့် ကျွန်တော်နှင့် လမိုင်းကပ်သလားမသိ၊ စိတ်ပါလက်ပါ ရေးလိုက်ရာ၊ . . ဇာတ်သိမ်းပိုင်းကိုပင် အစပျိုးလိုက်နိုင်သည်။ . . . ဇာတ်သိမ်းခန်းဆိုတော့ အရေးကြီးသည်၊ စကားလုံးတွေကို သေချာစွာရွေးချယ်ပြီး. . .၊

"ဟိတ်. . . ကိုကို"

"အမလေး. . ."

မိစံ၊ မိစံ။ ချစ်သောမိစံ၊ ဘေးမှ လာရပ်နေ၏။ သွားပါပြီဗျာ သွားပါပြီ၊ ကယ်ကြပါဦး။

"ဘာဖြစ်လို့ ဒီလောက်တောင် လန့်သွားရတာလဲ ကိုကိုရဲ့. . ."

"ရှာလိုက်ရတာတစ်ခါတည်း သူက ဒီမှာလာပုန်းနေတာကိုး"

"မဟုတ်ပါဘူး"

"ကဲပါ. . . ဆာလှုပြီကွယ် ထ. . . သွားအောင်လေ"

"ဟို. . . ဟိုဉစ္စာလေ. . ."

"ဘာလဲ. . . မလိုက်ဖူးလား. . . ဒါဖြင့်လဲ. . ."

"ဟာ. . . မဟုတ်ပါဖူး. . . လိုက်ပါ့မယ်"

"ဒါဆိုပေး. . . အဲဒီစာအုပ်"

ကျွန်တော့်စာအုပ်ကိုသူယူ၍ လွယ်အိတ်ထဲ ထည့်လိုက်သည်။ ကျွန်တော်သည် စာအုပ်ကလေးကို သံယောဇဉ်မကုန်သော်လည်း မတတ်နိုင်သောဘဝမို့ မိစံနှင့်အတူ လိုက်ခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com

ဘယ်သွားမှာလဲဆိုတော့ အင်းလျားတဲ့၊ အကြော်စားချင်လို့တဲ့ အင်းလျားကန်စပ်သို့ တစ်ခေါက်ရောက်ရပြန်သည်။ အကြော်စားကြ၏။ တစ်နေရာသို့ ရောက်သောအခါ. . .

"ကိုကို. . . ဟိုအပင်ကြီးအောက်မှာ ထိုင်ရအောင်"

မိစံ လက်ညှိုးထိုးပြသော အပင်ကြီးကတော့. . . စောစောက ကျွန်တော် ထွက်ပြေးခဲ့ရသော လက်ပံပင်ကြီး။

"လာလေ. . . သွားရအောင်"

ရွံ့တွန့်တွန့်ဖြစ်နေသော ကျွန်တော့်ကို မိစံက အံ့သြနေလိမ့်မည် ထင်၏။ အလွန်ကဲသော ကိုကို ဘယ်လိုများ ဖြစ်နေပါလိမ့်ဟု ထင်မလားမသိ။

လက်ပံပင်ကြီးကို ကျွန်တော် လှည့်ပတ်စစ်ဆေးလိုက်သည်။ ကျွန်တော့်လို စာတွေဘာတွေ လာရေးနေတဲ့ လူများရှိမလားလို့။ ပြီးတော့ စောစောကအတွဲ။ ဘယ်သူမှမရှိ။ စိတ်ချရပြီဆိုမှ မိစံနှင့် ဘေးချင်းယှဉ်၍ ထိုင်ချလိုက်သည်။

လေညှင်းကလေးသည် အင်းလျားကန် ရေပြင်ပေါ်တွင် ပြေးလွှားဆော့ကစားသောအခါ၊ လှိုင်းကြက်ခွပ်ကလေးများသည် နောင်တွင် 'ဖျတ်ကနဲ၊ ဖျတ်ကနဲ၊ ကခုန်ကြတုန်း. . .'

'ဟင်းနော်. . .'

ကျွန်တော့်ဝတ္ထုထဲက ဇာတ်ကောင်က အသံထွက်လာခြင်း မဟုတ်ပါ။ လက်ပံပင်ကြီးနောက်ကွယ်မှ အခြားစုံတွဲဆီမှ အသံလည်း မဟုတ်ပါ။

ကျွန်တော်နှင့် အနီးကပ်ဆုံး နေရာမှ ထွက်ပေါ်လာသော အသံ ဟုတ်ပါ၏။ ကျွန်တော့်မျက်နှာနှင့် တစ်ထွာလောက်သာ ကွာသော နေရာမှ ထွက်လာသောအသံ။ ကျွန်တော်က မိစံ၏ပုခုံးပေါ်သို့ လက်တစ်ဖက်ကို တင်လိုက်သဖြင့် သူက ကျွန်တော့်လက်ကို ပုတ်





ချလိုက်ရင်း ပြောလိုက်သောအသံ။ မည်ကဲ့သို့ ဆက်စပ်နေသည် မသိ။ မိစံက ကျွန်တော့်ကျောကုန်းကို ဒုတ်ကနဲထုလိုက်သောအခါ၊ စောစောက ရေးလက်စဝတ္ထုဇာတ်လမ်းလေးသည် ဦးနှောက်တွင်းမှ ဖတ်ကနဲ ခုန်ထွက်သွားလေသည်။

အလိုက်သိတတ်သော၊ အင်းလျားလေညှင်းသည် ထိုဝတ္ထု ဇာတ်လမ်းကလေးကို ကြိုးဖြင့် တုတ်နှောင်၍ ဝေးရာသို့ ဖမ်းဆီးခေါ်ဆောင်သွားလေသည်။

မင်းလူ

ရှမဝ၊ ဇူလိုင်၊ ၁၉၇၉



www.burmeseclassic.com

www.burmeseclassic.com

# ရှေးဟောင်းနှောင်းဖြစ်

ကိုရွှေငွေ ဆုံးသည့်သတင်းကို ကျွန်တော် နယ်ရောက်နေတုန်း ကြားရသည်။ သူ့အတွက် အမှန်ပင် စိတ်မကောင်းဖြစ်ရပါသည်။ အဘယ်ကြောင့်ဆိုသော် ကိုရွှေငွေသည် ကျွန်တော်၏မိတ်ဆွေ တစ်ဦး ဖြစ်သောကြောင့်ပင်။

ကျွန်တော်သည် နယ်မှာရောက်နေသောကြောင့် သူ၏အသုဘ ကို လိုက်ပို့ရန်သော်လည်းကောင်း၊ ရက်လည်ဆွမ်းကျွေးသွားရန် သော်လည်းကောင်း သူ၏ နောက်ဆုံးခရီးတွင် တတ်စွမ်းသမျှ ကူညီ ရန်သော်လည်းကောင်း၊ အခွင့်အရေးမရနိုင်တော့ချေ။ သူတို့သည် အတန်အသင့် အခြေအနေကောင်းသူများဖြစ်၍ ငွေကြေးအကူ အညီ အထောက်အပံ့အဖြစ် လှမ်းပို့ရန်လည်း မလိုဟု ထင်သည်။ လောလောဆယ် ကျွန်တော် တတ်နိုင်သည်ကား သူ့အကြောင်း ပြန်လည် စဉ်းစားကြည့်ခြင်းပင် ဖြစ်သည်။

လွန်ခဲ့သော ငါးနှစ်၊ ခြောက်နှစ်လောက်က၊ ကျွန်တော်ဘွဲ့ရ ပြီးကာစပဲရှိသေးသည်။ အလုပ်အကိုင်ရှာဖွေနေဆဲကာလ။ အစပိုင်း တွင် ကိုယ့်ကိုယ်ကိုယ် အတော်ကလေးအထင်ကြီးမိသည်။ ငါ့လောက်



www.burmeseclassic.com

www.burmeseclassic.com

ရင် ရ,ရမယ်ဟု အထင်ရောက်နေ၏။ တစ်ခုပြီးတစ်ခု လျှောက်ရင်း၊ ဝင်ဖြေရင်း မရဖန်များလာတော့မှ ဘာပဲဖြစ်ဖြစ် ရရာအလုပ် ဝင်လုပ်တော့မည်ဟု ဆုံးဖြတ်လိုက်သည်။ ဒါကိုက ကျွန်တော့် 'ဘဝင်'ကလေးနည်းနည်းကျန်သေးကြောင်း သိသာသည်။ ရရာအလုပ်ဆိုပြီး ကျွန်တော်ကပဲ တစ်ဆင့်လျှော့ချပေးရသလို လိုက်လျှောခဲ့တာတောင် ကျောင်းကထွက်ပြီး တစ်နှစ်နီးပါးကြာမှ အလုပ်ရသည်။ ရုံးတစ်ရုံးမှာ လုပ်အားပေး။

ဤနေရာတွင် ကိုရွှေငွေ၏ အခန်းကဏ္ဍပါဝင်လာ၏။

တစ်နေ့တွင် ကိုထွေးတို့ အိမ်သို့ ကျွန်တော်ရောက်သွား သည်။ ကိုထွေးက ကျွန်တော့်ဦးလေးတော်သည်။ ကိုထွေးအိမ်မှာ ကိုရွှေငွေကို တွေ့ရ၏။ ကိုထွေးမိတ်ဆက်ပေးသဖြင့် ကိုရွှေငွေနှင့် သိရခြင်းဖြစ်သည်။

စကားပြောကြရင်း ကိုထွေးက မင်းဘာတွေ လျှောက်သေးသလဲ ဟု အလုပ်ကိစ္စမေးသည်။ ကျွန်တော်က လျှောက်သမျှ၊ ပြောသမျှ အလုပ်တွေ တစ်ခုမှဟန်မကျကြောင်း ခပ်ညည်းညည်း ပြန်ပြောလိုက်သည်။

"ကိုရွှေငွေရေ. . . အသိအကျွမ်းကလေးများရှိရင် ဒီကောင့်ကိစ္စလေး ကြည့်လုပ်ပေးပါဦး၊ ခင်ဗျားက ပေါက်ရောက်တတ်ပါတယ်. . ."

ကိုထွေးက အကူအညီတောင်းသည်။ ကိုရွှေငွေက ကျွန်တော် ကြိုးစားကြည့်ပါဦးမယ်ဟု ပြန်ပြောသည်။ တစ်ဆက်တည်း. . .

"တစ်ခုတော့ရှိတယ်။ စကေးတော့ ဝင်ချင်မှဝင်မယ်နော်။ နေ့စားက စဝင်ချင်ဝင်ရမှာ၊ ရှေ့တက်လမ်းကောင်းရင် ပြီးတာပဲ မဟုတ်လား။ ခင်ဗျားက ဘွဲ့ရပြီးသားဆိုတော့ နေ့စားဆိုရင် လုပ်ချင်ပါ့မလားလို့. . ."

"ဟာ. . . ဘာပဲဖြစ်ဖြစ် လုပ်မှာပါ"





ဟု ကျွန်တော် ပြန်ဖြေလိုက်သည်။ ကိုရွှေငွေပြောနေပုံက သူကိုယ်တိုင်ပင် ကျွန်တော့်ကို အလုပ်ခန့်တော့မလို၊ ပိုင်ပိုင်နိုင်နိုင်ရှိလှ၏။

ဟုတ်လည်း ဟုတ်သည်။ နောက်နှစ်လ၊ သုံးလအကြာတွင် ကျွန်တော်အလုပ်ရလေသည်။ လုပ်အားပေးနေ့စားပင်ဖြစ်သည်။ ကျွန်တော်တို့ဌာနအတွက် လိုအပ်သော ပစ္စည်းများကို ကိုရွှေငွေက တင်ဒါသွင်းလေ့ရှိသဖြင့် ဌာနအကြီးအကဲနှင့် သူ ခင်မင်နေသည်။ ထို့ကြောင့် ကျွန်တော့်အတွက် ပြောပေးနိုင်ခဲ့ခြင်းဖြစ်၏။

ကျွန်တော်ကလည်း အလုပ်ကို ကြိုးစားလုပ်ခဲ့။ မကြာမီမှာပင် နေ့စားမှ လခစားစာရေးဝန်ထမ်း ဖြစ်လာသည်။ ဌာနအကြီးအကဲက သဘောကျပြီး သူ့အခန်းထဲ ခေါ်ထားသည်အထိ ဖြစ်လာ၏။ အလုပ်ဝင်ပြီး သုံးနှစ်ခန့်အကြာ သုံးရာနှစ်ဆယ့်စကေးရာထူးအတွက် ရုံးတွင်းစာမေးပွဲကျင်းပသောအခါ ကျွန်တော်သည် လုပ်သက်အားဖြင့် နုသေးသော်လည်း ပညာအရည်အချင်းသာခြင်း၊ လုပ်ငန်းကျွမ်းကျင်မှုရှိခြင်း၊ ဆက်ဆံရေး ကောင်းမွန်ခြင်း၊ စာမေးပွဲတွင် အမှတ်အများဆုံးရခြင်းတို့ကြောင့် ထိုရာထူးကို ရရှိခဲ့သည်။

ကျွန်တော် အလုပ်ဝင်ကာစတုန်းက ထင်ခဲ့သည်။ ကိုရွှေငွေ ကျွန်တော့်ကို အလုပ်သွင်းပေးခဲ့ခြင်းမှာ ကျွန်တော့်အား သူ့အကျိုးအတွက် တစ်စုံတစ်ရာ အသုံးချလို၍ ဖြစ်သည်ဟူ၍။

သူ့လုပ်ငန်းနှင့်ပတ်သက်နေသော ရုံးဌာနတစ်ခုတွင် သူ့အတွက် အတွင်းလူတစ်ယောက်ရှိသင့်သည်မဟုတ်လား။ သူ့ကျေးဇူးနှင့် မကင်းရာမကင်းကြောင်း ဖြစ်နေသဖြင့် သူ့အတွက်ဆိုလျှင် ကျွန်တော်က ဆောင်ရွက်ပေးရတော့မည် မဟုတ်လား။ ကျွန်တော်ဌာနအကြီးအကဲ၏ ယုံကြည်ခြင်းခံရသူ ဖြစ်လာသည်ကပင် သူ့လက်ချက်လေလားဟု ထင်မှတ်စရာရှိခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုသို့မဟုတ်ချေ။ သူသည် ကျွန်တော့်ကို ဘာမျှ အကူအညီ မတောင်းခဲ့။ အသုံးမချခဲ့။ တကယ်တော့လည်း ကျွန်တော်တို့ဌာန အကြီးအကဲသည် ကိုရွှေငွေနှင့် ပုဂ္ဂိုလ်ရေးအရ ခင်မင်ခဲ့ခြင်းသာ ဖြစ်သည်။ အလုပ်နှင့်ပတ်သက်လျှင်တော့ စည်းကမ်းအတိုင်း တိတိကျကျ လုပ်တတ်သည်။

ကျွန်တော်တို့ဌာနမှ တင်ဒါအများအပြားကို ကိုရွှေငွေရခဲ့ခြင်းများလည်း စည်းကမ်းနှင့် ညီညွတ်၍သာဖြစ်ကြောင်း သိရ၏။ သူသည် ဈေးနှုန်းအနည်းဆုံးနှင့် အရည်အသွေး စံချိန်မီသော ပစ္စည်းတွေကို ပေးသွင်းတတ်သည်။ လုပ်ငန်းကျွမ်းကျင် နှံ့စပ်မှုကြောင့်လည်းကောင်း အချို့လုပ်ငန်းရှင်များလို အမြတ်များများလိုချင်ပြီး ပစ္စည်းညံ့ညံ့ ပေးလိုသော ဝိသမစိတ်ထား ကင်းစင်၍လည်းကောင်း၊ ပေါင်းသင်းဆက်ဆံရေးကောင်းသောကြောင့်လည်းကောင်း သူအောင်မြင်ခြင်း ဖြစ်သည်။

နောက်ပိုင်းတွင် ကိုထွေးပြောပြသဖြင့် သူ့အကြောင်း ထပ်မံသိခဲ့ရသည်။ ကျွန်တော်နှင့် ရင်းနှီးလာသောအခါတွင်လည်း ပို၍ သိလာရ၏။

ကိုရွှေငွေသည် လူတော်တစ်ယောက်ဖြစ်သည်။ စိတ်ကောင်းလည်းရှိ၏။ စီးပွားရေးအရ အောင်မြင်ပြီး အခြေအနေကောင်းသူတစ်ယောက်ဖြစ်သော်လည်း ခပ်ရိုးရိုးကုပ်ကုပ်ပင် နေတတ်သည်။ မာန်မာနမရှိ။ ကျွန်တော့်ကိုလည်း သူ့အလုပ်သွင်းပေးရသူတစ်ယောက်၊ သူ့ကျေးဇူးရှိခဲ့ဖူးသူတစ်ယောက်အဖြစ် မဆက်ဆံ။ သူနှင့်အဆင့်တူ မိတ်ဆွေတစ်ယောက်လို တစ်တန်းတည်းထားသည်။





သူသည် သူတစ်ဘက်သားကိုလည်း ကူညီတတ်၏။

ကျွန်တော့်အလုပ်ကိစ္စတုန်းက ကူညီခဲ့သည်မှာ ကျွန်တော့်ကိုယ်တွေ့။ ကျွန်တော့်မင်္ဂလာဆောင်တွင်လည်း အားတက်သရော ကူညီပြီး ငွေနှစ်ရာလက်ဖွဲ့၏။ ကိုထွေးကိုလည်း သူ အကူအညီတွေ ပေးသည်။

ကိုထွေးက အိမ်တွင်း စက်မှုလုပ်ငန်းကလေးတစ်ခု လုပ်ချင်သည်။ ကိုရွှေငွေသည် သူ့အဆက်အသွယ်ဖြင့် ပလပ်စတစ်ဘီး လုပ်သည့် စက်ကလေးတစ်လုံး တည်ထောင်နိုင်အောင် စီစဉ်ပေးသည်။ လိုအပ်သော ငွေအချို့ကိုလည်း ထုတ်ချေးခဲ့သည်။ လုပ်ငန်း အခြေတကျဖြစ်သည်အထိ ဖေဖေးမမ ကူညီသွား၏။

ကိုရွှေငွေသည် လူတစ်ယောက်သာ ဖြစ်သည့်အတွက် ချို့ယွင်းချက် တစ်ခုစနှစ်ခုစတော့ ရှိသည်ပင်ဖြစ်၏။

တစ်ခုက သူ့မိန်းမကို ကြောက်ရခြင်းဖြစ်သည်။ တစ်ကယ်ဆိုလျှင် သူ့မိန်းမ မလုံးတင်သည် အလိုလိုက် အရေးပေးပြီး ဖူးဖူးမှုတ်ထား ရလောက်အောင် လှပသည်မဟုတ်ချေ။ ပြီးတော့လည်း ရုပ်က နည်းနည်းကြမ်းသည်ဟု ဆိုရမည်။ ပိုက်ဆံရှိတာ မရှိတာနှင့်မဆိုင်။ တစ်ချို့ ဆင်းရဲသော်လည်း ရုပ်သန့်တာတွေ အများကြီးရှိသည်။ မလုံးတင်ကတော့ မျက်နှာထားတော်တော်ဆိုး၏။ ဒါကြီးက ငယ်နိုင် ဖြစ်သောကြောင့် ကိုရွှေငွေကို ချုပ်ကိုင်ထားနိုင်ခြင်း ဖြစ်ပေလိမ့်မည်။

မလုံးတင်သည် ကိုရွှေငွေအပေါ် ဩဇာညောင်းသည်နှင့်အညီ ငွေရေးကြေးရေးကိစ္စတွင်လည်း ခြယ်လှယ်နိုင်ခွင့် ရထားလေသည်။ ကိုရွှေငွေက ရသမျှ သူ့ကိုအပ်ရသည်။ သုံးစွဲစရာရှိလျှင်လည်း



www.burmeseclassic.com

www.burmeseclassic.com

စာရင်းတင်ပြရသည်။ မလုံးတင်က ကိုရွှေငွေ မိတ်ဆွေများအား ကူညီခြင်းကို သိပ်မကြိုက်။ သူတို့အိမ်သို့ နှစ်ခေါက်သုံးခေါက်သွားလည်ဖူးသဖြင့် သိရခြင်း ဖြစ်သည်။

ပထမဆုံးတစ်ခေါက် သွားကတည်းက သူ့အကြောင်းသိရသည်။ ကိုရွှေငွေက ဖော်ရွေစွာ ဆီးကြိုသော်လည်း သူကတော့ ပျူပျူငှာငှာ မရှိ။ ထိုင်ပါဟူ၍သာ ခပ်တန်းတန်းလေးသံဖြင့် ပြော၏။ ကိုရွှေငွေက ကျွန်တော်တို့နှင့် မိတ်ဆက်ပေးသောအခါမှာလည်း သူပြောပုံဆိုပုံက အထက်စီးဆန်သည်။ ကျွန်တော်တို့ကို ဆက်ဆံပုံ၊ ကြည့်ပုံ၊ ရှုပုံကလည်း သူတို့အပေါ် မှီခိုကပ်ရပ် စားသောက်နေရသူများဟူသော သဘောထားမျိုးနှင့်။

နောက်ပိုင်းအခေါက်များတွင် တစ်ခါတစ်ရံ ကျွန်တော်တို့ရှေ့မှာပင် ကိုရွှေငွေကို မြည်တွန်တောက်တီးနေတာမျိုးကြုံခဲ့ရသည်။ ကိုယ့်ယောကျ်ားကို ဧည့်သည်တွေရှေ့မှာ အပြစ်ပြောတာမျိုး မလုပ်သင့်ဟု ကျွန်တော်ထင်သည်။

နောက်ဆုံးတစ်ခေါက်အသွားတွင် မလုံးတင်ပြောလိုက်သော စကားတွေက တော်တော်ဆိုးသည်။

"လူတွေကလည်း တော်တော်ခက်ပါတယ်ရှင်။ မြင်လိုက်တာနဲ့ ပိုက်ဆံချေးတော့တာပဲ၊ သူတို့စိတ်ထဲမှာ ကျွန်မတို့ကို ငွေတွင်းရှိတယ်များ မှတ်နေသလားမသိဘူး။ ဟိုဟာလေး ကူညီပါဦး၊ ဒီဟာလေး လုပ်ပေးပါဦးဆိုတာက ရှိသေးတယ်။ အိမ်ကလူကလည်း သူများအကျိုးတော်ဆောင်ဖို့ မွေးလာသလား မသိပါဘူး. . ."

သူကတော့ ကိုရွှေငွေကို အပြစ်တင်နေခြင်းဖြစ်သည်။

သို့ရာတွင် ကိုရွှေငွေထံမှ ငွေချေးဖူးသော၊ အကူအညီယူဖူးသော ကိုထွေးနှင့် ကျွန်တော်တို့ရှေ့တွင် ခုလိုပြောလိုက်ခြင်းကတော့ စောင်းပြောတာမဟုတ်လျှင် တည့်တည့်ပြောတာသာဖြစ်ရပေမည်။





ကိုရွှေငွေက ကျွန်တော်တို့ကို အားနာဟန်ပြသည်။

"မင်းကလဲကွယ် လူတိုင်း ဒီလိုချည်းမဟုတ်ပါဘူး။ ငါတို့အပေါ် အများကြီး ကူညီနေတဲ့လူတွေလည်း ရှိပါသေးတယ်"

ဟု လေအေး ကလေးဖြင့် စကားဖြေပြောသည်။

ကျွန်တော်တို့ကတော့ သူတို့အိမ်ကို နောက်မသွားတော့ချေ။ ကိုရွှေငွေနှင့်ကား အဆက်အဆံမပျက်။ သူကလည်း အရင်ကလိုပင် ကိုထွေးအိမ် မကြာခဏလာသည်။ ကျွန်တော့်အိမ်သို့လည်း တစ်ခါတစ်ရံလာသည်။

ကျွန်တော်သည် နယ်သို့ အလုပ်ပြောင်းရသည်။ ကျွန်တော် နယ်ရောက်ပြီး နှစ်နှစ်နီးပါးအကြာတွင် ကိုရွှေငွေဆုံးသည်။ ကိုရွှေငွေဆုံးသောအခါ ကျွန်တော် စိတ်မကောင်းဖြစ်ရသည်။ ကိုရွှေငွေမရှိသည့်နောက်ပိုင်း မလုံးတင်နှင့် ပတ်သက်စရာ မလိုတော့ဟူ၍လည်း ထင်မှတ်ခဲ့သည်။

ကိုရွှေငွေဆုံးပြီး သုံးလေးလအကြာတွင် ကျွန်တော် ရန်ကုန်သို့ ပြန်ပြောင်းရသည်။ မလုံးတင်နှင့် မျက်နှာချင်းမဆိုင်လှချင်သော်လည်း ကိုရွှေငွေမျက်နှာကြောင့် သတင်းမေးဖို့ တစ်ခေါက်တော့ သွားရပေဦးမည်။ သူတို့အိမ်သို့ မသွားခင် ကိုထွေးဆီသို့ အရင်ရောက်သွားသည်။ ကိုထွေးပြောပြသဖြင့် ကိုရွှေငွေသည် ရုတ်တရက် နှလုံးသွေးရပ်ပြီး သေဆုံးသွားခြင်းဖြစ်ကြောင်း သိရသည်။

"အေးဗျာ. . . စိတ်မကောင်းစရာဘဲ။ ဘာပဲဖြစ်ဖြစ်လေ ကျွန်တော် သတင်းတော့ သွားမေးရဦးမှာပဲ..."

ကိုထွေးက ပြုံးပြီး...

"သွားရင် မလုံးတင်က မင်းကို ဒိုင်ယာရီစာအုပ် ထုတ်ပြလိမ့်မယ်..."

ကျွန်တော် နားမလည်သဖြင့်...

"ဘာဒိုင်ယာရီလဲဗျ..."



www.burmeseclassic.com

www.burmeseclassic.com

"ကိုရွှေငွေရဲ့စာရင်းတွေ မှတ်ထားတဲ့ ဒိုင်ယာရီလေ..."

"အဲဒါ... ဘာဖြစ်လို့လဲ..."

"ဒီလိုကွာ အဲဒီစာအုပ်ထဲမှာ ကိုရွှေငွေဆီက ငွေချေးထားတဲ့ လူတွေစာရင်းပါတယ်။ အဲဒီစာရင်းထဲမှာ ငါ့နာမည်လည်းပါတယ်။ သုံးထောင်ချေးထားတယ်လို့ မှတ်ထားတယ်..."

"ဟုတ်လား... ကိုထွေးက ချေးထားတာလား..."

"ငါ... သူ့ဆီက ပိုက်ဆံချေးဖူးတာတော့ အမှန်ပဲ။ ကြာပါပြီ။ ဘီးစက်စလုပ်ကာစက ခြောက်ထောင်၊ ကုန်ကြမ်းဝယ်ဖို့ အရေးတကြီးလိုတုန်းက နှစ်ထောင်၊ အကုန်ပြန်ပေးပြီးပြီ..."

"အဲဒါပြောတာပေါ့...၊ ငါချေးတာ သုံးထောင်တစ်ခါမှ မရှိဘူး။ ပြီးတော့ စာရင်းထဲမှာပါတဲ့ နေ့စွဲက ကိုရွှေငွေ မဆုံးခင် တစ်လလောက်၊ လုံးဝမဖြစ်နိုင်ဘူး။ အဲဒီအချိန်က ငါ့မှာ ငွေပိုငွေလျှံကလေး နည်းနည်းပါးပါးရှိနေတာပဲ..."

"မလုံးတင်ကများ အကြံအဖန်လုပ်ပြီး စာရင်းတင်ပြတာလား"

"မဟုတ်ဘူးကွ...၊ စာရင်းက ကိုရွှေငွေလက်ရေးပဲ၊ ငါသိတယ်"

"ဒါဖြင့်..."

"အစကတော့... ငါဖြင့် မစဉ်းစားတတ်ဘူး။ နောက်မှ ဖြစ်နိုင်တာကို သွားတွေ့မိတယ်။ ဘာလဲဆိုတော့ ကိုရွှေငွေဟာ မလုံးတင်ကို ငယ်မယားမို့လို့သာ ပေါင်းသင်းနေရတာ မင်းလဲသိတဲ့အတိုင်းပဲ။ ဒီမိန်းမက ကိုရွှေငွေအပေါ် သာယာအောင်မှ မထားတာဘဲ။ ဒီတော့ ကိုရွှေငွေ အမြင်မှာ သာယာမှုရှာတာပေါ့။ အဲဒီလိုနဲ့ ကိုရွှေငွေဟာ ကောင်မလေးတစ်ယောက်ကို တိတ်တိတ်ပုန်းယူထားတယ်..."

"ဗျာ... ကျွန်တော်တောင်မသိဘူး..."

"အေး... ဒီကိစ္စကို ငါနဲ့သူနဲ့ နှစ်ယောက်ပဲသိတယ်။ အတည်တကျ တရားဝင်ယူထားတော့မဟုတ်ဘူး။ စရိတ်ကလေး၊ ဘာလေး ထောက်ပံ့။ 'ကီပင်'ပေါ့ကွာ။





"ဒါနဲ့... ကိုရွှေငွေက ရသမျှငွေကို စာရင်းနှင့်တကွ မလုံးတင်ကိုအပ်ရတယ်ဆို၊ ဟိုကောင်မလေးကို ဘယ်ကငွေနဲ့ပေးမလဲ..."

"စာရင်းလိမ်တာပေါ့ကွာ၊ ကုန်ကြမ်းကို ဈေးနည်းနည်းတင်ပြီး စာရင်းပြမယ်ကွာ။ တချို့ဝင်ငွေတွေကို လျှိုထားမယ်ကွာ။ ဒီလိုပေါ့၊ ဒါပေမယ့် စာရင်းက သိပ်များများလိမ်လို့မရဘူးကွ။ မလုံးတင်ကလည်း စေ့စေ့စပ်စပ်ရှိတယ်မဟုတ်လား။ အလွန်ဆုံး လေးငါးရာပဲ လိမ်လို့ရမယ်။ အဲဒီမှာ ပြဿနာဖြစ်တာပဲ။ တစ်ခါတစ်လေကျတော့ သူ့ကောင်မလေးအတွက် တစ်ထောင်မျိုး၊ နှစ်ထောင်မျိုး လုံးကနဲ ပေးဖို့လိုလာရော။ ငါ့ဆီကတောင် တစ်ခါနှစ်ခါ လာဆွဲသွားသေးတယ်။ သိပ်တော့မကြာဘူး။ ဆယ့်ငါးရက်တစ်လဆို ပြန်ပေးတာပဲ"

ကိုရွှေငွေလိုလူမျိုးက ကိုထွေးလိုလူမျိုးဆီက ငွေပြန်ချေးရသည်မှာ ရယ်စရာကောင်းနေသဖြင့် ကျွန်တော်ပြုံးလိုက်မိသည်။

"အေးကွာ...၊ ရယ်စရာတော့ကောင်းတယ်။ အဲဒီလိုပေါ့ကွာ။ ငါတွက်လို့ရတာက တစ်ခါတော့ ကိုရွှေငွေ ကောင်မလေးပေးဖို့ ငွေအရေးတကြီးလိုလာမယ်။ သုံးထောင်လောက်ဆိုတော့ ငါ့ဆီက ဆွဲရမှာလည်း အားနာမယ်၊ တစ်ခြားကလည်း ရုတ်တရက်ရှာလို့ မလွယ်ဘူး။ ဒီတော့ ဘာလုပ်မလဲ။ ငါ့နာမည်ကိုသုံးပြီး ငါ့ကို ငါချေးထားတဲ့အနေနဲ့ မလုံးတင်ကို စာရင်းပြမယ်။ မလုံးတင် ဆူတာပူတာတော့ နည်းနည်းပါးပါးခံရမှာပေါ့။ သူ့စိတ်ကူးက နောက်ပိုင်း သူ့အကြံအဖန်လုပ်လို့ ရတဲ့အခါကျမှ ပြန်ဆပ်တဲ့သဘောမျိုးနဲ့ အဲဒီငွေကို ပြန်ဖြည့်သွားမယ်ပေါ့။ ဒါပေမယ့် ဒီငွေပြန်မဖြည့်ခင် သူ... ရုတ်တရက် ဆုံးသွားတော့ စာရင်းထဲမှာ ငါနာမည်ကြီး အဖတ်တင်ကျန်ခဲ့တာပေါ့ကွာ..."

"ဒီတော့... ကိုထွေး ဘာလုပ်သလဲ..."

"ငါလား၊ ငွေသုံးထောင်ကို မလုံးတင်ကို သွားပေးလိုက်တာပေါ့"

ပဉ္စဂံစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

"ဟင်... ကိုထွေး တကယ်မချေးဘဲနဲ့..."

"ဘယ်တတ်နိုင်မလဲကွ...၊ ငါမချေးပါဘူးလို့ပြောရင် ဘယ်ယုံမလဲ၊ အမှန်အတိုင်း ပြောပြဖို့ဆိုတာကလည်း မဖြစ်နိုင်ဘူး။ ဟိုကောင်မလေးကိစ္စကို မလုံးတင် လုံးဝသိတာမှ မဟုတ်ပဲ။ ခုချိန်ကျမှတော့ သေသွားတဲ့သူကို သိက္ခာကျအောင် ထပ်လုပ်လို့ ဘယ်ကောင်းမလဲ။ ကိုရွှေငွေဆိုတာ ငါ့အပေါ်မှာ အများကြီးကူညီခဲ့တဲ့လူပဲ။ ကျေးဇူးဆပ်တဲ့အနေနဲ့ ငါ... ပြန်ကူညီရမယ် မဟုတ်လား..."

"အဲဒီ ငွေသုံးထောင်ကို ကိုထွေး ဘယ်လိုပြန်ရှာသလဲ၊ ပြောစမ်းပါဦး..."

"ဟ... ဒီလောက်ငွေကို ငါတစ်ခြားမှာ ဘယ်ရှာနိုင်မလဲကွ။ ငါ့မိန်းမဆီက ယူရတာပေါ့..."

"ဟင်... ဒီလိုဆို..."

"အေးပေါ့...၊ ငါ့မိန်းမကိုလည်း အမှန်အတိုင်းပြောလို့ ဘယ်ဖြစ်မလဲ၊ ဘာမှအကြောင်းမပြပြန်လည်း ငါ့အပေါ် သက်ာမကင်းဖြစ်မယ်။ ငါလည်း ငါ့မိန်းမကို ပိုက်ဆံအကုန်အပ်နေတာ မင်းသိသားပဲ..."

"ဒီတော့ ဘယ်လိုအကြောင်းပြ..."

"လွယ်လွယ်လေးပါကွာ...၊ ကိုရွှေငွေနည်းလိုပဲ ပြန်သုံးရတာပေါ့။ မိတ်ဆွေတစ်ယောက်က အရေးတကြီးငွေလိုလို့ ချေးလိုက်ရတယ်လို့ ပြောရတာပေါ့။ နောက်မှ ငါ့အသုံးစရိတ်ထဲက တဖြည်းဖြည်း ပြန်ဖြည့်ရမှာဘဲ။ လောလောဆယ်တော့ တစ်ယောက်ယောက်နာမည်ကို အလွဲသုံးစားလုပ်ထားရတာပေါ့ကွာ..."

"ဘယ်သူ့နာမည်ကို ပြောထားသလဲ..."

"မင်း... နာမည်..."

"ဗျာ... ဟာ ကိုထွေးကလည်း..."





မင်း... နှစ်နာစရာမရှိပါဘူးကွာ..."

"ဘာ... ဘာဆိုင်လို့လဲ..."

"ဆိုင်တာပေါ့...၊ ကိုရွှေငွေစာရင်းထဲမှာ မင်းနာမည်လဲပါတယ်လေ။ မင်းက နှစ်ထောင်တောင်ချေးထားတယ်တဲ့။ မင်းအပေါ်မှာလဲ ကိုရွှေငွေကျေးဇူးတွေ ရှိနေတော့ ဒီငွေကို မင်းလဲပေးရမှာပဲ။ အဲဒီအခါ မင်းမိန်းမဆီက ပိုက်ဆံတောင်းရင် ငါ့နာမည်ကို ပြန်ပြီးအလွဲသုံးစားလုပ်လိုက်ပေါ့။ ကျေရောမဟုတ်လား..."

မင်းလူ

(သဘင်၊ နိုဝင်ဘာ၊ ၁၉၈၃)



www.burmeseclassic.com

www.burmeseclassic.com



# လင်ပွန်းမို

ကျွန်တော်တို့သူငယ်ချင်းတစ်စုသည် သူတို့မင်္ဂလာဆောင်ကို မသွားဘဲ သပိတ်မှောက်ကြရန် ဆုံးဖြတ်ခဲ့ကြသည်။ အကြောင်းမှာ

မပိုက်သည် ကျွန်တော်တို့ရပ်ကွက်ထဲရှိ အပျိုကလေးများတွင် တစ်ယောက်အပါအဝင်ဖြစ်သည်။ အသက်ဆယ့်ရှစ်၊ ဆယ့်ကိုးနှစ်၊ ရုပ်ကတော့ တော်ရုံသင့်ရုံပင်။ သို့ရာတွင် ဖြူဖြူဖွေးဖွေးလုံးကြီး ပေါက်လှဖြစ်သည်။ ထိုအချိန်က ရုပ်ရှင်မင်းသမီး 'သီသီ'တို့ ခေတ်စားနေချိန်ဖြစ်သောကြောင့် မပိုက်၏ပုံစံမျိုးမှာ ဈာလသားကြိုက် ဖြစ်နေလေသည်။

သူတို့မိသားစုသည် တော်တော်ဆင်းရဲသည်။ အဖေကြီးမှာ ကျန်းမာသည်ဟူ၍မရှိ။ အမြဲတရောင်ရောင်ဖြစ်နေပြီး အလုပ်မလုပ်နိုင်။ သူတို့အမေကတော့ အမျှော်အမြင်ရှိဟန်တူသည်။ တစ်ဦးတည်းသောသမီးလည်းဖြစ်၊ အတန်ငယ်လည်း တစ်သွေးတစ်မွေးရှိသောကြောင့် တစ်စုံတစ်ခုမျှော်လင့်ချက်ထားပေလိမ့်မည်။ မပိုက်ကို အလုပ်ကြမ်းလုပ်မခိုင်း။ အိမ်မှာပင် သားအမိနှစ်ယောက် အလုပ်လုပ်ကြသည်။ ရာဘာဖိနပ်သဲကြိုးများညှပ်သည့် အလုပ်ဖြစ်၏။

မပိုက်သည် အတန်းပညာဘယ်လောက်ထိ တတ်မှန်းမသိရ။ လေးတန်းထက်မပိုတာတော့ သေချာသည်။ ထို့ပြင် ဆင်းရဲတာက လည်း ရှိနေသေးသဖြင့် သူ့ရုပ်ရည်အတင့်အသင့်လောက်သည်

www.burmeseclassic.com

မှန်းတိုင်ပေါက်နိုင်ခြင်းကား မရှိရှာ။ သူငွေးသားတွေ၊ အရာရှိငယ်တွေနှင့် မဆုံဆည်းနိုင်ခဲ့ချေ။

ဆုံမယ့်ဆုံတော့ ကိုကျော်ဝနဲ့ သွားဆုံသည်။ ကိုကျော်ဝသည် ရာဘာဖိနပ်စက်ရုံမှ အလုပ်သမားဖြစ်သည်။ အလုပ်သင်မျှသာဖြစ်ပြီး တောက်တိုမယ်ရ ခိုင်းသမျှလုပ်ရသည်။ များသောအားဖြင့် သဲကြိုးညှပ်ဖို့ လာယူသူများကို ပုံလောင်းထားသော အချပ်တွေကို ရေတွက်၍ ထုတ်ပေးရသည်။ ညှပ်ပြီးပြန်သွင်းသည်များကို ရေတွက်လက်ခံရသည်။ ဤတွင် သဲကြိုးတွေ လာယူပြန်သွင်းသော မပိုက်နှင့် ရင်းနှီးခဲ့ရ၏။

မပိုက်ကို ရပ်ကွက်ထဲက ကာလသားတော်တော်များများက စိတ်ဝင်စားကြသည်။ သို့ရာတွင် မပိုက်တို့အမေကြီးက အဆင့်အတန်းချင်းတူနေသဖြင့် ဘယ်သူနှင့်မျှ သဘောမတူချေ။ ကိုကျော်ဝသည်လည်း ယင်းတို့အထဲတွင် အပါအဝင်ဖြစ်သည့်တိုင် သူက အခွင့်အရေးတစ်ခုပိုရ၏။

သူသည် ရပ်ကွက်ထဲရှိ ကျွန်တော်တို့လို ဆယ့်လေးငါးနှစ်အရွယ် လူပျိုပေါက်တွေနှင့် အဖွဲ့ကျသည်။ ကျွန်တော်နှင့်ဆိုလျှင် တော်တော်ခင်သည်။ ဤသည်ပင် သူ့အတွက် အခွင့်အရေးဖြစ်လေသည်။

ရပ်ကွက်ထဲတွင် သွပ်မိုးပျဉ်ကာအိမ်ရှိသည့်အထဲတွင် ကျွန်တော်တို့အိမ်သည်လည်း အပါအဝင်ဖြစ်သည်။ တစ်နည်းအားဖြင့် အခြေအနေအသင့်အတင့်ကောင်းသူများဟု ဆိုနိုင်သည်။ ထို့ပြင် ကျွန်တော်တို့အမေက မပိုက်တို့ကို ကူညီဖူးသည်။ ထို့ကြောင့် မပိုက်တို့အမေကြီးသည် သူ့သမီးအား ရပ်ကွက်ထဲက လူငယ်များနှင့် အဆက်အဆံမလုပ်စေသော်လည်း ကျွန်တော့်တို့အပေါ်မှာတော့ ကြည်ဖြူသည်။ ကျွန်တော်ကလည်း အစ်မ မရှိသူဖြစ်၍ မပိုက်ကို ခင်တွယ်မိ၏။





သူတို့အိမ်သို့ ဝင်ထွက်သွားလာလေ့ရှိသည်။ ဤသည်ကို အခွင့်ကောင်းယူပြီး ကိုကျော်ဝနှင့် မပိုက်တို့ နီးစပ်အောင် ကြံဆောင်ပေးခဲ့လေသည်။

သူတို့နှစ်ယောက်သည် အသက်ချင်းကလည်း မတိမ်းမယိမ်း၊ ရိုးရိုးအေးအေးသမားတွေချည်းဖြစ်၍ သိပ်ချစ်ကြသည်။ သို့ရာတွင် မပိုက်တို့အမေကြီးကတော့ ကျေနပ်နိုင်လိမ့်မည်မဟုတ်ချေ။ သူတို့နှစ်ယောက်အကြောင်းကို မရိပ်လေသော်လည်း သူ့သမီးနေပုံထိုင်ပုံကို နည်းနည်းတော့ မသင်္ကာဖြစ်ဟန်တူသည်။ မပိုက်ကို စက်ရုံသို့ မလွှတ်တော့ဘဲ သူကိုယ်တိုင် ပစ္စည်းအပို့အယူလုပ်လာသည်။ ထိုအခါကျတော့လည်း ကျွန်တော်က ကြားထဲက ကြံဖန်ပေးရပြန်သည်။ 'မပိုက်ကို အမေက ခိုင်းစရာရှိလို့ ခဏလာပါဦးတဲ့' ဟု ပြော၍ခေါ်ပြီး ကိုကျော်ဝနှင့်တွေ့ပေးရသည်။

သို့ဖြင့် တစ်နှစ်လောက်ကြာသွား၏။ တစ်နေ့မှာတော့ ကိုကျော်ဝနှင့်မပိုက်တို့အကြောင်းကို သူ့အမေကြီးသိသွားသည်။မပိုက်ကိုလည်းဆူသည်။ ရိုက်တောင်ရိုက်သည်ဟု မပိုက်က ပြန်ပြောပြန်သည်။ ကိုကျော်ဝနှင့် လုံးဝသဘောမတူနိုင်ဟုပြောသည်ဟူ၍ သိရ၏။

ထို့နောက် မပိုက်သည် အိမ်ထဲကအိမ်ပြင်မထွက်ရတော့။ ကျွန်တော်သွားခေါ်လျှင်ပင် သူ့အမေကြီးက မပိုက်နေမကောင်းလို့၊ မအားသေးလို့ဟု အကြောင်းပြပြီး မလွှတ်ပဲထားတော့သည်။ ကျွန်တော်ကြားထဲက စာအဆက်အသွယ်လုပ်ပေးရသည်ပင် သိပ်မလွယ်တော့။ အဘွားကြီးက မျက်ခြည်မပြတ်စောင့်ကြည့်နေသည်။

သိပ်မကြာသောအချိန်မှာပင် မပိုက်ကို အိမ်ထောင်ချပေးတော့မည်ဆိုသော သတင်းကိုကြားရလေတော့သည်။ ကိုကျော်ဝသည် အူနုကျွဲခတ်ဖြစ်ရရှာသည်။ မပိုက်လည်း မျက်ရည်တရွှဲရွှဲ။ ကျွန်တော်တို့က တောက်တစ်ခေါက်ခေါက်။



www.burmeseclassic.com

www.burmeseclassic.com

မပိုက်နှင့် ပေးစားမည့် ကိုစံဟိန်ဆိုသူမှာ အသားမည်းမည်း ပိန်ခြောက်ခြောက်နှင့် လူပလံကလေး။ ဒါပေမယ့် သူက စာရေးကြီးတဲ့။ မပိုက်တို့အမေကြီးအဖို့ တစ်လနှစ်ရာကျော်ရသော ထိုလူကြီးမှာ ကျေနပ်ဖွယ်ဖြစ်သည်။ မကျေနပ်နိုင်သူတစ်စုက ကျွန်တော်တို့။

ကိုကျော်ဝကို ကျွန်တော်တို့က အားပေးအားမြှောက်ပြုကြသည်။ ကိုကျော်ဝကတော့ 'မပိုက်ကောင်းစားမယ်ဆိုရင် ငါကျေနပ်ပါတယ်ကွာ'ဟု ခပ်လေးလေးပြောရှာ၏။ ကျွန်တော်တို့က မရမကတိုက်တွန်းတော့မှ မပိုက်ထံစာတစ်စောင် ရေးပေးလိုက်သည်။ မပိုက် သဘောတူလျှင် သူခိုးယူပါမည်ဟု။

ထိုစာကို ကျွန်တော်က မပိုက်ထံသွားပေးသည်။ မပိုက်က ခိုးရာလိုက်ဖို့ သဘောမတူ။ မိဘစကားကိုသာ နားထောင်ပါတော့မည်။ ကိုကျော်ဝတော့မသိ။ ကျွန်တော်ကဖြင့် မပိုက်ကို တော်တော်စိတ်နာသွားသည်။

ထို့ကြောင့် ကျွန်တော်တို့ သူငယ်ချင်းတစ်စုက သူတို့မင်္ဂလာဆောင်ကို မသွားပဲ သပိတ်မှောက်ရန် ဆုံးဖြတ်ခဲ့ကြခြင်းဖြစ်သည်။ ကိုစံဟိန်နှင့် မပိုက်တို့ မင်္ဂလာဆောင်သောနေ့က ကိုကျော်ဝသည် သူ့အိမ်ခန်းကလေးထဲက ဘယ်မှမထွက်ပဲနေခဲ့သည်။

မပိုက်ကို စိတ်ဆိုးပြီး သူတို့အိမ်ကို တော်တော်ကြာကြာ အဆက်ဖြတ်ထားလိုက်သည်။ မပိုက်သမီးဦးလေးမွေးတော့မှပင် တစ်ခေါက်ရောက်ဖြစ်၏။ အင်္ကျီစကလေးသွားပေးခြင်းဖြစ်သည်။

မပိုက်သည် လင်ကံမကောင်းရှာချေ။ သူ့အမေကြီးက ရိုးသားလှချည်ရဲ့ဟုဆိုပြီး ပေးစားခဲ့သည့် ကိုစံဟိန်သည် ရိုးတော့ရိုးပါရဲ့ သဝန်တိုလွန်းအားကြီးသည်။ စိတ်တိုတတ်သော ယောကျ်ားထက် သဝန်တိုတတ်သော ယောကျ်ားက ပိုဆိုးသည်။ မိန်းမများအဖို့ စိတ်မထင်လျှင်ထရိုက်၊ ထကန်တတ်သော ယောကျ်ား၏ဆိုးပုံမျိုးကို





ခံချင်ခံနိုင်မည်။ တစ်ဖျစ်တောက်တောက်နှင့် အစဉ်အမြဲ အပြစ်ရှာနေတတ်သော ယောကျ်ားမျိုးနှင့်ကြုံလျှင်ကား စိတ်ဆင်းရဲစရာနှင့် ကြုံရကြောင်း မပိုက်က သက်သေပြနေလေ၏။

ကိုစံဟိန်သည် ဟိုလူနှင့်ယိုးစွပ်လိုက်၊ ဒီလူနှင့်သမုတ်လိုက်၊ မပိုက်အပေါ် အမြဲမသင်္ကာဖြစ်နေတတ်သည်တဲ့။ မပိုက်များ တစ်ပါးသော ယောကျ်ားတစ်ယောက်နှင့် စကားမပြောမိလိုက်နှင့် ကိုစံဟိန် တန်းပြီးစွပ်စွဲလိုက်တတ်သည်။ မပိုက်က အခြားသော ယောကျ်ားတစ်ယောက်ကို ကြည့်မိရုံလောက်ကလေးကိုပင် သူမကျေနပ်။ ထိုနေ့အဖို့ ရန်ပွဲတစ်ပွဲပဲ။ မဆုံးနိုင်လောက်အောင် တစ်ဖျစ်တောက်တောက် ရေရွတ်စွပ်စွဲနေတတ်သည်။ ယုတ်စွအဆုံး သူတို့အိမ်ရှေ့မှာ ဗယာကြော်လာရောင်းသော ကုလားအဘိုးကြီးကိုတောင် အလွတ်မပေးဘဲ သင်္ကာမကင်းဖြစ်လိုက်သေးသည်။ ကိုကျော်ဝနှင့် ချစ်ကြိုက်ခဲ့ကြသည့်ကိစ္စတော့ မသိပေလို့သာ ခံသာသွား၏။

ချစ်လွန်းလို့ သဝန်တိုရတာပါဆိုသည်မှာ သမီးရည်းစားဘဝမှာပင် ကောင်းသည် လင်မယားဘဝမှာ ဒီလောက်ထိ သဝန်ကြောင်နေတာကတော့ မပိုက်အစား ဘေးကလူတွေကတောင် ရယ်မောနေရ၏။ ပတ်ဝန်းကျင်ဆိုသည်ကလည်း စကားကို ချဲ့ကားပြောတတ်ကြပေသည်။ ပြောသလောက်တော့ ဟုတ်မယ်မထင်ပါဘူးဟု အစက ထင်ခဲ့၏။ ကျွန်တော်ကိုယ်တိုင် နားနှင့် ဆတ်ဆတ်ကြားရတော့မှ...

သူတို့ ဒုတိယကလေးမွေးပြီးခါစတုန်းကဖြစ်သည်။ ကျွန်တော်သည်ထုံးစံအတိုင်း ကလေးအတွက် အင်္ကျီစတစ်စဝယ်ပြီး သူတို့အိမ်သို့ သွားသည်။ အိမ်ပေါ်သို့ပင်မတက်ရသေး။ လှေကားရင်းအရောက်မှာပင် ကိုစံဟိန်အသံကို ကြားရသည်။

'ဟင်း... တက္ကသိုလ်ကျောင်းသားရော၊ ဘာရော၊ နားမလည်ဘူး။ ရုတ်ရုတ်ရုတ်ရုတ် လာလုပ်ရင် ငါနဲ့တွေ့သွားမယ်...'



www.burmeseclassic.com

www.burmeseclassic.com

"အို…အစ်ကိုကလဲ၊ ကျွန်မတို့ ငယ်ငယ်ကတည်းက မောင်လို နှမလို ခင်မင်ခဲ့ကြတာပါ…"

မပိုက်၏ အသံခပ်အုပ်အုပ်ထွက်လာပြီး ကိုစံဟိန်၏အသံက ကပ်လျက်ထွက်လာပြန်၏။

"ဘာ… မောင်နှမလဲ၊ ငါမသိဘူးအောက်မေ့နေလား၊ နင့်အကောင်က ကလေးအကြောင်းပြပြီး ပိတ်စကလေးဝယ်လာလိုက် ဟိုဟာကလေးဝယ်ပေးလိုက်နဲ့၊ ဒါကို နင်က သာယာနေတယ်၊ ဘာလဲ နင်က ဒီကောင့်ကို ကျနေလို့လား…"

"တိုးတိုးပြောပါ အစ်ကိုရယ်၊ ဟိုဘက်ခန်းက အမေတို့ ကြားသွားရင် မကောင်းဘူး…"

"ကြားတော့ဘာဖြစ်လဲ…"

"တော်ပါတော့…"

ကျွန်တော် အသားတွေ တစ်ဆတ်ဆတ်တုန်လာသည်အထိ ဒေါသထွက်မိသည်။ မပိုက်ကို ကျွန်တော့်အစ်မအရင်းလိုသာ သဘောထားခဲ့ကြောင်း ကျမ်းသစ္စာကျိန်ဆိုဝံ့ပါသည်။ ကျွန်တော်လို လူမျိုးကိုမှ ခုလိုစွပ်စွပ်စွဲစွဲ လုပ်သောအခါ…

ငယ်ငယ်က စိတ်မျိုးနှင့်ဆိုလျှင် တစ်ပွဲတစ်လမ်း ဖြစ်သွားပေမည်။ ခုတော့ စိတ်ကိုချုပ်တည်းပြီး ပြန်လှည့်ထွက်လာခဲ့ရသည်။

ထိုနေ့မှစ၍ မပိုက်တို့နှင့်အဆက်အသွယ် ပြတ်သွားခဲ့ရလေသည်။ မပိုက်ကို လမ်းမှာတွေ့လျှင်တောင်မမြင်ချင်ယောင် ဆောင်သွားမိသည်။

မပိုက်တို့အိမ်ရှိရာ ရပ်ကွက်အတွင်းပိုင်းထဲသို့ ကျွန်တော် မရောက်တာကြာပြီ။ အကြောင်းထူးမရှိသောကြောင့်တစ်ကြောင်း၊





ကိုယ့်အလုပ်နှင့်ကိုယ် မအားမလပ်ဖြစ်နေသောကြောင့်တစ်ကြောင်း ဖြစ်၏။

တစ်မနက်တွင် ရပ်ကွက်ထဲက အသုဘတစ်ခုကိုအသွား၊ မပိုက်တို့အိမ်ရှေ့က ဖြတ်သွားရသည်။ ခေါက်မုန့်ရောင်းနေသော မပိုက်ကို လှမ်းတွေ့၍ မမြင်ချင်ယောင်ဆောင်သွားရကောင်းမလား စဉ်းစားနေတုန်း၊ မပိုက်က လှမ်းနှုတ်ဆက်သဖြင့် ပြန်နှုတ်ဆက်လိုက်ရသည်။

နင်က… ငါတို့အိမ်ဘက်တောင်မလာဘူး…"ဟု မပိုက်က ဆီးပြီး အပြစ်တင်သည်။

"မအားလို့ပါဗျာ…"ဟု ပြီးပြီးရော ပြောလိုက်သော်လည်း…

"ဘာမအားတာလဲ၊ စာရေးဆရာကြီးဖြစ်သွားလို့ သွေးကြီးသွားတာမဟုတ်လား…"

"မဟုတ်ပါဘူးဗျာ…"

"ဟုတ်ပါတယ်၊ ခုတောင် မမြင်ချင်ယောင် ဆောင်သွားဦးမလို့ မဟုတ်လား။ ငါတို့က ဆင်းရဲတော့…"

"ဟာ… တော်စမ်းပါဗျာ…"ဟုဆိုပြီး စိတ်ပေါက်ပေါက်ရှိလာသဖြင့်…

"ခင်ဗျားယောက်ျားကြီးကို မျက်နှာကြောမတည့်လို့ မလာတာဗျ။ ခုတောင် ခင်ဗျားနဲ့စကားပြောတာ တွေ့သွားရင် စွပ်စွပ်စွဲစွဲလုပ်ဦးမလားမသိဘူး…"

"သူ… မရှိပါဘူးဟဲ့…၊ ပြီးတော့ ခု… သူအရင်လို မဟုတ်တော့ပါဘူး…"

"သဘောထားကြီးလာပြီပေါ့…"

မပိုက်က ကျက်လုလုဖြစ်နေသော ခေါက်မုန့်ပေါ်သို့ အုန်းသီးဖြူးလိုက်ပြီ…



www.burmeseclassic.com

www.burmeseclassic.com

"နင်ပဲ စဉ်းစားကြည့်လေ။ ငါတို့မှာ စားမယ့်ပါးစပ်ပေါက်က တစ်လှေကြီး၊ သူရတဲ့ လခနဲ့ ဘယ်လောက်မလဲ။ ဒီတော့ မနက်လင်းတယ်ဆို ငါက ခေါက်မုန့်ထွက်ရောင်းရတယ်။ သူက ခုချိန်ဆိုရုံးသွား ရုံးကပြန်ရောက်လို့ ရေမိုးချိုး၊ ထမင်းစားပြီးတာနဲ့ မုန့်ဟင်းခါးဖိုမှာ အလုပ်သွားလုပ်ရတယ်။ သူပြန်လာတော့ ညည့်နက်နေပြီကဲ… ငါတို့ရန်ဖြစ်ဖို့ အချိန်တောင်ရှိသေးလို့လား။ ကိုစံဟိန်လဲ ငါ့ကိုဟိုလူဒီလူနဲ့ စွပ်စွပ်စွဲစွဲလုပ်ဖို့ အချိန်တောင်မရနိုင်တော့ဘူး ထင်ပါရဲ့ဟယ်…

မပိုက်က သူ့စကားသူ သဘောကျပြီး တဟားဟားရယ်နေသည်။ မပိုက်မှာ ကိုယ်လေးလက်ဝန်ကြီးနှင့်…။

"ခင်ဗျားနာမည်ကို မပိုက်လို့ မှည့်ဖို့မကောင်းဘူး။ 'မဗိုက်'လို့ မှည့်ဖို့ကောင်းတယ်…"ဟု ပြောပြီး…

သူနှင့်ရောယောင်ရယ်လိုက်သည်။ သူကလေးမွေးပြီးလျှင် နို့မှုန့်ဗူးလေး၊ ဘာလေး ဝယ်ပေးဦးမှဟုလည်း တွေးနေသည်။

မင်းလူ

(မိုးဝေ၊ ဖေဖော်ဝါရီ၊ ၁၉၈၄)





# အပေါ်သွေးအောက်သွေး

ဆွေဆွေက နားကျပ်ကိုဖြုတ်ပြီး စားပွဲပုကလေးပေါ် တင်သည်။ ဒေါ်နုနု၏လက်မောင်းမှာ ပတ်ထားသော သွေးဖိအားတိုင်းကိရိယာမှ လက်ပတ်ကို တစ်ပတ်ချင်းခွာရင်း. . .

"ကောင်းပါတယ် ဒေါ်လေးရဲ့၊ ဘာမှမဖြစ်ပါဘူး၊ ဘာလဲ ဒေါ်လေးက သွေးတိုးနေတယ်ထင်လို့လား. . ."ဟု

မေးလိုက်သည်။

ဒေါ်နုနုက. . .

"ထင်တယ်တော့မဟုတ်ပါဘူးလေ၊ အသက်ကလည်း နည်းနည်းရလာပြီမဟုတ်လား၊ ပြီးတော့ ခုတလော ဒေါ်လေးနည်းနည်း ဝလာသလားလို့. . ."

ဆွေဆွေက သွေးပေါင်ချိန်တိုင်းကိရိယာကို သိမ်းဆည်းနေသဖြင့် ချက်ချင်းစကားမပြန်နိုင်သေး။ ပြီးမှ. . .

"အသက်လေးဆယ်ကျော်ရင် သွေးသားပြောင်းလဲမှုဖြစ်လို့ ဝလာတတ်ကြတာပဲ၊ ဒေါ်လေးက တရားလွန်မဝသေးပါဘူး၊ ကြည့်ကောင်းရုံပဲရှိပါသေးတယ်။ ဘာလဲ ဦးဦးက ဒေါ်လေးကို ဝလာရင်သဘောမကျမှာစိုးလို့လား. . ."

"အမယ်လေး၊ နင်တို့ ဦးဦးကိုတော့ ဒီဘက်မှာစိတ်ချပြီးသားပါ. . ."



www.burmeseclassic.com

www.burmeseclassic.com

"ဒါတော့ဖြစ်ရမယ်လေ၊ ဒေါ်လေးက အသက်လေးဆယ့်သုံးနှစ်သာဆိုရတယ်၊ သုံးဆယ့်ငါးထက်ကျော်မယ်လို့ မထင်ရဘူး။ အသားအရည်ကလည်း သုံးဆယ်အောက်တွေထက်တောင်စိုပြည်နေသေး"

ဆွေဆွေသည် ဒေါ်နုနု၏ တူမလည်းဖြစ်၊ မိသားစုဆရာဝန်လည်းဖြစ်သည်။ ကျန်းမာရေးကိစ္စရှိရှိ မရှိရှိ တစ်ပတ်တစ်ခါလောက်တော့ ရောက်ဖြစ်နေတတ်သည်။ ဒီနေ့လည်း ဆေးရုံမသွားရသဖြင့် ဒေါ်နုနုဆီ လာလည်ခြင်းဖြစ်သည်။ ဒေါ်နုနုက သူ့မှာ သွေးတိုးရှိမရှိ ကြည့်ပေးစမ်းပါဦးဆိုသဖြင့် စမ်းသပ်နေခြင်းပင်။

"ဒေါ်လေး နေလို့ထိုင်လို့တော့ ကောင်းတယ်မဟုတ်လား. . ."

ဆွေဆွေကထပ်မေးသဖြင့် ဒေါ်နုနု ခေါင်းညိတ်ပြသည်။

"ကိုယ်တွေလက်တွေထုံပြီး မလှုပ်ရှားချင်တာတို့ ချွေးတွေအလွန်အကျွံထွက်တာတို့၊ ခေါင်းတွေအုံနေတာတို့၊ မျက်ခွံတွေလေးပြီး အိပ်ချင်နေတာတို့မျိုး ဖြစ်သလားဟင်. . ."

ဒေါ်နုနုက ခေါင်းခါပြပြီး. . .

"ဒေါ်လေး ညညကျရင် နည်းနည်းလန့်ချင်သလိုပဲကွယ်. . ."

"အို. . . အရင်ကတည်းက ဒေါ်လေး သတ္တိမှမကောင်းတာ၊ ဆွေဆွေတို့ ငယ်ငယ်က ဒေါ်လေးအိမ်လာရင် ညည အိမ်သာထမသွားရဲလို့ ဆွေဆွေ့ကို အမြဲနှိုးရတယ်မဟုတ်လား။ ပြီးတော့. . . ဒေါ်လေးက သွေးဆုံးနေတဲ့အချိန်မို့ စိတ်နည်းနည်း အပြောင်းအလဲ ဖြစ်တာနေမှာပါ။ ဒါသဘာဝပဲ၊ အရေးမကြီးပါဘူး၊ ခုဆွေဆွေလည်း အပတ်တိုင်း ရောက်နေတာပဲဟာ၊ မပူပါနဲ့၊ ဘာမှမဖြစ်ပါဘူး၊ ညဘက်လန့်သလိုဖြစ်ရင် စိပ်ပုတီးလေးဘာလေးစိပ်၊ ဒါမှမဟုတ်လည်း ဦးဦးကို အတင်းဖက်ထားပေါ့ ဒေါ်လေးရဲ့. . ."

ဒေါ်နုနုက ရှက်ပြုံးပြုံးလိုက်သည်။





ဒေါ်နုနုဘဝသည် အေးချမ်းသာယာသည်ဟု ဆိုရမည်ဖြစ်သည်။ ချမ်းသာကြွယ်ဝသော မျိုးရိုးမှ ဆင်းသက်ပေါက်ဖွားလာခဲ့သည်။

အချိန်တန် အရွယ်ရောက်လာလို့ လူလားမြောက်လာတော့လည်း သူတို့လောက် မချမ်းသာတောင် သူတို့နီးပါးချမ်းသာသော ကိုကို ဦးအောင်မြတ်ထွန်းနှင့် လက်ဆက်ခဲ့သည်။

ကိုကိုနှင့်သူသည် လူကြီးများ မစီစဉ်ခင်ကတည်းက တစ်ဦးနှင့်တစ်ဦး သိကျွမ်းခင်မင်ခဲ့ကာ သံယောဇဉ်တွယ်တာမိပြီးဖြစ်သည်။ ထို့ကြောင့် သူတို့၏အိမ်ထောင်ရေးက သာယာခဲ့သည်။

သမီးတစ်ယောက်နှင့် သားတစ်ယောက်ထွန်းကားသည်။ အိမ်ထောင်သက် နှစ်ပေါင်းနှစ်ဆယ်ကျော်လာသည်အထိ ပြဿနာတစ်စုံတစ်ရာ မပေါ်ပေါက်ခဲ့။ ကိုကိုနှင့်သူတို့သည် ခုထိတိုင် တစ်ဦးပေါ်တစ်ဦး ကြင်နာကြဆဲ။

သူတို့သည် တစ်ခုသော ဆိတ်ငြိမ်ချမ်းသာရပ်ကွက်အတွင်းရှိ အသင့်အတင့် ကျယ်ဝန်းသောခြံထဲတွင် နှစ်ထပ်တိုက်ကလေးတစ်လုံးဖြင့် နေထိုင်သည်။ ခြံနီးချင်းများမှာလည်း သဘောကောင်းသူများသာ ဖြစ်သည်။ ပြီးတော့ ဒီရပ်ကွက်ထဲနေသူများမှာ အခြေအနေအဆင့်အတန်းချင်း ညီကြသူတွေသာဖြစ်သည်။

ထို့ကြောင့် တစ်ယောက်နှင့်တစ်ယောက် ကြွားချင်လို့မရ။ ဂုဏ်တုဂုဏ်ပြိုင် လုပ်စရာမလို။ လုပ်လျှင်လည်း 'သရေပွဲ'သာ ဖြစ်ပေလိမ့်မည်။ ကိုယ်လုပ်နိုင်သလောက်တော့ သူများတွေလည်း လုပ်နိုင်နေတာကိုး။ အားလုံးက တတ်နိုင်ကြသူတွေချည်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ယောကျ်ားချင်း ပြိုင်လို့လည်းမဖြစ်ချေ။ ယောကျ်ားတွေအားလုံးက ရာထူးကြီးကြီးရှိသူ ဖြစ်ချင်ဖြစ်၊ သို့မဟုတ် လုပ်ငန်းရှင်တွေဖြစ်ကြသည်။ ဒီတော့ ပြိုင်ဖို့နေနေသာသာ တစ်ယောက်အကူအညီကို တစ်ယောက်ယူရသည့်အခါမျိုးပင်ရှိသည်။ ညှိပြီးလုပ်ကြရတာမျိုးရှိသည်။

သားသမီးချင်းပြိုင်လို့လည်းအပိုပါပဲ။ အားလုံး ကျူရှင်ယူကြသည်။ သူတို့ချင်းစုပြီး နာမည်အကြီးဆုံးဆရာတွေကို လခထောင်ချီပေးကာ 'ဝိုင်း'ကျူရှင်လုပ်ပေးထားနိုင်သည်။ သားသမီးထဲမှာ ဆရာဝန်၊ အင်ဂျင်နီယာ မပါလို့လည်းအရေးမကြီး။ ဆယ်တန်းမအောင်လို့လည်း ပြဿနာမရှိ။ သင်္ဘောလိုက်လို့ရသည်။

သည်တော့ကာ ဘာတွေများ ပြိုင်စရာ ရှိပါတော့သနည်း။

"ကိုယ်ဖြင့် သေသာသေလိုက်ချင်တာပဲကွယ်. . ."
ဟု တစ်ယောက်ကပြောရာ အကြောင်းသိတွေချင်းဖြစ်သောကြောင့် အခြားတစ်ယောက်က. . .

"ဘာလဲ. . . ဖောက်လာပြန်ပြီလား. . ."ဟု စကားထောက်ပေးသည်။ သူတို့ 'ကတော်'တစ်စု ဒေါ်နုနုတို့ အိမ်မှာဆုံမိပြီး စကားပြောနေကြခြင်းဖြစ်၏။

"အင်းပေါ့၊ ဟိုတစ်လောက အာတပ္ပဆရာညာဏ်ပေးတဲ့ ဆေးပြာမှုန့်ကို လိမ္မော်ရည်ထဲ ဖျော်တိုက်လိုက်တာ နှစ်ပတ်လောက်ခြေငြိမ်သွားသေးတယ်။ ခုပြန်ပြီး ဗွေဖောက်လာပြန်ပြီ၊ သောကြောစနေဆို အိမ်ပြန်မအိပ်တော့ဘူး. . ."

"အင်း ဒါမျိုးက ပြောရခက်သားပဲ။ ကိုယ်တုန်းကလည်း ဒီလိုပါပဲ။ အိမ်ကလူကတောင် နည်းနည်းပိုဆိုးမလားပဲ။ ဘာလို့ဆို သူကလူကိုပါ ရန်ရှာချင်တာကိုး။ ခုတော့ ကိုယ်လည်းထုံသွားပြီ။ ဘယ်တော့ကိုယ့်ဆီ စိတ်ပြန်လည်လာမလဲလို့ မျှော်လင့်ရင်း လွှတ်ပေးထားရတော့တာပဲ. . ."





"အစ်ကိုကြီးကတော့ ဒါမျိုးတွေမရှိပါဘူး။ ဒါပေမယ့် ညတိုင်းသောက်သောက်လာပြီး ဂျီတိုက်တာက ခက်တယ်. . ."

တစ်ယောက်က ဝင်ပြောပြန်ရာ အခြားတစ်ယောက်ကလည်း အားကျမခံ။

"အမလေး ယူတို့ချည်း ပြဿနာရှိတယ်မှတ်နေ၊ ကိုယ်မှာဖြင့် ခေါင်းမီးတောက်နေပြီ. . ."

"ဟယ်. . . အငယ်ကောင် ဘာဖြစ်ပြန်ပြီလဲ. . ."

"ဟုတ်တယ်၊ သားအငယ်ကောင်ပဲပေါ့၊ ဟိုနေ့ကအံဆွဲထဲက ပိုက်ဆံတစ်ထောင်ယူသွားတယ်. . ."

"ဂျင်တွေ ဘာတွေများ ထိုးနေလို့လား. . ."

"ကစားပစ်တာတို့၊ သုံးပစ်တာတို့ဆို အရေးမကြီးပါဘူး။ 'ဖိုး'တို့ 'တက်ဘလက်'တို့လုပ်မှာပဲ ကြောက်တာ. . ."

"အို. . . တော်ကြပါတော့ကွယ်၊ ကြားရတာ စိတ်မချမ်းသာစရာတွေချည်းပဲ၊ မြိုင်ရင်တုန်လွန်းလို့ပါ. . ."

နှလုံးရောဂါရှိသည်ဆိုသော တစ်ယောက်က ရင်ဘတ်ကို လက်ဖြင့်ဖိပြီး ကတုန်ကယင် ပြောလိုက်သည်။

စပတ်ကလင်လီမွန်ကို တစ်ငုံ ငုံချလိုက်ပြီးမှ. . .

"ခုတလောက ပိုတောင်ဆိုးလာသလိုပဲ၊ နည်းနည်းလေးမှ စိတ်လှုပ်ရှားလို့မရဘူး. . ."ဟု လေသံပျော့ပျော့ဖြင့် ပြောသည်။ ပထမဆုံးစပြောသော တစ်ယောက်က. . .

"အေးကွယ် ဆောရီးပဲ၊ ခုလို ကြုံတုန်းဆုံတုန်းကျမှ ကိုယ့်ဒုက္ခကိုယ်ပြောကြရတာကလား။ တို့တွေထဲမှာ နုနုကတော့ အေးတယ်၊ ဘာပြဿနာမှ မရှိဘူး၊ ကျန်းမာရေးကလည်း ဒေါင်ဒေါင်မြည်လို့၊ နုနုံ့ သိပ်ကံကောင်းတာပဲ. . ."


www.burmeseclassic.com

www.burmeseclassic.com

တစ်ချိန်လုံး ဘာမျှဝင်မပြောဘဲ ငြိမ်နေသော ဒေါ်နုနုသည် ပြုံးရုံသာ ပြုံးနေလိုက်ရသည်။ သူ့မှာကလည်း သူတို့လိုပြောစရာ စကားမျှ မရှိဘဲ။

သူက ကံကောင်းတယ်တဲ့။ ဟုတ်ကော ဟုတ်ရဲ့လား။

* * *

ဟုတ်သည်. . .။

ကိုကို ဦးအောင်မြတ်ထွန်းသည် လခထောင်ကျော်စား အရာရှိကြီးတစ်ဦးဖြစ်သည်။ ငွေတစ်ထောင်ဆိုသည်မှာ သူတို့အဖို့ တစ်ပတ်စာ အိမ်သုံးစရိတ်ပဲ ရှိသည်။ သို့ရာတွင် ငွေက ကိစ္စမရှိ။ သူတို့မှာ ပြည့်စုံပြီးသား။ နောက်ပြီး မိဘတွေလက်ထက်ကတည်းက ရင်းနှီးမြှုပ်နှံခဲ့သော လုပ်ငန်းတစ်ခုမှ အချိုးကျ အမြတ်ငွေကလည်း ရနေသေးသည်။

ကိုကိုသည် အလုပ်ကြိုးစားသူဖြစ်သည်။ လာဘ်မစားတတ်။ ကူညီသင့်သူကို ရိုးရိုးသားသား ကူညီသည်။ လုပ်ငန်းခွင်တွင် ကိုကို့ကို အထက်ကရော အောက်ကပါ ချစ်ခင်လေးစားကြသည်။ ကိုကို၏ ရှေ့တက်လမ်းက ဖြောင့်ဖြောင့်ဖြူးဖြူး။

အရက်မသောက်တတ်။ လောင်းကစားဝါသနာမပါ။ အသက်လေးဆယ်ကျော် ယောကျ်ားတို့ ဖြစ်တတ်သော နံပါတ်တူး ပြဿနာမျိုးလည်းမရှိ။ ခုထိ ဒေါ်နုနုအပေါ် အချစ်မလျော့သေး။ သားသမီးတွေကို သံယောဇဉ်ကြီးနေဆဲ။

သားသမီးတွေကျတော့ကော သမီးကြီးက ရန်ကုန်တက္ကသိုလ်မှာ ဂုဏ်ထူးတန်း။ သားငယ်က စက်မှုတက္ကသိုလ် ကျောင်းသား။ နှစ်ယောက်စလုံး လိမ္မာသည်။ မိဘစကားနားထောင်သည်။ သားငယ်သည် ဆေးလိပ်ပင်မသောက်တတ်။





ဒေါ်နုနုက အိမ်ထောင်မှုကို နိုင်နင်းသည်။ ထမင်းချက်မိန်းမကြီးတစ်ယောက်။ တောက်တိုမည်ရခိုင်းဖို့ ကောင်မလေးနှစ်ယောက်။ မာလီတစ်ယောက်။ ဒရိုင်ဘာတစ်ယောက်တို့ဖြင့် အိမ်၏ ကိစ္စအဝဝကို ကောင်းစွာစီမံအုပ်ချုပ်နိုင်သည်။

ကဲ ဘာများလိုပါသေးသလဲ။

* * *

လာနေကျအတိုင်း စနေနေ့ညနေဘက်တွင် ဆွေဆွေရောက်ရှိလာသည်။ ခရီးရောက်မဆိုက်ပင်. . .

"ဒေါ်လေးတို့များ ကိုယ့်တူမစကားကို အယုံမကြည်မရှိဘဲကိုးဆွေဆွေက အထူးကုဆရာဝန်ကြီး မဟုတ်လို့လားဟင်"ဟု ခနဲ့သည်။ ပြီးတော့ လွန်ခဲ့သော နှစ်ရက်လောက်က ဆရာကြီး သွေးတိုးဦးသန်းမောင် အခန်းထဲက ဒေါ်နုနုထွက်လာသည်ကို မြင်လိုက်သည်ဟု ပြောသည်။

"ဟယ်. . . အဲဒါက ဒေါ်လေးသူငယ်ချင်းတစ်ယောက်နဲ့ အဖော်လိုက်သွားတာပါ. . ."

"အဖော်လိုက်သွားရင်းနဲ့ ဒေါ်လေးပါဝင်ပြီးစမ်းသပ်ခဲ့တယ်ဆိုပါတော့. . ."

ဒေါ်နုနုက ရယ်လျက်သာနေသည်။

"ဘာမှ မဖြစ်ဘူးလို့ ဆရာဦးသန်းမောင်က ပြောလိုက်တယ်မဟုတ်လား. . ."

ဒေါ်နုနုက ခေါင်းညိတ်ပြသည်။

"ဒေါ်လေးစိတ်ထဲမှာ မရှင်းသေးရင်လည်း ဆွေဆွေတို့ ဆရာကြီးဆီ ခေါ်သွားပေးမယ် ဟုတ်လား။ တစ်ခုတော့ရှိတယ် ဒေါ်လေး



www.burmeseclassic.com

www.burmeseclassic.com

ရဲ့ ကိုယ့်ကိုယ်ကို သွေးတိုးများရှိနေသလား၊ နှလုံးရောဂါများ ရှိနေသလားလို့ စိတ်ထင်ပြီး စွဲလမ်းနေရင် မကောင်းဘူး။ အဲဒါဆိုရင် ကားဒစ်နယူရိုဆစ်လို့ခေါ်တဲ့ စိတ္တဇနှလုံးရောဂါသည် ဖြစ်သွားလိမ့်မယ်"

"စိတ္တဇနှလုံးရောဂါသည်ဟုတ်လား"

"ဟုတ်တယ်ဒေါ်လေး၊ ဘာရောဂါမှ မဖြစ်ပဲနဲ့ မူးသလိုလို မောသလိုလို ဖြစ်နေတာမျိုးပေါ့၊ ကြားဖူးနားဝရှိတဲ့လူဆို ပိုဆိုးတယ်၊ နှလုံးရောဂါလက္ခဏာတွေထဲက ဟိုစပ်စပ် ဒီစပ်စပ် သိထားသမျှ ဖြစ်တယ်လို့ထင်လာရော။ ဆွေဆွေတို့ဆီကို အဲဒီလူနာတွေ မကြာခဏရောက်လာတတ်တယ်။ သူတို့က နှလုံးရောဂါ တကယ်ဖြစ်တဲ့လူထက် ကုသရတာပိုခက်တယ်။ ဘာမှမဖြစ်ပဲကိုး။ ဒီတော့ ဘာမှမဖြစ်ပါဘူး၊ ကောင်းပါတယ်လို့ အာပေါက်အောင် ရှင်းပြလည်း မရဘူး။ တစ်ချို့ဆို ဆေးရုံတက်ပါစေလို့ ဇွတ်ပြောတဲ့လူက ရှိသေးတယ်။ ဒီလိုနဲ့ ဟိုဆရာဝန်ကြီးသွားပြ၊ တိုင်းရင်းဆေးသမားတော်ဆီသွားလိုသွားနဲ့ ငွေကုန်တာပဲ အဖတ်တင်ကြတာပေါ့"

"ဘာပဲဖြစ်ဖြစ်လေ၊ ကြိုတင်ကာကွယ်ထားတာ ကောင်းတာပေါ့"

"ဒါကတော့ ကောင်းပါတယ်။ တစ်ခုရှိတာက သွေးမတိုးအောင် အငန်မစားပဲနေတာတို့၊ ဘာတို့လောက် လုပ်စရာမလိုသေးပါဘူး။ တစ်ကယ်ဖြစ်လာမှသာ လျှော့စားသင့်တာပါ။ သွေးတိုးတယ်ဆိုတာက အငန်စာတ်ကြောင့်လို့ တစ်ထစ်ချပြောလို့ မရဘူး။ တစ်ခြားအချက်အလက်တွေရှိသေးတယ်။ တစ်ခြားရောဂါတစ်ခုခု ဥပမာ-ကျောက်ကပ်ရောဂါကြောင့်လည်း သွေးတိုးဖြစ်လာနိုင်တယ်။ အဲ. . . ဘာကြောင့် ဖြစ်ရတယ်ဆိုတာ အကြောင်းတရားရှာ မတွေ့တာမျိုးလည်း ရှိသေးတယ်"





www.burmeseclassic.com

အကြောင်းတရား ရှာမတွေ့တာ ဟုတ်လား. . ."

"ဟုတ်တယ်၊ ဒေါ်လေးအနေနဲ့တော့ သိပ်ပူဂရာမရှိပါဘူး။ ဒေါ်လေးရဲ့ ကိုယ်အလေးချိန်၊ အစားအသောက်၊ အနေအထိုင်က သင့်တင့်မျှတမှု ရှိပါတယ်။ ပြီးတော့ ဒေါ်လေးက စိတ်လည်းချမ်းသာတယ် မဟုတ်လား. . ."

ဒေါ်နုနုက ပြုံးပြီးတစ်စုံတစ်ရာကို စဉ်းစားနေသည်။

ညဘက်ရုပ်မြင်သံကြားအစီအစဉ်ပြီးပြီဆိုလျှင် အိမ်ရှေ့လသာဆောင်မှာ မိသားတစ်စုဝိုင်းထိုင်ပြီး ထွေရာလေးပါး စကားပြောတတ်ကြတယ်။ များသောအားဖြင့် လုပ်ငန်းခွင်အတွင်းမှာ၊ ကျောင်းမှာ၊ ဈေးမှာ၊ အိမ်မှာ တွေ့ကြုံခဲ့ရသော ရယ်စရာ မောစရာ အကြောင်းများသာဖြစ်သည်။

စကားပြောရင်း စားစရာတစ်ခုခုစားကြပြီး ကိုယ်နှစ်သက်ရာ အရည်တစ်မျိုးမျိုးသောက်ကြသည်။ အရင်ကဆိုလျှင် ဒေါ်နုနုသည် သစ်သီးရည်တစ်ခုခုသာ သောက်လေ့ရှိသည်။ ခုနောက်ပိုင်း. . . မယ်လ်တိုဗာကို ပြောင်းသောက်နေသည်။

ဦးအောင်မြတ်ထွန်းက ဒေါ်နုနုကို စောင်းငဲ့ကြည့်ပြီး. . .

'ခုတလော နည်းနည်းဝလာသလိုပဲ. . .'

ဟုတ်တယ်ကိုကို၊ ထမင်းလဲ ပိုပြီးစားနိုင်လာတယ်. . ."

"မေမေက ဝလာပေမယ့် ပုံမပျက်သေးပါဘူး ဖေဖေရာ၊ လှတုန်းပါပဲနော်. . ."

သမီးကြီးက ဝင်ပြောသည်။ သားငယ်ကလည်း. . .

"ဟုတ်တယ်မေမေ၊ ဟိုတစ်ခါ သားကို ကျောင်းလာကြိုတော့ မေမေလဲပါလာတယ်လေ၊ မေ့မေ့ကို သူငယ်ချင်းတွေက မြင်သွား



www.burmeseclassic.com

www.burmeseclassic.com

တော့ ဘာပြောတယ်မှတ်သလဲ၊ မင်းတို့အစ်မက တယ်လှပါလားတဲ့၊ မေမေ့ကို သားရဲ့အစ်မမှတ်လို့တဲ့"ရယ်ကြသည်။

မနေ့ညက ဗီဒီယိုသုံးကားဆက်တိုက် ကြည့်ထားသဖြင့် အိပ်ရေးပျက်ခဲ့ကြသည်။ နေ့လယ်ကလည်း မအိပ်ဖြစ်ခဲ့ကြ၊ ထို့ကြောင့် စောစောအိပ်မည်ဟု စိတ်ကူးပြီး ကိုကိုနှင့် သားသမီးများကို နှုတ်ဆက်၍ စကားဝိုင်းမှ ထလိုက်သည်။

ခေါင်းထဲမိုက်ကနဲဖြစ်သွား၏။ ကုလားထိုင်နောက်မှီကို ကိုင်၍ ထိန်းထားလိုက်ရ၏။

"ဘာ... ဘာဖြစ်တာလဲ..."

"နု... ဘာဖြစ်တာလဲဟင်..."

ကိုကိုက လက်မောင်းကို လာကိုင်၏။

"အိပ်ရေးပျက်လို့ထင်ပါရဲ့၊ နည်းနည်းမူးတာပါ၊ ဘာမှမဖြစ်ပါဘူး..."

"အို... ဘယ်ဟုတ်ပါ့မလဲ၊ အိပ်ရာပေါ် လှဲနေလိုက်။ ကိုကို လိုက်ပို့မယ်၊ သမီးက ဆွေဆွေ့ဆီကို ဖုန်းဆက်စမ်း၊ သားက ကားယူပြီး သွားခေါ်ခဲ့..."

ဆွေဆွေက ဒေါ်နုနုကို စမ်းသပ်သည်။ သွေးဖိအားတိုင်းကြည့်သည်။ မကျေနပ်သေးသဖြင့် နောက်တစ်ကြိမ် ထပ်တိုင်းသည်။ ပြီးတော့...

"ဆွေဆွေ မရောက်တာ ဒီတစ်ပတ်ပဲရှိပါသေးတယ်၊ ဘယ်လိုဖြစ်သွားတာလဲ"

"မိုက်ကနဲဖြစ်သွားတာပါပဲကွယ် အရင်က မဖြစ်ဖူးဘူး..."





"သိပ်တော့ အရေးမကြီးပါဘူးလေ၊ နည်းနည်းပါးပါးစိုးရိမ်စရာ မရှိပါဘူး၊ ဆေးလေးဘာလေး သောက်လိုက်ရင် ကောင်းသွားမှာပါ"

ဦးအောင်မြတ်ထွန်းက ဘာဖြစ်တာလဲဟု စိုးရိမ်တကြီးဝင်မေးသည် ဆွေဆွေက...

"သွေးဖိအားက တစ်ရာ့ငါးဆယ် ကိုးဆယ်ဆိုတော့ သွေးနည်းနည်းတိုးတယ်လို့ ဆိုရမှာပဲ..."

"သွေးတိုးဟုတ်လား..."

သွေးတိုးဟု ဒေါ်နုနုက ခပ်တိုးတိုးရေရွတ်သည်။ စိတ်ထဲက တော့ ကြိတ်၍ ဟင်းချလိုက်၏။ နောက်တစ်ကြိမ်သူတို့မိန်းမချင်း ဆုံကြလျှင် ကိုယ်ဖြင့် လန့်သွားတာပဲကွယ်ဟု အစချီကာ သူ့အဖို့ ပြောစရာ စကားတစ်ခုရသွားပြီဖြစ်သည်။ သို့မဟုတ်လျှင် သူများ တကာတွေကြားထဲမှာ မဝင်ဆံ့သလို ခံစားရသည်။

ကိုယ်ကချမ်းလည်းချမ်းသာသည့်အပြင် အရာရှိကတော်ကြီး တစ်ယောက်လုံး လုပ်နေပြီး သွေးတိုးကလေးမှ မရှိဘူးဆိုလျှင် ရှက်စရာကြီး မဟုတ်လား။

မင်းလူ

(ချယ်ရီ၊ နိုဝင်ဘာလ၊ ၁၉၈၄)

www.burmeseclassic.com



## အဘွားကြီးသုံးယောက်နှင့် ထမင်းစားခြင်း

အိမ်မှာ ဟင်းကောင်းကောင်း မစားရတာကြာပြီ။

ထမင်းဟင်း ချက်ပြုတ်သည့်တာဝန်ကို နှစ်ပိုင်းခွဲထားသည်။ တနင်္လာမှ သောကြာထိ အမေကချက်ပြီး၊ စနေ၊ တနင်္ဂနွေနှင့် အခြားရုံးပိတ်ရက်များတွင် လေးမေက ချက်ပါသည်။

မည်သည့်မျက်နှာကိုမှ မထောက်ဘဲ ပြောရမည်ဆိုလျှင် ကျွန်တော်သည် လေးမေ၏ လက်ရာကို အမေ့လက်ရာထက်ပိုပြီး ကြိုက်ပါသည်။ ဤသည်မှာ သဘာဝကျပါသည်။ အကြောင်းကား လေးမေသည် ကျွန်တော့်ဇနီးဖြစ်သောကြောင့်ပင်တည်း။

တစ်ခါတစ်လေကြတော့ သူတို့နှစ်ယောက် ပူးပေါင်းဆောင်ရွက်တတ်ကြသည်။ ထိုအခါ လက်ရာနှစ်ခုပေါင်းပြီး ဘာတွေမှန်းမသိဖြစ်သွားတတ်လေသည်။ လေးမေက ပဲပြာရည်ကို အချိုချက်ထားသော ဟင်းကို အမေက ဂေါ်ရင်ဂျိ မဆလာအုပ်မိတာမျိုး။

ကျွန်တော်သည် လူပျိုဘဝတစ်လျှောက်လုံး အမေ့လက်ရာကိုပင် ခုံခုံမင်မင် စားခဲ့ရပါသည်။ သူငယ်ချင်းတွေကလည်း အမေဟင်းချက်ကောင်းကြောင်း ပြောခဲ့ဖူးပါသည်။

ခုနောက်ပိုင်းတွင် အမေ့ဟင်းတွေက သိပ်မကောင်းတော့ပါ။ အသက်အရွယ်က ထောက်လာသောကြောင့် စိတ်ရှည်လက်ရှည် မချက်နိုင်တော့ခြင်းဖြစ်လိမ့်မည်။ ပြီးတော့ မျက်စိကလည်းမှုန်လာ



www.burmeseclassic.com

www.burmeseclassic.com

ပြီ။ နန္ဒင်းအထည့်များသွားသဖြင့် ဟင်းတစ်အိုးလုံး ဝါထိန်နေတာမျိုးတွေ ကြုံလာသည်။

နောက်တစ်ခုက ကျွန်တော်တို့ အိမ်သည် ဧည့်သည်များတတ်၏။ ရပ်ဝေးဧည့်သည်တော့မဟုတ်။ ရပ်ကွက်ထဲကပင် လာကြခြင်းဖြစ်သည်။ အမေက ဈေးသွားဈေးပြန် လမ်းမှာတွေ့သော မွေ မိတ်ဆွေများကို ထမင်းစားဖိတ်လာလေ့ရှိသည်။ သူတို့ကလည်း ဖိတ်ကြားချက်ကို အမြဲလိုလို လက်ခံပြီး လာစားလေ့ရှိသည်။ ထို့ကြောင့် ထမင်းဟင်းကို ပိုပိုသာသာ ချက်ထားရသည်။ လူများများ စားလို့ရအောင် အရည်အချင်းထက် အရေအတွက်ကို ဦးစားပေးရတော့သည်။

လေးမေကား အမှန်တကယ်ပင် ဟင်းချက်ကောင်းသူဖြစ်ခဲ့ပါသည်။

သမီးရည်းစားဘဝတုန်းက သူတို့အိမ်သို့ သွားသွားလည်ဖူးသည်။ ထိုအခါတွင် သူက ကိုယ်တိုင်ချက်ပြုတ်ထားသော ထမင်းဟင်းများဖြင့် ကျွေးမွေးဧည့်ခံပါသည်။ တစ်ချို့ မိန်းကလေးတွေလို ဘာတစ်ခုမှ ဟုတ်တိပတ္တိ မချက်တတ်ပါပဲလျက် အမေတွေ အစ်မတွေ ချက်ထားသည်ကို ကိုယ်ချက်သလိုလို လုပ်ပြီး ကျွေးတာမျိုး မဟုတ်ကြောင်း သေချာပါသည်။

သူကိုယ်တိုင် ချက်ကြောင်း ကျွန်တော် သေသေချာချာ သိသည်။ သူချက်ပြုတ်နေပြီဆိုလျှင် ကျွန်တော်ကလည်း ဘေးမှာထိုင်၍ ငရုတ်သီးထောင်းပေးခြင်း၊ ကြက်သွန်နွှာပေးခြင်းတို့ဖြင့် ကူညီခဲ့သောကြောင့်တည်း။





အိမ်ထောင်ကျပြီးနောက်တွင်မူ သူ့လက်ရာများသည် တစ်စတစ်စ ညံ့၍လာလေတော့သည်။ ထို့ကြောင့် ကျွန်တော်က နင် ငါ့အပေါ်မှာ တစ်ဖြည်းဖြည်း အချစ်လျော့လာပြီထင်တယ်၊ နင်ချက်တဲ့ ဟင်းတွေက အရင်လို မကောင်းတော့ဘူးဆိုပြီး သမီးရည်းစားဘဝက လက်ရာများအကြောင်းကို တမ်းတမ်းတတပြောမိသည်။

သူကလည်း. . .

'လက်ရာကောင်းတယ်ဆိုတာ လူကချည်းကောင်းနေလို့ မပြီးဘူး၊ ပစ္စည်းကလဲကောင်းဦးမှ၊ ဟိုတုန်းက သူကတစ်ပတ်မှ တစ်ခါလောက် အိမ်ကိုလာလည်တာ မဟုတ်လား၊ ပြီးတော့လဲ သိတဲ့အတိုင်းပဲလေ။ သူကောင်းကောင်း စားရဖို့သာ စိတ်ထဲမှာ အမိကထားတာကိုး။ အကောင်းစားချက်ထားတာပေါ့။

“အေးလေ၊ ခုလဲ အဲဒီလို အကောင်းစား ချက်ပေါ့. . .”

“အမယ်၊ အဲဒီတုန်းက ချက်ပုံချက်နည်းမျိုးနဲ့သာ ချက်ရရင် တစ်နေ့ ဆယ့်ငါးကျပ်နှစ်ဆယ်ကုန်မယ် သိရဲ့လား၊ အဲဒီလိုသာ စားနေရင် တစ်လတစ်လ ဆယ်ရက်လောက်ပဲခံမယ်၊ ကျန်တဲ့ရက်နှစ်ဆယ်က ဗိုက်မှောက်နေရမှာ. . .”

“မဟုတ်ဘူးလေ၊ နေ့တိုင်းလို့လဲ မဆိုပါဘူး၊ တစ်ခါတစ်လေပေါ့။ နောက်ပြီးတစ်ရက်ရက်တော့ ငါ့ကို သမီးရည်းစားလိုသဘောထားပြီး ချက်ကျွေးစမ်းပါဦး. . .”ဟု အသနားခံလိုက်ရသည်။

ဒီနေ့ကား 'တစ်ခါတလေ' ဖြစ်ပေသည်။

အမေသည် ကျွန်တော်တို့ ကြီးဒေါ်ကြီး၏ အလှူသို့ မနေ့ညကတည်းက သွားနေသည်။ အိမ်မှာ ကျွန်တော်တို့လင်မယားနှစ်ယောက်တည်း။

ကျွန်တော်က အိပ်ရာက နိုးသောအခါ လေးမေဈေးသို့ ထွက်သွားနှင့်ပြီဖြစ်သည်။ သူပြင်ဆင်ပေးသွားသော နံပြားနှင့်ကော်ဖက်

www.burmeseclassic.com

www.burmeseclassic.com

ရည်ကို စားသောက်ပြီးနောက် သတင်းစာတစ်စောင်နှင့် နှပ်နေလိုက်သည်။

အီသီယိုပီးယားမှ ဒုက္ခသည်များအကြောင်းဖတ်ရင်း လေးမေဘာတွေများ ဝယ်လာမလဲဟုလည်း တွေးလိုက်မိသေး၏။ သူက ဒီနေ့ သမီးရည်းစား ဘဝတုန်းကလို ကောင်းကောင်းလေး ချက်ကျွေးမည်ဟု ဆိုထားသည် မဟုတ်လား။

သူက ခြင်းတောင်းကလေးဆွဲပြီး တက်လာသောအခါ

"ဘာရခဲ့သလဲ"ဟု ဆီးမေးလိုက်၏

"ရတောင့် ရခဲ့ပဲဆရာ၊ ပုစွန်ထုပ်ကြီးတွေ ရလာတယ်. . ."

"ဟာ. . . ကောင်းတာပေါ့။ စားချင်နေတာကြာပြီ. . ."

သူက ဆက်ပြောသည်။

"ဈေးကလဲမသေးဘူး၊ လေးဆယ်တဲ့၊ အချိန်ကလဲ စီးလိုက်တာလေးကောင်ကို သုံးဆယ်သားတောင်ရှိတယ်၊ အဲ့ဒါ ဆယ့်နှစ်ကျပ်ဖိုးပဲ"

ကျွန်တော်က မကြားချင်ယောင်ဆောင်ပြီး သတင်းစာ ပြန်ဖတ်နေလိုက်သည်။ သူက ဆက်လက်၍. . .

"ဗူးညွန့်က တစ်ကျပ်ခွဲ၊ ခရမ်းချဉ်သီး အစိတ်သားက နှစ်ကျပ်မတ်တင်း၊ ပုဇွန်ခြောက်ရယ်၊ မြေပဲရယ်၊ ဆီပါနဲ့ဆို နှစ်ဆယ်ကျော်ဖိုးပဲ၊ ဒါတောင် ကြက်သွန်တို့ ငရုတ်သီးတို့က အိမ်မှာရှိပြီးသားမို့လို့. . ."

ကျွန်တော် အရေးမကြီးဟန်ဖြင့် ခေါင်းတစ်ချက်သာ ဆတ်ပြလိုက်သည်။ သူက ထွက်မသွားသေးဘဲ. . .

"ကဲ ဇိမ်ယူမနေနဲ့၊ ထလေ. . ."

"ဘာလဲ. . ."

ဘာရမလဲ သူပဲ ဟိုတုန်းကလို ချက်ကျွေးရမယ်ဆို၊ ဒီလိုဆို သူလဲ ဟိုတုန်းကလို ဝိုင်းကူညီရမှာပေါ့လို့. . ."





သို့ဖြင့် ကျွန်တော်လည်း သူချက်ပြုတ်နေသည့်နားတွင် တောက်တိုမယ်ရ ကူလုပ်ပေးရပါသည်။ စကားတပြောပြောနှင့်လုပ်ကြကိုင်ကြရာ ဆယ့်တစ်နာရီ သာသာလောက်တွင် အားလုံးပြီးစီးသွားလေသည်။

ဗိုက်ကလည်းဆာလာပြီ။ ခဏတစ်ဖြုတ်နားပြီး ရေချိုးကြ၏။ အကြောအခြင်တွေ လျှော့ပြီး လန်းဆန်းသွားသဖြင့် ပို၍ပင် ဆာလာသည်။

ထမင်းပွဲကို ကျကျနန လှလှပပ ပြင်ဆင်ပြီးလေပြီ။ ကြက်သွန်နီအကွင်းလိုက် အုပ်ထားသော ပုစွန်ထုပ်ဟင်း၊ ခရမ်းချဉ်သီးသုပ်၊ ဗူးညွန့်ဟင်းချို၊ အညာငါးပိထောင်း။ ထမင်းပွဲကို ကြည့်ပြီး သွားရည်ယိုလာသည်။

"စားကြစို့. . ."ဟု သူက ပြောသည်။ ထမင်းဝိုင်းမှာ ဝင်ထိုင်မည်အပြုတွင်. . .

'ဆရာမကြီး၊ ဆရာမကြီးဟု အိမ်ရှေ့က ခေါ်သံကြားရ၏။ လေးမေနှင့် ကျွန်တော် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြသည်။ လေးမေ ထသွားပြီး တံခါးဖွင့်သည်။

"အမေလား၊ အလျှုသွားတယ်၊ ဩော် ဟုတ်လား၊ လာလေ. . ."

ဆိုသော လေးမေ၏ အသံကို ကြားနေရ၏။

အဘွားကြီးသုံးယောက်သည် အိမ်ထဲသို့တန်းစီပြီး ဝင်လာကြသည်။ ရှေ့ဆုံးက အမေ့ဆီအညာကုန်တွေ လာရောင်းနေကျ ဒေါ်မှိန်။ သူ့နောက်မှာ ရပ်ကွက်ထဲက ဒေါ်ပုလေး။ နောက်ဆုံးက အဘွားကြီးကိုတော့ ကျွန်တော်မသိ။



www.burmeseclassic.com

www.burmeseclassic.com

'ဆရာမကြီးက အနှိပ်သည်ကောင်းကောင်းတွေ့ရင် ပြောပါ ဆိုလို့ ခေါ်လာတာ'

ဒေါ်ပုက တတိယအဘွားကြီးနှင့် မိတ်ဆက်ပေးသည်။ လေးမေက. . .

"သြော်. . . ဟုတ်လား၊ အမေကတော့ ညလောက်မှ ပြန်ရောက်မယ်လို့ ပြောတယ်. . ."

"ဒါဆို မောတာပဲ. . ."

"ခဏတစ်ဖြုတ် နားကြဦးပေါ့၊ သြော်ဒါနဲ့ ထမင်းကော စားပြီးပြီလား. . ."

"အင်း. . ."

ဒေါ်ပုလေး ရေရွတ်လိုက်သော 'အင်း'သည် စားပြီးပြီဆိုသည့် သဘောမဟုတ်။ အင်းရှည်ကြီးဖြစ်သည်။

"မစားရသေးရင်လဲ တစ်ခါတည်းဝင်စားလိုက်ပါလား"

"စားကြပါ၊ စားကြပါ၊ ပြီးမှပဲ၊ အင်း. . ."

"ရပါတယ် အဒေါ်ရဲ့. . ."

"ပြီးမှဆို အလုပ်ပိုနေပါဦးမယ်၊ တစ်လက်စတည်း ဝင်လိုက်မှပါ. . ."

လေးမေနှင့် ဒေါ်ပုတို့ကြားတွင် ဒေါ်မှိန်ကဝင်၍ ဖြေရှင်းပေးလိုက်သည်။

ထမင်းပွဲကို သူတို့သုံးယောက်အတွက်ပါ ပြင်ဆင်လိုက်သည်။ ထမင်းကြမ်းတွေလည်း ရှိသေးသဖြင့် ထမင်းတော့ လောက်လိမ့်မည်ထင်သည်။

ဒေါ်ပုလေးနှင့် ဒေါ်မှိန်တို့သည် အိမ်မှာဝင်စားနေကျဖြစ်သဖြင့် နေသားတကျထိုင်လိုက်ကြ၏။ အနှိပ်သည်အဒေါ်ကြီးကတော့ မနေတတ် မထိုင်တတ်ဖြစ်နေသည်။





ထမင်းဝိုင်းတွင် အားလုံး ထိုင်မိကြပြီးမှ တစ်စုံတစ်ခုကို ကျွန်တော် စဉ်းစားလိုက်မိသည်။

ပုစွန်ထုပ်ကြီးလေးကောင်ကိစ္စ။

မူလအစီအစဉ်အရ လေးမေနှင့် ကျွန်တော် တစ်ယောက်လျှင် မနက်တစ်ကောင် ညတစ်ကောင်စီ စားကြဖို့ဖြစ်သည်။

ခုတော့. . .

ထုံးစံအတိုင်းဆိုလျှင် အိမ်ရှင်များဖြစ်သော ကျွန်တော်နှင့် လေးမေတစ်ယောက်က ဟင်းခွက်ကို စနိုက်ရမည်။ ထိုအခါတွင် ဧည့်သည်များလည်းဖြစ်၊ လူကြီးများလည်းဖြစ်သော ထိုအဘွားကြီး သုံးယောက်ကို အရင်ဦးချရလိမ့်မည်။

ဦးချပြီဆိုကတည်းက ပုစွန်ထုပ်တွေကို ခပ်ထည့်ပေးရပေတော့မည်။ တစ်ပိုင်းစီဖဲ့ပြီး ထည့်ပေးလို့လည်းမကောင်း။ တစ်ယောက်တစ်ကောင်စီ ထည့်ပေးလို့တော့ ဘယ်နည်းနှင့်မှမဖြစ်။ သူတို့သုံးယောက်ကို သုံးကောင်ထည့်ပေးလိုက်လျှင် ကျွန်တော်တို့လင်မယားနှစ်ယောက်အတွက် တစ်ကောင်သာ ကျန်မည်။

ထမင်းဝိုင်းသည် ငြိမ်သက်နေ၏။ မည်သူကမျှ စတင်မလှုပ်ရှားကြ။ ဒေါ်ပုလေးသည် ထမင်းတွေ အကြောင်းမဲ့ သက်သက် လက်ချောင်းကလေးများဖြင့် ထိုးဆွနေသည်။ ဒေါ်မှိန်က ထမင်းနည်းနည်းကို ပါးစပ်ထဲ ထည့်လိုက်သည်။ ကျွန်တော်လည်း မနေသာသဖြင့်. . .

"ကဲ. . . အဒေါ်တို့ ဟင်းတွေထည့်စားလေ၊ အားမနာနဲ့"ဟု ပြောလိုက်ရသည်။ ခဏကြာသည်ထိ အခြေအနေက ဒီအတိုင်း။

ဒေါ်မှိန်က စတင်လှုပ်ရှားသည်။

သူသည် လက်လှမ်းလိုက်၏။ သူ့လက်၏လားရာကား ပုစွန်ထုပ်ပန်းကန်ဆီသို့။ ကျွန်တော် ထိပ်ကနဲဖြစ်သွားသည်။ သူ့လက်သည်


www.burmeseclassic.com

www.burmeseclassic.com

ပုဇွန်ထုပ်ပန်းကန်ပေါ်တွင် စက္ကန့်ဝက်ခန့်ဝဲပြီးနောက် လမ်းကြောင်းပြောင်းသွားသည်။ ခရမ်းချဉ်သီးသုပ် တစ်ဇွန်းခပ်သည်။ လေးမေ၏ သက်ပြင်းချသံ ခပ်သဲ့သဲ့ကို ကြားလိုက်ရသလား မသိ။

ဒေါ်ပုလေးနှင့် အနိုပ်သည်ကြီးတို့ကလည်း တစ်ဇွန်းဆီ ခပ်ထည့်သည်။ ကျွန်တော်တို့လည်း လိုက်ထည့်၏။

ဒေါ်ပုလေး လက်လှမ်းပြန်သည်။ ဗူးညွန့်ဟင်းချို ခပ်သောက်သည်။ ကျန်သူများက လိုက်သောက်ကြပြန်၏။

ဤသို့ဖြင့် ခရမ်းချဉ်သီးသုပ်၊ ဗူးညွန့်ဟင်းချို။ ငါးပိထောင်းတို့သာ တစ်လှည့်စီ ထည့်စားနေကြသည်။ ပုစွန်ထုပ်ပန်းကန်က အရာမယွင်း။ မည်သူမျှ မတို့သေး။

ဒီအတိုင်းကြီး ကျပြန်တော့လည်း ကြည့်လို့မကောင်း။ တစ်ခုတော့ လုပ်မှဖြစ်မည်။ ထိုအကျပ်အတည်းကို လေးမေက ဖြေရှင်းပစ်ရန် ဆုံးဖြတ်ချက် ချလိုက်ဟန်တူသည်။

"ဟင်းတွေလဲ ထည့်မစားကြပါလား. . ."

ပြောပြောဆိုဆို ပုစွန်ထုတ်တစ်ကောင်ကိုခပ်လိုက်သည်။ အနှိပ်သည်ကြီးသည် လေးမေကို ဖြတ်ကနဲ ကြည့်လိုက်၏။ လေးမေ၏ လက်သည် အလွန်အရေးကြီးသော ပစ္စည်းတစ်ခုကိုမပြီးရွှေ့နေသော ဝန်ချီစက်မောင်းတံတစ်ခုလို ဖြည်းညင်းစွာ ရွေ့လျားနေသည်။

ဒေါ်ပုလေး၏ ပန်းကန်ဆီသို့။

ဒေါ်ပုလေးသည် ခေါင်းငုံ့၍ ထမင်းနယ်နေရာမှ သူ့ပန်းကန်နားသို့ ဇွန်းအရောက်တွင်. . .

"မထည့်နဲ့သမီး၊ ကြီးကြီး သက်သတ်လွတ်စားတယ်"

ခရမ်းချဉ်သီးသုပ်ထဲတွင်လည်းကောင်း၊ ဗူးညွန့်ဟင်းချိုထဲတွင် လည်းကောင်း ကျွန်တော်ကိုယ်တိုင် ထောင်းထားသော ပုဇွန် ခြောက်တွေ ပါသည်ကို သတိရမိသည်။





လေးမေသည် သူ့လက်ကို ဒေါ်မှိန်၏ ပန်းကန်ဘက်သို့ ရွှေ့သွားပြန်သည်။ ဒေါ်မှိန်ကလည်း. . .

"အဒေါ်ချောင်းဆိုးနေလို့ကွယ် မတည့်ဘူးထင်တယ်. . ."ဟု ပြောပြန်သည်။ လေးမေ၏ လက်ရွှေ့သွားပြန်၏။ အနှိပ်သည်ကြီးသည် ချီတုံချတုံ ဖြစ်နေပုံရသည်။ ကျွန်တော်ကား ရင်တဖိုဖို။

သူသည် တံတွေးကို မြိုချလိုက်ပြီး

"ဟိုဒင်း. . . အင်း. . . ကျပ်သွားနာနေလို့. . ."

ဇွန်းကိုင်ထားသော လေးမေ၏ လက်သည် ငါးများတံကို သုတ်လိုက်သလို ဆတ်ကနဲ ရုပ်သိမ်းလိုက်သည်။ ပုစွန်ထုပ်ကြီးကို ကျွန်တော့် ပန်းကန်ထဲသို့ အလျှင်အမြန်ထည့်ပေးလိုက်၏။

ထမင်းဖြူဖြူများပေါ်တွင် ရဲကနဲ ဖြစ်သွားသည်။ ပုစွန်ခေါင်းကို ဖွဲ့လိုက်သည်။ အထဲမှာ အဆီတစ်ဝင်းဝင်း။ အသားကတော့ ဖွေးနုနေသည်။

ကျွန်တော်သည် ပုစွန်ခေါင်းကို စုပ်လိုက်သည်။ လက်ကြားထဲမှ ပုစွန်ဆီတွေ စီးယိုကျလာသည်။ ထိုအခိုက်အနှိပ်သည်ကြီးနှင့် မျက်လုံးချင်း တစ်ချက်ဆုံမိ၏။

လည်ချောင်းထဲက နင်သလို ဖြစ်လာသည်။

ဿ ဿ ဿ

မင်းလူ

(ဒဂုန်၊ ဖေဖော်ဝါရီ၊ ၁၉၈၅)



www.burmeseclassic.com

www.burmeseclassic.com

# အရုပ်သည်ကြီး

ကျွန်ုတော်တို့ ငယ်ငယ်က စိန်ပေါလ်ကျောင်းမှာ နေရသည်။ ထိုခေတ် ထိုအခါက စည်းကမ်းအကောင်းဆုံး၊ အောင်ချက်အကောင်းဆုံးဆိုသော ကျောင်းတွေထဲတွင် တစ်ကျောင်းအပါအဝင်ဖြစ်၏။ ကျောင်းလခ ဆယ့်နှစ်ကျပ်တောင်ပေးရသည်။

ကျွန်တော်တို့အဖေသည် အလွန်အမင်း ချမ်းသာသူ တစ်ယောက်တော့ မဟုတ်ပါ။ သို့ရာတွင် ဝင်ငွေ အတန်အသင့်ကောင်းသူဖြစ်သည်။ ထို့ကြောင့် စိန်ပေါလ်ကျောင်းမှာ ထားနိုင်၏။ အဖေသည် သားတွေကို အလိုလိုက်သည်။ သို့ရာတွင် စည်းနှင့်ကမ်းနှင့် အလိုလိုက်၏။

အဖေမြို့ထဲသွားပြီဆိုလျှင် ညီအစ်ကိုတတွေ လိုက်ချင်ကြသည်။ အကြောင်းမှာ အဖေနှင့်လိုက်သွားလျှင် တဝတပြစားရသောက်ရသောကြောင့် ဖြစ်သည်။ စားချင်တာကို စားချင်သလောက် စား၍ရသည်။ သို့ရာတွင် အဖေသည် ကျောင်းမုန့်ဖိုးကိုတော့အလျှံအပယ်မပေး။ တစ်နေ့တစ်မတ်သာ ပေးသည်။

တကယ်တော့ တစ်မတ်ဆိုသောပိုက်ဆံသည် ထိုအချိန်က နည်းလှသည်တော့ မဟုတ်ချေ။ ကလေးတစ်ယောက်အတွက် ကောင်းကောင်းလုံလောက်သည်။ အာလူးပူရီ၊ ခေါက်ဆွဲသုပ်၊ ကြာဆံကြော်တစ်ပွဲလျှင် ဆယ်ပြား၊ ရှာလပတ်ရည်တစ်ခွက်ငါးပြား၊



www.burmeseclassic.com

www.burmeseclassic.com

နေ့လည်စာ လုံလောက်ပြီ။ ကျောင်းအပြီးလွှတ်လျှင် ဓားလှီးမုန့်တစ်ခုစားပြီး နဂါးနီတစ်ထုပ် သို့မဟုတ် ပြောင်းဖူးဇာစ်ဖူး အိမ်ကို ယူသွားနိုင်သေးသည်။

အဖေသည် အင်္ကျီသုံးထည်၊ လုံချည်သုံးထည်၊ လွယ်အိတ်တစ်လုံးဆိုလျှင် တစ်နှစ်စာလောက် ဖူလုံပြီဖြစ်သည်။ သားတွေကျတော့ စိန်ဘရားသား၊ ရိုးတိုက်စသည်တို့မှ အကောင်းဆုံးဆိုသော ခုနှစ်ကျပ်ခွဲတန် အင်္ကျီကို ဝယ်ပေးသည်။ ဘောင်းဘီဆိုလျှင်လည်း သက္ကလတ်၊ အမေရိကန်ကာကီစသည်တို့ ချုပ်ပေး၏။ တစ်ခုတော့ရှိသည်။ အင်္ကျီ၊ ဘောင်းဘီအသစ်ကိုအိမ်နေရင်း ချဝတ်တာမျိုးတော့ မကြိုက်ချေ။

သုံးခြင်းနှင့် ဖြုန်းခြင်းကို ခွဲခြားတတ်အောင် လေ့ကျင့်ပေးခြင်းပင်ဖြစ်သည်။

အဖေ့အနေနှင့် ခြွင်းချက်မထားပဲ တရားလွန်အလိုလိုက်သောကိစ္စတစ်ခုတော့ရှိသည်။ ကစားခြင်းနှင့်ပတ်သက်၍ပင်။

အဖေသည် ငယ်ငယ်က အလွန်ဆင်းရဲသည်။ တခြားကလေးတွေ ဆော့ကစားနေချိန်တွင် အဖေက ထမင်းနပ်မှန်အောင် စားရဖို့အတွက် အလုပ်လုပ်နေရသည်။ ညကျတော့လည်း ကျောင်းစာတွေကို အမိအရ တွက်ချက်ကျက်မှတ်ရသေးသည်။ တစ်ခါတလေရှားပါးပါး အားလပ်ချိန်ကလေးရလို့ ကစားမိလျှင်တောင် စိတ်ဖြောင့်ဖြောင့် မကစားနိုင်။ တစ်ယောက်ယောက်ကများ ခိုင်းစရာရှိမလားဟု သတိထားကြည့်ရင်း ကစားရသည်။ လမ်းထဲကလူကြီးတွေက သွက်လက်ချက်ချာသော အဖေ့ကို ဘာဝယ်ခိုင်း ညာဝယ်ခိုင်း ခိုင်းတတ်ပြီး မုန့်ဖိုးပေးလေ့ရှိသောကြောင့် ဖြစ်၏။

အဖေသည် ငယ်စဉ်က သဘာဝတရားက ကလေးတို့အတွက် ပေးအပ်ထားသော ကစားခြင်းဟူသည် ဆုလာဘ်ကြီးနှင့် လွဲခဲ့ရ





လေသည်။ ထိုအချက်မှာ အဖေ့အတွက် အစွဲအလမ်းတစ်ခု ဖြစ်နေပုံရပါသည်။

ထို့ကြောင့် သားတွေကို ကစားခြင်းနှင့် ပတ်သက်၍ အကြီးအကျယ်အားပေးသည်။ ကစားစရာမျိုးစုံ ဝယ်ပေးထားသည်။ ဘောလုံးမှအစ သံပတ်၊ ဘက်ထရီကားအလေယ်၊ စက်ဘီးအဆုံး။ ကျွန်တော့်အထက်အစ်ကိုက လက်ဝှေ့ထိုး ဝါသနာပါသဖြင့် ဘောက်ဆင်ထိုးသည့် လက်အိတ်များပင် ဝယ်ပေးထားသေးသည်။ တာဇံကားတွေ ခေတ်စားလာသောအခါ ကျွန်တော်တို့ ရေကူးရောဂါထလာကြ၏။ ထိုအခါ အဖေက ရေကူးကန်သေးသေးလေး တူးပေးခဲ့လေသည်။

✂ ✂ ✂

စိန်ပေါလ်ကျောင်းသည် အစစအရာရာ စည်းကမ်းကြီးသောကျောင်းဖြစ်၏။ အတန်းထဲမှာ ဆရာ၊ ဆရာမတွေနှင့် စကားပြောလျှင် အင်္ဂလိပ်လို အတတ်နိုင်ဆုံးပြောရသည်။ ကျောင်းဝတ်စုံကအငယ်တန်းတွေဆိုလျှင် အင်္ကျီအဖြူ၊ ဘောင်းဘီကာကီရောင်၊ နက်တိုင်အစိမ်းဖြစ်သည်။ ကျောင်းဝတ်စုံကို သပ်သပ်ရပ်ရပ်ဝတ်ရသည်။ ညစ်ပတ်ပေရေနေလျှင် တွန့်ကြေနေလျှင်၊ စုတ်ပြဲနေလျှင် မဝတ်ရ။

ကျောင်းတတ်ခေါင်းလောင်းထိုးပြီး ဆယ်မိနစ်တိတိကြာလျှင် ကျောင်းဝင်တံခါးပိတ်သည်။ လုံးဝ ဝင်ခွင့်၊ ထွက်ခွင့် မရှိတော့။

ကျောင်းဝင်းအတွင်းမှာပင် မုန့်ဈေးတန်း ထားပေးသည်။ မုန့်ဆိုင်များသည် စည်းကမ်းနှင့် ညီညွတ်အောင် ရောင်းရသည်။ ကျန်းမာရေးနှင့် ညီမညီ အမြဲစစ်ဆေးသည်။ တကယ်တော့ မုန့်ဈေး



www.burmeseclassic.com

www.burmeseclassic.com

တန်းမှာ ကလေးများအတွက် ပြည့်စုံလုံလောက်အောင် မုန့်မျိုးစုံ ရှိပါသည်၊

သို့ရာတွင် ကလေးဆိုသည်က ထူးထူးဆန်းဆန်းကစားစရာ မျိုးကို ပိုကြိုက်တတ်သည်။ ဒါမျိုးက ကျောင်းမုန့်ဈေးတန်းမှာမရှိ

ကျောင်းဝင်းအပြင်ဘက်မှာ မုန့်ဈေးတန်းတစ်ခုရှိသည်၊ ကျောင်းကို အခွန်အကောက်ပေးပြီးဖွင့်သော ဆိုင်များမဟုတ်၊ လမ်းဘေးပျံကျဈေးသည်များသည် ဖြစ်သည်။ ကျောင်းမတက်မီနှင့် ကျောင်းဆင်းချိန်များတွင် လာရောက်ရောင်းချလေ့ရှိကြသည်။

ကုလားအဘိုးကြီးက စည်ပိုင်းပြတ်ကြီးနှင့်တူသော ကိရိယာကြီး ကို တဂျိဂျိလှည့်လိုက်သောအခါ ပန်းရောင် ပင့်ကူမျှင်တွေလို ဟာတွေ အလိုအလျောက်ရစ်ခွေပြီး ပေါ်လာသည်။ တဖြည်းဖြည်း များလာ ၏။ ထိုအမျှင်များကို တုတ်ချောင်းဖြင့် ရစ်ပြီး ယူလိုက်သောအခါ မီထိုင် (ခေါ်) ငှက်သိုက်မုန့်ဖြစ်လာ၏။ ဘယ်လောက် ထူးဆန်းပါ သနည်း။ သို့ရာတွင် ဆရာမတွေကတော့ ထိုမုန့်သည် ဆေးသကြား တွေပါသဖြင့် ချောင်းဆိုးတတ်သည်ဟု ဆိုပါသည်။

ကပ်စေးနှဲလည်းရှိသေး၏။ ဇလုံကြီးထဲက ကပ်စေးနှဲများကို တုတ်ကလေးနှင့် မွှေပြီး ယူသည်။ တုတ်ကို ဆွဲထုတ်လိုက်လျှင် ကြွက် မြီးတန်းနေ၏။ ယင်းကို ကပ်စေးနှဲသည်ကြီးက လက်ညှိုးနှင့် လက် မှာ တံတွေးလေးဆွတ်ပြီး အသာဖြေလိုက်သည်။ ထိုဈေးသည်ကြီး မှာ ပန်းနာရောဂါရှိသည်။ ကူးစက်လိမ့်မည်ဟု ဆရာမတွေက ခြိမ်းခြောက်ထားသည်။

အူမကြီး၊ အဆုတ်၊ သွေးခဲ စသည်တို့ကို အနေတော်ကလေးတွေ လှီးထားသည့် ဝက်သားတုတ်ထိုးလည်းရှိသည်။ ကြိုက်ရာတစ်ခု ငါးပြား၊ အချဉ်ရည်၊ အချိုရည်တို့ဖြင့် တို့စားရသည်။ ဒါလည်း ဝမ်းရောဂါပိုးတွေပါသည်ဟု ဆိုကြပြန်၏။





ဘယ်လိုပဲပြောပြော၊ ထိုဈေးသည်ကြီးများသည် ကျွန်တော်တို့ ၏။ အချစ်တော်များပင်၊ ချောင်းဆိုးတွေ၊ ရောဂါပိုးတွေ ကျွန်တော် တို့မသိ၊ စားလို့ကောင်းဖို့သာ အရေးကြီးသည်။

* * *

ဈေးသည်တွေထဲမှာ အထူးခြားဆုံးက အရုပ်သည်ကြီးပင် ဖြစ် သည်။ သူက အရုပ်မျိုးစုံကို ပလတ်စတစ်အခင်းပေါ် ချ၍ ရောင်း သူ ဖြစ်သည်။ များသောအားဖြင့်တော့ ကော်ဖြင့် ပြုလုပ်ထားသော အရုပ်များဖြစ်သည်။ ငါးပြား၊ ဆယ်ပြားတန်တွေသာ များသည်။ ဈေးအကြီးဆုံးကမှ တစ်မတ်။

သူ့ဘေးပတ်လည်မှာ ကျောင်းသားတွေဝိုင်းနေတတ်သည်။ ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက်ကတော့ သူ့အရုပ်တွေကို သိပ် စိတ်မဝင်စားပါ။ ကျွန်တော်တို့အိမ်မှာ ကစားစရာတွေ ဖောချင်း သောချင်း ရှိနေသောကြောင့်ပင်။

အိမ်မှာ ဓာတ်ခဲဖြင့်သွားသော တင့်ကား၊ အလိုအလျောက် ရှေ့တိုးနောက်ဆုတ်လုပ်နိုင်သော ကား၊ မီးပန်းထွက်သော သေနတ် တွေ ရှိနေသည်။ မီးရထားကလေးဆိုလျှင် မီးခိုးတောင် ထွက်သည်။ လေးဆယ့်ငါးကျပ်ပေးရ၏။

ထို့ကြောင့် သူ့အရုပ်များမှာ ကျွန်တော်တို့အတွက် မက်လောက် စရာမရှိ။

သို့ရာတွင် သူ့ဆိုင်ရှေ့ ဖြတ်လျှောက်မိသည့်အခါတိုင်း ခဏ တစ်ဖြုတ်တော့ ဝင်ရပ်ကြည့်ဖြစ်သည်သာဖြစ်သည်။ အကြောင်းမှာ တစ်စာစာ အော်ရောင်းနေသော သူ့အသံက ဆွဲဆောင်နေသော ကြောင့် ဖြစ်သည်။ သူ့အရုပ်တွေက စိတ်ဝင်စားစရာ သိပ်မကောင်း သော်လည်း သူက အပြောကောင်းသောကြောင့် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

"လာကြနော်၊ အရုပ်တွေစုံတယ်၊ ဈေးသက်သာတယ်၊ ဖေဖေ ဝယ်ပေးပါ၊ မေမေဝယ်ပေးပါလို့ ပူဆာနေစရာမလိုဘူး၊ မင်းတို့ မုန့်ဖိုးထဲက ငါးပြား၊ ဆယ်ပြားနဲ့ဝယ်လို့ရတယ်၊ ဟောဒီမှာ ဘဲရုပ် ကလေး၊ စားပွဲပေါ်မှာ အလှတင်ထား၊ ငြိမ်ငြိမ်ကလေးနေမယ်၊ ရေထဲချကြည့် မြုပ်မသွားဘူး၊ နောက်ကနေ အသာကလေး လေမှုတ် ပေးလိုက်၊ ဘဲကလေး ရေကူးလိမ့်မယ်၊ ဂတ်. . . ဂတ်. . . ဂတ်. . . ဂတ်. . ."

ဘဲရုပ်ကလေးကို ကိုင်ပြီး ရေကူးသွားပုံ လုပ်ပြသည်။ သရုပ် ပါလွန်းသဖြင့် တကယ်ရေကူးနေသလိုထင်ရသည်။ တစ်ရုပ်ဆယ် ပြား။

"အဲ လာပြီ၊ ပီပီလေး. . ."

ရှီရှီဆို မှုတ်ပြပြီး. . .

"အပေါက် ခုနစ်ပေါက် ပါတယ်၊ တစ်ပေါက်ကို အသံတစ်မျိုး စီ၊ မင်းတို့ တစ်ရက်လောက် လေ့ကျင့်လိုက် သီချင်းမျိုးစုံ မှုတ်လို့ ရတယ် ဟော. . ."

သူမှုတ်ပြရာ 'သုံးရာသီ' သီချင်းသံထွက်လာသည်။ ကျောင်း သား တစ်ယောက်က ဆယ့်ငါးပြားနှင့် ဝယ်လိုက်ရာ နောက် နှစ် ယောက်၊ သုံးယောက် လိုက်ဝယ်ကြသည်။

သူ့အသက် ဘယ်လောက်ရှိပြီတော့ မပြောတတ်ပါ။ လူကြီး တစ်ယောက်ဆိုတာသာ ပြောနိုင်သည်။ သူသည် ပိန်ပိန်ခြောက် ခြောက်ဖြစ်၏။ ဆံပင်က အရောင်မွဲမွဲဖြစ်ပြီး ဖြီးထားသည့်တိုင် နောက်စေ့နားက ထောင်နေသည်။ မျက်လုံးတွေက နီနေသော်လည်း ကြောက်စရာတော့ မကောင်းချေ။

နှာခေါင်းချွန်ချွန် ကောက်ကောက်ဖြစ်သည်။ သူ့ပါးစပ်တွေ ကတော့ အမြဲလိုလို လှုပ်လှုပ်ရွရွ ဖြစ်နေတတ်သဖြင့် ဘယ်လိုနေ





သလဲ မပြောပြတတ်ပါ။ မျက်နှာက သွယ်ပြီး မေးစေ့ချွန်သည်။ မုတ်ဆိတ်မွေးများသည် မေးစေ့ထိပ်နား၌သာ ချွန်ချွန်ကလေး စု နေ၏။ ဦးအောင်ရှိန်ဆွဲသည့် ကာတွန်းထဲက ဖိုးဆိတ်ဖြူနှင့် တူလေ သည်။ ထို့ကြောင့် သူ့ကို ဖိုးဆိတ်ဖြူဟုလည်း ခေါ်ကြ၏။

သို့ရာတွင် သူ့အသားကာ မည်းလေသည်။

⸻

ကျွန်ုပ်တော်တို့ ကျောင်းကို ဘရာသာခေါ် ဘုန်းတော်ကြီးတွေ က အဆင့်ဆင့် အုပ်ချုပ်သည်။ ကျောင်းအုပ်ကြီးမှာ ဥရောပ တိုက်သားတစ်ဦးဖြစ်၏။ သူ့နာမည်က ခေါ်ရခက်သဖြင့် ကျွန်တော် တို့က အနီးစပ်ဆုံး အသံဖလှယ်ပြီး ဘရာသာ ကရမက်တုံးဟု ခေါ် ကြလေသည်။

ဘရာသာကြီးသည် စည်းကမ်းကြီးသည်။ တိကျပြတ်သားသည်။ မျက်နှာထားလည်းတည်၏။ ကျောင်းသားတွေအပေါ်မှာတော့ ကောင်းသည်။ အထူးသဖြင့် ကျောင်းသားငယ်များကို ကြင်ကြင် နာနာရှိသည်။ သူ့ကို ကျောင်းသားများက ချစ်ကြောက်ရိုသေကြ လေသည်။

သို့ရာတွင် ကျောင်းသားများနှင့် ဘရာသာ ကရမက်တုံးတို့ သဘောထားကွဲလွဲသော အချက်တစ်ချက်ကားရှိ၏။ ကျောင်းဝင်း ဝတွင် ပျံကျဈေးသည်များ လာရောင်းကြသည်ကို ကျောင်းသားများ က သဘောကျပြီး သူက မကျေနပ်ခြင်းပင်ဖြစ်သည်။

ပျံကျဈေးသည်များသည် ကျန်းမာရေးနှင့် ညီညွတ်ခြင်းမရှိ၊ ထို့ကြောင့် သူတို့ လာရောင်းသဖြင့် ကျောင်းကို အခွန်အကောက် ပေးပြီး ရောင်းနေသော ကျောင်းတွင်းက ဈေးသည်များအတွက် နစ်နာသည်ဟု ဘရာသာကြီးက ယူဆဟန်တူသည်။



www.burmeseclassic.com

www.burmeseclassic.com

တစ်ခုရှိတာက ပွဲကျေးသည်များသည် ကျောင်းဝင်းအပြင်မှာ ရောင်းချကြခြင်းဖြစ်သည်။ ထို့ကြောင့် သူ့အနေဖြင့် အရေးယူ ပိုင်ခွင့်မရှိချေ။ မြူနီစပယ်နှင့်သာ ဆိုင်သည်။ သို့ဖြင့်သူသည် မကြာခဏဆိုသလို မြူနီစပယ်ရုံးသို့ ဖုန်းဆက်တိုင်ကြားလေ့ရှိ၏။ မြူနီစပယ်က လာလာဖမ်းပေးရသည်။

ထိုကိစ္စတွင် ကျောင်းသားများက ဈေးသည်များဘက်မှ ရပ်တည်သည်။

မြူနီစီပယ်ရုံးသည် သိမ်ဖြူကုန်းဆင်းမှာရှိသဖြင့် ကျောင်းနှင့် အနီးကလေးဖြစ်သည်။ သူတို့ကားကြီးသည် သိမ်ဖြူလမ်းအတိုင်း လာပြီး အနော်ရထာလမ်းဘက်သို့ချိုးကွေ့၍ ကျောင်းဝင်းရှေ့ကို ရောက်လာလေ့ရှိသည်။

ကျွန်တော်တို့ကစားကွင်းမှကြည့်လျှင် သိမ်ဖြူလမ်းကို မြင်နေရသည်။ မြူနီစီပယ်ကားကြီးလာနေသည်ကို ကျောင်းသား တစ်ယောက် က မြင်လျှင် 'လာပြီဟေ့' ဟု အော်လိုက်သည်။

ထိုအော်သံကို ကြားသော နောက်တစ်ယောက်က 'လာပြီတဲ့ဟေ့' ဟု တစ်ဆင့်ထပ်အော်သည်။ ဤသို့ လက်ဆင့်ကမ်းအော်ပြောလိုက်ရာ ကျောင်းဝင်းအဝနှင့် အနီးဆုံးကျောင်းသားဆီသို့ တစ်မိနစ်ခန့် အတွင်း သတင်းရောက်ရှိသွားသည်။ ထိုကျောင်းသားက ဈေးသည်များဆီ ပြေးသွားပြီး 'လာပြီဗျို့'ဟု သတိပေးလိုက်သည်။

ဈေးသည်များကလည်း ပစ္စည်းတွေ အလျင်အမြန်သိမ်းဆည်းပြီး လစ်ပေးကြတော့သည်။ မြူနီစပယ်ကားကြီး အနော်ရထာလမ်းမပေါ်တွင် ချိုးကွေ့လာသော အချိန်လောက်ဆိုလျှင် ဈေးသည်တွေအားလုံး ဘေးကင်းရာသို့ ရောက်ရှိနေကြပြီဖြစ်သည်။ ကားထိုးဆိုက်လာသောအခါ ကျောင်းဝင်းဝတွင် ရှင်းလင်းနေသည်ကိုသာ မြင်ကြရပေတော့၏။





ထိုအခါ ကျွန်တော်တို့ ကျောင်းသားတွေက ခုန်ဆွ၊ ခုန်ဆွလုပ်လျက် 'မြူနီစပယ် ဖင်နီကျယ်၊ မြူနီစပယ် ဖင်နီကျယ်'ဟု ပျော်ရွှင်စွာ အော်ဟစ်ပြီး ထွက်ပြေးကြလေသည်။

"အာရေး အာရေး လာပြီနော်. . ."

အရုပ်သည်ကြီးသည် ပါးစပ်က အော်လိုက်၊ ကော်ပုလွေလေးမှုတ်လိုက်၊ စက္ကူမြွေရုပ်ကလေးကို ကြိုးဖြင့်ဆွဲလိုက် လုပ်နေသည်။ ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက်လည်း အိမ်က လာမကြိုသေးသဖြင့် ရပ်ကြည့်နေလိုက်သည်။

ဒီနေ့အဖို့ ဖိုးဆိတ်ဖြူကြီး ဈေးရောင်းမကောင်းချေ။ ကျွန်တော်တို့ ရောက်သည့်အချိန်မှစ၍ အတော်ကြာအောင် ဝယ်မည့်သူ မရှိသေးဘဲ ဖြစ်နေသည်။ သူကတော့ မဝယ်ဝယ်အောင် နည်းအမျိုးမျိုးဖြင့်ဆွယ်ရင်း တစ်စာစာအော်နေ၏။

တစ်ချိန်လုံး တစ်လှုပ်လှုပ် တစ်ရွရွလုပ်နေခြင်း၊ အဆက်မပြတ် တစ်တွတ်တွတ် ပြောနေရခြင်း၊ နေပူထဲမှာ အကြာကြီးနေနေရခြင်းတို့ ကြောင့် သူ့တစ်ကိုယ်လုံး ချွေးတွေရွှဲနေသည်။ သူ့မျက်နှာပေါ်မှာ ချွေးသီးချွေးပေါက်တွေ တစ်နေရာမှ တစ်ဖြည်းဖြည်း လိမ့်ဆင်းလာပြီး မုတ်ဆိတ်ထဲသို့ စိမ့်ဝင်သွားကြ၏။

ဝယ်မည့်သူကတော့ တစ်ယောက်မှ ပေါ်မလာချေ။ ကြည့်ရင်းကြည့်ရင်းက သူ့ကိုသနားလာသလိုလိုဖြစ်လာသည်။ ကျွန်တော့်အစ်ကိုက. . .

"ဒီ. . . ဦးလေးကြီး သနားပါတယ်ကွာ၊ တစ်ယောက်မှ ဝယ်မယ့်လူ မရှိဘူး. . ."ဟု ခပ်တိုးတိုးပြောသည်။ ဒါကို အရုပ်ဝယ်



www.burmeseclassic.com

www.burmeseclassic.com

ချင်လို့ ညီအစ်ကိုနှစ် ယောက် တိုင်ပင်နေသည်ဟု အရုပ်သည်ကြီးက ထင်သွားသည်။

"ဟော့. . . ကလေးတို့ ဘာလိုချင်လို့လဲ မြွေရုပ်လား၊ ဩဘ်ဒီခွေးရုပ်ကလေး ယူပါလား၊ ဆယ့်ငါးပြား. . ."

ကျွန်တော်က ခေါင်းခါမည်ပြုသည်။ သို့ရာတွင် သူ့ မျက်လုံးနီနီကြီးက ညှို့ထားသလိုထင်ရ၏။ ခေါင်းမခါဖြစ်၊ ကျွန်တော့်အစ်ကိုက. . .

"ဝယ်လိုက်ရအောင်ကွာ၊ သနားပါတယ်။ ငါ့မှာတော့ ဆယ်ပြားကျန်သေးတယ်။ မင်းမှာကော. . ."

'ငါးပြားပဲရှိတယ်၊ နဂါးနီတစ်ထုပ်ဝယ်သွားမလို့. . .'

ကျွန်တော်တို့နှစ်ယောက် တွတ်တွတ် တွတ်တွတ် ပြောနေသည်ကို ကြည့်ပြီး အရုပ်သည်ကြီး အားတက်သွားသည်။

"ပိုက်ဆံ မလောက်လို့လားကွ၊ လျှော့ပေးမယ်လေ၊ မင်းတို့လိုချင်ရင် ဆယ်ပြားပဲပေး၊ တစ်ယောက်ငါးပြားစီ စပ်ပြီးဝယ်ပေါ့ကွာ. . ."

ကျွန်တော်သည် ထိုခွေးရုပ်ကို လုံးဝမလိုချင်၊ သို့ရာတွင် အရုပ်သည်ကြီးကို သနားသဖြင့် ဝယ်လိုက်မည်ဟု ဆုံးဖြတ်လိုက်သည်။ အိတ်ထဲက ပိုက်ဆံကို နှိုက်မည်အပြု. . .

ရုတ်ရုတ်သဲသဲ ဆူဆူညံညံ အသံတွေ ကြားလိုက်ရသည်။ လှည့်ကြည့်သောအခါ ရုတ်တရက် အလစ်ရောက်ရှိလာသော မြူနီစီပယ်များကို တွေ့လိုက်ရ၏။ ဈေးသည်တွေကို လိုက်ဖမ်းသည်။ မိသူမိ၊ လွတ်သူလွတ်၊ ဈေးဝန်းလွတ်ကျသူကျ၊ အချင်းချင်းတိုက်မိသူ တိုက်မိ၊ ဝရုန်းသုန်းကား ဖြစ်ကုန်ကြ၏။

အရုပ်သည်ကြီးလည်း ပလပ်စတစ်အခင်း၏ ထောင့်လေးထောင့်ကို ဆွဲရုပ်ပြီး မလိုက်သည်။ ယူက နောက်ကျနေပြီ။ ကျွန်တော်တို့ကို အရုပ်ရောင်းဖို့ စိတ်စောနေသဖြင့် သတိလစ်သွားခဲ့ခြင်းပင်။





သူ့အတွက် ပြေးပေါက်မရှိ။ လွတ်ဖို့လမ်းမမြင်တော့။ မြူနီစီပယ် နှစ်ယောက်က သူ့ဆီသို့လာနေပြီ။

"ဦးလေး ကျောင်းထဲဝင်ပြေး. . ."ဟု ကျွန်တော့်အစ်ကိုက အော်လိုက်သည်။ အရုပ်သည်ကြီးကလည်း ဘယ်လိုမှ ကြံရာမရသဖြင့် ကျောင်းဝင်းထဲသို့ လှစ်ကနဲ ပြေးဝင်လိုက်လေသည်။

လက်မတင်ကလေးပင်။ မြူနီစီပယ်နှစ်ယောက်သည် ကျောင်းတံခါးဝသို့ ခြေနှစ်လှမ်းလောက် နောက်ကျပြီးမှ ရောက်သွားသည်။ ကျောင်းဝင်းမှာ သူတို့နှင့် မဆိုင်သဖြင့် လိုက်မဝင်ချေ။ သို့ရာတွင် ပြန်လှည့်မသွားဘဲ ရပ်စောင့်နေသည်။

ကျောင်းဝင်းမှာ မြူနီစီပယ်နှင့် မဆိုင်သော်လည်း ကျောင်းအုပ်ကြီးနှင့်ဆိုင်သည်။ ထို့ကြောင့်အရုပ်သည်ကြီးသည် သက်သာရာ မရချေ။ ကျောင်းအုပ်ဆရာကြီးနှင့် သွားတိုးရလေတော့သည်။

"ဂက်တောက်. . ."

ဘရာသာကြီးက ကျောင်းဝင်းအပြင်ဘက်သို့လက်ညှိုးထိုးပြရင်း အော်လိုက်သည်။

"နိုးဆာ. . . နိုး၊ ပလိစ်ဆာ. . ."

အရုပ်သည်ကြီးက အသံတုန်တုန်ဖြင့် တောင်းပန်နေသည်။ ဘရာသာကြီးက ခေါင်းကိုတွင်တွင်ခါ၍ ကျောင်းဝင်းအပြင်သို့သာ လက်ညှိုးထိုးပြနေသည်။ တံခါးဝမှ မြူနီစီပယ်နှစ်ယောက်က စောင့်နေဆဲ။

"ပလိစ်ဆာ. . .၊ အိုင်အိ. . . ဂစ်သတ္တိုင်းစ်"

သူ တတ်သလောက်၊ မှတ်သလောက် ပြောသည်ကို ဘရာသာကြီးက နားလည်ဟန်မတူ။ ကျွန်တော်ကတော့ နားလည်သည်။ ဒီအရုပ်တွေနဲ့ ထမင်းစားနေရတာပါဟု ဆိုလိုခြင်းပင်။ ဘရာသာကြီးက 'ဂက်တောက်'ဟု ထပ်ပြောသည်။ အရုပ်သည်ကြီးသည် မျက်ရည်များပင် ဝဲလာသည်ဟု ထင်ရ၏။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်သည် ဒီနေ့ ဆရာမသင်လိုက်သော စကားလုံးတစ်လုံးကို သွားသတိရမိသည်။ အလယ်ခေတ် ဥရောပနိုင်ငံများတွင် မင်းပြစ်မင်းဒဏ်သင့်သူများ ဘုရားကျောင်းစသော ဝတ္တကမြေများထဲသို့ ဝင်ရောက်ခိုလှုံလျှင် ဘုန်းတော်ကြီးများက အကာအကွယ်ပေးနိုင်သည်။ ထိုနေရာမျိုးကို 'ဆန်ကျူရီ'ဟု ခေါ်သည်။

"ဆန်ကျူရီ. . ."

ကျွန်တော်က တိုးတိုးလေး ရေရွတ်လိုက်၏။ ကျွန်တော့်အစ်ကိုက. . .

"ဟုတ်တယ်ကွ ဟုတ်တယ်. . ."ဆိုပြီး 'ဆန်ကျူရီ' ဟု ခပ်ကျယ်ကျယ်အော်လိုက်သည်။ ဘရာသာကြီးသည် အစ်ကို့ကို ဆတ်ကနဲလှည့်ကြည့်သည်။ သူ၏တင်းမာနေသော မျက်နှာထားကလည်း အတန်ငယ် ပျော့ပျောင်းသွားသည်။ အနားသို့ ရောက်လာသောဆရာတစ်ယောက်ကို အင်္ဂလိပ်လိုပြောသည်။ ဆရာက အရုပ်သည်ကြီးအား ပြန်ရှင်းပြ၏။

"ခင်ဗျားကို ဒီတစ်ခါတော့ ခွင့်လွှတ်မယ်တဲ့၊ ဒါပေမယ့် နောက်ကို ကျောင်းရှေ့မှာ ဘယ်တော့မှ လာမရောင်းပါဘူးလို့ ကတိပေးရမယ်"လို့ ဘရာသာကြီးက ပြောနေတယ်. . ."

"ဟုတ် ဟုတ်ကဲ့ ခင်ဗျာ၊ သိုင်းကျူးဆား"

အရုပ်သည်ကြီးက ဆလံ အထပ်ထပ်ပေးယင်း ပြောနေသည်။ ပြီးတော့ ကျွန်တော်တို့ဘက်ကို လှည့်ကြည့်သည်။ သူ့မျက်လုံးတွေက

'မင်းတို့နဲ့ငါ ဘယ်တော့မှတွေ့ရတော့မှာမဟုတ်ပါဘူးကွာ'ဟု ပြောနေသလိုပင်။

မှန်သည်။ နောက်တစ်နေ့မှစ၍ အရုပ်သည်ကြီး ဖိုးဆိတ်ဖြူကို မတွေ့ရတော့ချေ။

ကျွန်တော်သည် သူ့ကို သနားနေမိ၏။ သူ့ထံမှ အရုပ်တစ်ရုပ်မျှပင် မဝယ်ဖူးဖြစ်လိုက်သည့်အတွက် စိတ်မကောင်းဖြစ်နေမိပါသည်။





နှစ်ပေါင်းနှစ်ဆယ်ကျော်ခဲ့ပြီ။ ကျွန်တော်လည်း အလုပ်နှင့်အကိုင်နှင့် အဂ္ဂခြတကျဖြစ်နေပြီ။ စိန်ပေါကျောင်းမှာ ငယ်ငယ်ကဆုံခဲ့သော သူငယ်ချင်းများအနက် ရင်းနှီးလွန်းသော သူငယ်ချင်းလေးငါးဆယ်ယောက်လောက်ကိုသာ မှတ်မိတော့သည်။

အချို့ကို နာမည်လောက်သာ မှတ်မိပြီး လူကိုမြင်လျှင် သိမည်မဟုတ်တော့၊ အများစုကိုတော့ နာမည်ပင် မမှတ်မိတော့။

သို့ရာတွင် အရုပ်သည်ကြီး ဖိုးဆိတ်ဖြူကိုကာ မြင်ရုံခဏမှာပင်မှတ်မိလိုက်ပါသည်။

ကျွန်တော့်အစ်ကိုသုံးယောက်၏ သား၊ သမီးများဖြစ်ကြသော ဝါနု၊ ဝေဖြိုးနှင့် စိုးအိမ်သူတို့ကို ကာတွန်းကားပြမည်ဆိုပြီး မြို့ထဲသို့ခေါ်လာခဲ့သည်။

ပြည်သူ့မုန့်တိုက် ဆင်ဝင်အောက်သို့ အရောက်တွင် "လာနော်အေဘီစီဒီတွေ၊ တစ်ထုပ်မှငါးမတ်. . ."

ထိုအသံကို ကြားဖူးသလိုလိုရှိသဖြင့် လှည့်ကြည့်မိသည်။ ကျွန်တော် အံ့သြဝမ်းသာသွားသည်။ အရုပ်သည်ကြီး ဖိုးဆိတ်ဖြူ။

သူ့ရုပ်သည် များစွာမပြောင်းလဲသေး၊ ဟိုအရင်ကတည်းကအိုဆာနေပြီဖြစ်သဖြင့် ထူးပြီးမအိုတော့သောကြောင့် ကျွန်တော်ချက်ချင်းမှတ်မိခြင်း ဖြစ်လိမ့်မည်။

ပလတ်စတစ်ဖြင့် ပြုလုပ်ထားသော အေဘီစီဒီ အက္ခရာစာလုံးကလေးများကို ပလတ်စတစ်အိတ်ကလေးတွေဖြင့် ထည့်ပြီးရောင်းနေခြင်းဖြစ်သည်။

ဒီတစ်ခါတော့ တကယ်ဝယ်ဖြစ်ပါပြီဗျာ ဟု ကျွန်တော့်စိတ်ထဲကရေရွတ်မိသည်။ ကလေးသုံးယောက်ကို. . .

"ကဲ. . . တစ်ယောက်တစ်ထုပ်စီယူကြ. . ."ဟု ပြောလိုက်သည်။ ကလေးသုံးယောက်က မလှုပ်. . .

"ယူလေကွာ မင်းတို့ အေဘီစီဒီမတတ်ချင်ဘူးလား. . ."



www.burmeseclassic.com

www.burmeseclassic.com

အရုပ်သည်ကြီးက ပြောပြသည်၊ ဝါနုက. . .

"သမီး. . . အေဘီစီဒီတတ်ပြီးပြီ၊ သူငယ်တန်းတုန်းကတည်းက သင်ရတာ၊ ခု မိုင်နိမ်းအစ် ဝါနုတောင် ရေးတတ်နေပြီ. . ."

ဝေဖြိုးကလည်း. . .

"သားလည်း အေဘီစီဒီတတ်ပြီးပြီ၊ သေနတ်ပဲလိုချင်တယ်. . ."

စိုးအိမ်သူကလည်း အကြီးနှစ်ယောက်၏ သံယောင်ကိုလိုက်၍

"မီးမီးလည်း မလိုချင်ဘူး၊ ဂလောင် ဂလောင်ပဲစားမယ်. . ."

ကျွန်တော့်ရင်ထဲ ဟာကနဲဖြစ်သွားသည်။ အရုပ်သည်ကြီးက ကျွန်တော်ကို မော့ကြည့်၏။ သူ့မျက်လုံးနီနီများနှင့် အကြည့်ချင်း ဆုံသည်။

"လာလေ. . . ဦးဉာဏ်ရဲ့၊ ကာတွန်းကား မမီပဲနေမယ်. . ."

ဝါနုက ကျွန်တော့်လက်ကို ဆွဲသည်။ အငယ်နှစ်ကောင်က ရှေ့မှ ထွက်သွားနှင့်ပြီ။ ဝါနုဆွဲခေါ်ရာသို့ ယောင်ချာချာ လိုက်သွားမိသည်။

ကျွန်တော့်စိတ်ထဲတွင် အလွန်ရင်းနှီးသော ဦးလေးသားချင်း တစ်ယောက်နှင့် မမျှော်လင့်ပဲ ဆုံလိုက်ရပြီး ရုတ်တရက် ပြန်လည် ခွဲခွာရသလို တစ်မျိုးကြီးခံစားလိုက်ရသည်။

နောက်ကို လှည့်ကြည့်မိ၏။ ခုမှ သတိထားမိသည်။ အရုပ်သည်ကြီး၏ ရုပ်ရည်သည် သိပ်ပြောင်းလဲမသွားသော်လည်း သူ့ ဆံပင်များနှင့် မုတ်ဆိတ်မွေးများကား ဖွေးဖွေးဖြူလျက် ရှိလေပြီ။

သူသည် တစာစာအော်၍ ရောင်းယင်းကျန်ခဲ့သည်။

မင်းလူ

(သည်းဦးပန်း၊ မေ၊ ၁၉၈၅)





## ဟိုအိမ်ဒီအိမ်ကူးပါလို့

မစန်းသင်တို့လင်မယားအိမ် လာလည်နေတာကို သိပ်သဘော မတွေ့သလိုမျိုး ကိုယ်တိုင်က ပြောလာသဖြင့် ကိုသိန်းမောင် အံ့သြ သွားရသည်။

ထိုစကားမျိုးကို ကိုသိန်းမောင်ကသာ ပြောဆိုမည်၊ ပြောလို့ရသည်။ သူနှင့် မစန်းသင်တို့နှင့်က ဘာမျှတော်စပ်ခဲ့သည်မဟုတ်။ မိနှင့် ပတ်သက်ပြီးတော့မှ သိကျွမ်းရခြင်းဖြစ်သည်။

တကယ်ဆို ကိုသိန်းမောင်က မကျေနပ်လျှင် မိက သူတို့ဘက်မှ ကာကွယ်ပြောဆိုရမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် မစန်းသင်၏ ယောကျ်ား ကိုထွန်းဦးသည် မိ၏ အစ်ကိုဝမ်းကွဲတော်သော ကြောင့်ပင်၊ ပြီးတော့ မစန်းသင်နှင့် မိနှင့်က ကျောင်းနေဖက် သူငယ်ချင်းတွေ။

မိက မိတ်ဆက်ပေးသဖြင့် ကိုထွန်းဦးနှင့် မစန်းသင်တို့ သိကျွမ်း ခင်မင်ခဲ့သည်။ အစ်ကိုဖြစ်သူနှင့် သူငယ်ချင်းဖြစ်သူတို့ကို နီးစပ် သွားစေချင်သော ဆန္ဒဖြစ်လာသည်။ ထို့ကြောင့် မိကပင် ဟိုဘက် ဒီဘက် စိတ်ပါလာအောင် ဆွယ်တရားတွေ ဟောခဲ့သည်။ကြားထဲက အောင်သွယ်တော်လုပ်ပေးခဲ့သည်။ သို့ဖြင့် ကိုထွန်းဦးနှင့် မစန်းသင် တို့ ချစ်ကြိုက်သွားကြသည်။ နောက်တော့ လက်ထပ်လိုက်ကြသည်။ ခုဆိုလျှင် ကလေးသုံးယောက်ပင် ရနေပြီ။



www.burmeseclassic.com

www.burmeseclassic.com

ဟိုဘက်ဒီဘက်နှစ်အိမ်ထောင်မှာ အလွန်ခင်မင်ကြသူများ ဖြစ်ကြ၏။ အကြောင်းကိစ္စတစ်စုံကစ်ခုဖြစ်လာလျှင်လည်း တစ်ဦးနှင့်တစ်ဦး တိုင်တိုင်ပင်ပင်ရှိသည်။ ယောကျ်ားအချင်းချင်းသော်လည်းကောင်း၊ မိန်းအချင်းချင်းသော်လည်းကောင်း ပြဿနာတစ်စုံတစ်ရာဖြစ်သည်ဟူ၍ မရှိခဲ့ဖူးချေ။

ခုကျမှ ဘယ်လိုများဖြစ်ရတာပါလိမ့်။

ဒီနေ့ စနေနေ့ဖြစ်၍ ရုံးပိတ်သည်။ ကိုသိန်းမောင်က မိုးသားတွေ ညိုတက်လာသည်ကို ကြည့်ပြီး. . .

"မိုးရွာမယ်ထင်တယ်ဟေ့၊ ကိုထွန်းဦးတို့လာရင်တော့ လမ်းမှာ မိုးမိတော့မှာပဲ"ဟု ပြောလိုက်သည်။ ထိုအခါမိက . . .

"သူတို့က လာကြဦးမှာလား. . ."

"လာမှာပေါ့ကွ၊ မင်းက ဒါများ အဆန်းလုပ်လို့. . ."

မိက မကျေနပ်သလိုလို တစ်စုံတစ်ရာ မသဲမကွဲ ရေရွတ်ပြီး ထွက်သွားသည်။ ထို့ကြောင့် ကိုသိန်းမောင် အံ့ဩသွားခြင်းဖြစ်သည်။

သူတို့၏အိမ်များသည် သိပ်နီးလှသည်တော့မဟုတ်။ သို့ရာတွင် ဘတ်စ်ကားလမ်းကြောတစ်ခုတည်းပေါ်မှာရှိသဖြင့် သွားရလာရ လွယ်ကူသည်။ ပြားသုံးဆယ်ပေးစီးလျှင် ရောက်နိုင်သည်။

ကိုထွန်းဦးနှင့် မစန်းသင်တို့သည် အပတ်စဉ် စနေနေ့တိုင်း ကိုသိန်းမောင်နှင့် မိတို့အိမ်ကို လာလည်တတ်သည်။

ဤသို့လာခဲ့သည်မှာ နှစ်နှင့်ချီ၍လာခဲ့ပြီ။





ကိုထွန်းဦးတို့နေသော သုဝဏ္ဏတိုက်ခန်းက ကျဉ်းသည်။ ကိုသိန်းမောင်တို့ကတော့ လုံးချင်းအိမ်ကလေးနှင့် ခြံဝင်းကလေး အသင့်အတင့်လည်းရှိသည်။

ထို့ကြောင့် . . . သူတို့အိမ်မှာ ပိုမိုကျယ်ဝန်းလေသည်။ ထိုအကြောင်းကြောင့်လည်း ကိုထွန်းဦးတို့ကသာ သူတို့အိမ်သို့ လာလေ့ရှိခြင်းဖြစ်သည်။

ဒီနေ့လည်း ထုံးစံအတိုင်း ရောက်လာမည်ပင်ဖြစ်သည်။ အခြားအရေးတကြီးကိစ္စရှိ၍ ကိုထွန်းဦးတို့ တစ်ပတ်တစ်လေ ရောက်မလာဖြစ်လျှင် မိက နေမထိထိုင်မသာဖြစ်ပြီး မျှော်နေတတ်သေးသည်။

"ဘာများဖြစ်နေကြသလဲမသိဘူး။ နက်ဖြန်ကျမှပဲ လာကြမလား မသိဘူး။ တနင်္လာနေ့ကျရင်တော့ မစန်းသင်တို့ ရုံးကို ဖုန်းဆက်ဦးမှပဲ. . ."

စသည်ဖြင့် တဖျစ်တောက်တောက်ပြောနေတတ်၏။

ဤသို့နေလာခဲ့ကြရာမှ ခုလို သူတို့မလာစေချင်သည့်သဘောမျိုးဖြစ်လာသဖြင့် ကိုသိန်းမောင်က အစဉ်းစားရကျပ်နေခြင်းဖြစ်သည်။

မိနှင့် မစန်းသင်တို့ ဟိုတစ်ပတ်ကများ ပြဿနာတက်သွားကြသလားမသိ။ သို့ဆိုလျှင်လည်း ဒီတစ်ပတ်မှာ သူတို့ လာကြတော့မည်မဟုတ်ချေ။ ခုဟာက သူတို့လာမည့်အကြောင်းကို မိကသိနေပြီးသားဖြစ်သည်။

တစ်ခြားဘာအကြောင်းများ ရှိသေးသလဲဟု စဉ်းစားကြသော်လည်း အဖြေကို မရ။



www.burmeseclassic.com

www.burmeseclassic.com

"ဘာလီတို့လာပြီဟေ့"ဟု အော်ရင်း သားက အိမ်ရှေ့ကို ပြေး ထွက်သွားသည်။ ကိုထွန်းဦး၏ သားနှစ်ယောက်သည်။ မျောက်နှ အောင်ဆော့တတ်သဖြင့် သုချိတ်နှင့်ဘာလီဟု သူတို့အဖေက နာမည်ပေးထားသည်။

ကိုသိန်းမောင်တို့၏ သားကတော့ သာမာန်အားဖြင့် သိမ်မွေ ဟု ထင်ရသည်။ အမှန်မှာပင် အဖော်မရှိ၍သာ ဖြစ်သည်။ ကိုထွန်းဦး၏ သားနှစ်ကောင်နှင့် ပေါင်းမိပြီဆိုသည်နှင့် သူလည်း စံချိန်မီဖြစ်လာ တတ်သည်။

ထို့ကြောင့် ကိုထွန်းဦးတို့အလာကို သူကလည်း မျှော်နေလေ့ရှိ၏။

ကိုထွန်းဦးတို့ သမီးငယ်နှင့် ကိုသိန်းမောင်တို့၏ သမီးအငယ် လည်း မတိမ်းမယိမ်း။ သူတို့သည်လည်း မိန်းကလေးတို့ သဘာ အတိုင်း ကစားဖော်များဖြစ်ကြ၏။

"ခင်ဗျားတို့ နောက်ကျတယ်ဗျာ"ဟု ကိုသိန်းမောင်က ဆီးကြို ရင်းပြောသည်။

"အေးဗျာ၊ ထွက်လာခါနီးမှ မိုးကတအားရွာချလို့ မိုးစဲအော စောင့်နေရတယ်. . ."

ကိုထွန်းဦးက ပြန်ပြောသည်။ မစန်းသင်က. . .

"မိတစ်ယောက်ကော ချက်လို့ပြုတ်လို့မှ ပြီးသေးရဲ့လား" ဟု ပြောပြီး မီးဖိုဘက် လှမ်းဝင်သွား၏။ မိ၏ စောစောက အမူအယာ ကို မြင်ထားသော ကိုသိန်းမောင်က စိုးရိမ်သွားမိ၏။ မိက မစန်းသင် ကို မချေမငံများ ပြောလိုက်လေမလား။ မနှစ်သက်သော အမူအရာ များ ပြလိုက်မလားဟု စိတ်ပူသွားခြင်းဖြစ်သည်။

ထို့ကြောင့် ကိုထွန်းဦးကို "ခဏထိုင်ဦးဗျာ" ဟု ပြောပြီး မီးဖို ထဲသို့ မယောင်မလည်ဝင်လာခဲ့သည်။





မစန်းသင်က မိဘေးမှာထိုင်ပြီး ဟင်းနုနယ်ရွက်တွေ ကူသင် ပေးနေ၏။ မိ၏ မျက်နှာထားကို အကဲခတ်ကြည့်ရာ ပုံမှန်အတိုင်း ပင်ဖြစ်သည်။ တင်းမာသော အရိပ်အယောင် မတွေ့ရချေ။

မစန်းသင်က "ဟင်းနုနယ်ရွက်ကလေးတွေ သန်လိုက်တာနော်၊ အရိုးတွေကြီးနေလို့ ရင့်မယ်အောက်မေ့တာ၊ ချိုးကြည့်မှ နုနုလေး တွေမှန်းသိရတယ်" ဟု ပြောသည်ကို မိက "ဟုတ်တယ် မစန်းသင်ရဲ့ တို့ဈေးမှာက ဟင်းသီးဟင်းရွက်တွေ လတ်ဆတ်တယ်" ဟု စိတ်လို လက်ရ အသာတကြည် ပြန်ပြောလိုက်၏။

သူတို့နှစ်ယောက်ဆက်ဆံပုံမှာ ဟိုအရင်ကအတိုင်းဖြစ်သည်။ ကိုသိန်းမောင် စိတ်အေးသွားရသည်။ သို့ရာတွင် မနက်က မိ၏ အမူအရာကြောင့်တော့ စိတ်ထင့်နေတုန်းပင်။

⁂ ⁂ ⁂

ကိုထွန်းဦးက . . .

"ဒီနေ့လုပ်သားသတင်းစာထဲက ဆောင်းပါး ဖတ်ပြီးပြီလား" ဟု မေးသည်။ ကိုသိန်းမောင်က "မဖတ်ရသေးဘူးလေ၊ ကျွန်တော် တို့အိမ်က ဗိုလ်တထောင်ယူတာပဲ၊ ဘာအကြောင်းမို့လို့လည်း. . ."

"အစားအစာထဲထည့်တဲ့ဆိုးဆေးတွေ အကြောင်းလေဗျာ" ဆိုပြီး ဆောင်းပါးကို ပြန်ပြောပြသည်။ အစားအစာတွင်ပါသော ဆိုးဆေးများ၏ အန္တရာယ်အကြောင်း။ ထိုမှ စကားစရသွားပြီး ဆေးဝါးအတုတွေအကြောင်း၊ ဝိသမလောဘသမားများအကြောင်းထိ ဆက်ပြောကြသည်။

မိက ထမင်းစားဖို့ လာခေါ်မှပင် စကားစပြတ်တော့၏။ ကိုထွန်းဦးတို့ သားနှစ်ကောင်သည် ဟင်းစားကြီးသည်။ စားသောက်



www.burmeseclassic.com

www.burmeseclassic.com

ရာတွင်လည်း ငြိမ်ငြိမ်ဆိမ်ဆိမ်မရှိ။ လူကြီးတွေ ထည့်အပေးကို မစောင့်ပဲ သူတို့ဘာသာ ဟင်းခွက်တွေကို စိတ်ကြိုက်နှိုက်တာတ်သည်။ ကိုသိန်းမောင်တို့ သားနှင့်သမီးတောင်မှ သူတို့အတူခိုးပြီး စည်းကမ်းဖောက်ချင်လာသည်။

မိမကျေနပ်တာ ဒါများလားဟု ကိုသိန်းမောင်တွေးလိုက်မိသေးသည်။

နေ့လည်ပိုင်းကျတော့ ကိုသိန်းမောင်နှင့် ကိုထွန်းဦးတို့က အိမ်ရှေ့ခန်းမှာ စစ်တုရင်ထိုးကြသည်။

မိနှင့် မစန်းသင်က မီးဖိုထဲမှာ တစ်ပတ်အတွင်းကြုံတွေ့ရသမျှ သတင်းတွေကို ဖလှယ်ကြသည်။

ကလေးငါးယောက်က အိမ်ရှေ့ကွက်လပ်မှာ ကစားကြ၏။ ကိုသိန်းမောင်တို့၏ သားနှင့်သမီးသည် သာမာန်အားဖြင့် လိမ္မာရေးခြားရှိကြသူများဟု ဆိုနိုင်သည်။ မျက်စိနောက်လောက်အောင် အကြမ်းပတမ်းဆော့တတ်သူများ မဟုတ်ကြ။

သုချိတ်နှင့် ဘာလီညီနောင်တို့နှင့် ပေါင်းမိသောအခါတွင်ကား သူတို့စံချိန် အမီလိုက်တော့သည်။ မိန်းကလေးနှစ်ယောက်ကလည်း အသံကလေးတွေ တစာစာနှင့် ဖြစ်နေကြလေသည်။

စစ်တုရင်ထိုးကြရာတွင် ကိုသိန်းမောင်နှင့် ကိုထွန်းဦးတို့ တစ်ယောက်တစ်ပွဲစီနိုင်ကြသည်။ တတိယပွဲကို အကြိတ်အနယ်ယှဉ်ပြိုင်ကြရာ ကိုသိန်းမောင်က ကစားကွက်သာနေသည်။





ထိုအချိန်တွင် ကိုထွန်းဦးသား အကြီးကောင်ကို အငယ်ကောင်က စပြီး ထွက်ပြေးသည်။ အကြီးကောင်က နောက်ကလိုက်သည်။ အငယ်ကောင်က အိမ်ပေါ်ပြေးတက်လာရာ အရှိန်လွန်ပြီး စစ်တုရင်ခုံကို ဝင်တိုက်မိသည်။

အရုပ်တွေ ဖရိုဖရဲပြိုလဲ ကျကုန်သည်။ ဘယ်အရုပ်က ဘယ်အကွက်မှာ ရှိခဲ့မှန်းမသိကြတော့။ ပြန်၍နေရချလို့မရသဖြင့် ပွဲပျက်သွားသည်။

ကိုသိန်းမောင်သည် နောက်တစ်ကွက်၊ နှစ်ကွက်ဆိုလျှင် ကိုထွန်းဦး၏ ဘုရင်ရုပ်ကို အမိဖမ်းနိုင်တော့မည့် အခြေအနေတွင် ပွဲပျက်သွားရသဖြင့် နည်းနည်းဒေါသထွက်သွားသည်။ ကိုထွန်းဦးကို အားနာသဖြင့် ဘာမျှတော့မပြော။ ကိုထွန်းဦးကတော့. . .

"တော်တော်ဆိုးတဲ့ကောင်တွေ၊ ဝေးဝေးမှာ သွားကစားကြကွာ" ဟု၍သာပြောသည်။ သူ့သားတွေကို ဆူပူကြိမ်းမောင်းခြင်း မရှိချေ။

ညနေစောင်းတွင် ကိုသိန်းမောင်နှင့် ကိုထွန်းဦးတို့အပြင်ထွက်ကြသည်။ စားသောက်ဆိုင်တစ်ဆိုင်မှာ "အဖြူ"ပုလင်းတစ်ပြားစာကို နှစ်ယောက်သောက်ကြသည်။ တစ်ခါတစ်လေလည်း နည်းနည်းပိုသွားသည်။ စကားတပြောပြောနှင့် သောက်ကြပြီး ထမင်းစားချိန်ကျမှ အိမ်ပြန်သည်။

ညနေစာ ထမင်းစားပြီးချိန်တွင် မှောင်လုနေပြီ။ ထိုအခါကျမှ ကိုထွန်းဦးတို့ မိသားစုလည်း ပြန်ကြလေတော့သည်။

မစန်းသင်နှင့် မိတို့သည် ပြန်ကာနီးထိ စကားစမပြတ်ကြသေး။ မစန်းသင်က ပြန်ရန်နှုတ်ဆက်ရင်း. . .

"နောက်မှ အေးအေးဆေးဆေး ပြောပြဦးမယ်"ဟု ဆိုသွားသေးသည်။ မိက ပြုံး၍ ခေါင်းညိတ်၏။



www.burmeseclassic.com

www.burmeseclassic.com

သူထင်ထားသလိုမဟုတ်ဘဲ မိနှင့် မစန်းသင်တို့ ပြေပြေလည်လည် ရှိနေကြသည်ကို မြင်သဖြင့် ကိုသိန်းမောင် တစ်နေ့လုံး စိတ်ထင့်ခဲ့ရသည်များ ပျောက်သွားသည်။

မိ အနေဖြင့် စိတ်အခန့်မသင့်လို့သာ မစန်းသင်တို့ အိမ်လာလည်နေသည်ကို မနှစ်မြို့ဟန်မျိုး ပြောခဲ့ခြင်းပင်ဖြစ်လိမ့်မည်။ ခုတော့ သူလည်း စိတ်ပြေသွားပြီ ထင်သည်။

သို့ရာတွင် မစန်းသင်တို့ ပြန်သွားသည်နှင့် မိ၏မျက်နှာထားက မနက်ကလို ပြန်ဖြစ်သွား၏။ ပါးစပ်ကလည်း ဖျစ်တောက် ဖျစ်တောက် ဖြစ်လာသည်။ ကိုသိန်းမောင်က. . .

"ဘယ်လိုဖြစ်တာလဲကွာ၊ သူတို့ကအရင်လဲ အမြဲလာနေကျပဲဟာ၊ ခုမှ ဘာမကျေမနပ်ဖြစ်နေရတာလဲ. . ."

"အရင်နဲ့မတူဘူး၊ ရှင်က သူတို့အကြောင်းဘာသိလို့လဲ. . ."

မိက ခါးတစ်ဘက်ထောက်ရင်း ပြန်မေးသည်။

"ငါသိတာကတော့ ကိုထွန်းဦးက မင်းရဲ့အစ်ကိုဝမ်းကွဲ၊ မစန်းသင်က မင်းရဲ့သူငယ်ချင်း. . ."

"သူငယ်ချင်းလဲဖြစ်၊ ယောက်မလဲဖြစ်လို့ ခက်နေတာပေါ့. . ."

"သူကဘာဖြစ်နေလို့လဲ. . ."

"ဘာဖြစ်ရမှာလဲ၊ ဟိုတစ်ပတ်လာတုန်းကပြောသွားတယ်လေ၊ ရွှေလေးဘာလေးရောင်းမယ့်လူရှိရင် ပြောစမ်းပါတဲ့၊ တစ်မတ်သားလောက်ပေါ့တဲ့. . ."

"အေးလေ၊ အဲဒါဘာဖြစ်သလဲ၊ သူ့ဘာသာ ရွှေဝယ်တာ. . ."

"ဒါကတော့ မစန်းသင်က စုဆောင်းတတ်လို့ဖြစ်မှာပေါ့၊ အသုံးအစွဲ စနစ်ကျလို့ဖြစ်မှာပေါ့. . ."

"စနစ်ကျတာမဟုတ်ဘူး၊ စီးတာ စီးတာ သိရဲ့လား"

"စီးတာဟုတ်လား၊ ငါတော့မသိပေါင်ကွာ""သူက ရွှေဝယ်ဖို့ ပိုက်ဆံကို ဘယ်လိုနည်းနဲ့ စုတယ်မှတ်လို့လဲ. . .၊ ပြောပါဦး. . ."





"မိတို့အိမ်ကို သူတို့စနေနေ့တိုင်း လာတယ်မဟုတ်လား။ တစ်နေ့လုံးနေတယ်လေ၊ မနက်စာရော ညစာပါစားပြီးမှ ပြန်တယ်လေ၊ တစ်ရက်စာ အကုန်သက်သာတာပေါ့၊ သူတို့အိမ်မှာ ချက်စားရင် တစ်ဆယ်လောက်ကုန်မယ်၊ ဒီတော့ တစ်ပတ်တစ်ဆယ်၊ တစ်လလေးဆယ်လောက် ပိုထွက်လာတာပေါ့၊ အဲဒါတွေစုပြီး ခုရွှေဝယ်တာပဲ၊ ရှင်းပြီလား. . ."

"ဒါဆိုလည်း အိမ်ကိုမလာနဲ့လို့ ပြောလိုက်ပေါ့ကွာ. . ."

"တစ်ခုစိတ်ကူးမိလို့ပါ၊ မိတို့လည်း တနင်္ဂနွေနေ့ကျရင် အမေတို့အိမ် သွားသွားနေကြရင် ကောင်းမလားလို့. . ."

ကိုသိန်းမောင် ပြုံးလိုက်သည်။ ပြီးတော့. . .

"ဒီလိုလုပ်ကွာ၊ အတုံ့အလှည့်ဖြစ်အောင် တနင်္ဂနွေနေ့တွေကျတော့ မစန်းသင်တို့အိမ်ကို ငါတို့က ပြန်သွားလည်မယ်. . ."

"ရပါလိမ့်မယ်၊ တနင်္ဂနွေကျရင်လဲ မစန်းသင်တို့က သူ့အစ်မအိမ် သွားသွားနေတာတဲ့. . ."ဟု မိက ပြန်ပြောသည်။

မင်းလူ

(ဒဂုန်၊ ဖေဖော်ဝါရီ၊ ၁၉၈၅)



www.burmeseclassic.com

www.burmeseclassic.com



# တောင်မင်းနှင့် မြောက်မင်း

ငွေသည် အချိန်ကဲ့သို့ ကုန်လွယ်၏။ ထို့အတူ အချိန်သည်လည်း ငွေကဲ့သို့ပင် ကုန်လွယ်၏။ တစ်ခုကွာခြားသည်က အချိန်သည် အလကားရသည်။ ကုန်ဆုံးသွားသော ကာလများအတွက် အလို အလျောက် အစားထိုးဝင်ရောက်လာနိုင်သည်။ ငွေကျတော့ ဒီလို မဟုတ်၊ အလိုအလျောက် ဖြည့်ဆည်းမပေးနိုင်ချေ။

မည်သို့ပင်ဖြစ်စေ၊ အချိန်နှင့်ငွေသည် လူကိုမစောင့်တတ်ချင်း တော့အတူတူပင် ဖြစ်၏။

ဤသို့ဖြင့် အချိန်နှင့်အမျှ ငွေကကုန်နေပြီ၊ အချိန်နှင့်အမြန် နှုန်းကို ငွေကမီအောင် မလိုက်နိုင်သောအခါ သူ့တွင် အကျပ် အတည်း ပေါ်လာလေတော့သည်။

⁂ ⁂ ⁂

"ကျွန်တော့်အလုပ်က ပုံမှန်ဝင်ငွေဆိုတာ မဟုတ်ပါဘူးဗျာ"ဟု သူပြောလေ့ရှိသည်။ ပြောသည့်အခါတိုင်းလည်း ထိုစကားအတွက် စိတ်ထဲက ကြိတ်၍ပြုံးမိမြဲဖြစ်သည်။ ပုံမှန်ဝင်ငွေမဟုတ်လျှင် ပုံမှား ဝင်ငွေပေါ့ဟု တွေးမိသောကြောင့် ဖြစ်သည်။

ပဉ္စဂံစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

တကယ်တော့ သူ့အလုပ်သည်လည်း ပုံမှန်အလုပ်မဟုတ်ချေ။ ပုံနှိပ်လောက အတွင်း လှည့်လည်ကျင်လည်နေရသူသာ ဖြစ်သည်။

သူသည် စက်နောက်ကြည့် ခေါ် စက်ဆရာ၏တပည့်လည်း လုပ်ဖူးသည်။ စာလည်းဝင်စီကြည့်ဖူးသည်။ စာပြင်ဆရာလည်း လုပ်ဖူးသည်။ စက္ကူရုံး၊ စာပေစိစစ်ရေး စသည်တို့ကို ထုတ်ဝေသူ ပုံနှိပ်သူတို့၏ကိုယ်စား သွားပေးရသည့်အလုပ်ကလည်း လုပ်ဖူးသည်။

တစ်ကိုယ်ရေ တစ်ကာယနေခဲ့တုန်းက သိပ်အရေးမကြီး။ ဖြစ်သလိုနေ၊ ဖြစ်သလိုစားလို့ရသည်။ ပိုက်ဆံမရှိလည်း ပူစရာမလို။ သူငယ်ချင်းအပေါင်းအသင်းတစ်ယောက်ယောက်ဆီက ဆွဲလိုက်ရုံပင်။ ကျောချစရာတစ်နေရာတောင်မှ သူ့အတွက် ပြဿနာမရှိ။ ပုံနှိပ်တိုက်စက္ကူပုံများသည် သူ့အတွက် အကောင်းဆုံး၊ ဇိမ်အရှိဆုံး မွေ့ရာများ။

ထိုသို့လုပ်ရင်းပင် အိမ်ထောင်ကျခဲ့သည်။ ခုဆိုလျှင် ကလေးနှစ်ယောက်တောင် ရနေပြီ။ သားနှင့်မယားနှင့်ဖြစ်လာသဖြင့် အရင်လိုနေလို့ မရတော့။ အိမ်ထောင်တစ်ခုကို ထူထောင်မိပြီဆိုသောအခါ ထိုအိမ်ထောင်၏ စားဝတ်နေရေးတာဝန်ကို မပျက်မကွက် ထမ်းဆောင်ရလေတော့သတည်း။

စားဝတ်နေရေးဆိုသည်ကလည်း နေ့စဉ်နှင့်အမျှရှိနေသော ဖြစ်စဉ်တစ်ရပ်ဖြစ်သည်။ တစ်ရက်လောက်မစားဘဲ၊ မဝတ်ဘဲ၊ မနေဘဲ မရနိုင်။ စားခြင်း၊ ဝတ်ခြင်း၊ နေခြင်းမှ ရှောင်လွှဲ၍ တစ်ရက်လောက် ခွင့်ယူမည်ဆိုလို့ မဖြစ်ချေ။

ထို့ကြောင့် သူသည် အလုပ်ကို ကြိုးကြိုးစားစားလုပ်ရသည်။ အိမ်ထောင်ဦးကာလတုန်းကတော့ အဆင်ပြေသယောင်ယောင် ရှိ၏။ သားတစ်ယောက်ရလာတော့ နည်းနည်းကသီလာ၏။ သမီးတစ်ယောက်ထပ်မံဖွားမြင်ခဲ့ပြန်သောအခါ အများကြီးကသီလာလေသည်။ မကြာခဏဆိုသလို ငွေကြေးပြတ်လပ်မှုနှင့် ကြုံရတတ်သည်။

ခုလည်း သူ့မှာ အခက်အခဲတွေ့နေသည်။ သူသည် ပုံနှိပ်တိုက်တစ်တိုက်မှာ ဖောင်စားစာပြင်တစ်ယောက်အဖြစ် ဝင်ရောက်လုပ်ကိုင်နေခြင်းဖြစ်၏။ ဖောင်စားဖြစ်သဖြင့် အလုပ်များလျှင် များသလို နည်းလျှင်နည်းသလို လုပ်ရသည်။

ဒီလရက်ပိုင်းအတွင်း စက္ကူအခက်အခဲကြောင့် ပုံနှိပ်တိုက်မှာ အလုပ်ပါးလာသည်။ ထို့ကြောင့် သူ့ဝင်ငွေလည်း လျော့လာ၏။ မနေ့က စက်မောင်းတာတစ်ခု ကျိုးသွားသည်။ လေးငါးရက်လောက် ပြင်ရမည်။ ထိုရက်များအတွင်း သူ့အလုပ်လက်မဲ့ဖြစ်သွားသည် ဆိုသည့်သဘော။

သူတို့ပုံနှိပ်တိုက်က စနေနေ့တိုင်း ငွေရှင်းပေးသည်။ ဒီနေ့မှ အင်္ဂါနေ့ရှိသေးသည်။ စနေနေ့ရောက်သည့်တိုင် သူ့အတွက် မျှော်လင့်ချက်မရှိချေ။ တနင်္ဂနွေနေ့က စက်ပိတ်သဖြင့် အလုပ်မလုပ်ဖြစ်ခဲ့။ မနေ့က တနင်္လာ၊ ညနေပိုင်း စက်ကျိုးသွားသည်။ ဒီတစ်ပတ် အတွင်း တစ်ရက်စာသာ ရစရာရှိ၏။ ကြိုတင်ငွေကလေး၊ ဘာလေး တောင်းလို့ ရချင်ရမည်။ သိပ်တော့မကျိန်းသေ။ ပုံနှိပ်တိုက်ပိုင်ရှင်ကလည်း စက်ပြင်ရတာနှင့် အလုပ်ပါးတာနှင့်ဆိုလျှင် ငွေရှိချင်မှ ရှိမည်။ ရှိလို့ကြိုတင်ငွေထုတ်ပေးသည်ပင်ထားဦး။ ထိုငွေက အကြွေးအဖြစ် တင်ရှိသွားပြီ။

www.burmeseclassic.com

သည်ကြားထဲ သီတင်းက ကျွတ်လိုက်သေးသည်။ မကင်းရာ မကင်းကြောင်း မင်္ဂလာဆောင်တွေလာတော့မည်။ နှစ်ဘက်မိဘများအနက်က တစ်ယောက်တည်းသာကျန်ရစ်ခဲ့သော အဖေအိုကြီးကို ကန်တော့ချင်သည်။ ကလေးနှစ်ယောက်ကိုလည်း အင်္ကျီလေး တစ်ထည်စီလောက် ဝယ်ပေးသင့်သည်။

ဒါတွေထားဦး၊ လောလောဆယ်စားဖို့သောက်ဖို့က အရေးကြီးသည်။ လက်ထဲမှာ ငွေနှစ်ဆယ်လျော့လျော့သာ ရှိတော့သည်။ ဘယ်လိုပဲ စိစိစစ်စစ်သုံးသုံး၊ နှစ်ရက်သုံးရက်လောက်ထက်ပို၍ ခံမည်မဟုတ်။ မကုန်မဖြစ် အကုန်ခံရမည်ကိစ္စက ရှိသေးသည်။

လမ်းစရိတ်။

သူမြို့ထဲထွက်ရမည်။ ပိုက်ဆံရှာရမည်။ ဈေးတန်ဈေးရမည်။ သူတို့စက်ပိတ်ထားသည့်အချိန်အတွင်း အခြားစက်တစ်ခုခုမှာ အလုပ်ကလေး၊ ဘာလေး ရလိုရငြား စုံစမ်းရမည်။

ပိုက်ဆံလေးငါးကျပ်နှင့် အကြွေပြားလေးဆယ်ယူပြီး မြို့ထဲဘက်ထွက်ခဲ့သည်။ အိမ်ကအထွက်တွင် သားအကြီးကောင်က "ဖေဖေ ဟယ်လီကော်ပတာ ဝယ်ခဲ့ပါ"ဟု မှာသည်။ သူ့အဖေကိုများ မီလျံနာ မှတ်နေသလားဟု တွေးမိသည်။ လမ်းထိပ်ရောက်မှ သဘောပေါက်လာသည်။ မီးပုံးတွန်းသည့်လှည်းကလေး မှာခြင်းဖြစ်သည်။ ဟယ်လီကော်ပတာ၊ မော်တော်ကား၊ လေယာဉ်ပျံ၊ သင်္ဘော စသည်ဖြင့် မီးပုံးစက္ကူဖြင့် ပြုလုပ်ထားသော ကစားစရာအရုပ်များရောင်းသော ဆိုင်ကို တွေ့ရသောကြောင့်ပင်။

သားတို့သမီးတို့သည်လည်း သီတင်းကျွတ်မှာ တစ်ခြားကလေးတွေကို ကစားချင်ရှာပေလိမ့်မည်။ အဝတ်အစားအသစ်တွေ မပူဆာသည်ကိုပင် ကျေးဇူးတင်ရဦးမည်။





သူအလုပ်လုပ်သော ပုံနှိပ်တိုက်ကိုရောက်တော့ ရှေ့ခန်းက စားပွဲမှာ ခပ်ငိုင်ငိုင်ထိုင်နေသော တိုက်ရှင်မိန်းမကို တွေ့လိုက်ရသည်။ ဒီမိန်းမဆီကတော့ ငွေချေးလို့ ရနိုင်စရာ အကြောင်းမရှိ။

ထို့ကြောင့် 'စက်ကောင်းသွားပြီလားလို့ လာကြည့်တာပါ'ဟု အကြောင်းပြလိုက်ရလေသည်။ "ဒီအပတ်ထဲပြီးရင် ကောင်းပဲလို့ ပြောသံကြားတာပဲ၊ ခုလဲ တွင်ခုံသွားကြတယ်..."

သူ့တိုက်မှာ ခဏထိုင်ပြီးနောက် ထွက်လာခဲ့သည်။ သူအရင်အလုပ်လုပ်ဖူးသော ပုံနှိပ်တိုက်တစ်တိုက်ကိုသွားသည်။ တစ်ခါတစ်ရံ ပုံနှိပ်တိုက်တွေမှာ စာပြင်ဆရာမလာသဖြင့် ပိုင်ရှင်ကိုယ်တိုင် ပြင်ရသည့်အခါမျိုးရှိသည်။ ဒါမျိုးကြုံလျှင် တစ်နေ့တွက်လောက်တော့ အလုပ်ရနိုင်သည်။

သို့ရာတွင် သူထင်သလိုမဖြစ်။ ထိုပုံနှိပ်တိုက်သို့ ဝင်ဝင်ချင်း စားပွဲမှာ အခန့်သားထိုင်နေသော စာပြင်ဆရာတစ်ယောက်ကို တွေ့လိုက်ရ၏။ တစ်ခြားတိုက်တွေမှာလည်း ထို့အတူပင်။ တိုက်တစ်တိုက် ကတော့ စာပြင်ဆရာမရှိဟုဆိုသဖြင့် ဝမ်းသာသွားမည်ကြံကာ ရှိသေး. . .။

"အဲဒါဗျာ၊ ကျွန်တော့် ခယ်မလေးကိုပဲ ခေါ်ပြင်ခိုင်းထားရတယ်၊ ဆယ်တန်းဆိုတော့ တော်ရုံတန်ရုံစာလုံးပေါင်းမှားတာလောက်တော့ ပြင်တတ်တာပေါ့လေ၊ အလုပ်ကလဲ ပါးနေတော့ စာပြင်ဆရာရယ်လို့ ခေါ်မထားတော့ပါဘူးဗျာ"ဟု ထိုတိုက်ရှင်က အလိမ္မာဖက်၍ ပြောလိုက်သဖြင့် တပ်လန်ခဲ့ရပြန်သည်။

သုံးဆယ့်သုံးလမ်းထိပ်က ရွှေကြည်အေးလက်ဖက်ရည်ဆိုင်သို့ သွားသည်။ ထိုဆိုင်မှာ စာပေလောကသားများဆုံလေ့ရှိ၏။ အလုပ်ကလေးဘာလေး ခလုတ်တိုက်မိလို့ တိုက်မိငြား။


www.burmeseclassic.com

www.burmeseclassic.com

ဆိုင်ထဲဝင်ပြီး လူရှင်းသော စားပွဲမှာထိုင်၏။ စားပွဲထိုးက ဘာသောက်မလဲမေးသည်။

"မသောက်သေးဘူး၊ ပြီးမှ"ဟု ပြောလိုက်သည်။ သူ့လိုပင်လက်ဖက်ရည်တိုက်မည့် ဒါယကာကို ထိုင်စောင့်နေတတ်သူမျိုး ဒီဆိုင်မှာ ကြုံဖူးနေပြီဖြစ်သဖြင့် ဘာမှ ထွေထွေထူးထူး မပြောတော့ဘဲ ပြန်လှည့်ထွက်သွားသည် ဆိုင်ထဲမှာ သူနှင့်သိသူ တစ်ယောက်မျှမရှိ။

အတန်ကြာမှ သူနှင့် မျက်မှန်းတန်းမိနေသော စာရေးဆရာတစ်ယောက်ဝင်လာသည်။ တစ်ခြားစားပွဲလွတ်မရှိသဖြင့် သူ့စားပွဲမှာ လာထိုင်သည်။

"တစ်ယောက်တည်းလား၊ ဘယ်သူ့စောင့်နေတာလဲ"ဟု နှုတ်ဆက်ရင်း မေးသည်။

"ကျွန်တော်တို့ တိုက်ကစက်ကျိုးနေလို့ဆရာရဲ့၊ အဲဒါ တစ်ခြားစက်တစ်ခုခုများ ခဏတစ်ဖြုတ် ဝင်လိုက်လို့ ရမလားလို့ ထွက်လာခဲ့တာ"

"ကျွန်တော်လဲ ထုတ်ဝေသူဆီ ငွေလေးဘာလေး ထပ်တောင်းမလားလို့ လာစောင့်တာပဲ၊ သောက်ပြီးပြီလား"ဟု တစ်ဆက်တည်းမေးသဖြင့် "သောက်မလို့၊ ခုပဲ ရောက်တာ" စာရေးဆရာက လက်ဖက်ရည်နှစ်ခွက်မှာသည်။ သူသည် မျှော်လင့်ချက်ကလေး တစ်ခုစဉ်းစားမိသည်။ စာရေးဆရာငွေရလျှင် ရှေ့မျက်နှာနောက်ထားပြီး ငွေအစိတ်လောက်ချေးမည်။ ထိုစာရေးဆရာက သဘောကောင်းသည်။ ထိုအတွေးကလေးဖြင့် ထုတ်ဝေသူအလာကို ကူညီ၍ စောင့်ပေးနေလိုက်သည်။

ထုတ်ဝေသူက အကြာကြီး ကြာအောင်စောင့်ပြီးမှ ရောက်လာသည်။





ရောက်ရောက်ချင်း ထိုင်တောင်မထိုင်ရသေးခင်. . .

"ဆောရီးပဲ ဆရာရေ၊ စာတိုက်ကြီးသွားတာ နည်းနည်း နောက်ကျသွားလို့ ငွေမထုတ်ခဲ့ရဘူး။ ဟိုဟာမနက်ဖြန်မှ ယူပါဆရာ၊ ဖြစ်တယ်မဟုတ်လား"ဟု ပြောလေ၏။

* * *

ညနေစောင်းပြီး လမ်းစရိတ် ပြားရှစ်ဆယ်နှင့် ဆေးလိပ်ဖိုးပြားသုံးဆယ်သာ ကုန်သွားသည်။ ဘာမျှအလုပ်မဖြစ်။ ပြန်ဖို့သာရှိသည်။ ဆူးလေဘုရားလမ်း ကားမှတ်တိုင်သို့ လျှောက်ခဲ့သည်။

ထိုစဉ် တစ်စုံတစ်ယောက်ကို ဖြတ်ကနဲ သတိရလိုက်သည်။ ကိုဂျော်ကီ။

ကိုဂျော်ကီသည် အစက စက္ကူပွဲစားတစ်ယောက်ဖြစ်သည်။ အချိုကြီးတစ်ချီ ပွပေါက်တိုးပြီးနောက် ပုံနှိပ်စက်ပိုင်ရှင်ဖြစ်သွားသည်။ စက်ကို ဈေးကောင်းရသည့်အချိန်မှာ ရောင်းထုတ်ပြီး မော်တော်ကားဝယ်ရောင်းလုပ်သည်။ ဈေးအချောင်ရသည့် ကားခပ်စုတ်စုတ်တွေဝယ်ပြီး ပြန်ပြင်၊ ပေါက်ဈေးဖြင့် ပြန်ရောင်းခြင်းဖြစ်သည်။ လည်လည်ဝယ်ဝယ်ရှိသဖြင့် အတော်အကျိုးဖြစ်သည်ဟုသိရ၏။

သူသည် ကိုဂျော်ကီ စက္ကူပွဲစားဘဝကတည်းက ခင်မင်နေခဲ့ခြင်းဖြစ်သည်။ ကိုဂျော်ကီ ပုံနှိပ်စက်ထောင်တုန်းကလည်း သူကူခဲ့ဖူးသည်။ ကိုဂျော်ကီနှင့်တွေ့လျှင် ငွေငါးဆယ်လောက်တော့ ချေးလို့ရနိုင်သည်။ ပြန်မပေးပါနဲ့တော့ဗျာဟူ၍ပင် ပြောချင်ပြောပေလိမ့်မည်။

ဒီအချိန် ကိုဂျော်ကီ ဘယ်မှာရှိနိုင်သည်ကို သူသိ၏။ ဒဂုံဟိုတယ်အပေါ်ထပ် ဘားခန်းမှာ။



www.burmeseclassic.com

www.burmeseclassic.com

အလယ်မကျတကျစားပွဲမှာ ကိုဂျော်ကီကို တွေ့ရသည်။ ကံအား လျော်စွာ သူ့စားပွဲမှာ သူတစ်ယောက်တည်းပင် ထိုင်နေသည်။ စားပွဲနားလျှောက်သွားပြီး နှုတ်ဆက်လိုက်သည်။ ကိုဂျော်ကီက "လာဗျာ၊ ထိုင်"ဟု ခရီးဦးကြို ပြုသည်။ သူဝင်ထိုင်သည်။ ကိုဂျော်ကီ ရှေ့မှာ ဖန်ခွက်တစ်ခွက်နှင့် ထည့်ထားသော ရမ်အရက်ကိုတွေ့ သည်။ ဖန်ခွက်ကအပြည့်။ ထပ်မှာထားမည်ဖြစ်မည်။ ကိုဂျော်ကီ ပုံစံက တော်တော်နှင့် မှန်ထားပြီးသား အခြေအနေ။

ကိုဂျော်ကီက စားပွဲထိုးကို ဖန်ခွက်တစ်လုံးမှာ လိုက်သည်။ သူ အရက်သောက်ဖို့ ငြင်းမည်ဟု စိတ်ကူးသေးသည်။ မသောက်ပဲ နှင့် ဒီကိုလာသည်ဆိုလျှင် ယုတ္တိမရှိမည်စိုး၍ ဘာမျှမပြောပဲနေ လိုက်သည်။

"ဘယ်ကလာလဲ. . ."

ကိုဂျော်ကီက မေးသည်။

"သုံးဆယ့်သုံးလမ်းဘက်ကဗျာ"ကိုဂျော်ကီက ခေါင်းညိတ်သည်။ ဘာမျှထပ်မပြော။ ဒူးယားဗူးကို သူ့ဘက်တိုးပေးသည်။ သူတစ်လိပ် ယူပြီး မီးညှိရှိုက်ဖွာနေသည်။ ဘားခန်းထဲတွင် မီးခိုးငွေ့များ အရက် နံ့များဖြင့် မွန်ထူနေသည်။

စားပွဲထိုးက ဖန်ခွက်တစ်လုံးလာချပေးသည်။ "ချဗျာ" ကိုဂျော် ကီက ပြောသဖြင့် ဖန်ခွက်ထဲ လက်တစ်လုံးလောက်ထည့်ပြီး ရေခဲ တစ်တုံး ဆိုဒါများများ ရောစပ်လိုက်သည်။ အရက်ကို တစ်ငုံငုံ သည်။

တီးဝိုင်းအဖွဲ့က မြန်မာတီးလုံးဖြင့် စတင်ဆော့ခံနေပြီ။ ကိုယ် လိုချင်တာ မပြောခင် သူတစ်ပါးအကြောင်းအရင်မေးရသည့် လူမှု ရေး ထုံးစံအရ သူစကားစသည်။

"ကိုဂျော်ကီ၊ လုပ်ငန်းကိုင်ငန်းကောင်းရဲ့လား. . ."





"မကောင်းဘူး. . ."

ကိုဂျော်ကီက ရှုံ့ရှုံ့မဲ့မဲ့ ပြန်ပြောသည်။ မေးလိုက်တာ မှားသွား ပြီဟု သိလိုက်၏။ ဘာမျှမတတ်နိုင်။ ကိုဂျော်ကီသူ့ကို အရက် တိုက် ခြင်းမှာ ပြောသမျှ နားထောင်ဖို့အတွက် ဖြစ်သွားပြီ။

"ဘယ်လို ဖြစ်လို့လဲဗျာ. . ."

စကားထောက်ပေးလိုက်ရသည်။ ကိုဂျော်ကီက ဖန်ခွက်ထဲမှ အရက်လက်ကျန်ကို ရှင်းလိုက်ပြီ။

"အခြေအနေ တော်တော်ဆိုးနေတယ်ဗျာ၊ သုံးဘီးကားနှစ်စင်း အချောင်ရလို့ ဝယ်လိုက်တာ၊ ခုတော့ သုံးဘီးတွေ နယ်သွားရမယ် ဆိုလို့ ဈေးတွေ ထိုးကျသွားပြီလေ. . ."

အရက်ထပ်ထည့်သည်။ ဆိုဒါမထည့်တော့၊ ရေခဲတစ်တုံးသာ ထည့်ပြီး တစ်ငုံငုံသည်။ ဆက်၍. . .

'ယ' နံပါတ်ကားတစ်စင်းလဲ ရှိသေးတယ်၊ ကားက တော်တော် စုတ်တယ်၊ လက်ပူတိုက်ဖို့တောင် အချိန်ရမှာမဟုတ်ဘူး။ သေချာ ပါတယ် နယ်နှင်ခံရမှာပဲ. . ."

"ဒီလိုလဲ ဘယ်. . . ဟုတ်ဦးမလဲလေ"ဟု သူက မရေမရာ ဝင်ပြော၏။ သူပြောသည်ကို ကိုဂျော်ကီကြားတောင်ကြားဟန် မတူ။ တီးဝိုင်းဆီသို့ ငေးကြည့်နေပြီးမှ. . .

"လူများ အဆင်မပြေချင်ဘူးဆို ဆက်တိုက်ပဲ၊ ဒီကြားထဲ တယ်လီဖုန်းကြွေးက လာလိုက်သေးတယ်ဗျာ၊ ပုံနှိပ်စက် ရောင်းထား တဲ့အတွက် အမြတ်ခွန်လဲ သွားသွင်းရဦးမယ်။ ကျွန်တော့်ဘဝပျက် တာပါပဲဗျာ"ဟု စိတ်ပျက်လက်ပျက် ပြောသည်။ အရက်ကို သောက်ချလိုက်ပြန်သည်။ ကိုဂျော်ကီသည် စကားအဖြစ်သာမဟုတ် ဘဲ တကယ် ဘဝပျက်နေသည့်ပုံစံမျိုးဖြစ်နေသည်။

"ခင်ဗျားရော အလုပ်အကိုင်ကောင်းရဲ့လား"ဟု ကိုဂျော်ကီက လူမှုရေးအရ မေးသည့်ပုံမျိုးဖြင့် မေးသည်။



www.burmeseclassic.com

www.burmeseclassic.com

"မဆိုးပါဘူးဗျာ၊ ပုံမှန်ကလေးပေါ့" ဟု သူဖြေသည်။ ငွေငါးဆယ် ချေးဖို့ကိစ္စ မပြောတော့ဟု ဆုံးဖြတ်လိုက်သည်။ ကိုဂျော်ကီကို အားပေးစကားအနည်းငယ်ပြောပြီး နှုတ်ဆက်ထွက်လာခဲ့သည်။

ကိုဂျော်ကီ၏ အဖြစ်နှင့် နှိုင်းဆာလိုက်သောအခါ သူ့စိတ်ထဲမှာ တော်တော်ပေါ့ပါးသွားသည်။ သူသည် သုံးဘီးကားဝယ်ထားသူ မဟုတ်သဖြင့် ဆုံးရှုံးစရာမရှိ တယ်လီဖုန်းလည်းမရှိ။ အမြတ်ခွန်လည်း ဆောင်စရာမလို။

ကိုဂျော်ကီ၏ သုံးဘီးကားတွေထက် သူ့ဆီမှာ လောလောဆယ် ရှိနေသော ငွေနှစ်ဆယ်လျော့လျော့က ပို၍တန်ဖိုးရှိနေပြီ။ သုံးရက် လောက်တော့ ထမင်းစားစရာ ရှိနေသေးသည်။ ကဲ. . . ဘာလို သေးလဲဟု အားတက်သွားပြီးလျှင် ဒဂုံဟိုတယ်ပေါ်မှ ရင်ကော့၍ ဆင်းလာခဲ့လေသည်။

မင်းလူ

(သဘင်၊ ဒီဇင်ဘာ၊ ၁၉၈၅)





## မုသာဝါဒ

လိမ်လည်ခြင်းအမျိုးမျိုးတို့တွင် မိမိကိုယ်မိမိ လိမ်ခြင်းသည် အဆိုးဆုံးဖြစ်သည်ဟု ဆိုကြသည်။ သို့ဖြစ်လျှင် မိမိနှင့်အနီးကပ်ဆုံး ရှိနေသော သူကို လိမ်ခြင်းသည်လည်း အဆိုးဆုံး မဟုတ်တောင် တော်တော်လေးတော့ ဆိုးသည်ဟု ဆိုနိုင်ပေမည်။ ကျွန်တော် လိမ်ခဲ့သော သူကား ကျွန်တော့်မိန်းမပင် ဖြစ်ပါသည်။

မိန်းမကို လိမ်သင့်/မလိမ်သင့်၊ အိမ်ထောင်ဘက်တော်တော် ရင့်နေသော ကျွန်တော့်ဆရာများကို မေးမြန်းကြည့်ရာ...

တစ်ယောက်က...

"ကိုယ့်မိန်းမပဲကွာ၊ ဘာလိမ်နေစရာလိုသလဲ၊ မိန်းမကြောက်တတ်တဲ့သူမှ လိမ်တာကွ၊ မှတ်ထား။ မိန်းမများ အကုန်လုံးပြောင်သာဖွင့်ပြောထား။ ကိုယ်က လိမ်မ်ယားခဲ့လို့ တစ်နေ့အလိမ်ပေါ်သွားရင် မိန်းမက တစ်သက်လုံး ကိုယ့်အပေါ်မှာ အယုံအကြည်ရှိတော့မှာမဟုတ်ဘူး..."ဟု ဩဝါဒပေးသည်။

အခြားတစ်ယောက်ကမူ...

"မိန်းမဆိုတာ နည်းနည်းတော့လိမ်ပေးကွ။ လိမ်တဲ့အခါကျရင်လဲ တချို့ကိစ္စတွေမှာ လိမ်မှန်းသိအောင် လုပ်ပေးရတယ်။ ဒါမှ သူတို့ကိုကြောက်လို့ အသိမပေးရဲတာနဲ့ လိမ်ရတာလို့ထင်မှာ။ အဒီ အခါ တော်ရုံကိစ္စဆိုရင် လိမ်မှန်းသိလျက်နဲ့ မသိချင်ယောင်ဆောင်



www.burmeseclassic.com

www.burmeseclassic.com

ဆောင်နေတတ်ကြသေးတယ်။ ကိုယ်လုပ်ခဲ့သမျှဟာ အကုန်အသိပေးရရင် ဘယ်မှာ လွတ်လပ်မှုရှိတော့မှာလဲ..."

ဤသို့လျှင် ဝိဝါဒကွဲနေကြလေသည်။

❀ ❀ ❀

မိန်းမကို လိမ်သည်ဆိုရာတွင်လည်း အမျိုးမျိုးရှိလေသည်။

အိမ်ပြန်နောက်ကျ၍လိမ်ခြင်း၊ သူငယ်ချင်းတွေနှင့် လက်ဖက်ရည်ဆိုင်မှာ ထိုင်စကားပြောမိသဖြင့် နောက်ကျသွားရသည်ကို ရုံးဆင်းခါနီးမှ အရေးတကြီးခိုင်းလို့ဆိုပြီး ................လွှဲချလို့ရသည်။

ငွေရေးကြေးရေးအရ လိမ်ခြင်း၊ ဒါကလည်း သိပ်အရေးမကြီးချေ။ အကြောင်းပြကောင်းဖို့သာ လိုသည်။ ရသမျှအကုန်အပ်ပြီးမှ စာရင်းအမျိုးမျိုးပြပြီး ပြန်တောင်တာမျိုး၊ ငွေအကုန်မအပ်ဘဲ လျှိုထားတာမျိုး လုပ်လို့ရသည်။ တကယ်တတ်ကျွမ်းကျင်သူဆိုလျှင် ကလေးအတွက် စုထားသော စုဗူးထဲက ပိုက်ဆံကို မရရအောင် ခြေရာလက်ရာမပျက် ထုတ်ယူသုံးလို့ ရသေးသည်။ မိသွားတော့လည်း 'ဟီး... ဟီး...၊ ဟဲ... ဟဲ...'ဆိုပြီး ရှုးသလို၊ ပေါသလို လုပ်လို့ရသေးသည်။

လိမ်ဖို့အခက်ဆုံးနှင့် အန္တရာယ်အကြီးမားဆုံးကတော့ အရင်ရည်းစားနှင့်ပတ်သက်၍ လိမ်ခြင်းဖြစ်သည်။ ဒီလိုကိစ္စမျိုးဆိုတာကလည်း အိမ်ကမိန်းမတွေ အသိချင်ဆုံးအကြောင်းအရာဖြစ်လေသည်။ ကိုယ့်ယောကျ်ားမှာ အရင်က ရည်းစားရှိခဲ့ဖူးသလား။ ရှိလျှင် ဘယ်နှစ်ယောက်ရှိလဲ သိချင်ကြသည်မှာ ဓမ္မတာဖြစ်သည်။ အသိပေးသင့်/မပေးသင့် ဆိုသည်ကိုကား ကျွန်တော် မဆုံးဖြတ်တတ်။ ရှေ့က အိမ်ထောင်ကျခဲ့သော သူငယ်ချင်းများ၏ နမူနာကို ကြည့်သောအခါ...





သောင်းမော်ဆိုသောကောင်က သူ့မိန်းမအား အရင်ရည်းစားအကြောင်းကို လုံးဝအသိမပေးဘဲထားသည်။ သူ့အနေဖြင့် ခြေရာလက်ရာတွေအားလုံး ဖျောက်ဖျက်ပြီးဖြစ်သည့်ကိစ္စမို့ သူ့မိန်းမ လုံးဝမသိနိုင်ဟု တွက်ထားသည်။

သို့ရာတွင် တစ်နေ့သ၌ သူငယ်ချင်းတစ်ယောက်၏ စကားများမှုကြောင့် ထိုကိစ္စပေါ်သွားပြီး လင်မယားစကားများကြသည်။ သောင်းမော်က အရင်ရည်းစားကို တကယ်ချစ်ခဲ့တာမဟုတ်။ ငယ်ငယ်က ရူးရူးမိုက်မိုက်မို့ အနေနီးလို့ပါ စသည်ဖြင့် မနည်းချော့မော့ယူခဲ့ရသည်။ ဒါတောင်မှ နောင်သောအခါတွင် သောင်းမော်အပေါ် အယုံအကြည်မရှိတော့ဘဲ အမြဲလိုလို မျက်စိဒေါက်ထောက်ကြည့်နေသဖြင့် ဒီကောင် အနေကြပ်ခဲ့ရသည်။

ချစ်အေးကတော့ 'ကိုယ်ပိုင်ပါတယ်'ဆိုပြီး သူ့မိန်းမကို မကြောက်လေဟန်ဖြင့် အလုံးစုံပြောပြထားသည်။ အရင်ရည်းစား၏ နာမည်ကိုတောင် အသိပေးထားသည်။ ထိုအခါကျပြန်တော့လည်း သူ့မိန်းမသည် ဆူဆူပူပူမလုပ်သည့်တိုင် ထိုကိစ္စနှင့်ပတ်သက်၍ အခါအခွင့်သင့်တိုင်း ထေ့တတ်ငေါ့တတ်ပြန်လေသည်။

ချစ်အေး တစ်စုံတစ်ခုစဉ်းစားနေတာတွေ့လျှင်...

"ဘာလဲ... သတိရပြီး ဆွေးနေပြီပေါ့... ဟုတ်လား..."ဟူ၍လည်းကောင်း။

တစ်ခါတရံ သူ့ဘာသာ အတင်းစကား မစပ်လုပ်၍...

"ပြောစမ်းပါ... ကိုနဲ့ အဲဒီအမျိုးသမီးနဲ့ ဘာကြောင့်လွဲခဲ့ကြရတာလဲ...၊ ကိုက စဖြတ်တာမဖြစ်နိုင်ဘူး...၊ ဟိုဘက်က ပစ်သွားတာသာ ဖြစ်ရမယ်...၊ ဒါကြောင့်... ခုထိ... စိတ်မကုန်သေးတာပေါ့"ဟူ၍လည်းကောင်း...

တစ်ခါတလေကျတော့...



www.burmeseclassic.com

www.burmeseclassic.com

"အရင်ဟာနဲ့ မိုးနဲ့ ဘယ်သူ့ကို ပိုချစ်သလဲ..."ဟူ၍လည်းကောင်း နောက်ပြောင်သလိုလိုနှင့် အစပြန်ဖော်တတ်သည်။ ချစ်ဇနီးမှာ အနုနည်းဖြင့် အတိုက်ခံနေရရှာခြင်းပင် ဖြစ်သည်။

ဘယ်ဘက်ကမှ မသက်သာပါကလား...

ကျွန်တော်သည် လေးမေနှင့် သုံးနှစ်သုံးမိုး ချစ်ကြိုက်ပြီးနောက် လက်ထပ်ကြဖို့ စီစဉ်သည်။ လက်ထပ်မင်္ဂလာပွဲအကြောင်းတော့ အကျယ်ချဲ့မပြောလိုတော့ပါ။ မင်္ဂလာမဆောင်ခင် နှစ်ရက်လောက် အလိုမှာ ကျွန်တော်လုပ်ခဲ့သော ကိစ္စတစ်ခုကြောင့်သာ ပြောပါမည်။

အရင်ရည်းစားထံမှ စာများ၊ ပို့စကတ်များ၊ ဓာတ်ပုံများကို ဖျောက်ဖျက်ပစ်ခြင်းပင် ဖြစ်ပါသည်။ နှစ်တွေကြာခဲ့ပြီဖြစ်သည့်ပြင် စိတ်ထဲမှာလည်း စွဲစွဲလမ်းလမ်းမရှိဘဲ ခပ်ပေါ့ပေါ့ပစ်ထားခဲ့သဖြင့် ဟိုတစ်ရွက်၊ ဒီတစ်ရွက် လိုက်ရှာပြီး စုယူရသည်။ စာအုပ်စင်၊ စာရေးစားပွဲ၊ ဗီရို၊ အံဆွဲတွေထဲမှာ လျှောက်မွှေပြီး ရှာရသဖြင့် သိပ်တော့မလွယ်လှချေ။ ကံအားလျော်စွာ အားလုံးပြန်တွေ့သဖြင့် စိတ်အေးသွားရသည်။

စာတွေ၊ ပို့စကတ်တွေကို အလွယ်တကူပင် အိမ်သာတွင်းထဲ ပစ်ချလိုက်၏။ ဓာတ်ပုံနှစ်ပုံကိုတော့ အားနာသောအားဖြင့် ရေတွင် ဖျောက်ဖျက်လိုက်ရလေ၏။

လေးမေနှင့် လက်ထပ်ပြီးသောအခါ ကျွန်တော့်အိမ်မှာပင် နေကြသည်။ ဟိုစာတွေ၊ ဓာတ်ပုံတွေ မရှိတော့သဖြင့် ကျွန်တော်လည်း ခပ်အေးအေးပင် နေနိုင်ခဲ့၏။





လေးမေအပေါ်တွင် ငွေရေးကြေးရေးအရ လိမ်တာမျိုးတော့ ရှိခဲ့ပါသည်။ ဤသည်မှာလည်း လိမ်ချင်လွန်းလှလို့မဟုတ်ပါ။ ကိုယ့်အတတ်နှင့် ကိုယ်စူးခဲ့ခြင်းသာ ဖြစ်ပါ၏။ ရည်းစားဘဝတုန်းက ဝတ္ထုတိုတစ်ပုဒ်ရေးတာ တစ်ရာ့ငါးဆယ်ရတယ်ဟု ကြွားခဲ့ဖူးသည်။ တကယ်တော့ မဂ္ဂဇင်တိုင်းက တစ်ရာ့ငါးဆယ်ပေးသည်မဟုတ်။ အချို့မဂ္ဂဇင်းတွေက တစ်ရာပေးသည်။ တချို့ဆို ခုနစ်ဆယ့်ငါးကျပ်ပါ။ အခုချိန်ကျတော့ 'အရင်က ဝတ္ထုတိုတစ်ပုဒ် တစ်ရာ့ငါးဆယ်ရတယ်ဆိုတာ အလကားပြောတာ။ နင့်ကို ကြွားတာဆိုပြီး အမှန်အတိုင်းပြောလို့ မကောင်းတော့ချေ။ ပြောလျှင်လည်း သိက္ခာကျတော့မည်။ ထို့ကြောင့် ခုနစ်ဆယ့်ငါးကျပ်၊ တစ်ရာသာပေးသော မဂ္ဂဇင်းတွေမှာ ကျွန်တော့်ဝတ္ထုပါသော လမျိုးဆိုလျှင် ကျွန်တော့် အသုံးစရိတ်ထဲက စိုက်စိုက်ပြီး ဖြည့်ပေးနေရသည်။

ကျွန်တော့်မိန်းမကို ငွေရေးကြေးရေးအရ လိမ်သည်ဆိုသည်မှာ အထက်က အဆိုပါအတိုင်းသာ ဖြစ်ပါသတည်း။

"အရင်က အဆက်တွေ ဘာတွေ ရှိခဲ့ဖူးမှာပေါ့..."ဟု လေးမေသည်လည်း တစ်ခြားမိန်းကလေးများကဲ့သို့ပင် မေးလေ့ရှိ၏။ ထိုအခါ ကျွန်တော်က...

"ရှိတာပေါ့၊ ဆယ်ယောက်လောက်တောင် ရှိတယ်"ဟု ဟာသလုပ်ပစ်ပြီး စကားလွှဲတတ်၏။ လေးမေသည် ကျွန်တော်လိုကောင်မျိုးကို သူ့အပြင် ကြိုက်မည့်သူမရှိဟု ထင်ထားသလားမသိ။ သိပ်ပြီး [illegible]မကင်း မဖြစ်ခဲ့ချေ။

www.burmeseclassic.com

တစ်နေ့ သူနှင့်ကျွန်တော် ရုပ်ရှင်ကြည့်ပြီး ပြန်အလာ၊ ခပ်လှမ်းလှမ်းမှာ အမျိုးသမီးတစ်ယောက် လှမ်းတွေ့သဖြင့် ကျွန်တော် လွှတ်ကနဲ ပြောမိသည်။

"ဟော့… ဟော့… ဟိုမှာ…"

"ဘာလဲ… ဘယ်သူလဲ…"

"ဟိုမှာလေဟာ… အကျီအစိမ်းနဲ့ ခင်ခင်ဦးလေ…"

ကျွန်တော်ပြသော အမျိုးသမီးကို လူမြင်ပါလျက် ကြောင်တောင်တောင်ဖြင့်…

"ဘယ်က ခင်ခင်ဦးလဲ၊ တို့မှမသိတာ…"

ထိုအခါကျမှ ကျွန်တော် ခေါင်းနပန်းကြီးသွားသည်။

ခင်ခင်ဦးကို လေးမေ မသိတာအမှန်ပင်ဖြစ်၏။ ခင်ခင်ဦးသည် ကျွန်တော့်အရင် ရည်းစား၏သူငယ်ချင်းသာ ဖြစ်၏။ ဒါကို ကျွန်တော်က လေးမေ၏ သူငယ်ချင်းအဖြစ် အမှတ်မှားပြီး ယောင်၍ ပြောမိခြင်းဖြစ်သည်။

လေးမေက ကျွန်တော်ကို အကဲခတ်သလို ကြည့်လိုက်၏။

ကျွန်တော်လည်း…

"ဟာ… ဟုတ်သားပဲ၊ ဆောရီး…၊ ဆောရီး နင်က ငါ့သူငယ်ချင်း ဝင်းမြင့်ဇော်ကိုမှ မမြင်ဖူးသေးတာ။ အဲဒါ ဝင်းမြင့်ဇော်ရဲ့ အမျိုးသမီးလေ၊ ငါက နင်နဲ့ မိတ်ဆက်ပေးဘူးတယ်မှတ်လို့"ဟု လျှောက်လှည့်ပစ်လိုက်ရသည်။ သို့သော် လေးမေသည် ဇဝေဇဝါဖြစ်နေသေးဟန်တူသည်။ နောက်ပိုင်းတွင် သူသည် ကျွန်တော့်အား 'ထောက်ကွက်'ဆန်သော စကားမျိုးတွေ ပြောလေ့ရှိကြောင်း သတိပြုမိ၏။

မည်သို့ပင်ဖြစ်စေ…

အရင်ရည်းစားနှင့်ပတ်သက်၍ သူ့အား အမှန်အတိုင်းဖွင့်ပြောသင့်/မပြောသင့် မဆုံးဖြတ်နိုင်သေးချေ။ ဤသို့အားဖြင့် အိမ်ထောင်သက် တစ်နှစ်ကျော်လာခဲ့သည်။ အမှန်တော့လည်း ဆုံးဖြတ်ချက်မချနိုင်သေးသဖြင့် ဘာမျှမပြောဘဲ နေသည်ကပင် သူ့ကို လိမ်ရာရောက်နေသည်။ သို့ဖြင့် ကျွန်တော်သည် 'မိန်းမလိမ်အသင်း' ထဲတွင် အလိုအလျောက် ပါဝင်နေမိလေတော့သည်။

ဝတ္ထုတိုလေးတစ်ပုဒ်ရေးဖို့ ကြိုးစားနေသည်။ 'ချယ်ရီ'မဂ္ဂဇင်းတိုက်က ယခုလမှစ၍ ဝတ္ထုတိုစာမူခကို တစ်ရာ့ငါးဆယ်မှ နှစ်ရာသို့ တိုးမြှင့်ပေးမည်ဟု ဆိုထားသည်။ ထို့ပြင် ကျွန်တော့်မှာ အကြံအစည်တစ်ခုလည်း ရှိသည်။ စာမူခရလျှင် လေးမေကို ထုံးစံအတိုင်း တစ်ရာ့ငါးဆယ်ပဲ စာရင်းပြမည်။ ငါးဆယ်ကို ကျွန်တော်ဖြောင်မည်။ အရင်က စိုက်ခဲ့ရတာများလှပြီ။ ဒီတစ်ခါတော့ ကိုယ့်အတွက် ကျန်အောင်လုပ်မှ။ ထို့ကြောင့် ပို၍ကြိုးစားနေခြင်း ဖြစ်လေ၏။

သို့ရာတွင် အခက်အခဲတစ်ခုတွေ့နေရသည်။ ဇာတ်လမ်း၏အဓိကအခန်းမှာ ကောင်မလေးက ကောင်လေးကို ဖြတ်စာပေးသည့်အကြောင်းဖြစ်သည်။ ထိုဖြတ်စာကို စကားလုံးထိထိမိမိကလေးရေးလိုက်မှ ဝတ္ထုက အသက်ပါသွားမည် ဖြစ်သည်။

ဘယ်လိုရေးရမလဲဟု စဉ်းစားလို့ကိုမရ။ ထိုနေရာကျမှ ရှေ့မဆက်နိုင်ဘဲ ရပ်နေသည်။ ကျွန်တော် အရင်ရည်းစားကတော့ ဆယ်မျက်နှာလောက်ရှိသော ဖြတ်စာရှည်ကြီးတစ်စောင် ရေးခဲ့သည်။ ခုတော့ ထိုစာကို ဖျက်စီးပစ်လိုက်သဖြင့် မရှိတော့။ နှစ်တွေကြာခဲ့ဖြစ်၍ စာသားတွေကိုလည်း မမှတ်မိတော့ချေ။

စာတွေ ဖျောက်ဖျက်ခဲ့မိတာမှားသည်။ လုံခြုံသောတစ်နေရာမှာ သိမ်းဆည်းထားခဲ့လျှင် ခုလို အသုံးလိုသောအခါမှ ပြန်ဖတ်ကြည့်လို့ရသည်။ ခုတော့…







www.burmeseclassic.com

www.burmeseclassic.com

ဝတ္ထုဆက်ရေးလို့ မရသဖြင့် ဖောင်တိန်ကိုချ၊ ဆေးပေါ့လိပ်ကြီး ခဲပြီး ငိုင်နေမိသည်မှာ အတော်ကြာသည်။ ညဆယ့်တစ်နာရီပင် ထိုးလုပြီ...

"ဘာငိုင်နေတာလဲ...၊ စာရေးလို့မပြီးသေးဘူးလား။ အိပ်ချင်လဲ အိပ်ပါတော့လား..."

လေးမေသည် တရေးနိုးလာပြီး ဘယ်အချိန်က ကျွန်တော် နောက်မှ လာရပ်နေသည်မသိ။ ကျွန်တော်က...

"အေးကွာ... ဆက်ရေးဖို့ စဉ်းစားနေတာ မရလို့..."ဟု ပြော လိုက်ရာ ခါတိုင်းလည်း ခုလိုအခက်အခဲတွေ့လျှင် အကြံဉာဏ်ပေး နေကျဖြစ်သော လေးမေက ရေးလက်စစာမူကို ယူဖတ်ကြည့်သည်။

"ဩော်... ဒါလေးများ..."ဟုပြောပြီး၊ သူ့မှန်တင်ခုံအံဆွဲကိုဖွင့်၍ တစ်စုံတစ်ခုရှာဖွေနေသည်။ ခဏအကြာတွင် ပြန်ရောက်လာပြီး...

"ရော့... ဒီစာကို ကူးထည့်လိုက်..."

ကျွန်တော့်ရှေ့မှာ စာရွက်တစ်ရွက်ကို ချပေးလိုက်သည်။ စာကို မြင်လိုက်သည်နှင့် ကျွန်တော် လန့်ဖျပ်သွားရ၏။ ကျွန်တော့်အရင် ရည်းစားက ကျွန်တော်ဆီရေးခဲ့သော ဖြတ်စာမှ နောက်ဆုံးစာရွက်၊ ကျွန်တော်၏ပြစ်ချက်များကို စာလုံးပြောင်ပြောင်ဖြင့် ရေးထားခြင်း ဖြစ်သည်။ ဒီစာရွက်တစ်ရွက်က စာရွက်တွေ ဖျက်ဆီးရာတွင် ပါ မသွားဘဲ ဘယ်လိုကပ်ကျန်ခဲ့ပြီး လေးမေက ဘယ်လိုရှာဖွေတွေ့ရှိ သွားမှန်းမသိ။ ဘယ်လိုပဲတွေ့တွေ့ ပြဿနာကတော့ 'စီးရီး'လိုက်ကို တက်ပြီ။ ပြေလည်အောင် ဘယ်လိုရှင်းရမလဲ..."

"ဟို... ဒါက ဒီလိုရှိပါတယ်။ အဲဒီစာဟာ တကယ်တော့ ဒီကိစ္စနဲ့ ပတ်သက်ပြီး..."

"တော်တော့... ရှင်းမနေနဲ့။ ခုချိန်ကျမှ ရှင်းနေလဲ အပိုပဲ။ ရှင်းချင်ရင်လဲ မနက်ကျမှရှင်း။ ဒါမှဘယ်လိုလိမ်ပြီး အကြောင်းပြ ရမယ်ဆိုတာ အကြံဉာဏ်ထုတ်ဖို့ အချိန်ရမှာ...





ကျွန်တော် ဘာမှထပ်မပြောနိုင်ခင်၊ သူ့အိပ်ရာထဲ ပြန်ဝင်သွား သည်။ ကျွန်တော်လည်း ဘာလုပ်လို့ ဘာပြောရမှန်း မသိသဖြင့် ယောင်တောင်တောင်ထိုင်ရင်း ကျန်ခဲ့သည်။ အတန်ကြာမှ ဒီကိစ္စကို ခပ်ပေါ့ပေါ့ဖြစ်အောင် လုပ်ပစ်ရမည်ဟု စဉ်းစားပြီး ခုတင်ဆီသို့ သွားကာ တင်ပလ္လင်ဝင်ထိုင်လိုက်သည်။

"ဟေ့... လေးမေ၊ ဟဲ... ဟဲ..."

လေးမေက ပြန်မထူး၊ တစ်ဘက်သို့စောင်း၍ သူ့ပါးပေါ်တွင် ခြင်တစ်ကောင်နားနေသည်။ ရိုက်မည်ဟု လက်နှင့်ရွယ်ပြီးမှ ပါးရိုက် သလို ဖြစ်သွားမည်စိုး၍ လက်နှင့်ယပ်ပြီး မောင်းထုတ်လိုက်ရသည်။ ကိုယ်ဝန်သက်နုတုန်းမှာ အထိတ်တလန့်ဖြစ်အောင် မလုပ်ကောင်း ဘူး မဟုတ်လား...။

ကျွန်တော် အကြံတစ်ခုရလိုက်သည်။ သူ့ဗိုက်မို့ကလေးပေါ် လက်တင်၍...

"လေးမေရာ... ဒီကိစ္စတွေက ခုချိန်မှာ ရယ်စရာဖြစ်နေပါပြီ။ ကိုယ့်စိတ်ထဲမှာ သတိတောင်မရတော့ပါဘူး။ ခုရေးနေတဲ့ ဝတ္ထုကလဲ စာမူခရရင် လေးမေအတွက် ဗိုက်ဖုံးအင်္ကျီလေးတွေ ချုပ်ပေးချင်လို့ ကြိုးစားပြီး ရေးနေတာပါ။ လရင့်လာရင် ခုရှိတဲ့အင်္ကျီတွေနဲ့ မတော် တော့ဘူးမဟုတ်လား။ ဟေ့... လေးမေ... ကိုယ်ပြောတာ ကြားတယ် နော်..."

သူသည် ဟိုဘက်လှည့်ပြီး အိပ်နေလျက်ကပင်...

"မကြားဘူး..."ဟု ပြန်ပြောသည်။

အခြေအနေသိပ်မဆိုးတော့ကြောင်း သိလိုက်ရသည်။

ဗိုက်ဖုံးအင်္ကျီသုံးထည်လောက်တော့ ချုပ်ပေးရမည်။ အပြင် သွားလျှင်လည်း ဝတ်လို့ရအောင် အသင့်အတင့်ကောင်းကောင်း လေးတော့ ချုပ်ပေးမှ...။



www.burmeseclassic.com

www.burmeseclassic.com


ဒါဆို… စာမူခရလျှင် ငွေငါးဆယ်ဖြောင်ဖို့ကိစ္စ အောင်မြင်ထမြောက်မည် မဟုတ်တော့။

မင်းလူ

(ချယ်ရီ၊ မတ်လ၊ ၁၉၈၆)



## အသေးအဖွဲ

သယ်ံန်းကျွန်းလော်ကယ်ရထားသည် ရန်ကုန်ဘူတာကြီးအမှတ်နှစ်စကြိန်မှာ ရပ်ထားသည်။ ရထားပေါ်မှာ ခရီးသည်အချို့ နေရာယူထိုင်နေကြသည်။ တချို့က ရထားပေါ် ခုမှတက်လာကြသည်။ တချို့လည်း သံလမ်းခုံးကျော်တံတားကြီးပေါ်မှ ဆင်းလာကြဆဲ။ အချို့ကား ရထားပေါ်မတက်သေးဘဲ ဆေးလိပ်သောက်သူသောက်၊ ဈေးဆိုင်မှာ ကွမ်းရာဝယ်သူဝယ်၊ ကြာဆန်သုပ်ဝယ်စားသူက စားနေကြသည်။

ရထားတွဲမှာ ထိုင်ခုံနှစ်မျိုးနှစ်စားရှိသည်။ အချို့တွဲများတွင် နှစ်ယောက်ထိုင်ခုံများ ရှေ့နောက်တန်းလျက်ရှိသည်။ ထိုထိုင်ခုံများတွင် အများအားဖြင့် လူသုံးယောက်စီထိုင်ကြသည်။ အချို့ထိုင်ခုံများမှာ နှစ်ယောက်တည်းသာ ရှိသေးသည်။ နောက်ထပ် လူတွေတက်လာသောအခါ အချို့က တစ်ဘက်သို့တိုးကပ်ပြီး နေရာပေးကြသည်။ တချို့က မသိသလို နေကြ၏။

တချို့တွဲများတွင် ရထားနံရံကို ကျောကပ်ပြီး အလျားလိုက်ထိုင်ရသော ခုံတန်းရှည်ကြီးများ ရှိသည်။ ထိုခုံတန်းများတွင် အရင်ရောက်နှင့်သူများက နေရာဦးထားကြသည်။ စနစ်တကျထိုင်နေကြခြင်းတော့မဟုတ်။


www.burmeseclassic.com

www.burmeseclassic.com

လူကြီးတစ်ယောက်သည် ခြေထောက်နှစ်ချောင်းကို ခုံတန်းပေါ် တင်ပြီး ဘေးစောင်းထိုင်နေသည်။ လူငယ်လေးတစ်ယောက်က ဟိုကြည့်ဒီကြည့် ကြည့်နေ၏။ ရထားအပြင်ဘက်သို့ မကြာခဏ မျှော်ကြည့်သည်။ မိန်းမကြီးတစ်ယောက်ကတော့ တိုလီမိုလီပစ္စည်း ကလေးတွေ ထည့်ထားသော ခံတောင်းကြီးတစ်လုံးကို သူ့ဘေးက နေရာလွတ်မှာ အကျအနတင်ထားသည်။ တူညီဝတ်စုံဝတ်ထား သော အမျိုးသမီးနှစ်ဦးကား ပလတ်စတစ်ခြင်းတောင်းကလေးများ ကို အလယ်မှာချပြီး စကားတွေ အဆက်မပြတ်ပြောနေကြသည်။ တိုက်ပုံဝတ်လူကြီးတစ်ယောက်သည် ဘေးမှာလက်ဆွဲအိတ်ကို ကန့်လန့်ချပြီး ဝတ္ထုဖတ်နေလေသည်။

နောက်ထပ်တက်လာသောသူများက ထိုသူများအနီးမှာ ရစ်သီ ရစ်သီလုပ်ရင်း ရပ်နေသည်။ တက်လာကြသူတိုင်းလိုလိုက မိန်းမ ကြီး၏ခံတောင်းကြီးကို မျက်စောင်းထိုး၍ ကြည့်ကြည့်သွားကြ၏။

လူငယ်ကလေးသည် ပြတင်းပေါက်မှကြည့်နေရာမှ ဝတ်စုံ တစ်ယောက်ကိုမြင်သွားပြီး လက်ပြလိုက်သည်။ ခဏအကြာတွင် လွယ်အိတ်လွယ်ထားသော မိန်းမငယ်တစ်ယောက် ရထားတွဲထဲ ဝင် ရောက်လာသည်။ လူငယ်လေးက ဘေးမှာချထားသော လွယ်အိတ် ကို ဖယ်ပေးသည်။ မိန်းကလေးက ဝင်ထိုင်သည်။ သူတို့နှစ်ယောက် ပြုံးကာရယ်ကာဖြင့် မိန်းကလေးက ဝင်ထိုင်သည်။ သူတို့နှစ်ယောက် ပြုံးကာရယ်ကာဖြင့် စကားစပြောကြသည်။

အလုပ်သမားဝတ်စုံနှင့် လူတစ်ယောက်တက်လာသည်။ မိန်းမ ကြီးရှေ့မှာ သွားရပ်ပြီး...

"အဒေါ်ကြီး ခင်ဗျားတောင်းကြီး အောက်ချလိုက်ပါလား... လူထိုင်လို့ရတာပေါ့..."ဟု ပြောသည်။





မိန်းမကြီးက မော့ကြည့်ပြီး...

"အောက်သို့ချလို့မဖြစ်ဘူး...၊ လူတိုးရင်လဲ ပစ္စည်းတွေကွဲရှကုန် လိမ့်မယ်..."

"ဒီထိုင်ခုံတွေက လူထိုင်ဖို့ လုပ်ထားတာဗျ၊ ပစ္စည်းတင်ဖို့မဟုတ် ဘူး..."ဟု အလုပ်သမားဝတ်စုံဝတ်ထားသူက ပြောသည်။

မိန်းမကြီးကလည်း...

"အို... ကျုပ်အစောကြီးကတည်းကလာပြီး နေရာဦးထားရတာ။ ကျုပ်လို ဟိုဟာပြုချင်ရင် အစောကြီးထဲကလာပြီး ဟိုဟာပြုပါလား"

သူတို့နှစ်ယောက်အချီအချပြောနေသည်ကို အခြားသူကများ က ဝိုင်းကြည့်နေကြသည်။ တူညီဝတ်စုံဝတ်အမျိုးသမီးနှစ်ယောက် လည်း ပြောလက်စ စကားကိုရပ်ပြီး ကြည့်နေကြ၏။ ထိုစဉ်တွင် သူတို့ရှေ့မှာရပ်နေသည့် အိန္ဒိယအမျိုးသမီးကြီးက အလယ်မှာချထား သော ပလစ်စတစ်ခြင်းတောင်းနှစ်လုံးကို လက်ညှိုးထိုးပြပြီး...

"လူရှိလားဟင်..."ဟု မေးသည်။ အမျိုးသမီးနှစ်ယောက်လည်း သူတို့ခြင်းတောင်းတွေကိုကြည့်ကာ...

"ဩော်... မရှိပါဘူး..."ဆိုပြီး ခြင်းတောင်းတွေယူ၍ ပေါင်ပေါ် တင်လိုက်သည်။

တစ်ယောက်က အခြားတစ်ယောက်ဘက်သို့ တိုးကပ်ပေးသည်။ လွတ်သွားသောနေရာတွင် အိန္ဒိယအမျိုးသမီးကြီး ဝင်ထိုင်၏။ ကလေးချီထားသောအမျိုးသမီးတစ်ယောက် တက်လာပြန်သည်။ တိုက်ပုံဝတ် လူကြီးနားသို့သွားပြီး...

"လူရှိလား..."ဟု လက်ဆွဲအိတ်ကိုကြည့်ရင်း မေးသည်။ တိုက်ပုံ ဝတ်လူကြီးသည် စာအုပ်ကိုသာ ငုံ့ပြီးဖတ်နေသည်။ အမျိုးသမီးက



www.burmeseclassic.com

www.burmeseclassic.com

ထပ်မေးမှ မျက်လုံးလှန်ကြည့်ပြီး ခေါင်းညိတ်ပြသည်။ အမျိုးသမီးလည်း ခပ်လှမ်းလှမ်းမှာ သွားရပ်နေလိုက်သည်။ ထိုင်နေသူများထဲမှ အမျိုးသားအချို့သည် ကလေးချီထားသောအမျိုးသမီးကို မကြည့်ဘဲ မျက်နှာလွှဲနေကြ၏။

ခဏအကြာတွင် မိန်းကလေးငယ်ငယ် ချောချောလေး တစ်ယောက် တွဲပေါ်တက်လာပြန်သည်။ တိုက်ပုံဝတ်လူကြီး၏ဘေးက လက်ဆွဲအိတ်ကို မြင်သည်။ အနားသွားပြီး...

"လူရှိလားဟင်..."ဟု မေးသည်။

တိုက်ပုံဝတ်လူကြီးက မော့ကြည့်ပြီး...

"မရှိပါဘူး... မရှိပါဘူး..."ပြောပြီး လက်ဆွဲအိတ်ကို ပျာပျာသလဲ ဖယ်ပေးသည်။ မိန်းကလေးက ဝင်ထိုင်လိုက်၏။ လူကြီးက ဖတ်လက်စစာအုပ်ကို ပိတ်လိုက်သည်။ ကလေးချီထားသော မိန်းမက မျက်စောင်းထိုးပြီး ပွစိ ပွစိ ရေရွတ်နေသည်။

တွဲထဲမှာ မတ်တပ်ရပ်သူတွေ တော်တော်များလာသည်။ စီးကရက်၊ သကြားလုံးရောင်းသူ ကောင်လေးတွေက ခရီးသည်များကို ကွေ့ပတ်ရှောင်ရင်း အော်ဟစ် ရောင်းချနေကြသည်။

ရထားခေါင်းတွဲအနီးရှိ မီးတိုင်မှ မီးစိမ်းပြသည်။ ခရာမှုတ်သံ၊ ရထားဥသြဆွဲသံ ထွက်လာသည်။ စင်္ကြံမှာ ရပ်နေသူများ ရထားပေါ် ပြေးတက်ကြသည်။

မိန်းမကြီးတစ်ယောက်သည် ရထားပေါ်သို့ သုတ်သုတ်ပျာပျာ ပြေးတက်လာပြီး 'မင်္ဂလာဒုံမဟုတ်လား'ဟု မေးသည်။ တစ်ယောက်က 'မဟုတ်ဘူး၊ 'သင်္ကန်းကျွန်း'ဟု ပြောရာ 'ဟဲ့. . . ဒုက္ခပါပဲ'ဆိုပြီး ပြန်ဆင်းပြေးသည်။

ထိုစဉ်မှာပင် ရထားတစ်ချက်တုံ့ကနဲ လှုပ်သွားပြီး စထွက်သည်။ အချို့သူများသည် ခုံးကျော်တံတား လှေကားပေါ်မှ ပြေးဆင်းလာ





ပြီး ရထားနောက်သို့ လိုက်သည်။ မီရာတွဲပေါ် အပြေးအလွှား ခိုတက်ကြသည်။ အချို့က ပြေးလိုက်လာပြီးမှ မမီပဲ ကျန်ရစ်ခဲ့သည်။

ရထားထွက်လာသည်နှင့် ဈေးသည်အမျိုးမျိုးတို့က စတင်အော်ဟစ် ရောင်းချကြသည်။ အမွှေးတိုင်၊ အစာကြေဆေး၊ တွယ်ချိတ်၊ နဖာကလော်၊ အပ်ချည်လုံး၊ မုန့်အမျိုးမျိုး။

ကြက်ဥမုန့်တွေ တစ်ကျပ်ဖိုး သုံးခု'

'ဆီးချိုသီးတွေ. . . ဆီးချိုသီးတွေ တစ်လုံးငါးပြား၊ တစ်မတ်ဖိုး ခြောက်လုံး'

'မပြောမရှိနဲ့နော် လိုချင်ခေါ် လေကွဲဆေး'

ဈေးသည်တို့၏ အသံများကြားမှ ဟွန်းတယောသံ ထွက်လာသည်။ မျက်မမြင်တစ်ဦးသည် တယောထိုးရင်း သီချင်းဆိုပြီး လျှောက် ဝင်လာသည်။ ကလေးငယ်တစ်ယောက်က သူ့ကိုကူညီ လမ်းပြရင်း ပိုက်ဆံဗူးကို ကိုင်ထားသည်။ ခရီးသည်အချို့က ပိုက်ဆံ ထည့်ကြ၏။

ပုဇွန်တောင်ဘူတာမှာ ရထားရပ်သည်။ ခရီးသည်အချို့က ဆင်းလာပြီး အတော်များများ ပြန်တက်ကြသည်။ ရထားသည် ပိုကျပ်လာ၏။ ခဏရပ်ပြီး ရထားဆက်ထွက်လာခဲ့သည်။

(၂)

သုံးဆယ့်ရှစ်လမ်း ဘတ်စ်ကားမှတ်တိုင်တွင် ခရီးသည်များ ကားစောင့်နေကြသည်။ ရိမ်းဂျားကားတစ်စီး ထိုးစိုက်လာသည်။ ခရီးသည်အချို့ စုပြုံတိုးတက်ကြသည်။ အချို့ခရီးသည်တွေက မတက်ပဲ ရပ်မြဲရပ်နေကြသည်။ ရိမ်းဂျားကား ထွက်သွားသည်။


www.burmeseclassic.com

www.burmeseclassic.com

အမှတ်သုံးဆယ့်ကိုး အမြန်ကား တစ်စီးရောက်လာပြန်သည်။ စပယ်ယာက...

'မော်တင်ကို၊ မော်တင် ပြားငါးဆယ်'

ဟု အော်သည်။ ခရီးသည်အချို့တက်လိုက်သွားသည်။ လမ်းသုံးဆယ်နားတွင် ကားက ခပ်ဖြည်းဖြည်းမောင်းသည်။ လူအချို့ ပြေးပြီး ခုန်တက်ကြသည်။

'မြန်မြန်တက်နော်၊ ဒီအချိန်လမ်းသုံးဆယ်မှာ မရပ်ရဘူး'

မီးပွိုင့်မှာ ကားရပ်သောအခါတွင်လည်း ခရီးသည်အချို့တက်ကြသည်။ ကားသည် လသာ၊ လမ်းမတော်၊ ဘုန်းကြီးလမ်းမှတ်တိုင်တို့ ကို ကျော်ပြီး မော်တင်လမ်းကို ချိုးဝင်သည်။ ထို့နောက်မဟာဗန္ဓုလလမ်းပေါ်ရှိ ဂိတ်သို့ ပြန်ကွေ့၏။

'ရှေ့နား ကျော်ရပ်မယ်...'ဟု

စပယ်ယာက ဒရိုင်ဘာကို 'အင်တာကွန်'ဖြင့် လှမ်းပြောသည်။ ကားက စောင့်နေသော လူအုပ်ကြီးကို ကျော်သွား၏။ လူ အုပ်က ပြေးလိုက်အလာတွင် 'ပြန်မထွက်ဘူး'ဟု စပယ်ယာက အော် သည်။ ပြေးလိုက်သော လူအုပ်တန့်ပြီး ကျန်ခဲ့သည်။ ကားပေါ်မှ ရေရွတ်သံတွေထွက်လာသည်။

'ဘယ်လိုလဲကွ၊ ပြန်မထွက်ဘူးဆိုလဲ စောစောက မပြောဘူး။ ငါတို့က ပတ်စီးမလို့လိုက်လာတာ၊ ဘယ်သူက ငါးမူးအကုန်ခံပြီး ဒီအထိ အပျော်လိုက်စီးမှာလဲ'

စပယ်ယာက...

"ကျွန်တော် စကတည်းက ပြန်ထွက်မယ်လို့ ပြောပြီးခေါ်လာတာမဟုတ်ပဲ။ ခင်ဗျားတို့ဘာသာ အတင်းတက်လိုက်ကြတာ။ ကားက သွားပြင်ရဦးမယ်..."





ခရီးသည်များသည် တစ်ယောက်တစ်ပေါက်စီ ပြောရင်း ကားပေါ်မှ ဆင်းကြသည်။ ထိုလူများနှင့် ဂိတ်မှာ မူလရှိနေသော သူတို့ ပေါင်းလိုက်သောအခါ လူအုပ်ပိုများလာသည်။

ခဏအကြာတွင် ကားတစ်စင်း ထိုးဆိုက်လာပြန်သည်။ လူအုပ်ကြီးက စုပြုံတိုးဝှေ့တက်ကြသည်။

"အို... ဘယ်လိုဖြစ်တာလဲ..."

"ဆင်းတောင်မဆင်းရသေးဘူး..."

"ဖိနပ်ကို တက်မနင်းထားနဲ့လေ..."ဟူသော အသံများက ကားထဲမှ ထွက်လာသည်။

ကားစပယ်ယာက အချိန်ထိန်းရုံကလေးမှာ ဝေဘယ်ကို လက်မှတ်ထိုးပြီး ပြန်ပြေးလာသည်။

"အတွယ်မရဘူး၊ လှည့်ကင်းရှိတယ်၊ ဖမ်းနေတယ်..."ဟု ပြောသဖြင့် တွယ်နေသူလေးငါးယောက် ပြန်ဆင်းသွားကြသည်။ ကားထွက်လာသည်။ စပယ်ယာက...

"ဘယ်စီးစီး တစ်ကျပ်နော်..."ဟုပြော၏။

အဘွားကြီးတစ်ယောက်က...

"ဟင်... တာမွေလဲ တစ်ကျပ်ပဲလား..."

"ဘယ်စီးစီးလို့ ပြောပြီးပြီပဲ၊ ကဲ... ညာဘက်ခြမ်းကစပြီး မော်တော်ယာဉ်ခလေးတွေ ပေးမယ်..."

ပိုက်ဆံကောက်ပြီးသောအခါ...

"အနီးဆုံးမှတ်တိုင်ကိုပြောပါ...၊ သိမ်ကြီးဈေး၊ လမ်းသုံးဆယ်၊ ပန်းဆိုးတန်း၊ စိန်ပေါ..."

"လေးလမ်းပါတယ်..."

"ဟုတ်ပြီ... လေးလမ်းကို ဒါရိုက်မောင်း..."

သိမ်ကြီးဈေးမီးပွိုင့်တွင် ကားရပ်နေတုန်း မိန်းကလေးတစ်ယောက် ကားနားလာကပ်သည်။ စပယ်ယာက...



www.burmeseclassic.com

www.burmeseclassic.com

"မရတော့ဘူး အစ်မရေ...၊ ပြည့်နေပြီ၊ ပေါင်ပေါ် ထိုင်လိုက်မှ ရမယ်..."ဟု လှမ်းအပြောတွင် မီးစိမ်းသဖြင့် ကားထွက်လာသည်။ မှတ်တိုင်များမရပ်ဘဲ တောက်လျှောက်မောင်းလာသည်။

သိမ်ဖြူခုံတံတားပေါ်တွင် တစ်ဘက်မှလာသော အမြန်ကား တစ်စင်းပေါ်မှ စပယ်ယာက လက်ခါပြသွားသည်။

"မရှိတော့ဘူးတဲ့ဆရာရေ...၊ သိမ်ဖြူဈေးမှာ အတွယ်တင်မယ်"

သိမ်ဖြူဈေးနှင့် စာတိုက်မှတ်တိုင်တို့တွင် အတွယ်လေးယောက် တက်သည်။ လမ်းငါးခွဆုံနားအရောက်မှာ စပယ်ယာက တွယ်နေ သူတို့ကို...

"ခေါင်းလေးတွေ နည်းနည်းလျှိုထားမယ်..."ဟု ပြောသည်။

တွယ်နေသူများက ကားအတွင်းသို့ ခေါင်းကိုတိုးဝင်ပြီး တွယ် ထားသည်။ ယာဉ်ထိန်းရဲတစ်ယောက်သည် မီးပွိုင့်ထိန်းခလုတ်ခုံ နားမှ ရပ်နေသည်။ လမ်းဆုံကို ဖြတ်ကျော်လာပြီးမှ ပုန်းကွယ်ထား သော ခေါင်းများကို ပြန်ပြူထွက်လာသည်။

လေးလမ်းမှတ်တိုင်မှာ ကားရပ်သည်။ ဘယ်ဘက်ဘေးတန်း အပြင်ဘက် အစွန်ဆုံးက လူတစ်ယောက်ဆင်းသည်။ သူ့ဘေးနား ကပ်လျက်ထိုင်နေသူက အစွန်ဘက်သို့ ရွှေ့ထိုင်သည်။ သူ့ဘေးက လူကလည်း လိုက်ရွှေ့သည်။ တစ်ယောက်ပြီးတစ်ယောက် အပြင် စွန်းဘက်ရွှေ့ကြရာ အတွင်းဘက်ဆုံးတွင် နေရာလွတ်တစ်ခု ပေါ် လာသည်။ အလယ်ခုံတွင် အတွင်းဘက်ဆုံး ဒရိုင်ဘာခန်းနှင့် ကျော ကပ်ပြီးထိုင်နေသူက နေရာလွတ်သွားသော ဘေးတန်းသို့ ပြောင်း ထိုင်သည်။

"အလယ်တန်း နောက်ကိုရွှေ့ပေးပါ...၊ ခက်တာပဲဗျာ။ အစွန်း ဆုံးဘေးတန်းက ဆင်းသွားရင် အလယ်တန်းအပြင်ဘက်က လူက ရွှေ့ထိုင်လိုက်ရင်ပြီးရော။ ခုတော့ တစ်ယောက်တည်းရွှေ့မယ့်ဟာ





[illegible]နေရတယ်..."ဟု စပယ်ယာက မြည်တွန် သည်။ ခရီးသည်တွေက ဘာမှုပြန်မပြော။

အလယ်ခုံတန်းက လူများသည် ခွေးခြေလေးများကို ကုန်းကုန်း ကွကွကျော်လွှားပြီး နောက်ကို တစ်ခုစီ ရွှေ့ထိုင်ကြသည်။

လမ်းကျယ်မှတ်တိုင်မှာ ကားရပ်သောအခါ စပယ်ယာက ညာ ဘက်တန်းကို အပြင်မှာ စစ်ဆေးကြည့်သည်။

"ဟာ... ညာဘက်တန်းက ခြောက်ယောက်ပဲရှိသေးတယ်။ နည်းနည်းစီ တိုးပေးကြပါ။ တစ်ယောက်တစ်လက်မစီလောက် တိုး ပေးရင် လူတစ်ယောက်ထိုင်လို့ ရပါတယ်။ ခရီးသည်ချင်း ကိုယ် ချင်းစာကြပါ..."

"တိုးလို့မရတော့ဘူးကွ...၊ ဒီဘက်တိုးရင် ရှေ့ခန်းထဲ ကျွံကျဖို့ ရှိတော့တယ်..."

အတွင်းဘက်ဆုံးမှ လူကြီးက ပြန်ပြောသည်။ ညာဘက်ဘေး တန်းထဲက လူနှစ်ကိုယ်စာလောက်ဝသော မိန်းမကြီးတစ်ယောက် ပါနေသည်။ စပယ်ယာက...

"တစ်ခြားခရီးသည်တွေကို အားနာသောအားဖြင့် ဝိတ်ကလေး ဘာလေးလျှော့ဖို့ ကောင်းပါတယ်..."ဟု ပြောသည်။

မိန်းမကြီးက...

"အလိုတော်... ကိုယ့်ဟာကိုယ် စားနိုင်သောက်နိုင်လို့ ဝဖြိုးဖြိုး ဖြစ်နေတာပဲ၊ အပြစ်ဖြစ်ရသေးတယ်။ ဒီမယ်... မင်းတို့ကားတွေ မပေါ်ခင်ကတည်းက ငါ့ခန္ဓာကိုယ်က ဒီအရွယ်အတိုင်းပဲ၊ မင်းတို့ ကားတွေကသာ လူစဥ်မမီတာ..."ဟု ပြန်ပြောသဖြင့် ခရီးသည်များ ပြုံးစိစိဖြစ်သွားကြသည်။

ကားပြန်ထွက်လာသည်။ စပယ်ယာက...

"ဒါဆိုလဲ ညာဘက်တန်းက လူတွေတစ်ယောက်တစ်မတ်စီ ထပ်ပေးဖို့ကောင်းတယ်..."



www.burmeseclassic.com

www.burmeseclassic.com

အဘိုးကြီးတစ်ယောက်က...

“မင်းတို့ အမြန်ကားဈေး စီးတဲ့အခါတိုင်း ပိုက်ဆံတစ်မတ်က တော့ အပိုဆောင်ထားရတာပဲကွာ...၊ လိုအပ်ရင် ပါးစပ်ထဲငုံဖို့ ကူးတို့ခလေ...”ဟု ပြန်ပြောသဖြင့် ရယ်ကြသည်။

“ဒက်စတော့လေး တစ်ချက်လောက် လုပ်လိုက်စမ်းပါဆရာရေ့၊ ချောင်ချောင်ချိချိလေးဖြစ်သွားအောင်...”

စပယ်ယာက အင်တာကွန်းမှ လှမ်း၍ပြောသည်။ ထိုစဉ်တွင် နောက်ဘက်က အမြန်ကားတစ်စင်း လိုက်လာသည်။

ဘိုလိန်းလမ်းပေါ်တွင် ကားနှစ်စင်းအပြိုင်မောင်းနေကြသည်။ နောက်ကားက ကျော်တက်ဖို့ကြိုးစားသည်။ ရှေ့ကားကလည်း အရှိန်မလျှော့ဘဲ ရှေ့ကပိတ်ထားသည်။

ခရီးသည်များလည်း ဘုရားတသူတ၊ လက်ကိုင်သံတန်းကို လက်နှစ်ဘက်ဖြင့် တင်းတင်းကိုင်သူကကိုင်၊ မျက်စိမှိတ်ထားသူကထားနှင့် ရှိနေကြသည်။

ကျောက်မြောင်းဈေးမီးပွိုင့်က ရုတ်တရက် နီသွားသည်။ ကားများ ဘရိတ်ကို ဆောင့်အုပ်သည်။ ခရီးသည်တွေ ဝရုန်းသုံးကားဖြစ်သွားသည်။ နောက်ကားက ရှေ့ကား၏ဘေးမှာယှဉ်ပြီး လာရပ်သည်။

“ထဆင်ထူးနံပါတ်ကွ မီနိုင်မယ်မထင်နဲ့...”

“အမယ်... မင်းတို့ထဆင်ထူးက တစ်ပတ်ရစ်ထဆင်ထူးပါကွာ ဒီမှာတွေ့လား... ဘရင်းနယူး...”

နောက်ကားက စပယ်ယာက ကားဘော်ဒီကိုပုတ်ရင်း ပြန်ပြောသည်။ ဒရိုင်ဘာနှစ်ယောက်တို့လည်း အပြန်အလှန်ပြုံးကာရယ်ကာ အလ္လလာဘသလ္လာဘ စကားများ ပြောနေကြလေသည်။

မီးရထားသည် သင်္ဃန်းကျွန်းဘူတာမှာ ရပ်သည်။ ခရီးသည် အားလုံး ဆင်းသွားကြပြီး အရပ်လေးမျက်နှာဆီသို့ အသီးသီးခွဲထွက်သွားကြ၏။





အမြန်ကားသည် မှတ်တိုင်တစ်တိုင်ပြီးတစ်တိုင် လူအတင်အချ ပြုလုပ်ပြီးနောက် ဂိတ်ဆုံးမှာ ထိုးဆိုက်လိုက်သည်။ ခရီးသည်တွေ ဆင်းသွားကြသည်။ ကားဒရိုင်ဘာနှင့် စပယ်ယာတို့လည်း ကားပေါ်မှဆင်းပြီး ထမင်းဆိုင်တစ်ဆိုင်ထဲ ဝင်သွားကြလေသည်။

မင်းလူ

(ဒဂုန်၊ ဧပြီ၊ ၁၉၈၆)


www.burmeseclassic.com

www.burmeseclassic.com



# ငါးမူးတစ်ကျပ်ပေးရတယ်

ဦးမတ်ကြီးဆိုသည်မှာ သူ၏နာမည်အရင်းမဟုတ်ဟု ဆိုကြသည်။ တစ်စုံတစ်ယောက်က တစ်စုံတစ်ခုသော အကြောင်းကြောင့် အနွတ္တသညာအဖြစ် ခေါ်ဝေါ်ခဲ့ရာမှ ဒီနာမည်တွင်ခဲ့ခြင်း ဖြစ်ပေလိမ့်မည်။ သူ၏နာမည်အရင်းကိုတော့ ဘယ်သူမှ မသိကြ။ ထို့အတူ သူဘယ်အရပ်ကလာသည်၊ ဘယ်တုန်းက ဒီရပ်ကွက်ထဲရောက်လာသည် ဆိုသည်ကိုလည်း ဘယ်သူမှ မှတ်မှတ်သားသားမရှိခဲ့။ ထို့ပြင် သူ့အသက်ကိုလည်း ဘယ်သူမှ မခန့်မှန်းနိုင်ချေ။ ကျွန်တော်တို့ ငယ်ငယ်ကတည်းက သူသည် အဘိုးကြီးဖြစ်နေနှင့်ပြီး ဖြစ်သောကြောင့်ပင်ဖြစ်၏။

တချို့က ဦးမတ်ကြီးကို စိတ်မနှံ့ဘူးဟု ပြောကြသည်။ တချို့ကလည်း စိတ်မနှံ့တာမဟုတ်ပါဘူး။ ကျပ်မပြည့်တာပါဟု ဆိုကြပြန်သည်။ ကျွန်တော်ကတော့ အသက်ကြီးလို့ တစ်ခါတစ်ခါ ကယောင်ကတမ်းဖြစ်တာဟုသာ ထင်သည်။

သူသည် ရပ်ကွက်အလယ်ရှိ ကလေးကစားကွင်းသဖွယ် ဖြစ်နေသော ကွက်လပ်ကြီး၏ထောင့်တစ်ထောင့်မှာ တဲကလေးထိုးပြီး တစ်ယောက်တည်းနေသည်။ တစ်ခါတရံ ကလေးတွေက သူ့ကို နောက်ပြောင်ကြသဖြင့် တုတ်တစ်ချောင်းကိုင်ပြီး ဒေါသတကြီး အော်ဟစ်ဆဲဆိုနေသည်ကို တွေ့ရတတ်သည်။ တစ်ခါတလေ



www.burmeseclassic.com

www.burmeseclassic.com

ကျတော့လည်း ကလေးတွေကို စုရုံးဝိုင်းဖွဲ့စေပြီး ပုံတိုပတ်စများကို စိတ်ရှည်လက်ရှည်ပြောပြချင် ပြောပြနေတတ်ပြန်သည်။

သူ့အသားက တော်တော်မည်းသည်။ ဆံပင်တွေ၊ မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေး ကြိုးတို့ကြဲတဲတွေကတော့ ဆွတ်ဆွတ်ဖြူနေပြီ ပိန်ပိန်ပါးပါး၊ ခါးအနည်းငယ်ကိုင်းနေပြီဖြစ်သော်လည်း ကျန်းမာရေးကောင်းနေသေးပုံရသည်။

သူ့အသက်မွေးဝမ်းကျောင်းမှုကား ရပ်ကွက်ထဲရှိ ဟိုအိမ်ဒီအိမ်မှာ ခိုင်းသမျှ တောက်တိုမည်ရ လုပ်ပေးရခြင်း ဖြစ်သည်။ ငွေကလေးတစ်ကျပ်စ၊ နှစ်ကျပ်စ၊ ဆန်ကလေး၊ ကြက်သွန်ကလေးအစ ပေးခြင်းဖြင့် သူ့တစ်ဝမ်းစာပေးခြင်းဖြင့် သူ့တစ်ဝမ်းစာအတွက်တော့ ဖူလုံသည်။ ပြီးတော့… သူက ရပ်ကွက်အတွင်းရှိ ရေတွင်းများမှ အသုံးပြုရန် လျှော်ကြိုးများကျစ်ပြီး ရောင်းသည်။ ကျွန်တော်တို့ ရေတွင်းအတွက် ကြိုးကိုလည်း သူ့ဆီကပင် ဝယ်ရသည်။

သူက သမဝါယမဆိုင်နှင့်ပတ်သက်သော သတင်းတို့ကို ဖြန့်ချိသူလည်းဖြစ်သည်။ ဒီနေ့ ငစိန်ဆန်အသစ်ရောက်တယ်။ ရေနံဆီ ငါးမူးဖိုးပေးမယ်တဲ့။ နှစ်အိမ်ထောင်ပေါင်း ဒူးယားတစ်ဗူးပေးမယ် စသည်ဖြင့် အိမ်ပေါက်စေ့ လိုက်ပြောတတ်သည်။ ကိုယ်တိုင်မသွားနိုင်သူတွေက သူ့ကို သွားထုတ်ခိုင်း။ ငါးမူးတစ်ကျပ်ပေးရသည်။ ကျွန်တော်တို့အိမ်မှာ သမဝါယမဆိုင်သွားဖို့ အချိန်မရသဖြင့် သူ့ကိုသာ အမြဲခိုင်းရသည်။

◀◀☐▶▶





တစ်ခါတလေ သူက အကျီလုံချည်အဟောင်း တောင်းတတ်သည်။ အလျင်က ကျွန်တော်တတ်နိုင်သမျှ ပေးလေ့ရှိသည်။ စွပ်ကျယ်စုတ်ကလေးအစ၊ ရှပ်အကျီဟောင်းအစ၊ ပုဆိုးကြမ်းလေးအစ၊ နောက်ပိုင်းကျတော့ ကျွန်တော်ကိုယ်တိုင်တောင် ရှိသမျှအဝတ်အစားလေးကို ချွေချွေတာတာဝတ်နေရသဖြင့် သူတောင်းတိုင်း မပေးနိုင်တော့ချေ။

ထိုအခါ သူက…

"ကောင်လေး…၊ အရင်တုန်းကဆိုရင် အဘိုးကြီးကို အမြဲတန်း အကျီလုံချည်ပေးတယ်။ ခု… မိန်းမရပြီးတော့မှ မပေးတော့ဘူး" ဟုဆို၏။

သူ့စကားက ဘယ်အဓိပ္ပါယ်ရောက်သွားမှန်း သူ့ဘာသာ သူသိပုံမပေါ်ချေ။ ကျွန်တော်တို့မှာ စိတ်ဆိုးရခက်၊ မဆိုးရခက်၊ ကျွန်တော့်မိန်းမကလည်း သူ့အကြောင်း သိနေ၍သာ တော်တော့သည်။

ဦးမတ်ကြီးက လက်ဖက်ရည်ကြိုက်တတ်၏။ ကျွန်တော်သည် သူ့အား အဝတ်အစားဟောင်းတွေ မပေးဖြစ်တော့သော်လည်း ကြုံလျှင်ကြုံသလို လက်ဖက်ရည်တိုက်လေ့ရှိသည်။ လက်ဖက်ရည်ဆိုင်မှာထိုင်နေတုန်း သူဝင်လာတာတွေ့လျှင် ခေါ်တိုက်သည်။ နောက်ပိုင်းကျတော့ သူသည် ကျွန်တော့်ကိုတွေ့လျှင် လက်ဖက်ရည်ဖိုး တောင်းတတ်သည့်အကျင့် ဖြစ်လာသည်။

ကျွန်တော်နှင့် လမ်းမှာဆုံမိလျှင် ဆလံပေးသလိုလိုလုပ်၍…

"ကောင်လေး… အဘိုးကြီးကို လက်ဖက်ရည်ဖိုးလေး၊ ဘာလေး ပေးပါဦး…"ဟု ပြောလေ့ရှိသည်။ ကျွန်တော်ကလည်း အမြဲပင် ငွေတစ်ကျပ် ထုတ်ပေးတတ်၏။

◀◀☐▶▶



www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့တော့ ဦးမတ်ကြီးက အိမ်မှာ ရေပုံးနှင့်ကြိုး လာငှားသည်။ ကျွန်တော်က ယူသွားလေဟု ပြောလိုက်သည်။ ခဏကြာတော့ သူပြန်ရောက်လာသည်။ ကြိုးပြတ်သွားသဖြင့် ရေပုံးရေတွင်းထဲကျသွားပြီ။ သူပြန်ဆယ်ပေးမည်ဟု ပြောသည်။ ကျွန်တော်က ဆယ်လိုက်ပါပြော၏။

နာရီဝက်လောက်ကြာတော့ ပြတ်သွားသောကြိုးတန်းလန်းနှင့် ရေပုံးကို တစ်ဘက်ကိုင်၊ ကြိုးခွေအသစ်တစ်ခွေကို တစ်ဘက်က ကိုင်ပြီး ပြန်ရောက်လာသည်။

"ကောင်လေး... ရေပုံးကြိုးဝယ်မယ်မဟုတ်လား..."ကြိုးခွေအသစ်ကိုပြရင်း မေးသည်။

"ဝယ်မယ်လေ...၊ ကြိုးဟောင်းက ပြတ်သွားပြီပဲ..."ဆိုပြီး ကြိုးဖိုးငွေသုံးကျပ်ထုတ်ပေးလိုက်သည်။ သူက ငွေသုံးကျပ်ကိုလှမ်းယူသည်။ ပြီးတော့...

"ရေပုံးကြိုးပြန်ဆယ်ပေးခ တစ်ကျပ်ထပ်ပေးရဦးမယ်..."ဟု ပြော၏။

ကျွန်တော့်မိန်းမကဝင်၍...

"ဟာ... ဦးမတ်ကြီးကလဲ ရေပုံးကြိုးပြတ်သွားတာက ဦးမတ်ကြီးပဲ ယူဆွဲလို့ ပြတ်တာပဲဟာ..."

"အဘိုးကြီးဆွဲလို့ပြတ်တာမဟုတ်ဘူး။ ကြိုးကမခိုင်လို့ ပြတ်တာ"ဟု ပြန်ပြောသည်။

ကျွန်တော့်မိန်းမရယ်၍...

"ကြိုးကမခိုင်ဘူး ဟုတ်လား...၊ အဲဒီကြိုးက ဦးမတ်ကြီးဆီကပဲ ဝယ်တာပဲ။ ဝယ်တာမှ ဆယ်ရက်လောက်ပဲ ရှိသေးတယ်..."

ကျွန်တော့်မိန်းမက နောက်ပြောင်လိုက်ခြင်းသာဖြစ်သည်။ ဒါကို ဦးမတ်ကြီးက စိတ်ဆိုးသွားသည်။





"ငါ့ကြိုးတွေ မခိုင်တာမဟုတ်ဘူး၊ နင်တို့အသုံးမကျလို့၊ ဘာပဲဖြစ်ဖြစ် ရေပုံးပြန်ဆယ်ပေးရင် တစ်ကျပ်ပေးရတာ ထုံးစံပဲ၊ နင်တို့မပေးချင်လို့ သက်သက်ကပ်တာ"ဟု စိတ်ဆိုးမာန်ဆိုးနှင့် ပြောသည်။

"ဟာ... ဒီလိုတော့ မပြောနဲ့လေ၊ ဦးမတ်ကြီး လိုချင်တယ်ဆိုရင် ပေးမှာပေါ့..."

ကျွန်တော်က ဝင်ပြောရာ...

"အလကားတောင်းတာမဟုတ်ဘူးကွ၊ ဒါ... ငါ့လုပ်အားခ..."

ကျွန်တော် နည်းနည်းစိတ်တိုသွားသည်။

"မေးမယ်ဗျာ...၊ ပေးမယ် ရော့..."

ပိုက်ဆံတစ်ကျပ်ထပ်ပေးလိုက်သည်။

ထိုမျှနှင့်မပြီးသေး။ ဦးမတ်ကြီးက ရပ်ကွက်ထဲရှိ အိမ်တကာစေ့အောင် လျှောက်ပြောသည်။ ကျွန်တော်တို့လင်မယားက ငွေကလေးတစ်ကျပ်ကို လက်ပေါက်ကပ်ကြောင်း၊ ကပ်စေးနဲကြောင်း၊ စိတ်ကောင်းမရှိကြောင်း စသည့်ဖြင့်...

ကျွန်တော် တော်တော်စိတ်ဆိုးသွားသည်။ သူ့ကို တစ်ခုခုခိုင်းလျှင် ပိုက်ဆံမပေးဘဲ ဘယ်တော့မှ မနေခဲ့။ ဘာမှမခိုင်းဘဲနဲ့တောင် လက်ဖက်ရည်ဖိုး အမြဲပေးနေခဲ့သေးသည်။ ဒါကိုတော့ ကျေးဇူးမတင်။ ရေပုံးကြိုးပြတ်သည့်ကိစ္စကလည်း သူ့ဘာသာယူဆွဲပြီး ပြတ်ခြင်းဖြစ်သည်။ ကြိုးအသစ်တစ်ခွေလည်း သူ့ဆီက ထပ်ဝယ်ရသေးသည်။ သူ့ကြောင့် ပြတ်သွားသောရေပုံးကို သူ့ဘာသာပြန်ဆယ်ပြီး ပိုက်ဆံတောင်းသည်။ ကျွန်တော်တို့ကလည်း မပေးချင်၍မဟုတ်။ သူ့ကို နောက်ပြောင်ခြင်းသာ ဖြစ်သည်။ ခုတော့ သူက ကျွန်တော်တို့ အရင်ထားခဲ့သည့် စေတနာတွေကို မထောက်ဘဲ သွားပုပ်လေလွင့် လျှောက်ပြောနေပြီ။

စကတည်းက အရောမဝင်ခဲ့လျှင် ခုလိုဖြစ်မည်မဟုတ်။ ခိုင်း



www.burmeseclassic.com

www.burmeseclassic.com

စရာရှိတာနိုင်း၊ တန်ရာတန်ကြေးလောက်သာပေးခဲ့ဖို့ကောင်းသည်။ ခုတော့ ကိုယ့်စေတနာက ဘာမှအရာမထင်သည့်အပြင် စိတ်ကိုတောင် အနှောင့်အယှက်ဖြစ်စေခဲ့လေပြီ။

◀◀ ▭ ▶▶

မြို့ထဲသို့သွားရန် ကားမှတ်တိုင်သို့ လျှောက်လာခဲ့သည်။ နောက်ဘက်မှ…

"ကောင်လေး…"ဟု ခေါ်သံကြား၍ လှည့်ကြည့်သည်။

ဦးမတ်ကြီးက ကျွန်တော့်ကို ပြုံးပြသည်။ ကျွန်တော်က ခပ်တည်တည်နေလိုက်၏။ သူကတော့ ဘာမှမဖြစ်ခဲ့သည့် ပုံစံမျိုးဖြင့် ထုံးစံအတိုင်း ဆလံပေးသလိုလုပ်၍…

"ကောင်လေး… အဘိုးကြီးကို လက်ဖက်ရည်ဖိုးလေး၊ ဘာလေး ပေးပါဦး…"

ကျွန်တော် သူ့ကို စေ့စေ့ကြည့်၍…

"ဒီမှာ ဦးမတ်ကြီး… ခင်ဗျားကို ပေးရကျွေးရတာ အလကားပဲ။ ပြီးတော့… အကောင်းလဲမပြောဘူး၊ ဒီတော့ နောက်ကိုနိုင်းစရာရှိတဲ့ အခါကျမှ ပိုက်ဆံပေးတော့မယ်…၊ ဒါပဲ…"

သူသည် ကျွန်တော့်ကို အံ့ဩသလို ငေးကြည့်နေသည်။ ထို့နောက် ချာကနဲ လှည့်ထွက်သွားသည်။

ကျွန်တော်လည်း ပြောပြီးမှ စိတ်မကောင်းဖြစ်သွားရပြန်သည်။ သူသည် စိတ်သိပ်မနှံ့ဟု ဆိုကြသည်မဟုတ်လား။ ခုပြောချင်တာ စွတ်ပြောပြီး တော်ကြာမေ့သွားတတ်သူမျိုး၊ ကျွန်တော်က သူနှင့် ဖက်ပြိုင်ပြီး စိတ်ဆိုးနေသည်မှာ သဘာဝမကျချေ။

မည်သို့ပင်ဖြစ်စေ၊ နောက်ရက်များ…





မည်သို့ပင်ဖြစ်စေ…၊ နောက်ရက်များတွင် ဦးမတ်ကြီးသည် ကျွန်တော့်ကိုရှောင်လေတော့သည်။

လက်ဖက်ဆိုင်ထဲဝင်လာလို့ ကျွန်တော့်မြင်လျှင် ထွက်သွားသည်။ လမ်းမှာဆုံမိသောအခါ ကျွန်တော်က ယောင်ပြီးအရင်ကလို အကျီအိတ်ထဲ လက်နှိုက်မိသလို ဖြစ်သွားသည်။ သူက မမြင်ချင်ယောင်ဆောင်သွားတတ်၏။ ထိုအခါ ကျွန်တော်နေမထိ ထိုင်မသာ ဖြစ်ရပြန်သည်။

ကျွန်တော်ကတော့ ဦးမတ်ကြီးနှင့် ဘာထူးသေးလို့လဲ၊ ခုပဲ စိတ်ဆိုးလိုက်၊ ခုပဲ စိတ်မကောင်းဖြစ်လိုက်။

"ဦးမတ်ကြီး မလာတာကြာပြီနော်…" မိန်းမက ပြောသည်။

"သူ့ဘာသာသူ မလာချင်လို့ မလာတာ ဘာဖြစ်သလဲကွာ…"

ကျွန်တော်က ဘာမှအရေးမကြီးသလို ပြန်ပြောလိုက်သည်။

"သူမလာတော့ သမဝါယမဆိုင်ကို ဘယ်သူသွားမလဲ၊ ဒီနေ့ နောက်ဆုံးထားပြီး ဆန်ထုတ်ရမှာ၊ အဲဒါ ဦးမတ်ကြီးကို ခေါ်သွားပေးပါလား…"

ကျွန်တော်သွားမခေါ်ချင်၊ နိုင်းစရာရှိလို့ သွားခေါ်ရတာမျိုး မဖြစ်ချင်သောကြောင့်ပင်။ ထို့ကြောင့်…

"ဟာ ……………………… သူရှိမှ မဟုတ်ပါဘူး…"

"ဒါဆို ဆန်ဘယ်သူသွားထုတ်မလဲ၊ တော်ရုံတန်ရုံဆိုရင်တော့ ကိုယ့်ဘာသာ သွားလို့ရပါတယ်။ ခုဟာက… ဆန်ခြောက်ပြည်ဆိုတော့ နိုင်မှာမဟုတ်ဘူး…"

"ငါသွားမယ်…"

"ဆန်ခြောက်ပြည်ကို သူနိုင်လို့လား…"

"ဘာဖြစ်လို့ မနိုင်ရမှာလဲ… ဒါများ…"

တကယ်တော့ ကျွန်တော်သည် သမဝါယမဆိုင်မှာ ပစ္စည်းတင်ခြင်းနှင့်ပတ်သက်၍ သိပ်ကျွမ်းကျင်သူ မဟုတ်ချေ။



www.burmeseclassic.com

www.burmeseclassic.com

“ဘာဖြစ်လို့ မနိုင်ရမှာလဲ… ဒါများ…”

ထို့ကြောင့် ဟိုယောင်ယောင်၊ ဒီယောင်ယောင်နှင့် အချိန် အတော်ကြာပြီးမှ ဆန်ထုတ်ဖြစ်သည်။ ဆန်ခြောက်ပြည်ဆိုတာ ဘာဖြစ်လို့ မနိုင်ရမှာလဲဟု ထင်ခဲ့သော်လည်း တကယ်တန်းကြည့် တော့ အလေးသားပဲ။ အိမ်နှင့်ဆိုင်က အတော်အတန်အလှမ်းဝေး သဖြင့် လျှောက်ရင်းလျှောက်ရင်း ချွေးတွေပြန်ပြီး မောလာသည်။ ဆန်အိတ်ကလည်း တဖြည်းဖြည်းပိုလေးလာသည်။ လမ်းမှာ ဆန် အိတ်ကိုပစ်ချပြီး ခဏနားဖို့တောင် မနိုင်ဘူးဟု ထင်မှားစိုးသဖြင့် ကြိတ်မှိတ်ပြီး ထမ်းလာခဲ့သည်။

အိမ်ရောက်တော့ ဆန်အိတ်ကိုပစ်ချပြီး ပက်လက်ကုလားထိုင် မှာ ခြေပစ်လက်ပစ်ထိုင်ချကာ တော်တော်ကြာအောင် အမောဖြေ နေရသည်။ မိန်းမက ရေတစ်ခွက်လာပေးပြီး…

“ဒါကြောင့် သူနိုင်မှာ မဟုတ်ဘူးလို့ ပြောတာ…”ဟု ဆိုသည်။

ဦးမတ်ကြီးကို သတိတရ ရှိမိလေသည်။

◀◀ ■ ▶▶

နံနက်စောစော မုန့်ဟင်းခါးစားချင်သဖြင့် အိမ်မှထွက်ခဲ့သည်။ ကျွန်တော်တို့ အိမ်ရှေ့နားမှာ ကုန်းကုန်းကွကွ လုပ်နေသော ဦးမတ် ကြီးကို တွေ့ရလိုက်သည်။ ကျွန်တော် မနေနိုင်တော့ပဲ…

“ဦးမတ်ကြီး ဘာလုပ်နေသလဲ…”ဟု နှုတ်ဆက်လိုက်သည်။

သူသည် တစ်စုံတစ်ခုကုန်းကောက်သလို လုပ်နေရာမှ မော့ ကြည့်ပြီး ပြုံးပြသည်။ ခါးကို ဆန့်ပြီးလိုက်ပြီး…

“ကောင်လေးတို့ အိမ်ရှေ့မှာ မြတ်တောတွေ ထနေလို့ နှုတ်ပေး မလို့…”ဟု ပြော၏။







တကယ်တော့ ကျွန်တော်တို့အိမ်ရှေ့မှာ မြက်ပင်များများစား …းမရှိချေ။ မြက်နုလေးတွေ ကြိုးတိုးကြဲတဲသာ။ သူသည် ကျွန်တော် …င် ပြန်ပြီးအဆင်ပြေအောင် အကြောင်းရှာ၍ ကြိုးစားနေခြင်း …ဖြစ်ကြောင်း သိလိုက်၏။ ကျွန်တော်ကလည်း သူနှင့်ပြန်ပြီး အဆင် ပြေချင်နေသူပင် ဖြစ်သည်။ ထို့ကြောင့်…

“ဟာ… ကောင်းတာပေါ့…၊ ကျေးဇူးပဲ…”

သူ့မျက်နှာကြည်လင်ဝင်းပသွားသည်။ ပြီးတော့ အရင်ကလို …လဲပြီး….

“ကောင်လေး… အဘိုးကြီးကို လက်ဖက်ရည်ဖိုးလေး၊ ဘာလေး …ပေးပါဦး…”

သူ့စကားမဆုံးခင်ပင် ကျွန်တော့်အိတ်ထဲ လက်နှိုက်ပြီးသား …ဖြစ်၏။ ကျပ်တန်တစ်ရွက်ထုတ်ပေးလိုက်သည်။ သူက ကျပ်တန်ကို …မ်းယူပြီး တယုတယကိုင်လိုက်သည်။ ထို့နောက် တစ်ခုခုထပ်ပြော …င်သည့်ဟန်ဖြင့် ကြည့်နေသည်။

“ဘာလဲ ဦးမတ်ကြီး၊ ဘာပြောချင်လို့လဲ…”

သူက အားနာသလိုလိုပြုံး၍…

“ပိုက်ဆံတစ်မတ်ထပ်ပေးပါဦး… ကောင်လေး၊ လက်ဖက်ရည် … အခု ငါးမတ်ဖြစ်သွားပြီလေ…”ဟု ပြောလေသည်။

မင်းလူ

(စံပယ်ဖြူ၊ မေလ၊ ၁၉၈၆)



www.burmeseclassic.com

www.burmeseclassic.com



# အိတ်မပါတဲ့စာ

အမြဲတေဆရာများခင်ဗျား. . . အိတ်မပါတဲ့စာဆိုတော့ အိတ်ဖွင့်ပေးစာထက် ပိုပြီးပွင့်ပွင့်လင်းလင်း ရေးလိုက်တာပဲလို့ မထင်ကြပါနဲ့။ စက္ကူရှားလို့ စာအိတ်နဲ့ ထည့်မပေးလိုက်နိုင်တာ။ ပြီးတော့ ပေးစာလို့ဆိုတဲ့အတွက် ဘာတွေများ မကျေနပ်တာရှိလို့လဲ။ ဘယ်သူ့ကိုဆော်မလို့လဲ၊ ဆော်ရင်လည်း ဆတ်ဆတ်ထိမခံ ပြန်ရေးမယ့် လူမျိုးကို ဆော်ပါစေ။

ဒါမှ ဟိုဘက်ကလည်းပြန်ဆော်။ အပြန်အလှန်ဆော်ကြတာ လူတွေ စိတ်ဝင်စားပြီး မဂ္ဂဇင်းလည်း ရောင်းကောင်းတာပေါ့။ စသည်ဖြင့်လည်း မတွေးကြပါနဲ့။ ဘယ်သူ့မှ ဆော်မှာ တီးမှာ မဟုတ်ပါဘူး။ လုပ်လည်း မလုပ်ရဲပါဘူး။ ကျွန်တော့်မိန်းမ ကလေးမွေးတဲ့ အကြောင်းပြောမလို့ပါ။

ဒါများကွာ၊ ရေးကြီးခွင်ကျယ်လုပ်လို့။ စက္ကူတွေ ဖြုန်းတီးပစ်ဦးမလို့လားလို့ ပြောလည်း မတတ်နိုင်ဘူးလေ။ ကျွန်တော့်မှာက မွေးနေ့ပွဲလည်း မလုပ်နိုင်၊ ဒုလ္လဘရဟန်းလည်း မခံနိုင်ဘူးဆိုတော့ ရှိတဲ့အကြောင်းလေးပဲ ရှိပြီးရေးလိုက်ရတာပါပဲ။ (ဒီစာဟာ ဝတ္ထုလား၊ ဆောင်းပါးလား၊ စာတမ်းလား၊ ဘာလားဆိုတာတော့ ဆရာတို့ဘာသာ ဆုံးဖြတ်ပါ။ ကျွန်တော့်သဘောကတော့ ဘယ်အမျိုးအစားကို စာမူခ အများဆုံးပေးသလဲ အဲဒီအတိုင်း သတ်မှတ်လိုက်စေချင်တာပါပဲခင်ဗျာ)

ပဉ္စင်္ဂစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

ကဲ. . . စပြောတော့မယ်။

ကျွန်တော့်မိန်းမ ကိုယ်ဝန်ရှိပြီဆိုတော့ ထုံးစံအတိုင်း ဆေးတွေဝယ်ရတာပေါ့၊ လဟာပြင်ဈေးမှာ ကျွန်တော့်သူငယ်ချင်းဆေးဆိုင်ရှိတယ်၊ ပရိနေတယ်လို့ခေါ်တဲ့ ကိုယ်ဝန်ဆောင် အားတိုးဆေးက သုံးဆယ့်ခြောက်ကျပ်တဲ့။ ကျွန်တော်လဲ အံ့ဩပြီး "ဟာ. . . ဘယ်လိုဖြစ်တာလဲ။ ငါ့သမီးကြီးမွေးတုန်းက ကိုးကျပ်ပါကွာ။ ရှယ့်ဆယ့်လေးခုနှစ်က' 'ဟိုတုန်းကဟာ လာမပြောနဲ့၊ မင်းတို့ စာအုပ်ဈေးတွေကတော့ ရှစ်ဆယ့်ခုနစ်ခုနှစ်က နှစ်ဆယ်တန် အခု သုံးဆယ် ဖြစ်နေပြီမဟုတ်လား' ဒါကတော့ ငါတို့က စက္ကူအပြင်က ဝယ်ရိုက်လို့ပဲကွ"

"ဟေ အခု မင်းအခုလာဝယ်တဲ့ ငါ့ဆိုင်ကကော အပြင်ကဆိုင်မဟုတ်လို့ ဘယ်ထဲကဆိုင်လဲ. . ."

"မင်းတို့က လွန်လွန်းပါတယ်ကွာ။ ငါတို့ စာအုပ်ဈေးက ရာခိုင်နှုန်းနဲ့တွက်ရင် ငါးဆယ်ရာခိုင်နှုန်းလောက်ပဲ ဈေးတက်တာ၊ မင်းတို့က သုံးရာ ရာခိုင်နှုန်းတက်တာကွ. . ."

"ဟော့ကောင် စကားမရှည်နဲ့၊ ခုချိန်မှာ ဆေးဈေးတွေက နယ်ကိုတယ်လီဖုန်းပြောရသလိုပဲ။ သုံးမိနစ်တစ်ခါလောက်တက်နေတာ။ မင်းနဲ့ပြောနေတုန်းတောင် တစ်ခြားဆိုင်တွေ တစ်ကျပ်လောက်တက်သွားပြီလားမသိဘူး"

"အေးပါကွာ၊ ဒါနဲ့ ဗီဇစ်ကကော ဘယ်လောက်လဲ. . ."

"လေးဆယ့်ငါးနဲ့ယူ. . ."

"ဘာ. . . ဟိုတုန်းက ဆယ့်လေးကျပ်. . ."

"လာပြန်ပြီလား ဟိုတုန်းက. . ."

"ဖျူရာမင်းဘီစီကော. . ."

"ငါးဆယ့်နှစ်. . ."





သူ့ကို ဘာမှ မပြောပေမယ့် စိတ်ထဲကတော့ အရင်က ဆယ့်ကိုးနှစ်ဆယ်လောက်ရှိတာလို့ တွေးမိပါတယ်။ သူငယ်ချင်းကလည်း ကျွန်တော့်ကို သနားသွားဟန်တူပါသည်။

"သိပ်လည်း မပူပါနဲ့ကွာ။ အကုန်အကျသက်သာတဲ့နည်း ရှိပါတယ်။ ခုပြောတဲ့ဈေးက ဘီပီအိုင်ဆေးတွေ။ ဒီမှာသူငယ်ချင်း ဖျူရာမင်ဘီစီဆိုတာ ဆာတဲစ်ဗီတာမင်ဘီရယ်စီရယ် သံဓာတ်ရယ် ပေါင်းထားတာမဟုတ်လား။ ဒီတော့ ယိုးဒယားဘားပလက်ဆယ့်လေးကျပ်၊ တရုတ်စီဗစ်ကိုးကျပ်၊ ယူနီဆက်က ဖဲရပ်ဆာလဖိတ်သုံးကျပ်ခွဲ၊ အဲဒီသုံးမျိုးပေါင်းလိုက်ရင် ဖျူရာမင်ဘီစီဖြစ်တာပေါ့။ နှစ်ဆယ့်ခြောက်ကျပ်ခွဲပဲကုန်မယ်။ တစ်လုံးတည်းနဲ့ ပြီးမယ့်ဟာ သုံးလုံးလောက်သောက်ရတာလောက်တော့ ရှိတာပေါ့။ ဆေးလုံးတွေအများကြီးသောက်ရလို့ ပိုပြီးအားရှိတယ်လို့ ထင်စရာရှိတော့ ဒါလည်း တစ်မျိုးကောင်းတာပဲ. . ."

ကျွန်တော့်မိန်းမက ပထမကလေးတုန်းက ဗိုက်ခွဲမွေးရတယ်။ ဒီတော့ ခုဒုတိယကလေးလည်း ဗိုက်ခွဲရဖို့သေချာသွားပြီ။ ဗဟိုအမျိုးသမီးဆေးရုံကြီးမှာလည်း အပ်ပေါ့၊ အပြင်ဆေးခန်းမှာလည်းအပ်ပေါ့။ ပထမကလေးတုန်းကတော့ မြို့နယ်သမဝါယမဆေးခန်းမှာ အပ်တယ်။ အထူးကုဆရာဝန်ကြီးပဲ။ တစ်ခါပြမှ တစ်ဆယ်ပဲ ပေးရတယ်။ တစ်ခုခက်တာက လူများလွန်းလို့ မနက်လေးနာရီလောက်ထပြီး စာအုပ်သွားထပ်ရတာပဲ။ ဒီတော့ သွားရလာရတဲ့စရိတ်၊ စာအုပ်ထပ်ထားပြီး မနက်ရှစ်နာရီ တိုကင်နံပါတ်ပေးတာကို စောင့်ရင်း လက်ဖက်ရည်ဆိုင်ထိုင်ရတဲ့စရိတ်၊ အိတ်ရေးပျက်တာ၊ လူပင်ပန်းတာတွေနဲ့ ဘာမှ မထူးဘူး။ အပြင်ဆေးခန်းမှာက စပြတဲ့နေ့ သုံးဆယ်၊ နောက်ရက်တွေကျတော့ နှစ်ဆယ်။



www.burmeseclassic.com

www.burmeseclassic.com

မိန်းမက သူ့သဘာဝ ဘာဖြစ်လို့ဆိုလည်းမသိ။ မွေးရက်ကို တွက်ချက်ခန့်မှန်းဖို့ မလွယ်ဘူးတဲ့။ အကြွမ်းဖျင်းအားဖြင့်တော့ မေလ ခြောက်ရက်နေ့လို့ ခန့်မှန်းတယ်။ ဗိုက်ခွဲရမယ့်လူဆိုတော့ မွေးရက်ကို တတ်နိုင်သမျှ တိတိကျကျသိမှဖြစ်မယ်။ ဒါမှ ဗိုက်မနာလာခင် ကြိုပြီး ခွဲစိတ်လို့ရမယ်။ သိပ်စောပြီး ခွဲပြန်ရင်လည်း ကလေးက ရက်မစေ့ပဲဖြစ်နေမယ်။ ဒီတော့ တိတိကျကျသိရအောင် ဗဟိုအမျိုးသမီးဆေးရုံကြီးကိုသွား။ 'တီဗီ'ရိုက်တယ်လို့ခေါ်နေကြတဲ့ 'အာလ်ထရာဆောင်း'လို့လည်း ခေါ်ကြတဲ့ အသံလွန်လှိုင်းသုံး ကိရိယာနဲ့ စစ်ဆေးခိုင်းတယ်၊ အဲဒါ ရိုက်ခွင့်ရဖို့ကလည်း မလွယ်ဘူး။

အထူးကု ဆရာဝန်ကြီးနှစ်ယောက်က ထောက်ခံလက်မှတ်ထိုးပေးရတယ်။ ပြီးမှ ဆေးရုံအုပ်ကြီးကတစ်ဆင့် လက်မှတ်ထိုးမှ ရိုက်ခွင့်ရတာ။ တကယ်ရိုက်ဖို့ လိုအပ်တဲ့ လူအတွက်တော့ မခဲယဉ်းပါ ဘူး။ သက်ဆိုင်ရာစမ်းသပ်တဲ့ ဆရာဝန်ကြီးက ရေးပေးတဲ့လက်မှတ် နဲ့ ဆေးရုံသွား စာရင်းသွင်းပြီး ရက်ချိန်းယူရုံပါပဲ။ ကျန်တဲ့ကိစ္စ ဆေးရုံကတာဝန်ယူပြီးလုပ်ပေးပါတယ်။ အဲဒီလိုစက်မျိုး အပြင်မှာလည်း ရှိတယ်လို့ဆိုတယ်။ ဒါပေမယ့် ရိုးရိုးဓာတ်မှန်ရိုက်တာတောင် ရာဂဏန်းပေးရတာ။ ဒါမျိုးဘယ်လောက်ကျမလဲ မပြောတတ်နိုင်ဘူး။ ဆေးရုံမှာတော့ အခမဲ့ပဲ။

အဲဒီစက်နဲ့ စမ်းသပ်စစ်ဆေးမှုအရ ကျွန်တော့်မိန်းမဟာ မွေးဖို့ရက်သတ္တနှစ်ပတ်လိုသေးတယ်။ အထဲက အနေအထားက အချင်းကရှေ့ရောက်ပြီး မွေးလမ်းကြောင်းမှာ ပိတ်နေတယ်။ မွေးမယ့်ကလေးက မိန်းကလေးလို့ အတိအကျသိလိုက်ရတယ်။ မမွေးခင်ကတည်းက ယောက်ျားလေးလား၊ မိန်းကလေးလား ကြိုပြီးသိရတယ်ဆိုတာ မဆန်းဘူးလားဗျာ။ ဒါဟာ ကောင်းသလား၊ မကောင်းဘူးလား၊ ကျွန်တော်ကတော့ စိတ်ထဲမှာတစ်မျိုးကြီးပဲ။ ဆေးရုံရှေ့မှာ ခပ်ငေါင်ငေါင်လေးထိုင်ရင်း ဘာလေးမွေးမလဲလို့ ရင်တဖိုဖိုနဲ့ စောင့်ရတဲ့ အခွင့်အရေးတစ်ခု ဆုံးရှုံးသွားသလိုပဲ။ အနုပညာသမားမို့ ရင်ခုန်ရတာကို အရသာခံချင်နေတာလားတော့မသိ။





နောက်တစ်ချက် ထူးခြားတာရှိသေးတယ်။ အာလ်ထရာဆွန်းနစ်ဝေ့ဗ်လို့ ခေါ်တဲ့ အသံလွန်လှိုင်းကို အသုံးပြုတဲ့ကိရိယာဆန်းက မွေးဖို့ နှစ်ပတ်လိုသေးတယ်လို့ တွက်ချက်ပေးတယ်။ တကယ်တမ်းကျတော့ ဟုတ်ရိုးလားဗျာ။ တစ်ပတ်တိတိအကြာမှာ မိန်းမဗိုက်နာလာတော့တာပဲ။ အဲ့သြဖို့ကောင်းတာက အဲဒီနေ့ဟာ ဟိုအရင်ကိုယ်ဝန်အပ်ခါစတုန်းက လက်နဲ့စမ်းပြီး ခန့်မှန်းထားတဲ့ မွေးရက်အတိုင်း အတိအကျဖြစ်နေတာပါပဲ။

ကဲ. . . စက်နဲ့လူ ဘယ်သူက စွမ်းသလဲ။ စက်ကိရိယာတွေ ဘယ်လောက်ထွင်ထွင် လူရဲ့အခန်းကဏ္ဍဟာ အမြဲအရေးပါနေမယ်ဆိုတာ ကောင်းကောင်းသိလိုက်ရတယ်။ မိန်းမရဲ့ဗိုက်ကလည်း အလိုက်သိစွာနဲ့ မနက်ခြောက်နာရီလောက်ကျမှ နာလာတယ်။ ညသန်းခေါင်သန်းလွဲဆို ကားငှားရခက်နေဦးမှာကိုး။ သွေးနည်းနည်းဆင်းတယ် လို့ သူကပြောတော့ ကျွန်တော်ပြာသွားတယ်။ စိတ်ကူးတည့်ရာ ပစ္စည်းတွေ ခြင်းတောင်းထဲထည့်ပြီး ကားငှားဖို့ ထွက်ခဲ့ရတယ်။

တစ်ခုရှိတာက အဲဒီအချိန်ဟာ အငှားကားလောကမှာ တစ်မိုင်သုံးကျပ်။ ငါးမြို့နယ်ဆယ်ဂိတ်လက်မှတ်ထိုးရတာ ခေတ်စားနေတဲ့ အချိန်။ ကားတွေက သူတို့ကို ငှားမှာစိုးလို့ မမြင်ချင်ယောင်ဆောင်ပြီး ရှောင်ဖယ်ဖယ်လုပ်ပြေးနေတဲ့အချိန်။ ဆယ့်ငါးမိနစ်လောက်ထိ ကားတစ်စင်းမှ ရပ်မပေးဘူး။ တစ်စင်းကရပ်တော့ရပ်ပါရဲ့။ ဒပ်ဖရင်ကို ဘယ်လောက်လဲဆိုတော့ သုံးဆယ့်ငါးကျပ်တဲ့။ အရင်က



www.burmeseclassic.com

www.burmeseclassic.com

နှစ်ဆယ်လောက်ပေးရတာ။

"ဟာ ဘယ်နှစ်မိုင်ရှိလို့လဲဗျာ. . ." လို့ ညည်းမိတာကို

"ဘယ်နှစ်မိုင်ရှိလဲ သိချင်ရင် ပေကြိုးယူပြီး တိုင်းကြည့်ပေါ့ဗျာ" လို့ပြောပြီး ပူးခနဲ မောင်းထွက်သွားတယ်။ စကားအတွန့်တက်မိတဲ့ ကိုယ့်ပါးစပ်ကိုယ်သာ ပိတ်ရိုက်ချင်တယ်။ အခုအချိန်မှာ အရေးကြီးတာက ဆေးရုံကို အမြန်ဆုံးရောက်ဖို့မဟုတ်လား။ ဘယ်လောက်တောင်းတောင်းပေးပြီး အမိအရ လိုက်ရမှာ မဟုတ်လား'

နောက်တစ်စင်းကျတော့ ဈေးဆစ်ဖို့စိတ်မကူးနိုင်တော့ဘူး။

"ဒပ်ဖရင်သွားချင်လို့ပါ. . ." ကားဆရာက

"ရပါတယ်၊ လူနာသွားပို့မှာလား. . ."

"ကြည့်ပေးပါ. . ."

မိန်းမကို အမြန်ဆုံးပြေးခေါ်ပြီး တက်လိုက်ခဲ့တယ်။ လမ်းကျမှ စဉ်းစားမိတယ်။ ဒီကားဆရာ ပညာရှိပဲ။ ဘယ်လောက်ပေးပါလို့ တောင်းရင် တစ်မိုင်သုံးကျပ်ကိစ္စနဲ့ပြောဆိုရဦးမယ်။ ကြည့်ပေးပါဆိုတော့ ကားဆရာ သဘောကောင်းသားပဲလို့ တွက်ပြီးစီးသူက အားနာပါးနာနဲ့ ပိုပေးချင်စိတ်ပေါက်လာမယ်မဟုတ်လား။ ကျွန်တော် တောင် ဆယ့်ငါးကျပ်လောက်ကျမယ့်လမ်းကို နှစ်ဆယ်အစိတ်လောက်ပေးမယ်လို့ စိတ်ကူးမိသေးတယ်။ နောက်တစ်ချက်က ကားသမားတွေမှာ ငွေအတောင်းကြမ်းပေမယ့် အရေးပေါ်လူနာကိစ္စဆိုရင် များသောအားဖြင့် ဘာမှပြောမနေဘဲ ကူညီပို့ဆောင်ပေးတတ်တဲ့ မြန်မာ့စိတ်ဓာတ် မခေါင်းပါးကြသေးတာလည်း ဖြစ်နိုင်တယ်။

ဆေးရုံရောက်တော့ တာဝန်ကျ ဆရာဝန်က စမ်းသပ်စစ်ဆေးပြီး ဆရာဝန်ကြီးကို ဖုန်းဆက်ခေါ်၊ ဆရာဝန်ကြီးရောက်လာကြည့်ရှုပြီး ဒီနေ့ပဲ ခွဲမယ်လို့ဆုံးဖြတ်၊ နေ့လယ်ပိုင်းမှာ ခွဲခန်းထဲခေါ်သွား။

ကျွန်တော်အပြင်မှာ စောင့်ရင်း စိတ်လှုပ်ရှားနေတယ်။ မိန်း





ကလေး မွေးမယ်ဆိုတာတော့ သိပြီးသား။ နောက်တစ်မျိုး ပူလာပြန်တယ်။ ဘာလဲဆိုတော့ ကိုယ်လက်အင်္ဂါစုံစုံလင်လင်မှ ပါလာပါ့မလား။ နောက်ပြီး ဘယ်လိုရုပ်မျိုးလေး ထွက်လာမလဲပေါ့။ ဟုတ်တယ်လေ။ ကျွန်တော်က အသားမည်းပြီး မိန်းမကဖြူတာကိုး။ ဒါ့အပြင် သူသောက်ခဲ့ရတဲ့ဆေးတွေက တရုတ်ဆေး၊ အိန္ဒိယဆေး၊ ယိုးဒယားဆေး၊ နော်ဝေဆေး၊ ဆွစ်ဇာလန်ဆေး အစုံပဲလေ။ အင်တာနေရှင်နယ်ပုံစံထွက်လာနိုင်တာပေါ့။

ခွဲရတာလွယ်ပါတယ်။ ပြန်ချုပ်တော့မှခက်တာ။ အရင်တစ်ခါ ဗိုက်ခွဲဖူးတဲ့လူဆိုတော့ ခက်တယ်ပြောတာပဲ။ ပြန်ချုပ်ရတာကို တော်တော်ကြာတယ်။

မွေးတဲ့အချိန်က တန်ဆောင်မုန်းလပြည့်နေ့မဟုတ်ပေမယ့် ဆေးပေါင်းခလို့ ကလေးကထွားပါတယ်။ ဆရာဝန်တွေ ဆရာမတွေကလည်း ကရုစိုက်ကြပါတယ်။ ဘာမှပေးထား၊ ကျွေးထားလို့ မဟုတ်ပါဘူး။ ခွဲစိတ်ပြီးတဲ့အချိန်မှာ ဆိတ်သားမုန့်အခုနှစ်ဆယ် ငွေသုံးဆယ်ဖိုး ကျွေးတာကလွဲလို့ တစ်ပြားတစ်ချပ်မှ မပေးရပါဘူး။

စာရေးဆရာရဲ့ မိန်းမမို့ ဂရုစိုက်ကြတာတွေလည်း မဟုတ်ပါဘူး။ ကျွန်တော့်ကို စာရေးဆရာလို့ ဘယ်သူမှ မသိကြပါဘူး။ ဆရာဝန် ဆရာမတွေထဲမှာ ကျွန်တော့်စာဖတ်ပရိသတ်တွေ ရှိကောင်းရှိနိုင်ပေမယ့် ကျွန်တော်ကလည်း ထုတ်မပြောခဲ့ပါဘူး။ အဲဒီလို ဘာအကြောင်းနဲ့မှမပတ်သက်ဘဲ ဂရုစိုက်ကြတာကိုက ဝမ်းသာစရာပါပဲ။

အဲ ဘာမှ မပေးရဘူးဆိုပေမယ့် တစ်ခါတစ်ရံ အချိန်အခါမဲ့ ဝင်ချင်ထွက်ချင်ရင်တော့ ပေးရတာလေးတွေရှိပါတယ်။ လူတိုင်းမှာရှိတဲ့ ဝင်ထွက်ခွင့်လက်မှတ်ကလေးတွေပေါ့။ လက်ဖက်ရည်ဖိုးလို့ခေါ်တဲ့ လက်မှတ်ကလေးတွေလေ။ လက်ဖက်ရည်ဖိုးပေးရတဲ့အထဲ



www.burmeseclassic.com

www.burmeseclassic.com

မှာတော့ အတန်ဆုံးပါပဲ။ တစ်ကယ်ဆိုရင် လက်ဖက်ရည်ဖိုးလို့တောင် ခေါ်လို့မရဘူး။ လက်ဖက်ရည်က တစ်ကျပ်ခွဲနှစ်ကျပ်ဖြစ်နေပြီမဟုတ်လား။ ဆေးလိပ်ဖိုးလို့ခေါ်ရင်တောင် ဒူးယားမပါဘူး။ ပေးရတာ အားနာဖို့တောင်ကောင်းပါတယ်ဗျာ။

တစ်ခုတော့ အခက်အခဲတွေ့ရတယ်။ စပါယ်ရှယ်နပ်စ်လို့ခေါ်တဲ့ အထူးသူနာပြုဆရာမငှားဖို့ခက်တဲ့ကိစ္စပဲ။ ဒါကလည်း မငှားမဖြစ်လို့ ငှားကြရတာပါ။ ဘယ်သူက နေ့သုံးဆယ်၊ ညသုံးဆယ့်ငါးကျပ် အကုန်ခံချင်ပါ့မလဲ။

ဗိုက်ခွဲထားတဲ့လူနာဆိုတော့ အိပ်ရာပေါ်မှာ ပက်လက်ပဲ နေရတာ။ ဆီးဝမ်းသွားချင်တဲ့ကိစ္စ၊ ကလေးငိုရင် ထမ်ိဖို့ကိစ္စ၊ ကော်ဖီလေးဘာလေးသောက်ချင်တဲ့ကိစ္စ၊ အခြားသန့်ရှင်းရေးလုပ်ဖို့ကိစ္စ စပါယ်ရှယ်နပ်စ်ရှိမှဖြစ်မှာ။ ဆေးရုံက ဆရာမတွေက သူတို့ အလုပ်နဲ့သူတို့ရှုပ်နေကြတာ။ ဘေးမှာအမြဲလာကြည့်နေနိုင်တာ မဟုတ်ဘူး။

ဆေးရုံမှာ ဆေးမရှိတာက အရေးမကြီးဘူး။ အပြင်မှာ ဝယ်လို့ရတယ်။ စပါယ်ရှယ်နပ်စ်ကျတော့ စိန်ဂျွန်းဈေးမှာ ပြေးဝယ်လို့ရတာမဟုတ်ဘူး။ ဆေးရုံမှာရှိမှ။ ဒီမှာတော့ စပါယ်ရှယ်နပ်စ်က ရှားပါးပစ္စည်းပဲ။ ဆရာဝန်တွေကျတော့ ပေါများနေပြီး၊ သူနာပြုဆရာမ ရှားပါးနေတာ အံ့ဩစရာ။

ကျွန်တော့်မိန်းမအတွက် နေ့ဆရာမကို လေးရက်မြောက်တဲ့နေ့ကျမှရတယ်။ ရှေ့ပိုင်းနေ့တွေမှာတော့ တော်တော်ကသီတယ်။ ဆေးရုံကဆရာမလေးတွေက ကြုံသလိုဝင်လုပ်ပေးသွားကြ၊ တစ်ခြားလူနာတွေရဲ့ စပါယ်ရှယ်နပ်စ်တွေကလည်း ဝိုင်းတော့ကြည့်ကြပါတယ်။ ဒါပေမယ့်လည်း သူတို့ခမျာ သူတို့ကိုငှားထားတဲ့ လူနာတွေက သူတို့ ပိုက်ဆံပေးထားတဲ့ ဆရာမ တစ်ခြားလူနာကိုကြည့်ပေးတာ မကြိုက်ကြဘူး။ လူနာနှစ်ယောက်ခွဲပြီး ပိုက်ဆံယူတယ်လို့ တိုင်တတ်၊ တောတတ်ကြလို့။





ဒီတော့ ကျွန်တော့်မိန်းမခမျာ တစ်ခုခုလုပ်ချင်ရင် ထလို့ကလည်းမရ တစ်ခြားဆရာမတွေရဲ့ အရိပ်အကဲကိုကြည့်၊ ဆေးရုံကဆရာမတွေ အလာကိုစောင့်၊ အောင့်စရာရှိတာအောင့်ထား မျက်နှာငယ်ရတာပေါ့လေ။

ဒါဖြင့် စပါယ်ရှယ်နပ်စ်မငှားနိုင်တဲ့ ဆင်းရဲသူဆင်းရဲသားများဘယ်လိုလုပ်ကြမလဲလို့ မေးစရာရှိတယ်။ ဟုတ်ကဲ့။ ဘယ်လိုမှ မလုပ်ကြပါဘူး၊ သူတို့က စကတည်းက မငှားနိုင်တဲ့လူဆိုတော့ စိတ်ရှင်းရှင်းနေနိုင်တာပေါ့။ ပိုက်ဆံမရှိဘူးဆိုကတည်းက မျက်နှာငယ်ပြီးသားမဟုတ်လား။ နောက်ပြီး အဲဒီလို မငှားနိုင်တဲ့လူနာမျိုးကို ဆေးရုံကဆရာမတွေက ပိုပြီးဂရုစိုက်တတ်ကြပါတယ်။

ကျွန်တော်လည်း မစားသာဘူးဗျို့။ ညနေဇည့်သည်ချိန်ဆိုရင် သူများလို လူနာဘေးမှာ ကြော့ကြော့လေးထိုင်ပြီး စကားစမြည်ပြောမနေနိုင်ဘူး။ ရောက်တာနဲ့ သူ့ကိုအစားအသောက်ကျွေး၊ ဆေးတိုက်၊ အိမ်သာကိုတွဲပို့၊ ပြီးရင်အခန်းထဲက လက်ဆေးကြွေခွက်မှာ ကလေးသေးအနှီး၊ ချေးအနှီးတွေ ကိုယ်တိုင်လျှော်ရတယ်။ ပြီးတော့ ဝရန်တာကတန်းမှာ လှမ်းပေးခဲ့ရတယ်။

ဆရာ ဝသုန္ဓြေသာ မြင်ရင်တော့ စာရေးဆရာမင်းလူ ဆေးရုံပေါ်မှာ အနှီးလျှော်ခြင်းဆိုပြီး "စကုသတင်း" ရေးလေမလားမသိ။

ဒီလိုနဲ့ ခုနစ်ရက်အကြာမှာ ဆေးရုံက ဆင်းရပါတယ်။ ဆေးရုံဆင်းလက်မှတ်ထုတ်ရင် အလှူငွေထည့်ရတယ်။ တစ်ကျပ်နှစ်ကျပ်ကအစ သဒ္ဓါသလောက် ထည့်နိုင်ပါတယ်။ ကျွန်တော့်မိန်းမက သူ့ရှိတဲ့ငွေကို ချင့်ချိန်ပြီး ခုနစ်ဆယ့်ငါးကျပ် လှူလိုက်ပါတယ်။

"ခုနစ်ဆယ့်ငါးကျပ်လား"မေးလို့ ခေါင်းညိတ်ပြတော့။

"ဟာ. . . ဒီနေ့တော့ အလှူငွေစံချိန်တင်တော့မယ်ဟေ့"ဒဲ့ဝမ်းသာအားရ အော်လိုက်သတဲ့။ ကျွန်တော့်မိန်းမက နည်းများနေသည်းနေမလားလို့ စိတ်ထင့်နေတာ။ ခုတော့ သူအများဆုံးဆိုပါလား။


www.burmeseclassic.com

www.burmeseclassic.com

အင်းပေါ့လေ။ ဒီနေရာက လူမသိ သူမသိ လျှုရတဲ့ နေရာမျိုးကိုး။ မိန်းမကြီးတစ်ယောက်ဆိုရင် ဝတ်ထားထားတဲ့ လက်ဝတ်လက်စားတွေက ဂဏန်းငါးလုံးအနည်းဆုံးရှိမယ်။ အလှူငွေထည့်တော့ ဆရာငွေကြည်ရဲ့ ကာတွန်းထဲကလို ပတ္တာအိတ်ကိုဖွင့်လိုက်၊ ပိုက်ဆံအိတ်ကိုထုတ်၊ ပတ္တာအိတ်ကိုပိတ်၊ ပိုက်ဆံအိတ်ကိုဖွင့်ပြီး တစ်ဆယ်တန်အနွမ်းကလေးတစ်ရွက် ထုတ်ပေးသတဲ့။

ထားပါတော့လေ။ ဒီလိုနဲ့ ဆေးရုံက ဆင်းပြီး အိမ်ကိုရောက်လာတယ်။ အိမ်မှာတော့ စပါယ်ရှယ်နပ်စ် ငှားဖို့လွယ်ပါတယ်။ တစ်ခြားလူတော့မဟုတ်ဘူး။ ကျွန်တော်ပဲလေ။

အဲဒါပဲဗျာ။ ကျွန်တော့်မိန်းမကို ပြုစုရ၊ ကလေးအနှီးလျှော်ရနဲ့ မအားလပ်နိုင်အောင်ပါပဲ။ မွေးစာရင်းကလည်း ခုထိမရသေးဘူး။ နှစ်လကျော်ပြီ။ မွေးစာရင်းမရသေးတော့ ရပ်ကွက်ပြည်သူ့ကောင်စီမှာ နိုင်ငံသားဖြစ်မှုအတွက် လျှောက်ထားစာရင်းသွင်းဖို့ကိစ္စ။ နို့မှုန့်ကလေးများ ရလိုရငြား လျှောက်ဖို့ကိစ္စ ဘာမှလုပ်လို့ မရသေးဘူးပေါ့။

(ကျွန်တော့်ကို စာမူခမပေးဘဲ နို့မှုန့်တစ်ဘူးသာပေးဖို့ တောင်းဆိုချင်ပါတယ်။ အပြင်မှာ တစ်ဘူးနှစ်ရာကျော်ဗျို့)

ကဲ. . . တော်လောက်ပါပြီလေ။ ကျွန်တော်အဓိကပြောချင်တာကတော့ ကျွန်တော့်မှာ အထက်အဆိုပါအတိုင်း ဗာဟီရကိစ္စတွေများနေလို့ ဆရာတို့မဂ္ဂဇင်းမှာ ဝတ္ထုတွေ မရေးနိုင်သေးတာကို ခွင့်လွှတ်ပြီး ကျွန်တော့်အား မီးနေခွင့်ပေးသနားပါရန် တောင်းပန်အပ်ပါသည် ခင်ဗျား။

ကလောင်ကိုင်သောလက်သည် ပုခက်ကို စိုးမိုးနိုင်ရမည်။

မင်းလူ

(ရုပ်ရှင်အမြုတေ၊ ဩဂုတ်လ၊ ၁၉၈၇)





## ပေးဒေး

လခထုတ်ရက်ဖြစ်ပါလျက် မပျော်ရသည့်အကြောင်းမှာ အောက်ပါတို့ကြောင့်ဖြစ်လေသည်။

သူသည် သူတို့ရုံး၏ ဖွဲ့စည်းပုံအခေါ်အဝေါ်အရ စီမံရေးရာဝန်ထမ်းအဆင့် (၃)ဖြစ်၏။ လူအများ နားလည်လွယ်သော စကားနှင့်ဆိုလျှင် အောက်တန်းစာရေးပင်တည်း။

တစ်ကယ်တော့လည်း သူ့ရာထူးသည် လစာနည်း ဝန်ထမ်းစာရင်းတွင် ပါဝင်နေသည် မဟုတ်ပါလား။

သူ့လခက နှစ်ရာသုံးဆယ့်ငါးကျပ်ဖြစ်၏။ သူ အလုပ်ဝင်သည်မှာ နှစ်ပေါင်းအတော်အတန်ကြာခဲ့ပြီ ဖြစ်သော်လည်း လုပ်အားပေးနေ့စားအဖြစ်သာ ရှည်ကြာခဲ့ရသဖြင့် နှစ်တိုးတွေဘာတွေ ခံစားခွင့်မရခဲ့။

အမြဲတမ်းဝန်ထမ်းဖြစ်ကာ သုံးနှစ်သာရှိသေးသည်။

"မမစန်း လခသွားထုတ်ရအောင်လေ"ဟု ယုယုက လာပြောသည်။

"စောပါသေးတယ်ဟယ်၊ ဒီအချိန်ဆို လူတွေတိုးနေကြမှာ၊ အေးအေးဆေးဆေးမှ သွားတာပေါ့။ လခစောစောရလို့လဲ ဘာမှ မထူးပါဘူး။ ဒီလောက်က ဒီလောက်ပါပဲ. . ."

"မမစန်းတို့လို လူမျိုးတွေကတော့ ဟုတ်တာပေါ့လေ၊ လခမက်လို့ လုပ်နေတာမှ မဟုတ်ဘဲ၊ ယုတို့အတွက်တော့ ထူးတယ်. . ."

မမစန်းက လခမက်လို့ လုပ်တာမှ မဟုတ်ဘဲဆိုသော စကားအတွက် သူပြုံးမိသည်။



www.burmeseclassic.com

www.burmeseclassic.com

ရုံးမှာ သူ့ကိုအသားလွှတ်အထင်ကြီးနေကြသည်။

သူ့ယောက်ျားက အပြင်စီးပွားရေးလုပ်သည်။ သူ့ယောက်ျား ရှာသည့်ငွေဖြင့် အိမ်၏စားဝတ်နေရေးကိစ္စ ဖန်တီးသည်။ သူ့လခ က ဘာမှ ထိရောက်လှသည် မဟုတ်။

သူများတွေ အထင်ကြီးတာက တစ်ချိန်တုန်းကတော့ ဟုတ်ပေသည်။ အတော်အသင့် ဝတ်စားနိုင်သည်။ ဆွဲကြိုးလေးဘာလေးတွေ လုပ်နိုင်ခဲ့သေးသည်။

ခုနောက်ပိုင်းမှာတော့ သူ့ယောက်ျား၏ စီးပွားရေးအခြေအနေ မကောင်းလှ။ ဝင်ငွေကတော့ မမှန်တော့။ ရတစ်လှည့် မရတစ်လှည့်။

ထွက်ငွေကတော့ လျော့သွားသည်မရှိ။

ဝင်ငွေက အလျော့။ ကုန်ဈေးနှုန်းက အတက်နှင့်သွားဆိုင်မိပြီး ကသီလင်တ ဖြစ်လာသည်။

ဆွဲကြိုးကို ရောင်းချလိုက်ရပြီးပြီ။ လေးရာ့ရှယ်ဆယ်နှင့် ဝယ်ထားသော ပိုးမားနာရီကလေးကိုလည်း နှစ်ရာ့အစိတ်နှင့် ထုခွဲလိုက်ပြီးပြီ။

ပြီးခဲ့သောလကပင် ရုံးငွေစုငွေချေးမှ ငွေငါးရာ ချေးရသည်။ ဒါလည်းလမကုန်ခင်ကပင် ပြောင်နှင့်ပြီ။

ဒီလအခြေအနေကတော့ ဘယ်လိုမှန်းမသိသေး။ အိမ်ပြန်ရောက်လို့ သူ့ယောက်ျားနှင့်တွေ့မှ သိရမည်။

"သွားကြရအောင်လေ မမစန်း" ယုယုက ထပ်လောပြန်သည်။ ထို့ကြောင့် ငွေစာရင်းဌာနသို့ ထလိုက်လာခဲ့၏။

"ယုကလဲ ဘာဖြစ်လို့ ဒီလောက်တောင် လောနေရတာလဲ" ငွေစာရင်းဌာနသို့လျှောက်ရင်း သူက မေးလိုက်သည်။

"မမစန်းက ဘာသိလဲ လခစောစောရရင် ကုန်တိုက်စောစော သွားလို့ရတာပေါ့. . ."





"ကုန်တိုက်ဟုတ်လား၊ ဘာဝယ်မလို့လဲ. . ."

"ဘာမှ မဝယ်ပါဘူး၊ ဆပ်ပြာမှုန့်တို့ ခေါက်ဆွဲခြောက်တို့ သွားတန်းစီမယ်လေ. . ."

ခုတလော ကုန်တိုက်မှာ ပစ္စည်းတွေကို ရောင်းပေးနေတာ သွားသတိရသည်။

ငွေစာရင်းဌာနရောက်တော့ ဝန်ထမ်းအတော်များများ ရုံးစု ရုံးစု လုပ်နေကြတာ တွေ့ရ၏။

လစာအတွက် ဘဏ်မှာ ငွေသွားထုတ်သော ပုဂ္ဂိုလ်ကတော့ ပြန်မရောက်သေး။ ကိုယ့်အလုပ်စားပွဲကိုယ် မပြန်ကြဘဲ စကား တပြောပြောနှင့် စောင့်နေကြသည်။ တစ်ချို့ကလည်း စောင့်ရသဖြင့် ညည်းညူနေကြသည်။

"အဲဒီလူကြီးက ဒီအတိုင်းပဲ၊ သိပ်ဖင်လေးတာ. . ."

"ငွေထုတ်ပြီး တန်းပြန်မလာဘဲ လက်ဖက်ရည်ဆိုင်ထိုင်နေသလားမှ မသိတာ၊ ဒီကစောင့်ရတဲ့လူတွေကဖြင့် သေတော့မယ်"

"ဘဏ်မှာ ငွေထုတ်ရတာ လွယ်တာမဟုတ်ဘူးလေ။ ခုလို လခထုတ်ရက်ဆို ရုံးပေါင်းစုံ ပိုဆိုးတာပေါ့"

"ဒါဆိုလဲ အဆင်ပြေအောင် ကြည့်လုပ်ထားသင့်တာပေါ့" စသည်ဖြင့် အမျိုးမျိုးဝေဖန်ကြသည်။ ပင်စင်သွားခါနီး အဘသင်က 'အဲဒါ မင်းတို့ ဝင်္ဂလိုက်တာပေါ့ကွယ်၊ တို့ရုံးကိုအလုပ်ကိစ္စနှင့်လာတဲ့ လူတွေ ခံရသလိုပေါ့။ မင်းတို့ဈေးဝယ်ထွက်နေလို့ စောင့်နေတာတို့၊ လက်ဖက်ရည်ဆိုင်ထွက်သွားလို့ စောင့်နေရတာတို့လေ"ဟု ပြောလိုက်မှ နည်းနည်းငြိမ်သွားကြသည်။

လစာထုတ်ပေးမည့်လူ ရောက်လာတော့လည်း စုပြုံတိုးကြပြန်သည်။ ဒီလူတွေ အကုန်လုံး ကုန်တိုက်သွားကြမလို့လားမသိဘူးဟု သူတွေးလိုက်မိ၏။



www.burmeseclassic.com

www.burmeseclassic.com


သူ့အလှည့်ရောက်လာသည်။ သက်သာနှင့်အစည်းအရုံးကြေး တစ်ကျပ်ခွဲ၊ ငွေငါးရာချေးထားသဖြင့် အစိုက်ဖြတ်သည်။

ထို့ကြောင့် နှစ်ရာလျှော့လျှော့သာရသည်။

ငွေစာရင်းဌာနမှ ပြန်အလာတွင်. . .

“မမစန်းရော လိုက်ဦးမလား” ယုယုက မေးသည်။

“မလိုက်တော့ပါဘူး ယုရယ်၊ ဒီအပတ်ထဲခွင့်လဲယူထားသေးတယ်၊ သိပ်ထွက်လို့ မကောင်းဘူး”

“ဆရာက နားလည်မှုရှိပါတယ် မမစန်းရဲ့၊ သူခိုင်းတဲ့ရုံးအလုပ်တွေ ပြီးအောင် လုပ်ပေးရင် ကျေနပ်သွားတာပါပဲ. . .”

“မလိုက်တော့ပါဘူး၊ ကမာရွတ်ဘီစကွတ်ရရင် မမစန်းအတွက် နှစ်ထုတ်လောက် ဆွဲခဲ့ပါနော်. . .”

ငွေစာရင်းဌာနမှ တစ်ချိန်လုံး မတ်တတ်မတ်တတ် နေခဲ့ရသဖြင့် ဗိုက်ချောင်ပြီး ဆာလာသည်။ သက်သာဆိုင်မှာ စမူဆာနှင့် လက်ဖက်ရည်သောက်ဦးမှဟု စဉ်းစားသည်။

ဒီနေ့ရုံးမှာ လူစည်ကားသည်။ လခထုတ်ရက်ဖြစ်သောကြောင့် ခွင့်ယူသူမရှိ၊ မနက်ပိုင်းမှာ ရုံးလစ်သူမရှိ။

ပြီးတော့. . .

ရုံးဝန်ထမ်းသာမက အပြင်ကလူတွေလည်း အဝင်အထွက်များသည်။ အတိုးလာယူသော ငွေချေးသူတွေ၊ အဝတ်အထည်တို့ အလှကုန်တို့ လပေးရောင်းသူတွေ။

သူတို့ကိုမြင်မှ သတိရသည်။ ဖယ်ရီတူတူစီးသည့် ဒေါ်သီထံမှ ရွှေတောင် တက်ထရွန်တစ်ကိုက် လပေးနှင့်ဝယ်ထားတာ လေးဆယ့် ငါးကျပ် ပေးရဦးမည်။



လခထုတ်ရက်ဖြစ်သဖြင့် ရုံးသက်သာ စားသောက်ဆိုင်သည် အစည်ကားဆုံး နေရာဖြစ်နေသည်။

ကုန်တိုက်မှာ ပစ္စည်းရောင်းသဖြင့် ကြိတ်ကြိတ်တိုးနေကြသည်။ ရောင်းသည့်အချိန်က နေ့လယ်ရုံးချိန်ကြီး။

ဒါဆို အဲဒီမှာ တိုးနေကြသူအားလုံး ရုံးလစ်လာကြသူတွေချည်းပေါ့။ စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်တွေမှာ ကုန်တိုက်ကြီးများကို ဝန်ထမ်းများအတွက်သာဆိုပြီး အထူးဖွင့်လှစ်ရောင်းချပေးရင် ဘယ်လောက်ကောင်းမလဲဟု စဉ်းစားနေတုန်း. . .

“အမယ်၊ မစန်း၊ လိုက်ရှာလိုက်ရတာ ခုမှမိတော့တယ်. . .” ဆိုသော အသံနှင့်အတူ စာရေးကြီး ကိုချစ်ဝင်းစားပွဲမှာ ဝင်ထိုင်သည်။

“ဘာဖြစ်လို့ လိုက်ရှာတာလဲ၊ ခွဲမှူးခေါ်လို့လား. . .”

“မဟုတ်ပါဘူး၊ မစန်းမေ့နေပြီလား၊ ခင်ဗျားနဲ့ကျွန်တော် လောင်းကြေးစားကြေးလုပ်ထားတယ်လေ. . . .”

“ဘာလောင်းထားလို့လဲ. . .”

ကိုချစ်ဝင်းက အလောင်းအစားအလွန်ဝါသနာပါသူဖြစ်သည်။ သူမို့ ကပ်ကပ်သပ်သပ် လောင်းတတ်သည်။ မစန်းကိုလည်း သူ့ဘာသာ သူ အတင်းလာလောင်းသွားခြင်းဖြစ်သည်။

“ကဲ. . . သောက်တော်မူပါရှင်. . .”

ဖယ်ရီကားပေါ် တက်လိုက်သည်နှင့် ဒေါ်သီက ပြုံး၍နှုတ်ဆက်သည်။ သူကလည်း အလိုက်သိစွာပင် ရွှေတောင်တက်ထရွန်ဖိုးငွေ လေးဆယ့်ငါးကျပ် ထုတ်ပေးလိုက်သည်။ ခဏအကြာတွင် ဖယ်ရီကားစပယ်ယာက. . .



www.burmeseclassic.com

www.burmeseclassic.com

"အစ်မ၊ ကားခတစ်ခါတည်း ပေးလိုက်မှာမဟုတ်လား. . ."ဟု ပြောသဖြင့် သုံးဆယ့်ငါးကျပ် ထုတ်ပေးလိုက်ရပြန်သည်။

ဖယ်ရီကားသည် လမ်းဆိုးသည်ဟူသော အကြောင်းပြချက်ဖြင့် သူတို့လမ်းထဲသို့ ကွေ့ဝင်မပေးတော့။ လမ်းဆုံထိပ်မှာပင် ဆင်းရသည်။

အိမ်အထိ နှစ်ဖာလုံကျော်ကျော်လျှောက်ရမည် ထင်သည်။ လမ်းက ကွမ်းယာဆိုင်မှာ သမီးနှစ်ယောက်အတွက် ဆားငံသီးနှစ်ထုတ်ဝင်ဝယ်သည်။

အိမ်သို့လျှောက်ရင်း စိတ်တွက်တွက်လာခဲ့ရာ လခကျန်ငွေသည် တစ်ရာနှင့် သုံးကျပ်လောက်သာရှိတော့သည်။ အိမ်ပေါက်ဝတွင် သမီးနှစ်ယောက်နှင့် မဖော့တို့သည် ထွက်ကြိုနေသည်။

အိမ်ဖော်မလေး မဖော့ကိုမြင်လိုက်ရသည်နှင့် ဖျင်းခနဲ သတိရလိုက်၏။ မဖော့ကို လခတစ်ရာပေးရဦးမည်။ ဒါဆို မိမိလခက သုံးကျပ်ပဲ ကျန်တော့မှာပါလား။

အိမ်မှာ မဖော့မရှိလို့မဖြစ်။ သမီးကြီးကျောင်းပို့ ကျောင်းကြိုကိစ္စ။ သမီးငယ်ကို ကျွေးမွေးပြုစုဖို့ကိစ္စ၊ တခြားဟာဟီရကိစ္စ။

သမီးနှစ်ယောက်ကို ဆားငံသီး၊ တစ်ထုတ်စီပေးပြီး. . .

"နင့်အစ်ကို ပြန်လာပြီလား. . ."ဟု မဖော့ကို မေးသည်။

"မလာသေးဘူး အစ်မ. . ."

အင်း. . . ပြန်လာရင် သောက်များလာမလား မသိဘူးဟု တွေးမိသည်။ ခုတလော စီးပွားရေးအဆင်မပြေသဖြင့် သူ့ယောကျ်ားအရက် သောက်သောက်လာတတ်၏။ မိမိတို့ မိန်းမတွေမှာတော့ ဒီလိုဖြေသိမ့်စရာ စိတ်ထွက်ပေါက်ရှာစရာမရှိ။

⁂

တော်သေးသည်။ သူ့ယောကျ်ားက မသောက်မစားဘဲ ခပ်စောစောပင် ပြန်လာ၏။ အဆင်ပဲပြေလာလို့လား၊ သောက်စရာ ပိုက်ဆံ





ပဲ မရှိလို့လား၊ ဒုတိယဟာက ဖြစ်နိုင်ကြောင်း မျက်နှာထားကို ကြည့်လျှင်သိလိုက်သည်။

အဆင်ပြေခဲ့လားဟု ခရီးရောက်မဆိုက် မမေးချင်သဖြင့်. . .

"ထမင်းစားတော့မလား"ဟူ၍သာ မေးလိုက်သည်။ သူ့ယောကျ်ားက "မစားတော့ဘူးကွာ"ဟု မောသံဖြင့်ပြောပြီး ပက်လက်ကုလားထိုင်မှာ ခြေပစ်လက်ပစ် ထိုင်ချလိုက်၏။

မစန်းက ရေတစ်ခွက် ခပ်ပေးသည်။ သူ့ယောကျ်ားက ရေကို တစ်ဝက်လောက်သောက်ပြီး. . .

"လခထဲက ဘယ်လောက်ကျန်သလဲ. . ."ဟု မေးသည်။ ဒါဆို သူအဆင်မပြေလာတာ သေချာပြီပဲ။

"တစ်ရာလောက်ပေါ့. . ."

"တော်သေးတာပေါ့၊ ကိုယ့်ကိစ္စအဆင်မပြေခဲ့ဘူး။ လလယ် လောက် တစ်ခါချိန်းထားတာပဲ. . ."

"ဒါပေမယ့် မဖော့ကို လခပေးရဦးမယ်. . ."

"ခဏဆိုင်းခိုင်းထားတာပေါ့ ဘယ်တတ်နိုင်မလဲ. . ."

ပြီးခဲ့သည့်လကလည်း လလယ်လောက်ရောက်ခါနီးမှ ပေးဖြစ်သည်ကို သတိရသည်။

"ဒီငွေတစ်ရာက ဘယ်လောက်ခံမှာလဲ အစ်ကိုရဲ့၊ ပြီးတော့ သမီးကြီးအတွက် ကျောင်းဝတ်စုံတစ်စုံတော့ ချုပ်ပေးမှ ကောင်းမယ်၊ ရှိတာတွေက. . ."

"အတိုးနဲ့ ချေးရင်ကော. . ."

"ဆယ့်ငါးကျပ်တိုးတဲ့၊ ပြန်မဆပ်နိုင်ရင် အတိုးက အရမ်းတက်မှာ. . ."

"ဒါဆို. . ."

သူ့ယောကျ်ားက အကြံကုန်ဟန်ဖြင့် ညည်းသလိုပြောသည်။

"ဒါလေးပဲ ရှိတော့တာပေါ့. . ."



www.burmeseclassic.com

www.burmeseclassic.com

မစန်းက ကျောက်နီ နားကပ်ကလေးကို ကိုင်ပြသည်။

"ဟာ နားပေါက်ဟောင်းလောင်းနဲ့တော့ ကြည့်မကောင်းပါဘူး"

"ပေါင်မှာလား၊ ရောင်းမှာလား"

ဤမေးခွန်းသည် ခွင့်ပြုချက်ပင်ဖြစ်သည်။

"မထူးဘူးလေ တစ်ခါတည်း ရောင်းပစ်လိုက်တာပေါ့။ အခုရွှေဈေးနဲ့ဆို ငါးရာလောက်တော့ ရနိုင်တယ်၊ နောက်အဆင်ပြေတော့ ပြန်လုပ်လိုက်တာပေါ့၊ ဟုတ်ဘူးလား"ဟု ပြောပြီး. . .

ထမင်းပွဲပြင်ဖို့ ထလာခဲ့သည်။ မီးဖိုထဲမှာ ထမင်းပွဲပြင်ရင်းက ကူလုပ်ပေးနေသော မဖော့ကို မကြည့်မိအောင် ကြိုးစား၍ နေသည်။ မျက်နှာထားကိုလည်း မသိမသာ တင်းထားမိ၏။ သို့ရာတွင် မဖော့က. . .

"အစ်မကို ပြောစရာတစ်ခုရှိလို့. . ."ဟု ဆိုလာသည်။

"ဘာလဲ၊ လခလား၊ ခဏဆိုင်းဦး မဖော့၊ နင့်အစ်ကို ပိုက်ဆံမရသေးဘူး. . ."

"အဲဒါ ပြောမလို့မဟုတ်ပါဘူး၊ ဟို. . ."

"ဘာလဲ"

"ခုန အစ်မတို့ ပြောနေသံကြားလို့၊ အစ်မနားကပ်ကလေးဆိုတာလေ. . ."

"အဲဒါ ဘာဖြစ်လဲ. . ."

"ကျွန်မမှာ စုထားတာ လေးရာနီးပါးလောက်ရှိတယ်၊ အဲဒီလရမယ့် လခပေါင်းပြီး အဲဒီနားကပ်လေး ကျွန်မကိုပဲ ရောင်းပါလားလို့. . . ဟု

မဖော့က မျက်လွှာချရင်း မရဲတရဲပြောသည်။

မင်းလူ

(စကားပွင့်၊ နိုဝင်ဘာလ၊ ၁၉၈၇)





# အမှတ်တရ မှန်တိုင်း

အချိန်နှင့်အမျှ သူ့ကိုသာ သတိရနေတော့သည်ဟု မပြောလိုပါ။ ဒါမျိုးက ဖြစ်လည်း မဖြစ်နိုင်ပါ။ ဘဝသက်တမ်းတစ်လျှောက်လုံးကို သတိရခြင်း၊ လွမ်းမောတမ်းတခြင်းတို့ဖြင့်သာ ကုန်ဆုံးသွားစေဖို့ဆိုသည်မှာ ဘယ်လိုမှ သဘာဝမကျသောကိစ္စဟု ကျွန်တော်ထင်သည်။ လက်တွေ့ဘဝတွင် လုပ်စရာတွေ အများကြီးရှိသည်၊ နေ့စဉ်နှင့်အမျှ သီးခြားမျိုးကွဲ ပြဿနာတွေနှင့် ကြုံတွေ့ရသည်။ ဒါတွေကို ဖြေရှင်းနေရခြင်းကပင် အချိန်များစွာကို သိမ်းပိုက်ထားသည်။ သို့နှင့် သူ့ကို တိုက်ဆိုင်မှုရှိမှသာ သတိရဖြစ်တော့သည်။

ကျောင်းဆင်းကာစမို့ အသွားအလာ ရှုပ်ယှက်ခတ်နေသည်။ သူတို့၏ တိုယိုပက်ကားကလေးသည် လူရှင်းအောင် စောင့်နေရသဖြင့် မထွက်နိုင်သေး၊ ကျွန်တော်တို့လို စက်ဘီးနှင့် ကျောင်းတက်သူတွေကတော့ ဘဲလ်သံ ကလင်ကလင်ပေးရင် ကျွမ်းကျင်စွာ ကွေ့ပတ်ရှောင်တိမ်းသွားကြသည်။

ကားအနီးသို့ရောက်သောအခါ ကားနောက်ပိုင်းမှာ ထိုင်နေသော သူ့ကို တွေ့ရသည်။ လွန်ခဲ့သော သုံးလေးရက်ကမှ ကျောင်းကို ရောက်လာသော ကျောင်းသူ အသစ်ကလေးဖြစ်ပါသည်။

သူတို့ကားဆီက တစ်စုံတစ်ခုကို ကျွန်တော်မြင်သည်။ နှီးဆီခွက် စုတ်တစ်လုံးကို ကြိုးနှင့်ချည်၍ ကားနောက်ဘက်မှာ ဆွဲထားခြင်းပင်၊ တစ်ယောက်ယောက်နောက်ထားတာပဲ။ ကားထွက်လျှင် နို့ဆီခွက်က



www.burmeseclassic.com

www.burmeseclassic.com

ကလုံကလင်မြည်ပြီး ပါသွားမည်။ ဝိုင်းရယ်ကြမည်။ ဒါမျိုးက ကျွန်တော်လည်း လုပ်နေကျ၊ ဒီတစ်ခါတော့ နို့ဆီခွက်တန်းလန်းနှင့်သာ ကားထွက်သွားရင် ကောင်မလေးတော့ ရှက်သွားမှာပဲဟု တွေးမိသည်။ သူ့ကို သတိပေးဖို့လည်း စိတ်ကူးလိုက်သည်။

"ဟေ့. . . ဟေ့၊ နင်တို့ ကားနောက်မှာ ဘယ်ကောင် နို့ဆီခွက် လာချည်ထားမှန်းမသိဘူး. . ."

သူက ကောင်းကောင်းနားမရှင်းဟန်ဖြင့် ကြောင်တောင်တောင်ကြည့်နေသည်။ ဒရိုင်ဘာကြီးက ဘာလဲဆိုပြီး ဆင်းလာသဖြင့် နို့ဆီခွက်ကို လက်ညှိုးထိုးပြလိုက်သည်။ တော်တော်နောက်တဲ့ကလေးတွေဆိုပြီး ဒရိုင်ဘာကြီးက နို့ဆီခွက်ကိုဖြုတ်သည်။ ကျွန်တော်လည်း စက်ဘီးကိုနင်းပြီး ထွက်လာသည်။ သူ့ကို တစ်ချက်ကြည့်ခဲ့သေးသည်။ သူက ကျွန်တော့်ကို ဖျတ်ခနဲ ကြည့်သည်။ သူ့မျက်လုံး တွေက လက်လက်ကလေးတွေပဲဆိုတာလောက်သာ သတိပြုမိ၏။

စကြိန်ထောင့်ကရေအိုးစင်မှာ တရုန်းရုန်း ဖြစ်နေကြသည်။ မုန့်စားဆင်းချိန်ဖြစ်၍ စားချင်တာစားပြီး ရေငတ်သဖြင့် ပြေးလာကြ သူများဖြစ်၏။ ကျွန်တော် ရေသောက်နေတုန်း သူလာရပ်တာကို မြင်သည်။ သူသည် ချဉ်ငန်စပ် ခေါက်ဆွဲသုပ်စားလာတာ ဖြစ်မည်။ တော်တော်လေးစပ်နေပုံရှိပုံရသည်။ မျက်ရည်ကလေးတောင် လည်နေသည်။ ပါးစပ်ကလေး ဟာစိဟာစိနှင့် တရှူးရှူးဖြစ်နေသည်။ နှုတ်ခမ်းပတ်လည်မှာလည်း ချွေးစက်တွေ စို့ထွက်နေ၏။

ကျွန်တော် ရေသောက်ပြီးသွားသည်။ ရေခွက်ကို လက်ဆင့်ကမ်း





ရတော့မည်။ တစ်ကယ်တော့ သူက နောက်မှရောက်လာခြင်းဖြစ်၏။ တစ်ခြားကောင်မလေးနှစ်ယောက် အရင်ရောက်လာတာ။ သို့ရာတွင် သူ့ကို ရေခွက်လှမ်းပေးလိုက်သည်။ ဟိုကောင်မလေးနှစ်ယောက်က မကျေမနပ်ဖြစ်ပြီး ပွစိပွစိလုပ်သည်။ သူက ရေခွက်ကို လှမ်းယူရင်း ရယ်ပြသည်။ သူ့သွားတစ်ချောင်းမှာ ငရုတ်သီးဖတ်ကလေး ကပ်နေတာ မြင်လိုက်ရ၏။

သူနှင့်အတူ ကောင်မလေးတစ်ယောက်ကိုပါတွေ့ရသည်။ သူ့ထက် နှစ်နှစ်သုံးနှစ်လောက် ငယ်မည်။ ရုပ်ချင်းဆင်သဖြင့် သူ့ညီမဖြစ်မှန်းသိလိုက်၏။ သူက ပြောင်းဖူးတစ်ဖူးကို ကိုက်စားရင်း လျှောက်လာသည်။ ကျွန်တော့်ကို မြင်တော့ ပြုံးပြပြီး. . .

"စားမလား. . ."

ပြောင်းဖူးကို လှမ်းပေးသည်။ ကျွန်တော်က ခေါင်းခါပြလိုက်သည်။ သူ့ညီမလေးက. . .

"အမယ်. . . ကောင်လေးက ရှက်နေရသေးတယ်. . ."

ချာတိတ်မက ကျွန်တော့်ကို ကောင်လေးဟု ခေါ်လိုက်သဖြင့် ရယ်ချင်သွားသည်။ သူက သူ့ညီမလေးကို တံတောင်နှင့်တွတ်၍ နင်ကလဲဆိုသော ဟန်လုပ်ပြသည်။ ချာတိတ်မကတော့ ကရုမစိုက်။

"နင်. . . ဘယ်နှစ်တန်းရောက်ပြီလဲ"ဟု မေးသည်။

အာဂကောင်မလေးပဲ။ သူက လူကြီးကို ပြန်မေးနေရသေးသည်။ သို့ရာတွင် ကျွန်တော်က စိတ်မဆိုးဘဲ. . .

"ခြောက်တန်းပါခင်ဗျာ၊ အစ်မကကော. . ."ဟု ပြန်နောက်လိုက်၏။ ချာတိတ်မက. . .

"ငါက လေးတန်း၊ ငါ့နာမည် မှတ်ထား၊ ခင်မေတင့်တဲ့ မမက



www.burmeseclassic.com

www.burmeseclassic.com

ခင်မေမြင့်၊ ကဲ... နင်နဲ့ ငါတို့နဲ့ သူငယ်ချင်းဖြစ်ပြီနော်..."

"ဟုတ်ကဲ့ပါ ခင်ဗျာ..."

"ဒါဆို သွားတော့မယ်၊ မမနဲ့ စကားပြောလိုက်ဦး..." ဆိုပြီး

လှစ်ခနဲ ထွက်ပြေးသွားသည် ခပ်လှမ်းလှမ်းရောက်မှ တစ်ချက် လှည့်ကြည့်ပြီး လျှာထုတ်ပြသွား၏။

"တော်တော် သွက်တယ်နော်..."

ကျွန်တော်က ပြောလိုက်၏။

"ဟုတ်တယ်၊ စွာလဲ သိပ်စွာတယ်..."

ခင်မေမြင့်က ပြန်ပြောသည်။

"နင် ခြောက်တန်းဘိက မဟုတ်လား.."

"ဟုတ်တယ်၊ နင်က အေတန်းကနော်.."

"အင်း..."

ချက်ချင်း ခင်မင်ရင်းနှီးသွားကြသည်။ သူက ပြောင်းဖူးကို ရှဉ့်ကလေးတစ်ကောင်လိုပင် အလျင်အမြန်စားပစ်လိုက်သည်။ အင်္ကျီကြားထဲ လက်နှိုက်ပြီး ပြန်ထုတ်လိုက်သောအခါ မရမ်းပြား တစ်ထုတ်ပါလာသည်။

"စားမလား..."

"ဟင့်အင်း..."

"ဘာဖြစ်လို့လဲ၊ ငါ့အင်္ကျီကြားထဲထည့်ထားတာမို့လို့လား..." ပြောပြီး သူရယ်သည်။ ထိုအခိုက်မှာပင် ကျောင်းတက် ခေါင်းလောင်း ထိုးသည်။

"ငါသွားမယ်..."

ကျွန်တော်ပြောပြီးလှည့်အထွက် သူက ဟေ့... ဟေ့ဟု ခေါ်သည်။ လှည့်ကြည့်တော့...

"နင့်နာမည်လဲ ငါမသိရသေးပါလား..."





"ဟုတ်သားပဲ ငါ့နာမည် အစိုးတဲ့..."

သူငယ်ချင်းတွေ ခေါ်ကြသလိုပဲ ပြောပြလိုက်သည်။ သူက ခစ်ခနဲ ရယ်၏။

ॐ ॐ ॐ

သူတို့ အဖေအလုပ်က သည်မြို့ကို ပြောင်းလာရခြင်းဖြစ်၏။ သူတို့က နောက်မှ ရောက်လာသူများဖြစ်သော်လည်း ရှိပြီးသား သူငယ်ချင်းတွေထက် ပိုပြီးခင်မင်မိသည်။

ယောကျ်ားလေးသူငယ်ချင်းတွေလည်း ရှိသည့်တိုင် သူ့ကိုမှ ပို၍ ခင်မိတာ ထူးဆန်းသည်။ သူ့ညီမ ခင်မေတင့်က ကျွန်တော့်ကို တွေ့စက နင်တစ်လုံး ငါတစ်လုံး ပြောသော်လည်း ခင်မေမြင့်က ကိုယ့်ထက်အသက်ကြီးတဲ့လူကို ရိုသေရမယ်ဆိုသဖြင့် ကိုအစိုးဟု ပြောင်းခေါ်လာ၏။

ခင်မေမြင့်က ကျွန်တော့်ကို ခင်မင်ပုံက ပိုပြီးထူးခြားသည်။ ကျွန်တော်ကမှ တစ်ခြားသူငယ်ချင်းတွေနှင့် ရောနှောဆက်ဆံတာ ရှိသေးသည်။သူကတော့ကျွန်တော်မှ ကျွန်တော်တစ်ယောက်တည်း။ ကျွန်တော့်ကိုလည်း သူ့လိုပဲ ဖြစ်စေချင်သည်။

တစ်ရက်တွင် ကျွန်တော် သူ့အတွက် ရှောက်သီးကွင်းကြီးတွေ ဝယ်လာသည်။ သူ့ကိုပေးတော့ သူကမယူ။ မျက်နှာကလည်း မှုန်ကုပ်ကုပ်။

"ဘာဖြစ်နေတာလဲဟာ၊ ယူပါ..."

ကျွန်တော်က အတင်းပေးသောအခါ သူက လက်နှင့်ပုတ်ချ လိုက်သည်။ ရှောက်သီးကွင်းတွေ မြေကြီးပေါ် ကျကုန်သည်။ ကျွန်တော် စိတ်ဆိုးသွားသည်။

"အမယ်... ငါက စေတနာနဲ့ပေးတာကို ပုတ်ချတယ် ဟုတ်



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် သူနှင့်စကားမပြောဘဲ နေလိုက်သည်။ သူ ကျွန်တော့်ကို ဘာကြောင့် စိတ်ဆိုးရသလဲဆိုတာကို ခင်မေတင့်က လာပြောပြသည်။

"ကိုအစိုးက မာရီနဲ့ အကြာကြီးသွား စကားပြောနေလို့တဲ့"

"ဟာ. . . စကားပြောတာ ဘာဖြစ်လဲ၊ ရုပ်ရှင်ဇာတ်ကားအကြောင်းပြောတာပဲ ကြာမှာပေါ့. . ."

"မမက မကြိုက်ဘူး၊ နောက်ကို သူများတွေနဲ့ အကြာကြီး စကားမပြောတော့ဘူးဆိုရင် ပြန်ခေါ်မယ်တဲ့. . ."

"ဒါ ငါ့သဘောပါ. . ."

သို့ရာတွင် သူနှင့် ကျွန်တော် ပြန်ခေါ်ဖြစ်သွားသည်။ သူက

"နင်က မာရီနဲ့ စကားပြောတဲ့အခါကျရင် ပါးစပ်ကို ဖြဲနေတာပဲ. . .။ ကြည့်လို့ကို မရဘူး. . ."

"ဟ. . . သူက ရယ်စရာရုပ်ရှင်အကြောင်းပြောတာ ရယ်မှာပေါ့"

"နောက်ကို သူနဲ့မခေါ်နဲ့တော့ဟာ. . ."

"အမယ် ဟိုလူနဲ့ မခေါ်ရဘူး၊ ဒီလူနဲ့ မခေါ်ရဘူး၊ ပြောရအောင် နင်က ငါ့အမေမို့လို့လား. . ."

"ဟင်း. . . ငါသာနင့်အမေဆိုရင် နင့်ကို ကြိုးနဲ့တုပ်ပြီး အသေရိုက်တယ် သိလား. . ."

"ဒါဆိုရင် နင်. . . အမေ မဖြစ်နိုင်ဘူး မိထွေးပဲ ဖြစ်မှာပဲ"

* * *

ကျွန်တော်တို့နှစ်ယောက်ကြားမှာ အဓိကပြဿနာက ကျွန်တော် တစ်ခြားလူတွေနှင့် ပေါင်းတာကို သူမကြိုက်ခြင်းပင်ဖြစ်သည်။ သူ ကျွန်တော့်ကို ခင်မင်ပုံကသည်းထန်လွန်းလှသည်။ တစ်ခါတစ်ခါ သူ့ခင်မင်မှုကို ကြောက်တောင် ကြောက်လာသည်။





ကျွန်တော်တို့နှစ်ယောက် ပြဿနာဖြစ်ပြီး မခေါ်မပြောဘဲ ရှိကြလျှင် ကြားက စေ့စပ်ပေးသူမှာ ခင်မေငြင့်ဖြစ်၏။ သည်လိုနှင့်ပဲ ရန်ဖြစ်ကြ၊ ပြန်တည့်လိုက်ကြ၊ စိတ်ကောက်ကြ၊ ပျော်ရွှင်ကြရင်း နှစ်တွေ ကုန်လွန်လာခဲ့သည်။

ဆယ်တန်းရောက်ကြသောအခါ အရင်လို တစ်ပူးတွဲတွဲ မနေဖြစ်ကြတော့။ ကိုယ့်ကိုယ်ကို ကလေးမဟုတ်တော့ကြောင်း သိလာချိန်မှစ၍ ခပ်ခွာခွာ ဖြစ်လာကြသည်။ ခင်မင်မှုကတော့ လျော့မသွား။ အထူးသဖြင့် သူ။ ကျွန်တော်ကသာ ယောကျ်ားလေးအပေါင်းအသင်းတွေနှင့် တရုန်းရုန်းနေနိုင်သော်လည်း ခင်မေမြင့်ကတော့ ဘယ်သူနှင့်မှ သိပ်မပေါင်း တစ်ယောက်တည်းနေတာက များသည်။

သံယောဇဉ်ဆိုသည်မှာ မမြင်ရသော ကြိုးတစ်ချောင်းပင်ဖြစ်သည်ဟု ဆိုကြသည်။ ကျွန်တော်ကတော့ သံယောဇဉ်ကို လေနှင့်တူသည်ဟုထင်၏။ အနီးအနားမှာ အမြဲရှိနေသည်မဟုတ်လား။

* * *

ဆယ်တန်းစာမေးပွဲ ဖြေပြီးနောက် ကျောင်းပိတ်ရက်များတွင် ကျွန်တော် ရောဂါတစ်ခုဖြစ်လာသည်။ အလိုလိုနေရင်း လွမ်းသလိုလို ဝမ်းနည်းသလိုလို ဒေါသဖြစ်သလိုလို စိတ်မတည်ငြိမ် လှုပ်ရှားနေခြင်းပင်။ ထိုရောဂါကိုသက်သာဖို့နည်းလမ်းကို တွေးကြည့်သည်။

ရုပ်ရှင်ရုံမှာ မာရီနှင့် တစ်ခါဆုံသည်။ သူကတော့ ထုံးစံအတိုင်း ကျွန်တော့်ကို မြင်လျှင် ဝမ်းသာအားရနှုတ်ဆက်ပြီး စကားတွေ အများကြီးပြောသည်။ သူ အတော် လှလာတယ်ဟု ထင်မိသည်။ သူ့ကို ကျွန်တော် စိတ်ဝင်စားသွား၏။

သို့ဖြင့် မာရီ့ကိုပေးဖို့ စာတစ်စောင်ရေးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မာရီက အင်္ဂလိပ်စာကျူရှင်တက်နေသည်။ ကျူရှင်သို့ သွားရာလမ်းရှိ ရေတွင်းပျက်ကြီးပေါ်မှာ ထိုင်စောင့်နေသည်။ စာကို သီချင်းစာအုပ်ကြားထဲ ညှပ်ထားသည်။ သွားနေကျအချိန်ကျော်သည်ထိ မာရီ ရောက်မလာသေး။ လာမယ့်လာတော့ ခင်မေမြင့်တို့၏ တိုယိုပက်ကားကလေးဖြစ်နေ၏။ ကားရှေ့ခန်းမှာ သူပါလာသည်။ ကျွန်တော့်ကို မြင်တော့ သူက ဘာလုပ်နေလဲဟု လှမ်းမေးသည်။ အော်ပြောခြင်းမဟုတ်သော်လည်း ပါးစပ်လှုပ်ပုံကိုကြည့်၍ သိခြင်းဖြစ်၏။

ကျွန်တော်က ယောင်ယောင်ကန်းကန်းဖြစ်ပြီး လက်ထဲက သီချင်းစာအုပ်ကို မြှောက်ပြလိုက်မိသည်။ သူအဓိပ္ပာယ်တစ်မျိုးကောက်လိုက်သည်။ ဒရိုင်ဘာကြီးကို ကားရပ်ခိုင်းလိုက်ဟန်တူသည်။ ကား ကျွိကနဲ ရပ်သောအခါ သူဆင်းလာသည်။

"ဘာလဲ၊ ဘာလဲ၊ ဘာပြောမလို့လဲ. . ." သူမေးသည်။

သူ့မျက်လုံးများက သီချင်းစာအုပ်ကို မျှော်လင့်ခြင်းကြီးစွာ ကြည့်နေသည်ဟု ထင်ရ၏။ ထိုအခိုက်အတန့်မှာပင် ကျွန်တော့်ကိုယ်ကျွန်တော် နားလည်လိုက်သည်။ ကျွန်တော်မာရီ့ကို ချစ်နေတာမဟုတ်။ ကျွန်တော် တစ်ကယ်ချစ်နေတာက. . .

သို့ရာတွင် သီချင်းစာအုပ်ကြားမှာ ညှပ်ထားသော စာထဲမှာ မာရီ့နာမည်တပ်ပြီးရေးထားသည်။ ဘာမှမတတ်နိုင်ပါ။

"ဘာမှ မဟုတ်ပါဘူးဟာ. . ."ဟု ကျွန်တော်ပြောလိုက်သည်။

သူ့မျက်နှာကွက်ခနဲ ပြောင်း လဲသွားပုံမှာ အံ့သြစရာ။ သည်လိုမျက်နှာမျိုး ကျွန်တော်မြင်ဖူးသည်။ ကျွန်တော်တို့ အတန်းထဲမှာ စာအတော်ဆုံးဖြစ်သော မကြည်ဝင်းသည် သူပထမရမည်ဟု ယုံကြည်ထားပြီးမှ ဒုတိယဖြစ်သွားသောအခါ ဖြစ်ပျက်သွားသည့် မျက်နှာထားမျိုးနှင့် တစ်ထေရာတည်း။





မာရီ့ကို ကျွန်တော် စာမပေးဖြစ်ခဲ့။ ခင်မေမြင့်ကိုလည်းလုံးဝ ဖွင့်မပြောဖြစ်ခဲ့။ စာထဲက မာရီ့နေရာမှာ သူ့နာမည်ကို ဒစားထိုးပြီး ရေးပေးရလျှင် မတရားဘူးဟု ထင်သောကြောင့်ဖြစ်၏။ ထို့နောက်ပိုင်းမှတော့ ကျွန်တော်တို့နှစ်ယောက်သည် ပို၍ကင်းကွာသွားသည်။

တစ်နေ့ကျတော့ ခင်မေတင့်နှင့် လမ်းမှာဆုံသည်။ သူက. . .

"မမကို သွားခါနီး လာနှုတ်ဆက်ဖို့ကောင်းပါတယ်. . ."ဟု ပြောသည်။

"ဘာ. . . ဘယ်သွားမှာမို့လို့လဲ. . ."

"ဖေဖေ. . . ရန်ကုန်ကို အလုပ်ပြောင်းရမယ်လေ. . ."

ကျွန်တော် သူတို့အိမ်သွားသည်။ သူသည်အံ့သြစရာကောင်းလောက်အောင် တည်ငြိမ်အေးဆေးနေကြောင်း တွေ့ရသည်။ ကျွန်တော့်ကို ပြောဆိုဆက်ဆံပုံမှာ သာမန်မိတ်ဆွေအဆင့်မျိုးသာရှိ၏။ သူ့ကို ပြောမည်ဟု ပြင်ဆင်သွားခဲ့သော စကားများကို မပြောဖြစ်တော့။

သူမရှိတော့သည့်နောက်ပိုင်း နှစ်အနည်းငယ်အထိ ကျွန်တော် ခံစားခဲ့ရသည်။ သူက ကျွန်တော့်ဆီ စာမရေးခဲ့။ ကျွန်တော်ကလည်း သူ့လိပ်စာမသိ။ သိသည့်တိုင် ဘာရေးရမလဲ။ သူက ဆယ်တန်းကို နှစ်ချင်းပေါက်အောင်သည်။ ကျွန်တော်က သုံးနှစ်ဖြေပြီးမှ အောင်သည်။ ကျွန်တော်က တက္ကသိုလ်တက်နိုင်သူမဟုတ်။ စာပေးစာယူသင်တန်းသာ တက်ဖြစ်သည်။

သည်လိုနှင့်ပဲသူနှင့် ကျွန်တော် ဝေးကွာသွားခဲ့သည်။ သူက ပညာရေးတက္ကသိုလ်မှာ တက်သည်ဟု သတင်းကြားရသည်။ ခုလောက်ဆို ကျောင်းဆရာမကြီးဖြစ်နေမှာပဲ။ ကျွန်တော်သည် ရန်ကုန်မှာ အလုပ်လာလုပ်ရင်းက သူ့ကိုတကူးတက ရှာဖွေခြင်းမရှိသော်လည်း ကျောင်းစိမ်းလုံချည် ဝတ်ထားသော ဆရာမများကို မြင်တိုင်း ဂရုတစိုက်ကြည့်မိတာတော့ အမှန်ပင်။ ခုထိကျွန်တော်သာကြောင့်

www.burmeseclassic.com

အိမ်ထောင်မပြုသလဲဆိုတာကိုလည်း ကိုယ့်ကိုယ်ကို မမေးမိအောင် နေသည်။

တစ်ရက်မှာတော့ သူ့ကိုတွေ့ရသည်။ အထက်တန်းကျောင်း တစ်ကျောင်းရှေ့မှာဖြစ်၏။ ကျောင်းရှေ့မှာ ဖြတ်အလျှောက် ကျောင်းဆင်းချိန်နှင့်ကြုံသည်။ အကျင့်ပါနေသဖြင့် ဆရာမများကို မြင်လျှင် စိုက်ကြည့်မိတတ်သည်။ ဆရာမတစ်ယောက်ကို မြင်သောအခါ ဒိတ်ခနဲ ရင်ခုန်သွား၏။

ငယ်ငယ်ကရုပ်နှင့် သိပ်မတူတော့။ ပိုပြီး ရင့်ကျက်လာသည်။ အသားလည်းပိုဖြူလာသည်ဟုထင်၏။ ဘာပဲဖြစ်ဖြစ် သူပါပဲဆိုတာ အလိုလိုသိနေ၏။ သူသည် ကျွန်တော်နှင့် မျက်နှာချင်းဆိုင် လျှောက်လာနေသည်။ ကျွန်တော့်ကို မမြင်သေး။ ဖြတ်ကျော်သွားခါနီးတွင် ကျွန်တော်ရုတ်တရက် ရပ်လိုက်သည်။ သူသည်လည်း ကျွန်တော့် ထူးခြားမှုကြောင့် တုံ့ခနဲ ဖြစ်သွား၏။

တစ်ယောက်ကိုတစ်ယောက်ကြည့်မိကြသည်။ သူသည် ပါးစပ်ကလေးဟပြီး 'ဟင်'ဟု တိုးတိုးလေး ရေရွတ်သည်။ ကျွန်တော်က

"ဟုတ်ပါတယ် အစိုးပါ"

သူက ရယ်လိုက်သည်။ ထိုအခါကျမှ ကျွန်တော်တုန်လှုပ်သွား၏။ သူက. . .

"ဘာလဲ. . . မမ မှတ်လို့လား၊ ကျွန်မ ခင်မေတင့်ပါ"ဟု ပြောသည်။

ကျွန်တော်မျက်နှာပျက်သွားသည်ကို ကိုယ့်ဘာသာ မြင်လိုက်ရသည်ဟု ထင်လိုက်သည်။ ထိုအချိန်တွင် ကလေးငယ် တစ်ယောက်သည် သူ့ကိုပြေးဖက်ပြီး 'အန်တီလေး'ဟု ခေါ်လိုက်၏။ ဒါ မမရဲ့ သမီးလေဟု ခင်မေတင့် ပြောလိုက်သော စကားမတိုင်မီကပင် ကျွန်တော်သိပါပြီ။





ကျွန်တော် သူ့ကို အချိန်တိုင်း လွမ်းမနေအားပါ။ လောကကြီးမှာ အချစ်ထက်ပို၍ အရေးကြီးသော၊ အချစ်လောက်မရေးမကြီးသော အချစ်နှင့်တန်းတူ အရေးကြီးသော ကိစ္စတွေ အများကြီးရှိသေးသည်။ မည်သို့ပင်ဖြစ်စေ လေဆိုသည်မှာ မမြင်ရသည့်တိုင် အနီးအနားမှာ အမြဲရှိနေတာ သေချာသည်။ လူတို့သည် လေကို မေ့လျော့နေတတ်ကြသော်လည်း တစ်ခါတစ်ခါတော့ သူရှိနေကြောင်းကို မုန်တိုင်းဆင်၍ သတိပေးတတ်ကြောင်း ဝန်ခံရပေမည်။

မင်းလူ



www.burmeseclassic.com

www.burmeseclassic.com



# ဇာတ်ညွှန်းတစ်ပုဒ် ဆုံးရှုံးခြင်း

ဒီနေ့ဘကြီးဇော် ရုပ်ရှင်ရိုက်စရာမရှိ။ အေးအေးဆေးဆေး နားမယ်၊ ညနေလောက် မင်းတို့နှစ်ကောင် လာခဲ့အုံးဟု မှာထားသည်။ ထို့ကြောင့် မျိုးသက်နှင့် ကျော်ကျော်တို့ ဘကြီးဇော်တို့အိမ်သို့ လျှောက်လာခဲ့ကြသည်။

"လဆန်းကျရင် ဘကြီးဇော် ကားရိုက်ဖို့ နယ်ထွက်စရာ ရှိတယ်လို့ ပြောတယ်ကွ၊ နယ်ကိုယူသွားဖို့ ပစ္စည်းတွေ ဝယ်ခိုင်းမလို့ထင်တယ်"

ဟု ကျော်ကျော်က ပြောသည်။ မျိုးသက်က. . .

"ဒီကားမှာ ဝတ်ဖို့ အဝတ်အစားတွေ ချုပ်ထားတယ်လို့ပြောတယ်ကွ၊ အဲဒါတွေ ရွေးခိုင်းမလို့ထင်တယ်ကွ"

သူတို့နှစ်ယောက်က ဘကြီးဇော်နှင့် မနီးမဝေးမှာ နေကြသည်။ ဘကြီးဇော်၏ ဝေယျာဝစ္စတွေ ကူညီလုပ်ကိုင်ပေးနေကြသည့် သားတပည့်တွေလို ဖြစ်နေကြ၏။ ဘကြီးဇော်က သူတို့အပေါ် ကူညီစောင့်ရှောက်ထားသည့် ကျေးဇူးတွေရှိသည်။

သူတို့ကလည်း အန္တအတာခံသည်။ ဘကြီးဇော်သည် အောက်သက်ကြေခဲ့သူဖြစ်၍ တော်ရုံတန်ရုံလောက်ကို စိတ်တိုင်းမကျသဲ ဆူပူနေတတ်သည်။ ပေးစရာ ကျွေးစရာရှိလျှင်လည်း ရက်ရက်ရောရော ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com

"ငါက မင်းတို့ကို ဆူပူရုံပဲလုပ်တာ၊ ငါတို့ ပညာသင်ခဲ့ရတဲ့ အချိန်က နားရင်းပါ အအုပ်ခံရတာကွ၊ မင်းတို့ကံကောင်းတယ် မှတ်ထား. . ."ဟု ပြောလေ့ရှိသည်။

"ဟော့ကောင်. . . ကိုသက်၊ ခုတစ်လော ဘကြီးဇော်ကို ကြည့်ရတာ ထူးခြားသလိုပဲကွ. . ."

"ဘာ ထူးခြားလို့လဲ. . ."

"ငါတို့ကို သိပ်မဆူတော့ မပူတော့ဘူးလေကွာ. . ."

"အောင်မာ၊ မင်းက အဆူခံရတာများ အကောင်းမှတ်နေသလား၊ အေး. . . ပြောလို့မရဘူး၊ ဒီနေ့အဆူခံချင် ခံနေရမှာ. . ."

ဘကြီးဇော် အိမ်ရှိရာ ခြံဝင်းထဲဝင်လိုက်သောအခါ အုပ်ဆိုင်းနေတတ်သော သစ်ပင်ကြီးများကြောင့် ညို့ကနဲ စိမ့်ကနဲ ဖြစ်သွား၏။ အေးချမ်းသာယာသော နေရာကလေးဖြစ်၍ ရောက်သည့် အခါတိုင်း စိတ်ကြည်နူးရသည်။

သူတို့ဘက်သို့ ခပ်သုတ်သုတ်လျှောက်လာနေသော ဘကြီး ဦးသောင်းညွန့်ကို တွေ့ရသည်၊ သူတို့ကိုမြင်တော့. . .

"ဟော့ကောင်တွေ၊ မြန်မြန်သွားကြ၊ ကိုဇော်လွင် သတိလစ်သွားလို့တဲ့၊ အခုပဲ မောင်ရှုပ ဆရာဝန်သွားပင့်လာတယ်. . ."

"ဟာ" ဆိုသော အာမေဋိတ်ကို သံပြိုင်ရွတ်ရင်း ပြေးသွားကြသည်။ အိမ်ပေါ်ကို တက်လိုက်တော့. . .

ဘကြီးဇော်က ပက်လက်လှန်လှဲနေသည်။ ဆရာဝန်က သူ့ရင်ပတ်ပေါ် လက်ဖနောင့်နှစ်ဖက်နှင့် ဖိလိုက်ကြွလိုက်။ ခဏကြာတော့ ဆရာဝန်က မျက်လုံးကိုဖြဲပြီးလက်နှိပ်ဓာတ်မီးနှင့် ထိုးကြည့်သည်။ ပြီးတော့ ခေါင်းခါသည်။ မရတော့ဘူး၊ ဆုံးနေပြီ။

ရုတ်တရက် တိတ်ဆိတ်သွားသည်။ ထို့နောက် အံ့အားသင့်စွာ ရေရွတ်မြည်တမ်းသံများ၊ စီကနဲ ပွက်ညံသွားသော ငိုရှိုက်သံများ။





ဘကြီးဇော်ကို ကြည့်လိုက်တော့လည်း အိပ်နေသလိုပါပဲ။ သိပ်မထူးခြားလှပါဘူး။

ရုပ်ရှင်တွေ ဗီဒီယိုဇာတ်ကားတွေထဲမှာ ဘကြီးဇော်သေဆုံးသည့် အခန်းတွေ မကြာခဏ ကြည့်ဖူးသည်။ ငယ်ငယ်တုန်းကဆိုလျှင် ရုပ်ရှင်ကြည့်ရင် ငိုလိုက်ရတာ။ မျက်ရည်တွေ မသုတ်နိုင်ခင်မှာ ပြီးပါပြီ စာတန်းထိုးပြီး မီးတွေဖွင့်လိုက်လို့ မျက်ရည်စက်လက်နဲ့ လူမိသွားတော့ ရှက်ကိုးရှက်ကန်းဖြစ်ခဲ့ရတာ။

ခုလည်း ဒီလိုပဲ ရုပ်ရှင်ထဲက အတိုင်းပဲ။ သိပြီ။ သိပြီ။ ဟိုတစ်ခါ ရုပ်ရှင်ရိုက်ကွင်းပေါ် လိုက်သွားတုန်းကလိုပေါ့။ ဆရာဝန်ထွက်သွားတော့မှ မျက်လုံးကို ဖွင့်ကြည့်ပြီး "ငါ့အိုက်တင်ကောင်းတယ် မဟုတ်လား"လို့ ပြုံးပြုံးကြီး လုပ်ရင်းမေးမှာ မဟုတ်လား။ လုပ်မနေပါနဲ့ ဘကြီးဇော်ရာ။ ကျွန်တော်တို့ ဒီလောက်လည်း မတုံးမအသေးပါဘူး။

"ကတ်. . ."ဟု

အော်လိုက်သော ဒါရိုက်တာ၏ အသံများကို ကြားလေမလားလို့ နားစွင့်နေမိသေးသည်။ သို့ရာတွင် ဒါရိုက်တာကို မတွေ့ရ။ တကယ်တော့ ဒီဇာတ်လမ်းကို ရိုက်ကူးနေသူမှာ ဘယ်သူမှ မမြင်နိုင်သော ဒါရိုက်တာကြီးဖြစ်သည်။ သူစီစဉ် ညွှန်ကြားသည့် ဇာတ်လမ်းများ၏ ဇာတ်သိမ်းခန်းမှန်သမျှ ခုလို အဆုံးသတ်သည်ချည်းပင် ဖြစ်၏။ ပါဝင်သရုပ်ဆောင်ရသော ဇာတ်ဆောင်တိုင်း သည်လည်း ပြန်လည်နိုးထခွင့်မရကြ။

မျိုးသက်က ကျော်ကျော်ကို ကြည့်လိုက်သည်။ ကျော်ကျော်ကတော့ ဘကြီးဇော်ကိုသာ ငေးစိုက်ကြည့်နေ၏။ မင်းဘယ်လိုထင်သလဲ ကျော်ကျော်။ ဘကြီးဇော် သရုပ်ဆောင်ခဲ့သမျှတွေထဲမှာ ဒီတစ်ခါ အသက်အပါဆုံးပဲ။

ဟုတ်တယ်။ အသက်အပါဆုံးပါပဲ ဘကြီးဇော်ရာ။



www.burmeseclassic.com

www.burmeseclassic.com

ချစ်ယမင်းသူသည် လွယ်အိတ်ကလေးလွယ်ပြီး ထွက်လာသည်။ ဘကြီးဖော်အိမ်ရှေ့ရောက်တော့ ခြေလှမ်းတုံ့သွားသည်။ ခါတိုင်းဆိုလျှင်. . .

"ဘဘဖော်ကြီး သမီးကျောင်းသွားတော့မယ်"ဟု နှုတ်ဆက်နေကျ။

ဘကြီးဖော်ကလည်း. . .

"အေး. . . အေး. . . သမီးကောင်းကောင်းသွားနော်၊ လမ်းကူးတာ ကြည့်ကူး. . ." ဟု ပြန်လည် နှုတ်ဆက်နေကျ။

ဒီနေ့တော့. . . နှုတ်ဆက်စရာ ဘဘဖော်ကြီးမရှိတော့။ ထိုအကြောင်းနှင့်ပတ်သက်၍ ခုချိန်ထိ သူ့စိတ်ထဲမှာ ထူးဆန်းသလိုဖြစ်နေသေးသည်။ လူတစ်ယောက်သေဆုံးကာနီးလျှင် ကြီးကြီးကျယ်ကျယ် နေမကောင်းဖြစ်ရမည်။ နောက်တော့ နေ့လား၊ ညလားပဲ စသည်ဖြင့် လူကြီးတွေ ပြောသံ ဆိုသံကြားရမည်။ ဒီနောက်မှ သေရတာမဟုတ်လား။

ဒီဟာက ဒီလိုမဟုတ်ဘူး။

အဲဒီနေ့က မနက်ပိုင်းမှာ သူ့ကို စနေ နောက်နေသေးသည်။ အကြီးက အဝတ်တွေ လျှော်မယ်လုပ်တော့. . .

"ထားလိုက်စမ်းပါကွာ၊ ဒီနေ့ အေးအေးဆေးဆေး နားနားနေနေ စကားလေးဘာလေး ပြောရအောင်၊ ညနေကျရင်တော့ ငါးဘတ်ချက်စားချင်တယ်ကွာ၊ ဈေးသွားရင် ဝယ်ခဲ့စမ်းပါ"လို့ ပြောတာကြားရသေးသည်။ ကျောင်းသွားခါနီး နှုတ်ဆက်တော့တောင်. . .

"ဆောင်းနေမိပေမယ့် သိပ်ပြင်းတယ်နော်၊ ဦးထုပ်ကလေး၊ ဘာလေး၊ ဆောင်းသွား. . ."လို့ လှမ်းပြောသေးသည်။

ညနေ ကျောင်းကပြန်လာတော့ ဘကြီးဖော်ကြီး အိမ်ရှေ့မှာ လူတွေ ရှုပ်နေသည်။ မေးကြည့်တော့ ဘဘဖော်ကြီး ဆုံးလို့တဲ့။





ဘဘဖော်ကြီးနှင့် အိမ်နီးချင်းဖြစ်ရတာ ကောင်းသည်ဟု ချစ်ယမင်းသူ ထင်သည်။ သူက ကလေးတွေကို ချစ်တတ်သည်။ စောင့်လည်း စောင့်ရှောက်သည်။

ကျောင်းမှာ သူငယ်ချင်းတွေနှင့် ဗီဒီယိုတွေ၊ ရုပ်ရှင်ရုံတွေအကြောင်းပြောတဲ့အခါ ကိုယ်က တစ်ပန်းသာသည်။ ဘယ်ဇာတ်ကားထဲမှာ ဘဘဖော်ကြီး သရုပ်ဆောင်တာ ဘယ်လောက်ကောင်းကြောင်းလောက်သာ သူများတွေက ပြောနိုင်သည်။ ကိုယ်ကျတော့ ဘဘဖော်ကြီး တစ်ခါတစ်ခါ သူကိုယ်တိုင် စိတ်ကြိုက်ချက်ပြုတ်စားသောက်တတ်ကြောင်း၊ ဖိုထိုးတာလည်း ဝါသနာပါကြောင်း၊ တိုင်းရင်းဆေးတွေဖော်ပြီး အနီးအနားက လူတွေကို ဆေးကုသပေးတတ်ကြောင်း၊ မနက်အစောကြီးထပြီး ဘုရားရှိခိုးတတ်ကြောင်း။

အရိုင်းစပယ်ဇာတ်ကားမှာ ဘဘဖော်ကြီး အကယ်ဒမီရသောအခါ ချစ်ယမင်းသူတို့ ဂုဏ်ယူလို့မဆုံးနိုင်အောင် ဖြစ်ရသည်။ ဘဘဖော်ကြီးက ခွင့်ပြုသဖြင့် ရွှေစင်ရုပ်ဆုကို သေသေချာချာကိုင်တွယ်ကြည့်ရှုခွင့်ရသည်။

"ရွှေနဲ့လုပ်ထားတဲ့ အရုပ်တဲ့၊ ဝင်းအိနေတာပဲဟယ်၊ လှသလားမမေးနဲ့"ဆိုပြီး... ကျောင်းကသူငယ်ချင်းတွေကို ကြွားရတာ အမောပဲ။

ဒီနေ့လည်း ဘဘဖော်ကြီးအကြောင်းကို သူငယ်ချင်းတွေက မေးကြလိမ့်မည်။ ဆုံးသည့်နေ့ ညနေက လူတွေကြားက ခေါင်းလျှိုပြီး ချောင်းကြည့်ခဲ့သည်။

"အိပ်နေတဲ့အတိုင်းပါပဲဟယ်..."လို့ပြောရင်း...

သူငိုမလားမသိ၊ ခုပင် မရည်ရွယ်ဘဲ မျက်လုံးကို လွယ်အိတ်နှင့် တို့သုတ်လိုက်မိမလိုဖြစ်သွား၏။

"ဘဘဖော်ကြီး၊ သမီး ကျောင်းသွားတော့မယ်နော်..."ဟု စိတ်ထဲကပင် နှုတ်ဆက်လိုက်သည်။

◀◀ □ ▶▶



www.burmeseclassic.com

www.burmeseclassic.com

ညဆိုင်းအလုပ်ဆင်းရမည့် စက်ရုံအလုပ်သမားကလေးများသည် ဖယ်ရီကားစောင့်ရင်း ဦးဇော်လွင်အကြောင်း ပြောနေကြသည်။ သူတို့က ဦးဇော်လွင်၏ ပရိသတ်ဖြစ်၏။ ခုနောက်ပိုင်းဇာတ်ကားတွေသာမက ရုပ်မြင်သံကြားက ပြန်ပြသော ဇာတ်ကားဟောင်းတွေပါ ကြည့်ဖူးပြီး သဘောကျနေကြသည်။

တစ်ညမှာ ဖယ်ရီကားနှင့်လိုက်လာရင်း ရွှေကြေးစည်လက်ဖက်ရည်ဆိုင်၏ အပြင်ဘက်စားပွဲမှာ ထိုင်နေသော ဦးဇော်လွင်ကို ရိပ်ကနဲ တွေ့လိုက်သည်။

"ဟယ်... ဟိုမှာ ဦးဇော်လွင်..."ဟု တစ်ယောက်က ပြောသည်။ တစ်ယောက်က မဟုတ်နိုင်ပါဘူး၊ တူလို့ပါဟုဆိုသည်။ မီးရောင်က ခပ်မှိန်မှိန်မို့ တိတိကျကျ ထင်ထင်ရှားရှား မမြင်ရ။ ဟုတ်တယ်၊ မဟုတ်ဘူး ငြင်းကြသည်။ နောက်တစ်နေ့ကျတော့ ဟုတ်လား၊ မဟုတ်လား သိရအောင် အော်ခေါ်ကြည့်မည်ဟု ဆုံးဖြတ်ထားကြသည်။ ဆိုင်ရှေ့ကားအဖြတ်တွင် သူထိုင်နေတာ တွေ့ရပြန်သည်။

"ဦးဇော်လွင်..."ဟု သံပြိုင်ခေါ်လိုက်ကြသည်။ အံ့သြဟန်ဖြင့် လှမ်းကြည့်သည်။

"ဟေး... ဟုတ်တယ်၊ ဟုတ်တယ်..."

သူတို့က အော်ခေါ်သောအခါ ကြောင်ငေးငေးကြည့်ရင်း ကျန်သည်။ နောက်နေ့တွင်ကျတော့လည်း သူတို့ကအော်ခေါ်ကြပြန်သည်။ သူလှမ်းကြည့်လျှင် လက်ပြနှုတ်ဆက်ကြသည်။ အစပိုင်းတုန်းကတော့ လောင်နေတာလို့ ထင်ဟန်တူသည်။ ခပ်တည်တည်ကြီးလုပ်နေသေးသည်။ နောက်တော့မှ ခုင်မင်မှုကို အသိအမှတ်ပြုသည့်အနေဖြင့် ပြန်၍လက်ပြနှုတ်ဆက်တတ်လာသည်။ ဒီလိုနှင့် အပြန်အလှန်နှုတ်ဆက်လာကြခဲ့တာ လအတော်ပင်ကြာခဲ့သည်။

"အေးဟယ်...၊ ခုလို ရုတ်တရက်ကြီး ဆုံးပါးသွားတာ နှမြောဖို့ ကောင်းလိုက်တာ..."တစ်ယောက်က ပြောသည်။





"အေးဟာ... သတင်းကြားတုန်းက ငါမျက်ရည်တောင်ကျမိတယ်..."

ဖယ်ရီကားရောက်လာသဖြင့် တက်လိုက်လာကြသည်။ လက်ဖက်ရည်ဆိုင်ကို အဖြတ်တွင် အရင်ကလိုပင် လှမ်းကြည့်မိကြသည်။ ဆိုင်ပိတ်နေပြီး အပြင်က မီးမှိန်မှိန်အောက်တွင် လူသူကင်းမဲ့လျက်ရှိ၏။ သူတို့ရင်ထဲမှာ ဟာသွားသည်။ စက်ရုံကို သွားရာလမ်းကို ခရီးရှည်တစ်ခုထွက်နေရသလို ထင်မိ၏။ ဘယ်သူမှ စကားမပြောကြဘဲ တိတ်ဆိတ်စွာ လိုက်ပါလာကြသည်။

အိမ်ကအထွက်မှာ ယူနေကြပစ္စည်းတစ်ခုခုမပါသည့်အခါ ထိုပစ္စည်းမှာလည်း ဘာမှန်းစဉ်းစားလို့မရသည့်အခါ နေမထိ ထိုင်မသာဖြစ်နေသလိုမျိုးပင်။

"အေးဗျာ... ဦးဇော်မရှိတော့ စိတ်ထဲမှာ ဟာတာတာနဲ့ တစ်ခုခုလိုနေသလိုပဲ..."ဟု ဦးကြည်ဝင်းက ပြောသည်။

"ဟုတ်တယ်...၊ ကျွန်တော်လည်း မျက်မှန်မေ့ကျန်လို့ များလားလို့... ထင်မိသေးတယ်၊ ဒီလိုလည်း မဟုတ်ပြန်ဘူးဗျ..." ဦးတင်ငွေက ပြောသည်။

ဦးစန်းမြင့်က...

"အဲဒီနေ့က သတင်းကြားကြားချင်း ကျွန်တော်ရောက်သွားတာပဲ။ နေက နည်းနည်းပြင်းတယ်ဗျ။ နေ့လယ်ဘက်ကြီး ရေချိုးခေါင်းလျှော်တယ်တဲ့။ ဒါကြောင့်ရယ်လို့လည်း ပြောလို့မရပါဘူး။ ဖြစ်ချိန်တန်လို့ ဖြစ်ရတာပဲလို့ စိတ်ကိုဖြေရမှာပဲ။ ဒါပေမယ့် တကယ်တန်းကတော့ ဖြစ်ချိန်မတန်သေးပါဘူးဗျာ..."

"သူက ကားရိုက်တဲ့အခါ လျှော့လုပ်တယ်လို့ မရှိဘူး။ အသေးအဖွဲ့အခန်းကလေးအစ အားထည့်ပြီး အပြည့်လုပ်တာ၊ ဒါကြောင့် ပိုပင်ပန်းတာပေါ့။ တစ်ခုတော့ရှိတယ်။ ရိုက်လက်စဇာတ်ကားတွေ အားလုံးပြီးအောင် ရိုက်ပေးနိုင်ခဲ့တယ်..."ဟု ဦးစံက ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com

ဦးကြည်ဝင်း...

"အနုပညာကြွေးမကျန်ခဲ့ဘူး၊ သူ့တာဝန်ကို သူကျေအောင် လုပ်သွားနိုင်ခဲ့တာပေါ့ဗျာ..."

သူတို့အုပ်စုမှာ ဦးဇော်လွင်နှင့် နေ့စဉ်ဆုံနေကျ မနက်ပိုင်းတွင် ရွှေကြေးစည်လက်ဖက်ရည်ဆိုင်၏ အတွင်းဘက်ကျကျစားပွဲမှာ ထိုင်၍ စကားပြောကြသည်။ ညဘက်ကျတော့ ဆိုင်က စောစော ပိတ်သည့်တိုင် အပြင်ဘက်ထောင့်မှာ စားပွဲတစ်လုံးနှင့် ရေနွေးကြမ်းအိုးကို သူတို့အတွက် သီးသန့်ပြင်ဆင်ပေးထားသည်။ သူတို့က ညစဉ် လိုလို ဆုံတွေ့ပြီး ညဉ့်နက်သည်ထိ စကားပြောလေ့ရှိကြသည်။

ဒီနေ့တော့ မနက်တုန်းကလည်း လက်ဖက်ရည်ဆိုင် စကားဝိုင်းသည် ခြောက်ခြောက်သွေ့သွေ့နှင့် ပြီးဆုံးပြီး လူစုခွဲခဲ့ရသည်။ ခု ညပိုင်းကျတော့ ဦးဇော်လွင်အိမ်မှာ မိသားစုကို အားပေးစကား ပြောပြီး ထွက်လာခဲ့ကြသည်။ မရည်ရွယ်ပါဘဲနှင့် လက်ဖက်ရည် ဆိုင်ဆီသို့ လျှောက်လာခဲ့မိကြ၏။

ဆိုင်ရှေ့ရောက်တော့ ထိုင်နေကျနေရာလေးကို မကြည့်ဘဲ မနေနိုင်ကြ။ ဆိုင်ကပိတ်နေပြီဖြစ်သော်လည်း အပြင်ဘက်ထောင့် စားပွဲကလေးကတော့ ခါတိုင်းလိုပင် ချထားလျက်သားရှိနေသေးသည်။ စားပွဲပေါ်မှာ အကြမ်းအိုးတစ်လုံးနှင့် အကြမ်းပန်းကန် တစ်လုံး။

ကိုရှုပ၏ ရွှေကြေးစည်လက်ဖက်ရည်ဆိုင်မှ ကောင်လေးတွေက ဦးဇော်လွင်အတွက် အမှတ်တရ လုပ်ပေးထားကြခြင်းပင် ဖြစ်လိမ့်မည်။

ဒီအရွယ်ကြီးတွေ ရောက်မှာတော့ မျက်ရည်စို့လာဖို့ မသင့်တော့ပါဘူးဟု သူတို့အားလုံး နားလည်သဘောပေါက်မိကြပါသည်။

◀◀ □ ▶▶





"ဘကြီးဇော်... ဝမ်းတီး..."

ဘကြီးဇော် ဆိုင်ထဲဝင်လာသည်နှင့် အဘားဟူက ဦးအောင် အော်နေကျဖြစ်၏။ သူသည် ရွှေကြေးစည်လက်ဖက်ရည်ဆိုင်မှ စားပွဲထိုးကုလားလေးဖြစ်၏။ အလွန်သွက်လက်ဖျတ်လတ်သဖြင့် ဘကြီးဇော်၏ အချစ်တော်ဖြစ်သည်။ သူသည် နေ့စဉ်နေ့တိုင်း ဘကြီးဇော်အတွက် ကွမ်းယာ ဝယ်ပေးရသည်။ လှစ်ကနဲ ပြေးထွက် သွားပြီး လှစ်ကနဲ ပြန်ရောက်လာတတ်သဖြင့်...

"မြန်လှချည်လားဟ၊ ဒီကောင် ဗျတ္တဝင်စားတာ ထင်တယ်..." ဟု ဘကြီးဇော်က ချီးမွမ်းလေ့ရှိသည်။

အခု ဘကြီးဇော်မရှိတော့။ သူ့အဘိုးဆုံးတုန်းက ငယ်လွန်းသဖြင့် ကောင်းကောင်းမမှတ်မိ။ တကယ်လို့သာ အဲဒီတုန်းက ခု အရွယ်ဆိုရင် ခုလိုပဲ နေမှာပဲဟု သူတွေးမိသည်။

ဘကြီးဇော်ကို သင်္ဂြိုဟ်မည့်နေ့ မနက်က သူငြိမ်ငြိမ်နေလို့မရ လောက်အောင် ဖြစ်နေ၏။ သူများတွေက ဈာပနအတွက် အသီးသီး တာဝန်ခွဲဝေလုပ်ကိုင်နေတာကြည့်ပြီး သူလည်း တစ်ခုခုလုပ်ချင်သည်။ ဘာလုပ်ရမှန်းတော့မသိ။

အချိန်နီးကပ်လာတော့ လူတွေပိုပြီး လှုပ်လှုပ်ရွရွဖြစ်လာသည်။ သူလည်း ပို၍ဂဏှာမငြိမ်ဖြစ်လာ၏။

ဘကြီးဇော်တို့အိမ်ဘက်က ကားအနီကလေးထွက်လာသည်။ ဘကြီးဇော်၏ မိသားစုပါလာသည်။ ကြီးတော်ချိုရိက ဘကြီးဇော် မိန်းမကို ဖေးမလျက်တွေ့ရသည်။

အဘားဟူသည် လှစ်ကနဲပြေးထွက်သွားသည်။ လှစ်ကနဲပြန် ရောက်လာသည်။ ကားကခြံရှေ့ကို လွန်စပြုပြီ။ ကားနောက်ကို သူပြေးလိုက်သည်။

"ခဏနေပါဦး" ဟု အသံကုန်အော်သည်။ ကားကရပ်စောင့်သည်။ ကားဆီသို့ သူပြေးသွားပြီး. . .



www.burmeseclassic.com

www.burmeseclassic.com

"ဘကြီးဖော်အတွက် ယူသွားပေးပါ"ဟုပြော၍ ကြီးတော်ချိုရီလက်ထဲသို့ ကွမ်းယာထုပ်ကလေးကို ထည့်ပေးလိုက်သည်။ ထို့နောက် လှစ်ကနဲပြန်လှည့်ပြေးသည်။

အဖေတို့အမေတို့ ဆူလို့ရိုက်လို့ ဝမ်းနည်းပြီး ငိုချင်လာပြီဆိုလျှင် ခုလိုပဲ တအားကုန် ပြေးလိုက်မှ စိတ်ထဲပေါ့သွားတတ်သည်။ ခုလည်း သူပြေးသည်။ လှစ်ကနဲလှစ်ကနဲနေအောင်ပြေးသည်။ မျက်ရည်များသည် အောက်သို့စီးမကျဘဲ လေအရှိန်ကြောင့် ဘေးသို့လွင့်စင်ထွက်နေကြလေသည်။

မင်းလူ

(ရွှေအမြုတေ၊ ဇန်နဝါရီလ၊ ၁၉၉၄)





## အချစ်သရုပ်ဖော်

သူ့ကို မြင်မြင်ချင်း ရုတ်တရက်မမှတ်မိချေ၊ မြင်ဖူးပါတယ်ဆိုပြီး သေသေချာချာကြည့်မှ သူမှန်းသိရ၏။ သူသည် ဈေးလာဝယ်ဟန်တူသည်။ ကျွတ်ကျွတ်အိတ်ကလေး တစ်လုံးကို သပ်ရပ်စွာ ခေါက်၍ ပိုက်ဆံအိတ်ပြားပြားလေးတစ်ခုနှင့်အတူ ထပ်လျက် ကိုင်ထားသည်။ ရန်ကင်းဈေးရှိရာဘက်သို့ သွားနေသည်။

ကျွန်တော်က အမြန်ကားရှေ့ခန်းမှာ ထိုင်လိုက်ခြင်းဖြစ်၏။ မှတ်တိုင်မှာရပ်ထားတုန်းမို့ သူ့ကို အချိန်ကြာကြာ မြင်ခွင့်ရလိုက်သည်။ ကားသွားနေတုန်း လှမ်းမြင်ရတာဆိုလျှင် မှတ်မိချင်မှ မှတ်မိပေလိမ့်မည်။

သူ့ကို မတွေ့ဖြစ်တာ ငါးနှစ်ခြောက်နှစ်လောက် ရှိလိမ့်မည်။ ဒီလောက်အချိန်ကာလမှာ ကြာမြင့်သည်ဟု ဆိုကောင်းဆိုနိုင်သော်လည်း လူတစ်ယောက်အဖို့ ရုတ်တရက်မမှတ်မိနိုင်လောက်အောင်တော့ အပြောင်းအလဲမဖြစ်သင့်ဟု ထင်၏။

သူ့အသက်သည် နှစ်ဆယ့်ငါး၊ နှစ်ဆယ့်ခြောက်သာ ရှိဦးမည်။ ဒီအသက်အရွယ်ကလည်း ခုခေတ်မှာ နုနယ်ပျိုမြစ်သော အရွယ်သာ ဖြစ်သည်။ လှလို့ပလို့ကောင်းတုန်း။ ပျော်လို့ပါးလို့ကောင်းတုန်း လန်းဆန်းတက်ကြွလို့ ကောင်းတုန်းအရွယ်။


www.burmeseclassic.com

www.burmeseclassic.com

သူကတော့ တကယ့်သက်ရင့်သော အမျိုးသမီးကြီးတစ်ယောက်လို ကြန့်ကြီးစွာ ပျောက်သွားနေသည်။ သူ့အရွယ်နှင့်စာလျှင် သူ့မျက်နှာက တည်ငြိမ်လှသည်ဟု ဆိုနိုင်သည်။

"ငါ... ဂျူးလီယက်ကို တွေ့ခဲ့တယ်ဟ..."ဟုပြောသောအခါ ကျွန်တော့်ဇနီးက...

"ဟင်... ဟုတ်လား...၊ ဘယ်နားမှာလဲ..." အားတက်သရော မေးသည်။

"ရန်ကင်းဘက်မှာ၊ အမြန်ကားပေါ်ကနေ လှမ်းမြင်လိုက်တာ"

"တစ်ယောက်တည်းလား..."

"အေး... တစ်ယောက်ထဲပဲ..."

"ဘယ်လိုပုံစံမျိုးလဲ...၊ အရင်ကလိုပဲလား..."

"နည်းနည်းပိန်သွားတယ်ထင်တာပဲ။ ရုတ်တရက်မှတ်တောင် မမှတ်မိဘူး...။ သူ တကယ့် မိန်းမကြီးတစ်ယောက်ပုံစံမျိုးဖြစ်နေတာကိုး..."

ထို့နောက် ကျွန်တော့်ဇနီးက မေးခွန်းများကို အဆက်မပြတ် မေးလေသည်။

"ပိန်သွားတယ်ဆိုတော့ နေမကောင်းဖြစ်နေသလား မသိဘူး။ ရောဂါတစ်ခုခုရှိနေပုံ ပေါ်သလား။ သူတို့စီးပွားရေးအခြေအနေကကော ဘယ်လိုခန့်မှန်းမိသလဲ..."

"ဟာ... ဒီလောက်ထိ ငါက ဘယ်လိုလုပ်သိမှာလဲ။ လုပ်ငန်းကိုင်ငန်းကောင်းရဲ့လား။ စီးပွားရေးအခြေအနေရော ဘယ်လိုလဲလို့ အော်မေးရမလိုဖြစ်နေပြီ..."





"ဘယ်ဟုတ်မလဲ...၊ လူတစ်ယောက်ရဲ့ ဝတ်စားဆင်ယင်ပုံကို ကြည့်ရင် သိနိုင်တာပဲ။ ဆွဲကြိုးတို့ လက်စွပ်တို့ ဝတ်ကားတာကြည့်လို့ ရတာပဲ..."

"ဟိုဘက်လမ်းက ဖြတ်လျှောက်သွားတာကို ကားပေါ်က လှမ်းမြင်ရတာဟ...၊ နင်... ပြောသလောက် အသေးစိတ်မကြည့်နိုင်ဘူး၊ ကြည့်ဖို့လဲ သတိမရပါဘူး..."

"ဒါဆို... အဝတ်အစားက ဘယ်လိုဝတ်ထားသလဲ..."

"အကျႌနဲ့ ထမီပေါ့..."

သူက မျက်စောင်းတစ်ချက်ထိုးပြီး...

"ဒါတော့ သိတာပေါ့...၊ ဝတ်ထားတဲ့ အဝတ်အစားတွေရဲ့ အခြေအနေက ဘယ်လိုလဲမေးတာ..."

ကျွန်တော်လည်း မှတ်မိသလောက် ပြန်စဉ်းစားရသည်။

"အိမ်နေရင်း အဝတ်အစားလို့ ထင်တာပဲ..."

"ခပ်နွမ်းနွမ်းပေါ့..."

"ဆိုပါတော့..."

"ဒါဆိုရင်တော့... စီးပွားရေးအခြေအနေ... သိပ်အဆင်ပြေပုံ မရဘူး..."

"ဘာဆိုင်လဲ...၊ ဈေးသွားတာမို့ အိမ်နေရင်းအဝတ်အစားနဲ့ ကောက်ထွက်လာတာ ဖြစ်နိုင်တာပဲ..."

"သူ့အကြောင်း တို့သိပါတယ်၊ ကျောင်းမှာတုန်းကဆိုရင် အဝတ်အစားကို တစ်နေ့တစ်မျိုး မထပ်စေရဘဲ၊ တစ်လလောက်ဝတ်တတ်တာ။ ပြီးတော့ သူ့ကိုယ်လုံးနဲ့ လိုက်မယ့်ပုံစံ၊ အရောင်ရွေးတာက ကအစ၊ သိပ်ဂရုစိုက်တတ်တာ။ အခု... ဖြစ်သလို ဝတ်စားလာတာတော့ စဉ်းစားစရာဖြစ်နေမလား..."

"ဖြစ်ချင်ရင်လဲ ဖြစ်နိုင်တာပဲ...၊ ကြည့်ရတာ သိပ်တော့ ရွှင်ရွှင်လန်းလန်းတော့မရှိဘူး..."



www.burmeseclassic.com

www.burmeseclassic.com

"ကျန်းမာရေးလဲ မကောင်းတာလဲ ဖြစ်နိုင်တယ်။ ရှိမိယိုနဲ့တော့ အဆင်ပြေရဲ့လား မသိဘူး..."

တကယ်တော့... ယခုပြောနေသော ဂျူးလီယက်သည်လည်း ကောင်း ကျွန်တော်တို့နှင့် ဘယ်လိုမှ ပတ်သက်မှုမရှိပါ။ ဆွေမျိုး လည်းမတော်၊ သူငယ်ချင်းလဲမဟုတ်။ အိမ်နီးနားချင်းလည်းမဟုတ်။ သူတို့ကဆိုလျှင် ကျွန်တော်တို့ကို သိတောင်သိလိမ့်မဟုတ်ချေ။

သို့တိုင်အောင်...၊ ကျွန်တော်တို့က သူတို့ကို ကျောင်းမှာကတည်းက စိတ်ဝင်စားခဲ့သည်။ ခုထိလည်း စိတ်ဝင်စားနေတုန်းပင် ဖြစ်၏။

ကျွန်တော်ဆယ်တန်းကို သိပ္ပံဘာသာတွဲဖြင့် အောင်သော်လည်း ရန်ကုန်တက္ကသိုလ်မှာ' ဝိဇ္ဇာဘာသာရပ်ဖြစ်သော ဒဿနိကဗေဒ ယူခဲ့သည်။ ပထမနှစ်ကို ရာမညဆောင်မှာ တက်ရသည်။ ထို့ကြောင့် တစ်ကျောင်းထဲအောင်ခဲ့သော အခြားသူများနှင့်ကွဲပြီး တစ်ယောက် ထဲ ဖြစ်နေသည်။ ကျောင်းဖွင့်စဖြစ်၍ အသိအကျွမ်းလည်းမရှိသေး။ ထို့ကြောင့် တစ်ယောက်ထဲ ခပ်ကြောင်ကြောင်ဖြစ်နေသည်။ အထူး သဖြင့် နေ့လယ်ပိုင်း အားလပ်ချိန်မှာ ယောင်ချာချာဖြစ်နေ၏။ ကျောင်းသားသစ်တစ်ယောက်ဖြစ်သောကြောင့် တစ်ခြားနေရာတွေ လည်း လျှောက်မသွားရဲ။

သို့ဖြစ် နေ့လယ်ပိုင်းတွင် ဦးချစ်လက်ဖက်ရည်ဆိုင်မှာ သွား ထိုင်သည်။ ပျင်းလာလျှင် ရာမညဆောင်အတွင်း ဟိုဟိုဒီဒီလျှောက် သွားသည်။

ရာမညဆောင်၏ အခန်းလွတ်များမှာ အတွဲများထိုင်လေ့ရှိ၏။ သိပ်များများတော့မရှိ။ ပထမနှစ်ကျောင်းသားကျောင်းသူအသစ်





များဖြစ်သောကြောင့် ရည်းစားထားဖို့ အခွင့်အရေး မရကြသေး။ အရင်ကတည်းက ရည်းစားဖြစ်ပြီးသား အတွဲတွေသာ ရှိသည်။ ဒီထဲမှာ သူတို့နှစ်ယောက်လည်း ပါသည်။

တစ်ရက်တွင် ကျွန်တော်တစ်ယောက်ထဲ ပျင်းနေသဖြင့် အခန်း ထဲမှာပင် စာဖတ်နေလိုက်မည်ဆိုပြီး အပေါ်ထပ်တက်ခဲ့၏။ အား လပ်ချိန်အပြီးမှာ ပြန်စမည့် အင်္ဂလိပ်စာအတန်းရှိရာသို့ လာခဲ့ သည်။ အတန်းစမှီ သူတို့နှစ်ယောက်လည်း ပါ၏။

နောက်ဘက်အပေါက်မှဝင်ပြီး ထိုင်နေကျထောင့်ခုံမှာ ဝင်ထိုင် လိုက်သည်။ စာဖတ်မည်ဟု စာအုပ်ကို ထုတ်လိုက်ပြီးမှ အခန်းထဲမှာ ကျွန်တော်တစ်ယောက်ထဲမဟုတ်ကြောင်း သတိပြုလိုက်မိသည်။

အခန်း၏ နံရံဘက်ကပ်လျက် ရှေ့ဆုံးခုံတန်းမှာ အတွဲတစ်တွဲ ထိုင်နေသည်။ ကျောင်းကထုံးစံမှာ အခန်းလွတ်တစ်ခုထဲ၌ အတွဲ တစ်တွဲထိုင်နေတာတွေ့လျှင် ဝင်ထိုင်ပြီး အနှောင့်အယှက်ပေးလေ့ မရှိကြ။ ထို့ကြောင့် ပြန်ထွက်သွားရကောင်းမလား စဉ်းစားသည်။

သို့ရာတွင် သူတို့နှစ်ယောက်အပြုအမူက ကျွန်တော် ထွက် မသွားနိုင်အောင် ဖမ်းစားထားသည်။ သူတို့သည် တင်းကြပ်စွာ ပွေ့ဖက်ပြီး မွှတ်သိပ်စွာ နမ်းရှုံ့နေကြခြင်းတော့ မဟုတ်ချေ။ ကောင် မလေးက ဆယ်ပြားစေ့တစ်စေ့ကို စားပွဲပေါ်မှာလှည့်ပြီး လက်ဝါး နှင့်အုပ်လိုက်၏။ ထို့နောက် ကောင်လေးကို ပြုံးကြည့်ပြီး... ဖြေလေ ဆိုသောသဘော မျက်စပြစ်ပြသည်။

ကောင်လေးက စဉ်းစားသလိုလုပ်ပြီးမှ ဖြေသည်။ လက်ဖဝါး ကို ဖြည်းဖြည်းချင်း လုပ်ပြသည်။ ပြီးတော့ ပြိုင်တူရယ်ကြသည်။

ဆယ်ပြားစေ့ကို နောက်တစ်ကြိမ် ထပ်လှည့်ပြန်သည်။ လက် ဖဝါးနှင့် အုပ်သည်။ စားပွဲမျက်နှာပြင်နှင့် လက်ဝါးသာထိသည်။ လက်ချောင်းကလေးများက ရုတ်တရက်ထပျံသည့် ငှက်ကလေးများ


www.burmeseclassic.com

www.burmeseclassic.com

လို့ ကော့ပျံကြွတက်နေ၏။ ကောင်လေးက တစ်ချက်ပြုံးပြီး လက်ဖဝါးပေါ် အုပ်ကိုင်သည်။

ကျွန်တော်သည် သူတို့ကို ငေးကြည့်နေမိ၏။ ဒီလိုကြည့်တာ ရိုင်းမှန်းသိပါလျက် မျက်နှာမလွှဲနိုင်အောင် ဖြစ်နေရသည်။ ထူးဆန်းသည်။

ထိုနေ့မှစ၍ သူတို့နှစ်ယောက်ကို ကျွန်တော်စိတ်ဝင်စားမိသည်။ ကျွန်တော်သာမဟုတ်။ ရာမညဆောင်ရှိ ကျောင်းသားကျောင်းသူအတော်များများကလည်း စိတ်ဝင်စားခဲ့ကြကြောင်း နောက်မှ သိရလေသည်။

သူတို့နှစ်ယောက်ကို ကောင်လေးနှင့် ကောင်မလေးဟု ကျွန်တော်သုံးနှုန်းခဲ့သည်။ တကယ်တော့ သူတို့နှင့် ကျွန်တော်မှာ သက်တူရွယ်တူလောက်သာရှိမည်။ တက္ကသိုလ် ပထမနှစ်၊ အသက်ဆယ့်ခုနစ်၊ ဆယ့်ရှစ်နှစ်အရွယ် အနုပျိုဆုံး၊ အလန်းဆန်းဆုံး၊ အတက်ကြွဆုံးအရွယ်။

သူတို့နှစ်ယောက်မှာ ထူးခြားချက်သုံးခုရှိ၏။

ပထမတစ်ခုက သူတို့နှစ်ယောက်စလုံး ရုပ်ရည်ချောမောလှပကြခြင်းဖြစ်၏။

ဒုတိယတစ်ခုက သူတို့သည် တစ်ယောက်နှင့်တစ်ယောက် ရုပ်ချင်းဆင်ကြခြင်းဖြစ်၏။

တတိယတစ်ခုကတော့ သူတို့နှစ်ယောက်သည် တစ်ချို့ရည်းစားတွေလို မျက်စိနောက်လောက်အောင် ပလူးပလဲမနေကြခြင်းပင်ဖြစ်၏။ သူတို့တစ်ယောက်နှင့်တစ်ယောက် ပြောပုံဆိုပုံများမှာ သမီးရည်းစားထက် မောင်နှမနှင့် ပိုတူသည်။ သိပ်ချစ်ကြသော မောင်နှမနှစ်ယောက် တစ်ဦးကိုတစ်ဦး ကြင်ကြင်နာနာ ဂရုတစိုက်ရှိပုံမျိုးဖြစ်၏။





ထိုအချက်များကြောင့်ပင် သူတို့ကို ကျွန်တော်အပါအဝင် ကျောင်းသူကျောင်းသားများက စိတ်ဝင်စားမိခဲ့ကြခြင်း ဖြစ်ပေလိမ့်မည်။

ထိုအချိန်က 'ရိုမီယိုနှင့် ဂျူးလိယက်'ဇာတ်ကား ရုံတင်ပြီးကားဖြစ်၏။ လူငယ်အားလုံးလိုလို ထိုဇာတ်ကားကိုကြည့်ပြီး အကြီးအကျယ်စွဲလန်းနှစ်သက်ကြသည်။ လူစုမိသည့်အခါတိုင်း ထိုဇာတ်ကားထဲမှာ ချစ်သူနှစ်ဦး၏ ဆွတ်ပျံ့လွမ်းမောဖွယ်အကြောင်းကို မမောနိုင်၊ မပန်းနိုင် ပြောဖြစ်ကြသည်။

ထူးခြားစွာ တိုက်ဆိုင်မှုကတော့ ကျွန်တော်တို့၏ ကောင်လေးနှင့် ကောင်မလေးသည် 'ရိုမီယိုနှင့် ဂျူးလိယက်'တို့လို ပုံသဏ္ဌာန်မျိုး ရှိနေခြင်းပင်။

ကောင်မလေးက ဆံပင်ဖားလျားချထားသည်။ ကောင်လေး၏ဆံပင်များက လည်ကုတ်ပေါ် ကျနေသည်။ တမင်တကာတုပခြင်းမဟုတ်သော်လည်း သူတို့နှစ်ယောက် မျက်နှာချင်းဆိုင်ထိုင်နေသည့်အခါ ရုပ်ရှင်ထဲက ဇာတ်ဝင်ခန်းနှင့် တစ်ပုံစံထဲ ဖြစ်၏။

ထို့ကြောင့် သူတို့နှစ်ယောက် 'ရိုမီယိုနှင့် ဂျူးလိယက်'ဟု တစ်ညီတစ်ညွတ်တည်း ကင်ပွန်းတပ်ခဲ့ကြလေသည်။

သူတို့နှစ်ယောက်သည် ငယ်သူငယ်ချင်းအဖြစ်မှ ချစ်သူတွေအဖြစ်သို့ တက်လှမ်းခဲ့ကြဟန် တူသည်။ ငယ်ငယ်ကတည်းက အိမ်နီးနားချင်းများအဖြစ် နေထိုင်ခဲ့ကြခြင်းလည်း ဖြစ်ကောင်းဖြစ်နိုင်သည်။

တစ်ချို့လည်း သူတို့နှစ်ယောက်သည် တစ်ဦးတည်းသောသားနှင့် သမီးတို့ဖြစ်ခဲ့ရမည်။ ဒါကြောင့်သာ တစ်ယောက်အပေါ်



www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက် ချစ်သူလိုရော၊ သူငယ်ချင်းလိုရော၊ မောင်နှမလိုပါ တွယ်တာခဲ့ကြခြင်း ဖြစ်သည်ဟု ထင်ကြေးပေးကြသည်။

ဖြစ်လည်းဖြစ်နိုင်သည်။ သူတို့သည် အခြားသူငယ်ချင်းအပေါင်း အသင်းအရင်းအချာများ ရှိဟန်မတူ။ သူတို့နှစ်ယောက်ထဲသာ သီးသီးသန့်သန့်နေတတ်သည်။ တစ်ယောက်ရှိနေလျှင် ကျန်တစ်ယောက်အဖို့ လုံလောက်ပြီဟု စိတ်ချယုံကြည်ထားကြပုံရသည်။

သူတို့သည် အတန်းချင်းလည်း အတူတူဖြစ်သောကြောင့် အမြဲတန်း တစ်တွဲတွဲပင် မြင်ရသည်။ အားလပ်ချိန်များတွင် အခန်းလွတ်တစ်ခုခုထဲမှာ ထိုင်ချင်ထိုင်၊ အမရဆောင်နားက တောင်ပိန္နဲပင်ကြီးအောက်ရှိ ခုံတန်းမှာ ထိုင်ချင်ထိုင်၊ လမ်းလျှောက်ရင်း စကားပြောချင်ပြောနေကြတာကို တွေ့နိုင်သည်။

သူတို့နှစ်ယောက် တစ်ယောက်နှင့်တစ်ယောက် အဆင်မပြေဖြစ်တာမျိုး၊ စိတ်ကောက်ကြတာမျိုးကို တစ်ခါမှ မမြင်ဖူးကြချေ။ တစ်ယောက်အပေါ် တစ်ယောက် ကြင်နာသည့်ဟန် အမူအရာများ တိုးတိုးညင်သာ စကားပြောကြပုံများ၊ ကလူကြည်စယ်မှုများ၊ ရယ်သံလွင်လွင်များကိုသာ မြင်ဖူးကြားဖူးကြသည်။

အခါများစွာတို့တွင် ခုံတန်းလျားမှာထိုင်လျက်၊ စကားတစ်ခွန်းမှမပြောဘဲ တစ်ယောက်ကိုတစ်ယောက် ရွှန်းလဲ့သောမျက်လုံးများဖြင့် ကြာရှည်စွာ ငေးကြည့်နေကြတာကို တွေ့ရသည်။ ထိုမြင်ကွင်းကို ကျွန်တော်အနှစ်သက်ဆုံးဖြစ်၏။ အလွန်လှက်ရာမြောက်သော ပန်းချီကားတစ်ချပ်ကို ကြည့်ရသလိုပင် ဖြစ်သည်။

သူတို့ကို မြင်ရသူတိုင်းသည် ကြည်နူးသာယာမှု ကူးစက်မှုဝေခံစားရပြီး စိတ်မှာချမ်းမြေ့သည်ဟု အားလုံးကပင် ဝန်ခံကြသည်။

ဤသို့ဖြင့် သူတို့၏သတင်းမှာ ဝိဇ္ဇာဘာသာယူသူ ကျောင်းသူကျောင်းသားများလောကကိုကျော်ပြီး သိပ္ပံသမားတွေရှိရာ မန္တလေး





ဆောင်အထိ ပျံ့နှံ့သွားခဲ့လေ၏။ ထိုအခါ သူတို့ကို မြင်ဖူးချင်သဖြင့် ရာမညဆောင်ဘက်သို့ တကူးတက လာကြည့်သူတွေပင် ရှိလာ၏။

ထိုသူတွေထဲတွင် ကျွန်တော်၏ဇနီးဖြစ်လာမည့် 'လေးမေ'လည်း ပါဝင်သည်။ သူတို့သူငယ်ချင်းတစ်သိုက် ရိုမီယိုနှင့် ဂျူးလိယက်ကို ကြည့်ရန် ရာမညဆောင်ဘက်သို့လာရင်း အဖော်မဲ့နေသော ကျွန်တော်က တွေ့မြင်ပြီး စိတ်ဝင်စားမိရာက ချစ်သူတွေဖြစ်ခဲ့ရသည်။

ထို့ကြောင့် ကျွန်တော်နှင့်လေးမေကို သွယ်ဝိုက်သောနည်းလမ်းဖြင့် အောင်သွယ်ပေးသူများမှာ ရိုမီယိုနှင့်ဂျူးလိယက်တို့ဖြစ်သည်ဟု ဆိုနိုင်သည်။ ထိုကျေးဇူးကြောင့်လည်း ကျွန်တော်တို့နှစ်ယောက်က သူတို့ကိုပို၍ သံယောဇဉ်ရှိခဲ့ကြခြင်း ဖြစ်ပေသည်။

* * *

ဒုတိယနှစ်ရောက်သောအခါ ဝိဇ္ဇာပင်မဆောင်မှာ အတန်းတက်ရသည်။ သူတို့ကလည်း ပထဝီအဓိကယူသောကြောင့် ဝိဇ္ဇာဆောင်ခန်းထဲမှာ စကြံအုတ်ခုံနားမှာ မာလာစားသောက်ဆိုင်တန်းမှာ၊ အင်းလျားကန်စပ်မှာ တွေ့ကြရပြန်သည်။

ဒုတိယနှစ်ကုန်ခါနီးမှာတော့ သူတို့နှင့်ပတ်သက်သည့် သတင်းတစ်ခုကြားရသည်။ လေးမေတို့ မိန်းကလေးအုပ်စုများက စုံစမ်းပြီး ပြန်ပြောပြခြင်းဖြစ်၏။

ကောင်မလေး၏မိဘများက ချမ်းသာသည်။ ကောင်လေး၏ အဖေက သာမန်ရုံးဝန်ထမ်းအရာရှိတစ်ဦးသာဖြစ်၏။ ထို့ကြောင့် ကောင်မလေးဘက်က သဘောမတူဟု ဆိုသည်။

ထိုသတင်းထွက်လာပြီးနောက်ပိုင်း သူတို့နှစ်ယောက်ကို ကြည့်ရသည်မှာ အနည်းငယ်ညှိုးငယ်နေသယောင် ထင်ရသည်။ တစ်ခါ


www.burmeseclassic.com

www.burmeseclassic.com

တစ်ခါ အရေးတကြီးတိုင်ပင်နေကြဟန်၊ အကြောင်းအရာတစ်ခုခုပေါ် အခြေအတင်ဖြစ်နေကြဟန်များ တွေ့လာရသည်။

"တို့တွေက... သူတို့ကို... ရိုမီယိုနှင့်ဂျူလိယက်လို့ အမည်ပေးခဲ့လို့များ... ပညတ်သွားရာ... ခာတ်သက်ပါပြီး... သူတို့ကိစ္စအဆင်မပြေဖြစ်ရတာလား... မသိဘူးနော်"ဟု လေးမေက စိတ်မကောင်းဖြစ်ဟန်ဖြင့် ပြောသည်။ သူတို့သူငယ်ချင်းတွေစုပြီး ထိုကိစ္စအဆင်ပြေသွားအောင် ဘယ်လိုလုပ်ရကောင်းမလဲဟု မဖြစ်နိုင်မှန်းသိလျက် စိတ်ကူးယဉ်ပြီး တိုင်ပင်ကြသေးသည်ဆို၏။

ဒုတိယနှစ် စာမေးပွဲဖြေ၊ ကျောင်းပိတ်ပြီ...၊ တတိယနှစ်ပြန်တက်ကြရတော့၊ သူတို့နှစ်ယောက် ခိုးပြေးသွားကြကြောင်း သိရ၏။ ပညာတစ်ပိုင်းတစ်စနှင့် ကျောင်းထွက်သွားရခြင်းအတွက် စိတ်မကောင်းသော်လည်း သူတို့နှစ်ယောက် ပေါင်းဖက်လိုက်ရခြင်းအတွက်တော့ ကျေနပ်ဝမ်းသာမိကြသည်။

ထိုအခါမှစ၍ သူတို့ကိုမတွေ့ကြရတော့ချေ။ လေးမေနှင့်ကျွန်တော်လည်း ဘွဲ့ရပြီးနောက် သူက ရုံးဝန်ထမ်းဖြစ်၊ ကျွန်တော်က စာရေးဆရာပေါက်စဖြစ်လာပြီး လက်ထပ်ဖြစ်ကြသည်။

နှစ်တွေအတန်ကြာလာတာတစ်ကြောင်း၊ ကိုယ့်အိမ်ထောင်ကိုထူထောင်ဖို့ ကြိုးစားနေရတာတစ်ကြောင်းကြောင့် သူတို့ကို သတိမရနိုင်ခဲ့။

ရန်ကင်းနားမှာ ဂျူးလိယက်ကို ရုတ်တရက် ပြန်တွေ့လိုက်ရတော့မှ သူတို့အကြောင်းသည် ကျွန်တော်တို့ကြားမှာ စိတ်ဝင်စားစရာပြန် ဖြစ်လာခဲ့၏။





တိုက်တိုက်ဆိုင်ဆိုင်ပင် ဂျူးလိယက်ကိုတွေ့ပြီး မကြာခင် ရိုမီယိုကို တွေ့လိုက်ရပြန်သည်၊ ပန်းဆိုးတန်းလမ်းပေါ် မှာ ဖြစ်၏။ သူ့ကိုလည်း ကျွန်တော် ရုတ်တရက်မမှတ်မိ။ မြင်မြင်ချင်းသိဟောင်းကျွမ်းဟောင်းတစ်ဦးဟု ထင်မိသည်။ နောက်မှ ရိုမီယိုပဲဟု သတိရသွားသည်။

သူသည် လေးလေးပင်ပင်ရှိပုံရသော အထုပ်တစ်ထုပ်ကို ပိုက်လျက် ခပ်သုတ်သုတ်လျှောက်လာနေသည်။ သူ့ဟန်ပန်မှာ ဖြတ်လပ်တက်ကြွနေခြင်းမဟုတ်။ တစ်စုံတစ်ခုပျောက်ဆုံးသွားသောကြောင့် လိုက်ရှာနေသလို၊ တစ်စုံတစ်ရာကို မမီလိုက်မည်စိုး၍ အပူတပြင်းဖြစ်နေသလိုပုံစံမျိုး ဖြစ်၏။

သူ့အသားမှာ ညိုသွားသည်။ မျက်နှာက အနည်းငယ်ချောင်ကျနေပြီး မုတ်ဆိတ်မွေးအချို့ ထိုးထိုးထောင်ထောင်ထွက်နေသည်။ သူ့ရုပ်မှာ ကျွန်တော့်ထက် အများကြီးရင့်ရော်နေသည်ဟု ထင်သည်။ သူ့အဝတ်အစားတွေက ခပ်နွမ်းနွမ်းအကျႌအနီက အရောင်လွင့်စပြုနေပြီ။ ကျောင်းမှာတုန်းကလို စပို့ရှပ်အရောင်လွင်လွင်ကလေးတွေ ဝတ်တတ်ပုံကို သတိရမိ၏။

လေးမေကို ပြန်ပြောပြီးနောက် ကျောင်းကထွက်သွားပြီး၊ ဒီကြားထဲမှာ ဖြစ်နိုင်သည့် သူတို့အခြေအနေကို စဉ်းစားကြည့်ဖြစ်ကြ၏။

ကောင်မလေး၏မိဘတွေက ခုထိသဘောမတူပဲ စွန့်ပယ်ထားခဲ့တာ ကျိမ်းသေသည်။ စီးပွားရေးအခြေအနေ မကောင်းနိုင်တာလည်း သေချာသည်။ အိမ်ထောင်ရေးကကော၊ သူတို့နှစ်ယောက်အိမ်ထောင်ရေးခိုင်မြဲလျက်ရှိမှ ရှိပါသေးရဲ့လား။ တစ်ကွဲတစ်ပြားစီများ ဖြစ်နေကြပြီလား။ ရိုမီယိုသည် ရုပ်ရည်ချောမောသလို နုနုရွရွကလေးနေခဲ့သူဖြစ်၏။ ထို့ကြောင့် ဘဝကို တကယ်ရင်ဆိုင်ရသောအခါ မလုပ်တတ်၊ မကိုင်တတ်ဘဲ ယောင်ချာချာဖြစ်ပြီး ဆုံးရှုံးမှုတွေ



www.burmeseclassic.com

www.burmeseclassic.com

နှင့် ကြုံတွေ့ရခြင်းဖြစ်နိုင်သည်ဟု ကျွန်တော်က ခန့်မှန်းသည်။ ဂျူးလိယက်သည်လည်း ချမ်းသာသောမိဘလက်ထဲမှ ရုန်းကန်ရသော အခြေအနေသို့ ရောက်သောအခါ ခံနိုင်ရည်ရှိဖို့ မလွယ်ဘူးဟု လေးမေက တွက်သည်။

* * *

တစ်ရက်တွင် လေးမေ ရုံးဆင်းချိန်မှာ ကျွန်တော်သွားကြိုသည်။ ရုပ်ရှင်ကြည့်ဖို့ စီစဉ်ထားခြင်းဖြစ်၏။ ဝိုလ်ချုပ်လမ်းကို ဖြတ်ကူးဖို့ မီးပွိုင့်အနီကို 'စောင့်နေရင်း...

"ဟိုမှာ... ဟိုမှာ..."ဟု လေးမေက ပြောပြီး လက်ညှိုးထိုးပြသဖြင့် လှမ်းကြည့်သည်။ ဆူးလေဘုရားလမ်းကို ဖြတ်ကူးနေကြသော 'သူတို့'ကို လှမ်းမြင်လိုက်ရသည်။

ရိုမီယိုသည် နှစ်နှစ်သမီးအရွယ်ခန့် ကလေးငယ်ကိုချီ၍ ရှေ့မှ ခပ်သုတ်သုတ်ဖြတ်ကူးသွားသည်။ ဂျူးလိယက်က လေးနှစ်သားအရွယ်ခန့် ကလေးတစ်ယောက်ကို လက်ဆွဲပြီး နောက်ကလိုက်သည်။ ကားတစ်စင်းက ဆူးလေကုန်းတက် ကွေ့တက်လာသဖြင့် ကလေးလက်ကို အတင်းဆွဲပြီး ခပ်သုတ်သုတ်ကူးသည်။ ကလေးက ဖိနပ်ကျန်သွားသဖြင့် လမ်းလယ်မှာ တုန့်ကနဲ ရပ်လိုက်သည်။ တိုက်မိမလို့ သီသီလေးလိုတော့သည်။ ကလေးက ဖိနပ်ကို ပြန်ဓီးနေတုန်း ဂျူးလိယက်က ဆောင့်ဆွဲပြီး ခေါ်သည်။

တစ်ဘက် ပလက်ဖောင်းပေါ် ရောက်သောအခါ ဂျူးလိယက်ကလေး၏ခေါင်းကို 'ဒေါက်'ကနဲခေါက်လိုက်သည်။ ရိုမီယိုက သုန်သုန်မှုန်မှုန်ကြည့်နေရာမှ တစ်စုံတစ်ခု လှမ်းပြောနေတာ တွေ့ရ၏။ ကလေးငယ်ကတော့ သူ့ငယ်ထိပ်ကို ပွတ်ရင်း ရှုံ့မဲ့မဲ့ဖြစ်နေ၏။





ကျွန်တော်သည် ကျောင်းတုန်းက အခန်းတစ်ခန်းထဲမှာ သူတို့ကို ပထမဆုံးစတွေ့စဉ်က မြင်ကွင်းကို သတိရ၏။ ဆယ်ပြားစေ့ကလေးကို လှည့်ပြီးအုပ်လိုက်သော ဂျူးလိယက်၏ ကော့ပျံနေတဲ့ လက်ကလေး။

လေးမေ၏ သက်ပြင်းချသံကို ကြားရသည်။ သူကတော့ ကျောင်းမှာတုန်းက ရိုမီယိုနဲ့ ဂျူးလိယက်တို့ ခုံတန်းလျားကလေးပေါ်မှာ ထိုင်ပြီး တစ်ယောက်ကိုတစ်ယောက် ကြင်နာစွာ ငေးကြည့်နေကြပုံကို ပြန်လည်မြင်ယောင်မိနေသလားမသိ။

လက်တွေ့ဘဝတစ်ခုကို တည်ဆောက်ကြရာမှာ တစ်ယောက်နှင့်တစ်ယောက် ငေးကြည့်ရုံနှင့် ပြီးပြည့်စုံနိုင်မယ်ဆိုလျှင် ဘယ်လောက်ကောင်းမလဲ...။

မင်းလူ

(ရွက်နုဝေ၊ မတ်လ၊ ၁၉၉၉)

www.burmeseclassic.com

www.burmeseclassic.com

# စာနယ်ဇင်းရှုပါမတ်ကတ်

ရန်ကုန်မြို့လယ်သို့မရောက်ဖြစ်တာ နည်းနည်းကြာသွားတယ်။ လပိုင်းလောက်တောင်ရှိလိမ့်မည်။ အလုပ်ကိစ္စရှိမှပင် ထွက်ဖြစ်တော့သည်။ ဒီနေ့တော့ ဘာရယ်မဟုတ်၊ မြို့ထဲလည်ချင်သဖြင့် ခပ်စောစောပင် အိမ်မှ ထွက်ဖြစ်ခဲ့၏။

သုံးဆယ့်ကိုး ဒေဝူးကားကြီးကို စီးပြီး ပန်းဆိုးတန်းမှတ်တိုင်မှာ ဆင်းလိုက်သည်။ အမှန်တော့ အမြန်ကားလေးစီးပြီး မဟာဗန္ဓုလ ပန်းခြံလမ်း အပေါ်လမ်းမှတ်တိုင်မှာဆင်းလျှင် သုံးဆယ့်သုံးလမ်း စာအုပ်တန်းနှင့်နီးနီးလေး၊ စာအုပ်ဟောင်းတန်း ဝင်မွှေချင်သော ကြောင့် အောက်လမ်းဘက်ကို စီးသွားခြင်းဖြစ်၏။

ကားပေါ်ကဆင်းပြီး ပန်းဆိုးတမ်းလမ်းအတိုင်း အပေါ်ဘက် ပြန်လျှောက်ခဲ့၏။ ပန်းဆိုးတန်းလမ်းထောင့်ရုံး အဆောက်အဦကြီး ၏ ဆင်ဝင်အောက်မှာ လမ်းဘေးစာအုပ်အဟောင်းဆိုင်တွေ တစ်သီတစ်တန်းကြီး ရှိခဲ့သည်။ ခုကျတော့ တစ်ဆိုင်မှမတွေ့။

စည်ပင်သာယာခွင့်မပြုတော့လို့များလားဟု ထင်သွားမိ သေး သည်။ မဖြစ်နိုင်။ ထီးဖိနပ်ပြင်သည့်ဆိုင်တွေ၊ အသုံးအဆောင် ပစ္စည်း အသေးအမွှားရောင်းသည့် ဆိုင်ကလေးတွေ ရှိနေသေးပဲ။

ဇဝေဇဝါနှင့် ဆက်လျှောက်လာခဲ့သည်။ ဆိုင်ခန်းတွေနှင့် ကျကျနနရောင်းသော အမေ့အိမ်စာပေ၊ အောဝမ်းစာပေ၊ မြင့်မိုရ်



www.burmeseclassic.com

www.burmeseclassic.com



စာပေတို့လည်း မရှိတော့ ဆိုင်တွေပိတ်ထားပြီး ဆိုင်းဘုတ်တွေ ဖြုတ်ထားသည်။ ဘယ်လို ဖြစ်ကုန်ကြပါလိမ့်။

"ဟော့လူ ဘာယောင်နေသလဲ. . . "

ပုခုံးကိုပုတ်ပြီး လာနှုတ်ဆက်သဖြင့် လှည့်ကြည့်လိုက်သည်။ ငြိမ်းငြိမ်းချမ်းချမ်း စာပေမှ ကိုခင်ဇော်. . .

"ဟာ. . . အတော်ပဲ ခင်ဗျားကို တွေ့တာ ဒီကစာအုပ်ဆိုင်တွေ ဘယ်ရောက်ကုန်ပြီလဲဗျ တစ်ဆိုင်မှ မတွေ့တော့ပါလား"

သူက ကျွန်တော့်ကို တော်တော်တုံးတဲ့လူပဲ ဆိုသောအကြည့်ဖြင့် ကြည့်ရင်း. . .

"ခင်ဗျားကလဲ စာနယ်ဇင်း စူပါမတ်ကတ်ကြီးတစ်ခုလုံးရှိနေမှ ဒီလို လမ်းဘေးမှာ ဘယ်သူက ဆိုင်ဖွင့်တော့မှာလဲဗျ"

"ဘာ စာနယ်ဇင်း စူပါမတ်ကတ်"

"ဟုတ်တယ်လေ. . . ခင်ဗျားမသိဘူးလား"

"ဟင့်အင်း"

ကျွန်တော်အံ့သြစွာ ခေါင်းခါလိုက်သည်။ သူက အပြစ်တင်သော လေသံဖြင့်. . .

"ခင်ဗျားက စာပေနဲ့ အဆက်အသွယ်ပြတ်နေတာကိုးဗျ"

"မပြတ်ပါဘူးဗျာ. . . ဟိုတစ်ပတ်ကတောင် ကိုမျိုးညွန့် နေမကောင်းဘူးကြားလို့ တယ်လီဖုန်းဆက်ပြီး သတင်းမေးလိုက်ပါသေးတယ်. . ."

"ဟား. . . အဲဒီစာပေလောက စာအုပ်တိုက်ကို ပြောတာမဟုတ်ဘူး။ စာပေနယ်နဲ့ အဆက်ပြတ်နေတာကို ပြောတာ"

တကယ်တော့ ကျွန်တော်စာပေနယ်နှင့် အဆက်မပြတ်ပါ။ ဇာတ်ညွှန်းတစ်ပုဒ်ရေးနေရသဖြင့် နှစ်လလောက် အိမ်ထဲမှာ အောင်းနေခဲ့ခြင်းသာဖြစ်၏။ ဒီကြားထဲမှာ ဝတ္ထုတိုတစ်ပုဒ်နှင့် အက်ဆေးတစ်ပုဒ်တောင် ရေးဖြစ်ခဲ့ပါသေးသည်။ ကိုခင်ဇော်သည် သူ့စာအုပ်တိုက်အတွက် ကျွန်တော် စာမူမရေးပေးနိုင်သေးသဖြင့် စိတ်ကောက်ပြီး အခွင့်အရေးရတုန်း ဖိထောင်းနေခြင်းသာဖြစ်၏။

ဘာပဲဖြစ်ဖြစ် ဒီနှစ်လလောက်လေး အဆက်ပြတ်သွားရုံဖြင့် စာပေနယ်မှာ အပြောင်းအလဲတွေ ဖြစ်သွားပုံကို အံ့သြမိရင်း. . .

"ကဲပါဗျာ၊ ထားပါတော့ ခုနပြောတဲ့ စာနယ်ဇင်းစူပါမတ်ကတ်ဆိုတာ ပြောပြပါအုံး ဘယ်မှာဖွင့်ထားတာလဲ. . ."

"သုံးဆယ့်သုံးလမ်းထိပ်မှာဗျ၊ ကျွန်တော်အဲဒီကိုသွားမှာပဲ၊ ခင်ဗျားလိုက်ခဲ့ပေါ့၊ ဟိုကျရင် တွေ့ပါလိမ့်မယ်၊ စာအုပ်ဆိုင်တွေအားလုံး အဲဒီမှာ ပြောင်းဖွင့်နေကြပြီ၊ လမ်းဘေးစာအုပ်ဆိုင်လေးတွေလဲ အဲဒီမှာ နေရာသပ်သပ်ရထားသေးတယ်. . ."

ပန်းဆိုးတန်းလမ်းအတိုင်း လျှောက်လာကြရင်း သူက ဆက်ရှင်းပြသည်။

"ပြီးခဲ့တဲ့ တနင်္ဂနွေနေ့မှ ဖွင့်ပွဲလုပ်တာဗျ၊ ဒေါ်ဒေါ် ဒေါ်အမာတို့က ဖဲကြိုးဖြတ်ပြီးဖွင့်ပေးတာ ဆရာကျော်အောင်က အခမ်းအနားမှူးလေ၊ အရမ်းစည်ကားတယ်၊ စာရေးဆရာတွေ တော်တော်များများ လာကြတယ်။ ခင်ဗျားသာ မသိလိုက်တာ. . ."

"အေးဗျာ အလုပ်နည်းနည်း ရှုပ်နေတာနဲ့ သတင်းမကြားလိုက်ဘူး. . ."

ကျွန်တော်ဝန်ခံလိုက်ရသည်။ စိတ်ထဲမှာတော့ စာရေးဆရာလုပ်နေပြီး ဒီလို သတင်းကောင်းကောင်းကိုတောင် မသိရကောင်းလားဟု ကိုယ့်ကိုယ်ကို မကျေမနပ် အပြစ်တင်မိ၏။

အနော်ရထာလမ်းနှင့် ဆုံရာသို့ရောက်သောအခါ ကိုခင်ဇော်က

"လမ်းရဲ့ ဒီဘက်ခြမ်းကနေကြည့်မှ အဆောက်အဦရဲ့ပုံကို ပိုပြီးခံစားလို့ရမှာဗျ လာ. . ." ဆိုပြီး ဘယ်ဘက်ချိုး၍ ခေါ်သွား





www.burmeseclassic.com

www.burmeseclassic.com

သည်။ သုံးဆယ့်သုံးလမ်းနား ရောက်သောအခါ "ဟိုမှာကြည့်"ဟု သူက ညွှန်ပြသဖြင့်. . .

ကျွန်တော် ရင်သပ်ရှုမောသွားရ၏။ အနော်ရထာလမ်း၏ တစ်ဘက် သုံးဆယ့်သုံးလမ်းထိပ်မှာ ရောင်ပြန်မှန်ကြီးများ အပြည့် တပ်ဆင်ထားသော မြင့်မြင့်မားမား အဆောက်အဦကြီးကို လှမ်းမြင်ရသည့် ဗိသုကာပုံစံကိုက အမိုပ္ပါယ်ပြည့်ဝလှသည်။ စွယ်စုံကျမ်းကဲ့သို့ စာအုပ်ထူထူကြီးတစ်အုပ်ကို အလယ်မှဖွင့်ပြီး ထောင်ထားသည့်ပုံမျိုး။

ကျွန်တော် တအံ့တဩငေးကြည့်နေစဉ်. . .

"ကဲ. . . လာ. . . သွားကြမယ်. . ."

ကိုခင်ဇော်က ဦးဆောင်ခေါ်သွားသည်။ လမ်းဆုံမီးပွိုင့်ထိ လျှောက်ပြီး မျဉ်းဝါကျားမှ ကူးကြသည်။ ကျွန်တော် စိတ်စောနေသဖြင့် မီးစိမ်းနေ၍ ကားတွေသွားနေသည့်ကြားကပင် ဖြတ်ပြေးမိ၏။

အဆောက်အဦမှာ အတွင်းဘက်သို့ ထောင့်ကိုချိုးပြီး ဆောက်ထားသဖြင့် ရှေ့မှာကားရပ်ရန် ကွက်လပ်ရှိနေသည်။ ထိုနေရာတွင် ကျွန်တော် ရပ်စောင့်သည်။ ကိုခင်ဇော်က နောက်မှ ခပ်သုတ်သုတ် လိုက်လာပြီး. . .

"ခင်ဗျားကလဲ ခုမှလောနေလိုက်တာ"ဟု ပြောသည်။

ကျွန်တော်က ရယ်နေလိုက်၏။ ထို့နောက် အောက်ဆုံးထပ်ထဲ ဝင်ခဲ့ကြသည်။

"ဒီမြေညီထပ်မှာ သတင်းစာတွေ ဂျာနယ်တွေ အခုနောက်ဆုံး ထုတ်တဲ့ဝတ္ထုစာအုပ်တွေ ရောင်းတဲ့နေရာဆိုပါတော့. . ."

သူက ရှင်းပြသည်။ စာအုပ်ဝယ်သူ၊ အပျင်းပြေဝင်ကြည့်သူများဖြင့် ကြိတ်ကြိတ်တိုးစည်ကားနေ၏။





"ကောင်းတယ်ဗျာ စာအုပ်ဝယ်ချင်တဲ့လူတွေ တစ်နေရာထဲမှာ လိုချင်တာ ရွေးဝယ်နိုင်တာပေါ့. . ."ဟု ကျွန်တော်ပြောလိုက်သည်။

ဆိုင်တန်းများ၏အလယ်တွင် ကျောချင်းကပ်၍ ချထားသော ခုံတန်းရှည်များရှိ၏။ လူအချို့ ထိုင်ပြီး သတင်းစာများ၊ ဂျာနယ်များ ဖတ်နေကြသည်။

"အဲဒါ ငှားဖတ်တဲ့လူတွေ၊ သတင်းစာတစ်စောင်နှစ်ကျပ်၊ ဂျာနယ်တစ်စောင်ငါးကျပ်နဲ့ ငှားဖတ်လို့ရတယ်။ ဖတ်ပြီးပြန်အပ်ခဲ့ရုံပဲ၊ အကုန်အကျသက်သက်သာသာနဲ့ ဖတ်လို့ရတာပေါ့. . ."

ကိုခင်ဇော်က ရှင်းပြသည်။

"ကဲ လာ. . . အပေါ်တက်ရအောင်"

ရွေ့လျား စက်လှေကားဖြင့် ပထမထပ်သို့ တက်လာခဲ့ကြသည်။ ဒီအထပ်မှာ ရေရှည်ဆိုင်ပေါ်တင်၍ ရောင်းချရသော စာအုပ်စာတမ်းများရှိသည်။ ကျမ်းစာအုပ်များ၊ အဘိဓာန်များ၊ ပညာရှင်ကြီးများ၏ စာအုပ်များ၊ ဂန္ထဝင်ဝတ္ထုကြီးများကို ရောင်းချကြသည်။ အောက်ထပ်မှာလောက် လူမစည်ကားသော်လည်း တစ်ကာယ စာဖတ်သက် ရင့်သူတွေကို တွေ့ရသည်။ စာအုပ်ကောင်းလျှင် ရောင်းဈေးဘယ်လောက်ကြီးကြီး ဂရုမစိုက်ဘဲ ဝယ်နေကြသည်ကို တွေ့ရ၏။ စာအုပ်ဆိုင်များ၏ ကောင်တာပေါ်တွင် ရနိုင်သည့် စာအုပ်များ ကတ်တလောက်စာရင်းကို ချပေးထားသည်။ စာအုပ်ဝယ်လျှင် ၎င်းတို့ဆိုင်အမှတ်တံဆိပ်ပါသည့် ပလပ်စတစ်လက်ဆွဲအိတ်ငယ်ကလေးများနှင့် ထည့်ပေးသည်။

တစ်စုံတစ်ယောက်ဆီ စာအုပ်လက်ဆောင် ပို့ချင်လျှင်လည်း လိပ်စာ၊ စာအုပ်ဖိုး၊ စာပို့ခတို့ပေးထားလျှင် စာအုပ်ဆိုင်က တာဝန်ယူ ပေးသည်ဆို၏။



www.burmeseclassic.com

www.burmeseclassic.com

ဒုတိယထပ်တွင် နိုင်ငံခြားဘာသာဖြင့် ထုတ်ဝေသော စာနယ်ဇင်းများရှိ၏။ အထူးသဖြင့်တော့ အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသော စာအုပ်များ၊ မဂ္ဂဇင်းဂျာနယ်၊ သတင်းစာများ ရောင်းသည်။

တတိယထပ်မှာတော့ စာရေးကိရိယာများရောင်းသည်။ စာရေးစက္ကူများ၊ ဘောလ်ပင်၊ ဖောင်တိန်မျိုးစုံ၊ စက္ကူချုပ်စက်များ၊ အီလက်ထရွန်းနစ်အဘိဓာန်များ၊ စုံစုံလင်လင်ရှိ၏။

စတုတ္ထထပ်သည် စာပေပြတိုက်ဖြစ်ပြီး ပဥ္စမထပ်ကတော့ စာကြည့်တိုက်နှင့် အပန်းဖြေရိပ်သာဖြစ်၏။

"အဲဒါတွေက ဆယ်နာရီဖွင့်မှာဗျ အပေါ်က ပြန်ဆင်းလာမှ ကြည့်တာပေါ့. . ."ဟု ကိုခင်ဇော်က ပြောသည်။

"အပေါ်မှာဘာရှိသေးလို့လဲဗျ၊ ခေါင်မိုးပဲရှိတော့တာဟ. . ."

"လာစမ်းပါဗျာ. . ."

သူက ကျွန်တော့်လက်မောင်းကိုဆွဲပြီး ခေါင်မိုးပေါ်သို့ခေါ်သွား၏။ လှေကားမှတက်ပြီး ခေါင်မိုးပြန့်ပေါ်ရောက်သောအခါ ကျွန်တော် အလွန်အံ့သြသွားရ၏။ အဘယ်ကြောင့်ဆိုသော် လမ်းဘေးစာအုပ်ဆိုင်တန်းကို တွေ့လိုက်ရသောကြောင့်ပင် ဖြစ်၏။

ခေါင်မိုးပေါ်မှာပင် ကတ္တရာလမ်း၊ ပလက်ဖောင်းစသည်တို့ကို ပုံတူပြုလုပ်ထား၏။ ခရေပင်၊ ရေတမာပင်များလည်း လမ်းဘေးမှာရှိသည်၊ ပလက်ဖောင်းပေါ်မှာတော့ စာအုပ်အဟောင်းဆိုင်ကလေးများ ချခင်းထားကြ၏။ တကယ့်ကိုတူအောင် ပြုလုပ်ထားလေသည်။

"လမ်းဘေးဆိုင်မှာ ဝင်မွှေရမှ အရသာတွေ့တတ်တဲ့လူတွေအတွက် လုပ်ပေးထားတာလေ"

ကိုခင်ဇော်က ရှင်းပြသည်။ ပန်းဆိုးတန်းက ဆိုင်တွေအကုန်လုံး ဒီပေါ်ရောက်ကုန်ကြတာကိုးကွ၊ ခုမှ သဘောပေါက်သွား၏။ စာအုပ် အဟောင်းဆိုင်တွေ့လျှင် မကြည့်ဘဲ မနေနိုင်သောကြောင့်




www.burmeseclassic.com

တစ်ဆိုင်ဝင်၊ တစ်ဆိုင်ထွက်လျှောက်ကြည့်မိ၏။ နှစ်အုပ် သုံးအုပ်ဝယ်ဖြစ်သွားသည်။

"လက်ဖက်ရည်သောက်ဦးမလား. . ."

ကိုခင်ဇော်က မေးသဖြင့်. . :

"အောက်ရောက်မှ. . ."ဟု စကားစပြီးမှ ဆိုင်ကိုလှမ်းမြင်၏။ စာအုပ်ဆိုင်တန်း၏ တစ်ဘက်အစွန်းဆုံးမှာ လမ်းဘေး လက်ဖက်ရည်ဆိုင်ကလေး၊ ဆိုင်းဘုတ် ခပ်သေးသေးတစ်ခုကိုလည်း ချိတ်ဆွဲထား၏။

"လေထန်ကုန်း. . ."

လက်ဖက်ရည်ဆိုင်ထိုင်ရင်း စာနယ်ဇင်းစူပါမတ်ကတ်ကြီးမှာ စီစဉ်ထားပုံ အလွန်အဆင့်မြင့်ကြောင်း ပြောကြသည်။

"တစ်ခုမှ လွတ်ကွက် ဟာကွက် မရှိအောင် လုပ်ထားတာဗျ ဟိုမှာတွေ့လား. . . ."

သူ ညွှန်ပြရာသို့ ကြည့်လိုက်ရာ ဆိုင်တစ်ဆိုင်ကို တွေ့ရသည်။ ဆိုင်ကတော့ ဖွင့်မထား။ စားပွဲပုံတွေ ကုလားထိုင်တွေ စီထားတာတော့ တွေ့သည်။

"ဟဲ. . . ဟဲ စာပေသမားတွေအတွက ဒီလိုဟာမျိုးလဲ ထားပေးဖို့မမေ့ဘူး။ အဲဒီဆိုင်ကတော့ ညနေခြောက်နာရီမှ ဖွင့်မယ်. . ."

"ဘာဆိုင်လဲဗျ. . ."

"ခင်ဗျားကလဲ နားဝေးလိုက်တာ စာပေသမားတွေအတွက်ဆိုမှတော့ အရက်ဆိုင်ပေါ့ဗျ. . ."

"တယ်ဟုတ်ပါလား. . ."

"ဟုတ်ရုံဘယ်ကမလဲ၊ မဂ္ဂဇင်းတိုက်တစ်ခုခု၊ ဒါမှမဟုတ် စာပေတိုက်တစ်ခုခုက ငွေရေးကြေးရေးအတွက် တာဝန်ယူမယ်ဆို့ထောက်ခံပေး အဲဒီဆိုင်မှာ အကြွေးသောက်လို့ရတဲ့ ကတ်ပြားထုတ်ပေးသေးတယ်။ အဲဒီကတ်ကို ဘီအီးကတ်လို့ ခေါ်တယ်. . ."

www.burmeseclassic.com

www.burmeseclassic.com

"တော်တော်အကွက်စေ့အောင် လုပ်ပေးထားတာပဲ ဒါနဲ့ အဲဒီဆိုင်ရဲ့ နာမည်ကကော. . ."

"လေရှူးသုန်သုန်တဲ့. . ."

"ဟာ. . . လှလိုက်တဲ့ နာမည်ဗျာ. . ."

"ညနေဆိုင်ဖွင့်ချိန်ဆိုရင် စာရေးဆရာတော်တော်များများ လာထိုင်ကြတယ်။ ခင်ဗျားလဲ တစ်ရက်လောက်လာထိုင်ပေါ့. . ."

"ခင်ဗျားကတော့ ညနေတိုင်းရှိတယ်ပေါ့ ဟုတ်လား. . ."

ကျွန်တော်က သူ့ကို ပြန်ထေ့လိုက်သည်။ သူပြုံးနေ၏။ ပြီးမှ နာရီကိုကြည့်ပြီး. . .

"ဆယ်နာရီကျော်ပြီဗျ၊ စာကြည့်တိုက်နဲ့ ပြတိုက်ဖွင့်နေပြီ၊ သွားရအောင်. . ."

လက်ဖက်ရည်ဖိုး ရှင်းပြီး အောက်ထပ်သို့ ပြန်ဆင်းလာသည်။ ပထမဆုံး စာကြည့်တိုက်ကိုဝင်သည်။ ပြင်ဆင်ထားပုံမှာ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်နှင့် အတော်ဆင်သည်။ ကတ်တလောက်ကတော့ သုံးနေကျပုံစံအပြင် ကွန်ပျူတာနှင့်ပါ အလွယ်တကူ ရှာလို့ရအောင် စီစဉ်ပေးထားသည်။ အင်တာနက်နှင့် ချိတ်ထားသော ကွန်ပျူတာကလည်း ရှိသည်။ ကမ္ဘာ့နိုင်ငံအသီးသီးရှိ စာကြည့်တိုက်ကြီးများနှင့် တိုက်ရိုက်ဆက်သွယ်မှုရှိသည်။ ဖတ်လိုသော စာနယ်ဇင်းမှန်သမျှ ထုတ်ယူနိုင်သည်။ စာရွက်ဖြင့် ကူးယူသွားလိုလျှင် တစ်မျက်နှာတစ်ဆယ်နှုန်းဖြင့် ကူးပေးသည်။

စာကြည့်တိုက်နှင့်ကပ်လျက်အခန်းမှာ စာနယ်ဇင်းသမားများ နားနေစဉ်ဖြစ်၏။ ဆက်တီကုလားထိုင်များ၊ ပက်လက်ကုလားထိုင်များ ချပေးသည်။ စာပေသမားများ နားနားနေနေ အပန်းဖြေနိုင်သည်။ စာအကြောင်း၊ ပေအကြောင်းဆွေးနွေးငြင်းခုန်နိုင်သည်။

ပြတိုက်ရှိရာအထပ်သို့ ဆင်းခဲ့ကြသည်။ ပြတိုက်ထဲမဝင်ခင် အပြင်ခန်းမှာ ဆက်သွယ်ရေးဌာနဖြစ်၏။





ဒီဌာနကနေ စာအုပ်တိုက်တွေ မဂ္ဂဇင်းတိုက်တစ်တိုက်ကို စာမူပို့ချင်ရင် ဒီမှာပေးခဲ့ရုံပဲ၊ စာမူခနဲ့ မဂ္ဂဇင်းကိုလဲ ဒီမှာပဲထုတ်လို့ရတယ်။ မဂ္ဂဇင်းတိုက်တွေနဲ့ စာရေးဆရာတွေကြားမှာ ဆက်သွယ်ပေးတဲ့သဘော။ ထို့နောက် ဗီဒီယိုခန်းကို တွေ့ရသည်။ ခုံငါးဆယ်လောက်ဆံ့သော အခန်းဖြစ်၏။ တီဗွီအကြီးစား တစ်လုံးကိုလည်း တွေ့ရ၏။

"ဒီမှာက ကမ္ဘာ့ဂန္ထဝင် ဝတ္ထုကြီးတွေ၊ မြန်မာနိုင်ငံက ဂန္ထဝင်ဝတ္ထု၊ နာမည်ကြီးဝတ္ထုတွေကို ပြန်ရိုက်တဲ့ ရုပ်ရှင်တွေကို ကူးထားတဲ့ ဗွီဒီယိုတွေ တစ်နေ့တစ်ကားပြတယ်. . ."

ကြော်ငြာသင်ပုန်းတွင် ယနေ့ပြမည့် ဇာတ်ကားမှာ ချားလ်ဒစ်ကင်း၏ ဂရိတ်အိပ်စပက်တေးရှင်းဖြစ်ကြောင်း ရှင်းထား၏။

"ကဲ. . . လာ ပြတိုက်ထဲသွားမယ်"

ပြတိုက်ကြီးမှာ စာပေနှင့်ပတ်သက်သော ပစ္စည်းမျိုးစုံကို ပြသထားသည်။ စက္ကူဖြစ်ပေါ်လာပုံအဆင့်ဆင့်၊ ကဲ့ကူဆံများ၊ ကျောက်စာနမူနာများ၊ ရှားပါးစာအုပ်များ၊ မင်းတုန်းမင်းကြီးလက်ထက် ရတနာပုံသတင်းစာ ရိုက်နှိပ်ခဲ့သည့် ပုံနှိပ်စက်၊ နိုင်ငံကျော်စာရေးဆရာကြီးများ၏ ဓာတ်ပုံများ၊ လက်ရေးမူများ၊ ပြီးတော့. . .

"စာရေးဆရာကြီးများ သက်ရှိထင်ရှားရှိစဉ်က အသုံးပြုခဲ့သော ပစ္စည်းများ. . ."

ထိုပြခန်းမှာ အလွန်စိတ်ဝင်စားဖို့ကောင်းသည်။ ဆရာကြီးဂျိမ်းစ်လှကျော်၏ မှတ်စုစာအုပ်၊ ဆရာကြီးရွှေဥဒေါင်း၏ဆေးတံ၊ ဆရာကြီးပီမိုးနင်း၏ ခေါင်းပေါင်း၊ ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ ကွမ်းအစ်၊ ဆရာဇဂျီအောင်စိုး၏ ရိုးရာခေတ်သစ်ပန်းချီများ ရေးဆွဲခဲ့သော ကလောင်တန်၊ ဆရာသော်တာဆွေ ဈေးဝယ်ထွက်သည့် ခြင်းတောင်း၊ ဆရာမြသန်းတင့်၏ မျက်မှန်ထူထူကြီး။ ထိုနောက်. . .

www.burmeseclassic.com

ကျွန်တော်သည် ရုတ်တရက် ငေးကြောင်ကြည့်နေမိ၏။ အဖေ့ဓာတ်ပုံကြီးကို တွေ့လိုက်ရသောကြောင့်ပင်ဖြစ်၏။ လွယ်အိတ်လွယ်လျက်၊ စီးကရက်လက်ကြားညှပ်လျက် ရှုတည်တည်ကြည့်နေသော အဖေ့ဓာတ်ပုံ၊ ပြီးတော့ နံရံတွင် ချိတ်ထားသော လွယ်အိတ်အနီကလေးတစ်လုံး။ စာညွှန်း. . .

"ဆရာသာစု အမြတ်တနိုးလွယ်ခဲ့သော လွယ်အိတ်"

ကျွန်တော် အံ့သြဝမ်းသာသွားရ၏။ သူတို့ ဘယ်ကဘယ်လိုရအောင် ရှာထားသလဲ။ ကျွန်တော်တောင်မသိလိုက်။ စီစဉ်သူများ၏ အပင်ပန်းခံမှု၊ အကွက်စေ့မှုကို ချီးကျူးရင်း ပီတိဖြစ်နေစဉ်. . .

"ပန်းဆိုးတန်းပါလား. . ."

စပယ်ယာ၏ အော်သံကို ကြားလိုက်မှ စိတ်ကူးတွေလွင့်စင်ထွက်ကုန်၏။ ကျွန်တော်သည် ဘတ်စ်ကားပေါ်မှာပဲ ရှိနေတုန်း ညက ရုပ်မြင်သံကြား နိုင်ငံခြားသတင်းထဲမှာ ကြည့်လိုက်ရသော ပီကင်းမြို့ရှိ အကြီးဆုံးစာအုပ်ဆိုင်ကြီးဖွင့်သည့် အကြောင်း သတိရပြီး စိတ်ကူးယဉ်နေမိခြင်းဖြစ်၏။

ပန်းဆိုးတန်းမှတ်တိုင်မှာဆင်းပြီး လျှောက်လာခဲ့သည်။လက်ယာရုံးပတ်လည်ဆင်ဝင်ကြီးအောက်မှာ လမ်းဘေးစာအုပ်ဆိုင်ကလေးတွေ ခင်းကျင်းထားကြပြီ။

မိုးတစ်စိမ့်စိမ့်ရွာနေသောကြောင့် လူသိပ်မစည်ကားလှ။

အရောင်းအဝယ်လည်း ပါးဟန်တူသည်။ စာအုပ်ဆိုင်ရှင်နှစ်ယောက်မှာ စစ်တုဘုရင် ထိုးနေကြသည်။ တစ်ယောက်ကတော့ ဒူးပေါ် လက်ယှက်၍ နဖူးပေါ်တင်ပြီး အိပ်ငိုက်နေသည်။ ကျောင်း





သုံးစာအုပ်အဟောင်းတွေ ရောင်းသောဆိုင်မှာသာ ဝယ်သူအချို့ရှိသည်။


ပန်းဆိုးတန်းလမ်းအတိုင်း အထက်ကို မျှော်ကြည့်လိုက်သောအခါ စီးကရက်ဘူးကြီးတွေ ထောင်ထားသလို ဖြစ်နေသောအထပ်မြင့် အဆောက်အဦသစ်ကြီးများကို ဟိုတစ်လုံး ဒီတစ်လုံး လှမ်းမြင်ရလေသည်။

မင်းလူ

(ကလျာ၊ ဇွန်လ၊ ၁၉၉၉)

www.burmeseclassic.com

# ဗင်းလူ



# အခြားဝတ္ထုတိုများ

www.burmeseclassic.com